www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၉၉၀၆၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၀၇၀၁၀၇

□

ပုံနှိပ်ခြင်း
ပထမအကြိမ် - ဧပြီလ၊ ၂၀၀၇ခုနှစ်၊
အုပ်ရေ - (၅၀၀)

□

မျက်နှာဖုံး
ရွှေခြင်္သေ့ပုံနှိပ်တိုက်
အမှတ် (၁၂)၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ သရဖီလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

□

အတွင်းပုံနှိပ်
ကလျာပုံနှိပ်တိုက်
အမှတ် (၁၅၂)၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

□

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

□

မျက်နှာဖုံးပန်းချီ
စံတိုး

□

မျက်နှာဖုံးဂရပ်ဖစ်
ကျော်မင်းမောင်

□

တန်ဖိုး
၁၃၀၀ ကျပ်


## အခန်းစဉ်များ


၁။ နွေနှောင်းရက်လျှင် ၉
၂။ လေညှောင်းယှက်ဆင် ၄၄
၃။ ရှစ်ဆိုင်ရွက်ကြာ ၈၂
၄။ ချစ်ပိုင်ဆက်ရာ ၁၃၈
၅။ နွေပျောင်းလျှက်ပင် ၁၈၄


www.burmeseclassic.com

www.burmeseclassic.com



ဤသို့သည်ဖြင့်၊ ရဲရည်သံလွင်
ကံ့တွင်မှုထမ်း၊ ရဲရွမ်းကျော်လှစ်
ဖြောက်ကျိပ်ရှစ်တည့်
စစ်စစ်တွက်တွက်၊ မြင်းရည်တက်သည်
ပြိုင်ဘက်လွတ်ကင်း ရဲဘော်သင်း၊

(ရဲတင်းလင်္ကာ၊ အတုလဆရာတော်)



## နွေနှောင်းရက်လျှင်

(က)

နောင်တော်ကြီးမင်းဘုရင်ဖြစ်သည်နှင့် ရွှေနန်းတော်အတွင်းမှာ ပြေးပြတ်သေးတဲ့ မီးစကလေးက တငွေ့ငွေ့လောင်နေတယ်။ တခြားတော့ မဟုတ်ဘူး။ မုဆိုးဖိုရွာသား ဗိုလ်တွန်ခေါ်တဲ့ မင်းခေါင်နော်ရထာနဲ့ ပတ်သက်လို့ပဲ။

အလောင်းမင်းတရားကြီး ဒွါရာဝတီပြည်က ဆုတ် ၂ခဉ်ကဖြစ်တယ်။ မှူးမတ်များနဲ့တကွ သားတော် မြေဒူးတပ်၊ မင်းလှနော်ရထာတပ်များနဲ့ တပ်စဉ်မပျက်ဆုတ်ခဲ့ကြတယ်။ အဲဒီတပ်တွေရဲ့ နောက်ဆုံးခံတပ်အဖြစ် လိုက်တဲ့တပ်ကိုတော့ မင်းခေါင်နော်ရထာက ဦးစီးတယ်။ အဲဒီလို ဆုတ်ခွာစဉ် မင်းတရားကြီးက စစ်မှုထမ်းတစ်ယောက်မှ ကျန်ရစ်မနေစေရဘူး။

ရန်သူ့လက်ထဲ မကျန်စေရဘူးလို့ အမိန့်တော် ပြင်းပြင်းထန်ထန် ထုတ်တယ်။

သည်အမိန့်တော်အတိုင်း မင်းခေါင်နော်ရထာဟာ မြန်မာတပ်မတော်သားများကို တစ်ယောက်မကျန် စုစည်းထိန်းသိမ်းတယ်။ တပ်မကြီးရဲ့ နောက်ဆုံးမှ တရွေ့ရွေ့ ဆုတ်ခွာခဲ့တယ်။ အလောင်းမင်းတရားကြီး နတ်ရွာစံပြီး နေပြည်တော် ရွှေဘိုကို အလောင်းတော်ရောက်သည့်တိုင်အောင် မင်းခေါင်နော်ရထာတပ် မရောက်သေးဘူး။

ရှေ့က တပ်မတော်ကြီးကို ကွပ်ကဲအုပ်ချုပ်တဲ့ မြေဒူးမင်းသားဟာလည်း မုတ္တမမြို့မှာ ရောက်နေတယ်။ နေပြည်တော်အထိ သန်မတက်ရသေး

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ မိမိရဲ့ ရှေ့ရေးကို စဉ်းစားနေဟန်တူရဲ့။ အခုဆိုရင် နောင်တော်ကြီးမင်းဟာ ရာဇပလ္လင်ပေါ် တက်ထိုင်နေပြီဖြစ်တယ်။

တကယ်တမ်း နိုင်ငံအတွက် အလုပ်လုပ်နေရသူကတော့ ငါပဲ။

ငါသာ နိုင်ငံတော်ရဲ့ စစ်သေနာပတိဖြစ်တယ်။ စစ်မက်ရေးရာမှာ ငါ့လောက် ကျွမ်းကျင်သူမရှိဘူး။ တကယ်တမ်း ထီးနန်းရသင့်သူဟာ ခမည်းတော် ဘုရားရဲ့ မိန့်ကြားချက်အတိုင်း နောင်တော်ကြီးမင်းပဲဖြစ်တယ်။

ဒါပေမဲ့ နောင်တော်ကြီးမင်းဟာ ဘုရင်ဖြစ်ရင် ခမည်းတော်ဘုရား ထားခဲ့တဲ့ အမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်သုံးပါ့မလား။ သူ့သားတို့များ ထီးနန်းပေးလေမလား။

ဒီလိုဆိုရင် အခုထဲက တပ်မတော်ကို စည်းရုံးမှ ဖြစ်မယ်။ ဒီအထင်အတွေးတွေနဲ့ မြေဒူးမင်းသားဟာ တစ်ပါတည်းပါလာတဲ့ တပ်မှူး၊ တပ်ကဲ၊ မှူးမတ်များကို စုစည်းသိမ်းသွင်းတော့တယ်။ အခြေအနေပေးရင် ပေးသလို နောင်တော်ကြီးကို ပုန်ကန်တော်လှန်ဖို့ သွေးသစ္စာ တိုင်တည်ကြတယ်။

အဲဒါကတော့ မုတ္တမမြို့မှာရှိတဲ့ မြသိန်းတန်ဘုရားမှာ သွေးသစ္စာ တိုင်တည်ခြင်းပဲ။

ဟုတ်ပါတယ်၊ ဘုရင့်စကား မိုးကြိုးသွားလို့ ဆိုစကားရှိရဲ့မဟုတ်ပါလား။

မိုးကြိုးသွားဆိုတာက တစ်နေရာတည်းပဲ ပစ်နိုင်တယ်။ ဘုရင့်စကားကတော့ နေရာမရွေးအချိန်အခါမရွေး အာဏာစက် ဖြန့်လွှတ်ဒုက္ခပေးနိုင်တယ်။

အေးပေါ့လေ။ ဘုရင်မင်းတရားကြီးဆိုတာက ပြည်သူတွေကို အုပ်ချုပ်နေပေမဲ့ ပြည်သူတွေနဲ့ နီးစပ်မှုရှိတာ မဟုတ်ဘူး။ တကယ်တမ်း ပြည်သူတွေနဲ့ ဆက်ဆံနေရတာကတော့ အဲဒီလက်တစ်ဆုပ်စာရှိတဲ့ အရာရှိလူတန်းစားတွေပဲလေ။

တကယ်တော့ လူ့လောက လူ့ဘဝဆိုတာက ရေစက်ရေပေါက်ကဲ့သို့ အလွန်တစ်ရာ ပျောက်ကင်းလွယ်လှတယ်လေ။ ဥစ္စာပစ္စည်းဆိုတာကလည်း ခြေဖဝါးမှာ ကပ်နေတဲ့ မြေမှုန်လောက်ပါပဲ။ လူ့အသက်ဆိုတာကတော့ ရေမြှုပ်ဝမာပါပဲလေ။

ဥစ္စာပစ္စည်းဆိုတာက ပေးကမ်းလှူဒါန်းခြင်း၊ သုံးဆောင်ဖြုန်းတီး ခြင်း၊ ပျက်စီးဆုံးပါးခြင်းဆိုတဲ့အကြောင်း သုံးပါးမှာ တည်တယ်။ ဒီတော့ အရာရာကို ချင့်ချိန်ပေါ့။ တရားသဘောမှာ သင်္ခါရတရားဆိုတာရှိတယ်လေ။ ဒီတရားသဘောကို သိပေမဲ့ လက်တွေ့မှာ မလိုက်နာတဲ့သူတွေက ရှိနေတယ်။

ရွှေနန်းတော်အတွင်းထဲက လူတွေပဲ။



ဝန်ကြီးတွေကလည်း ဝန်ကြီးအလျောက်၊ အမတ်တွေကလည်း အမတ်အလျောက်ရထားတဲ့ အရှိန်အဝါတွေကို အသုံးပြုနေကြတယ်။ မိမိတို့ရဲ့ ဆွေမျိုးသားချင်း နီးစပ်ရာအပေါင်းအသင်းတွေကို ချီးမြှောက်မစကြတယ်။ အုပ်စုဖွဲ့ကြတယ်။ တူရာတူရာ အုပ်စုလေးတွေ ဖွဲ့ကြတယ်။

သည်လိုနဲ့ပဲ ရွှေနန်းတော်အတွင်းမှာ အစုစုကွဲနေကြတယ်။ ဒါတွေကို မြေဒူးမင်းသားက သိတယ်။ သိတော့ နေပြည်တော်မရောက်ခင်မှာ သွေးသစ္စာ တိုင်တည်ကြမယ်ပေါ့။

သည်လို သွေးသစ္စာတိုင်တည်ခြင်း ကိစ္စမှာ မင်းခေါင်နော်ရထာ မပါဘူး။

သူဟာ နတ်ပြည်စံ အလောင်းမင်းတရားကြီးရဲ့ ကျေးဇူးသစ္စာတော်ကို ထောက်ထားတယ်။ ရွှေမျက်နှာတော်ကိုလည်း ငဲ့ကွက်တယ်။ ဒါကြောင့်ပဲ ထင်ပါရဲ့၊ နောက်ဆက်ခံတဲ့ သားတော်ကြီး ဒီပဲယင်းမင်းရဲ့ အမှုတော်အားလုံးကို ကျေကုန်အောင် ထမ်းဆောင်ပါ့မယ်လို့ အဓိဋ္ဌာန်ပြုတယ်။

မြေဒူးမင်းသားရဲ့ သွေးဆောင် စည်းရုံးမှုကို သူမခံဘူး။

တစ်ဦးတည်းသောမင်းရဲ့ အမိန့်ကိုသာ နာခံလိုသူဖြစ်တယ်။ ဘဝရှင်မင်းတရားကြီး မိန့်တော်မူခဲ့တဲ့ လမ်းစဉ်ကိုသာ လိုက်လိုသူဖြစ်တယ်။ ရာဇပလ္လင်အတွက် နောင်တော်ညီတော်များ စစ်မက်ဖြစ်ပွားတာကို မလိုလားဘူးလို့လည်း တင်လျှောက်လိုက်တယ်။

အခုနန်းတက်တဲ့ ဒီပဲယင်းမင်းရဲ့ သွေးဆောင်မှုကား လုံးဝမရှိကြောင်း နတ်ရွာစံအလောင်းမင်းတရားကြီးရဲ့ ကျေးဇူးတော်ကြောင့်သာ ဒီပဲယင်းမင်းရဲ့ အမှုတော်ကိုသာ ထမ်းရွက်လိုကြောင်း အသာတကြည် ငြင်းပယ်လိုက်တယ်။

ဒီလိုသွေးဆောင်ဖျားယောင်းလို့ မရတာနဲ့ မြေဒူးမင်းသားဟာ မင်းခေါင်နော်ရထာကို စိတ်ထွက်တော်မူတယ်။ တခြား တပ်မှူးစစ်ကဲများကို စည်းရုံးလို့ ရပေမဲ့ တကယ်တမ်း အဓိကကျတဲ့ မင်းခေါင်နော်ရထာကို စည်းရုံးလို့ မရဘူး။ ဒါကြောင့် မြေဒူးမင်းသားဟာ သူ့အကြံအစည်ကို နောက်ဆုတ်ရမလို ဖြစ်နေတယ်။

သူ့အကြံအစည်ကတော့ တခြားမဟုတ်ပါဘူး။ အခုနန်းတက်နေတဲ့ နောင်တော်ကြီးမင်းထံမှာ စစ်တပ်အနည်းငယ်နဲ့ မှူးမတ်အချို့သာ ရှိတယ် မဟုတ်လား။ အခုနေသာ တော်လှန်ပြီး ထီးနန်းကို လုမယ်ဆိုရင်တော့ အလွယ်တကူနဲ့ အောင်နိုင်မှာပဲ။

တကယ်တမ်း စစ်မက်ရေးရာမှာ ကျွမ်းကျင်တဲ့ တပ်မှူးစစ်ကဲများနဲ့ တပ်မတော်ကြီးတစ်ခုလုံးဟာ သူ့လက်ဝယ်မှာ ရှိနေတယ် မဟုတ်လား။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



လည်း နတ်ရွာစံ ခမည်းတော် အလောင်းမင်းတရားကြီးရဲ့ လက်ရုံးတစ်ဆူ အဖြစ်တော်မူခဲ့တဲ့ မင်းခေါင်နော်ရထာကလည်း အဖော်တွေ့ရှိနေတယ် မဟုတ်လား။

တကယ်လို့သာ မင်းခေါင်နော်ရထာကို သိမ်းသွင်းလို့ရမယ်၊ စည်းရုံးနိုင်မယ်ဆိုရင်တော့ ဘုရင်ဖြစ်ဖို့ရာမှာ မြေကြီးလက်ခတ်မလွဲဘူးပေါ့နော့။ အခုတော်လှန်ပုန်ကန်မှုမှာ အဓိကကျတဲ့သူကတော့ မင်းခေါင်နော်ရထာပဲပေါ့။

ဒါပေမဲ့ မင်းခေါင်နော်ရထာဟာ သူထင်သလို ဖြစ်မလာဘူး။

တစ်ပါးအလွန်သက်သက်ပဲ။ သူလေးစားချစ်ခင်ကြည်ညိုတဲ့ နတ်ရွာစံ အလောင်းမင်းတရားကြီးရဲ့ အမိန့်အမှာဩဝါဒကို နာယူတယ်။ နိုင်ငံတော်ကြီးကို အတွေ့အကြွ ရေကတွဲတည်ဆောက်ထားခဲ့ကြတဲ့ သူ့ချင်းမို့ သစ္စာမဖောက်ဘူးပေါ့။

တကယ်တော့ ဘုရင်မင်းတရားဆိုတာက တိုင်းသူပြည်သားကို စောင့်ရှောက်ရတယ်။

ပြည်သူတွေကလည်း မင်းကို မွေးစည်းစေတယ်။ ဒါပေမဲ့ ပြည်သူပြည်သားတွေက မင်းကို မွေးစည်းစေခြင်းထက် ဘုရင်မင်းတရားကြီးက စောင့်ရှောက်ရခြင်းက ပိုမြတ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့။ ဘုရင်မင်းတရား လုပ်သူက ဉာဏ်အမြော်အမြင်မရှိရင် ပြည်သူတွေအဖို့ ပျက်စီးရာ ပျက်စီး ကြောင်း လမ်းစပဲ။

သမုဒ္ဒရာ ပင်လယ်ပြင်ကျယ်မှာ ပဲ့မပါဘဲ လွင့်နေတဲ့ သင်္ဘောလိုပေါ့။

မင်းဆိုတာက မင်းစည်းစိမ်ကို ငါ့ရပြီဆိုပြီး မသင့်တာ မကျင့်အပ်ဘူး။ အိုမင်းရင့်ရော်မှုဟာ မြတ်သော ရုပ်ဆင်းအင်္ဂါကို ဖျက်ဆီးပစ်တတ်တယ်။ မလိမ္မာ မယဉ်ကျေးမှုဆိုတာကလည်း စည်းစိမ်ကျက်သရေကို ဖျက်ဆီးတတ်တယ်။ မင်းလုပ်သူဟာ ပညာမဲ့နေစေကာမူ ပညာရှိအမတ်များရဲ့ ဩဝါဒကို ခံယူကျင့်သုံးခဲ့ရင် အဲဒီမင်းဟာ တိုင်းပြည်ကို အရှည်ရှည်အုပ်စိုးရတတ် တယ်။ ချမ်းနားမှာပေါက်တဲ့ သစ်ပင်လို စည်းစိမ်ဖြိုးကျက်သရေတိုးနိုင် တယ်။

ဥစ္စာရှိခြင်း၊ ရဲရင့်ခြင်း၊ စွန့်ကြဲခြင်းစတဲ့ အင်္ဂါသုံးပါးဟာ မင်းအင်္ဂါတွေပဲ ဖြစ်တယ်။

အဲဒီ အင်္ဂါသုံးပါးမဲ့တဲ့ မင်းတို့အဖို့ မင်းသက်မရှည်ဘူး။ မင်း စည်းစိမ်ချမ်းသာကို တာရှည်မခံစားရတတ်ဘူးလို့ ဆိုကြတယ်။

အဲ စာတ်သိမ်းမကောင်းနိုင်ဘူးပေါ့။ နောက်ဆုံးမှာတော့ မြေဒူး မင်းသားနဲ့ မင်းခေါင်နော်ရထာတို့ဟာ ပဋိပက္ခဖြစ်နေကြတယ်။ မြေဒူးမင်းသားရဲ့ တန်ပြန်တော်လှန်ရေး အစီအစဉ်ကို မင်းခေါင်နော်ရထာက ကန့်ကွက်တယ်။ နတ်ရွာစံ အလောင်းမင်းတရားကြီးရဲ့ အဆုံးအမကို နာခံဖို့ တိုက်တွန်းတယ်။



မြေဒူးမင်းသားကလည်း သူ့အမိန့် မနာခံကောင်းလားဆိုပြီး မကျေမနပ် ဖြစ်နေတယ်။

တကယ်သာ ဒီပုန်ကန်မှုကို မင်းခေါင်နော်ရထာ ဦးစီးရင် ကျိန်းသေ အောင်မြင်မယ်ဆိုတာ မြေကြီးလက်ခတ်မလွဲဘူးမဟုတ်လား။ ဒါတွေကို မြေဒူး မင်းသားက စိတ်နှလုံးခုန်းခုန်းချပြီးသား။ ဒါပေမဲ့ စစ်မှုရေးရာမှာအထူးကျွမ်းကျင်တဲ့ မင်းခေါင်နော်ရထာမပါလို့ သူ့အကြံအစည်ကို လက်လျှော့လိုက်တယ်။

သည်အချိန်မှာပဲ နေပြည်တော်က အမိန့်စာချွန်ကော် ရောက်လာ တယ်။

အဲဒါက တခြားမဟုတ်ဘူး။

ညီတော် မြေဒူးမင်းသားကို အာဏာကုန်လွှဲအပ်ခြင်းခံရတဲ့ အိမ်ရှေ့ မင်းရာထူး ခန့်အပ်လိုက်ကြောင်း အမိန့်စာပဲ။ သည်နေရာမှာ မြေဒူးမင်းသားကလည်း ပါးလိုက်သမှ လှစ်နေတာပဲ။ သည်တော့ မြေဒူးမင်းသားအဖို့၊ 'ငါးမရ ရေချိုးပြန်' ဆိုတဲ့ ထုံးကို နှလုံးမူလိုက်တယ်။

ဒါပဲပေါ့။ မြေဒူးမင်းသားအဖို့ နိုင်ငံတော်ရဲ့ အမြင့်ဆုံးနေရာ မရပေမဲ့ ဒုတိယနေရာတော့ ရလိုက်ပြီပဲ။ သည်နေရာကလည်း ဘုရင်မင်းတရားကြီးနဲ့ ကပ်နေတာပဲလေ။ သည်တော့ ဘုရင်ဖြစ်ဖို့အရေးမှာ အဝေးကတိုက်ပွဲ ဝင်ခြင်းထက် အနီးကပ်တိုက်ပွဲက ပိုပြီး ထိရောက်တယ်မဟုတ်လား။

အချိန်မရွေး၊ အခါမရွေး၊ လစ်ရင်လစ်သလို ကြံနိုင်တယ်မဟုတ် လား။

ဒါကြောင့်ပဲ ထင်ပါရဲ့၊ မြေဒူးမင်းသားဟာ အင်းဝနေပြည်တော်ကို အပြင်းချီတက်လာတယ်။ သည်လိုနေပြည်တော်ကို အပြင်းချီတက်ရာမှာ သူ့နောက်က ပါလာတဲ့ မင်းခေါင်နော်ရထာတပ်ကို အသိမပေးဘူး။

သင်းအကြံနဲ့ မိမိတပ်ကိုသာ ရှေ့သို့ အပြင်းချီစေတယ်။

နောက်ချန်တပ်ဖြစ်တဲ့ မင်းခေါင်နော်ရထာတပ်ကို ပေးရမယ့် ရိက္ခာများကိုလည်း လုံးဝထုတ်မပေးတော့ဘူး။ အကြောင်းကရှိပါတယ်။ သူ့ရဲ့ ဖောက်ပြန်တဲ့ အကြံအစည်ကို နေပြည်တော်ရောက်သွားလို့ သိသွားရင် သူ့သက်သာမှာ မဟုတ်ဘူး။

သည်တော့ မိမိက နေပြည်တော်ကို ကြိုပြီး အရောက်သွားရမယ်။ ပြီးမှ မင်းခေါင်နော်ရထာအကြောင်းကို မဟုတ်က ဟုတ်ရာ ကပျက်ကသော် တင်လျှောက်ကာ ဒုက္ခပေးဖို့ပဲပေါ့။ အင်းပေါ့လေ၊ မင်းက မွေး[illegible] မင်းသားဖြစ်တယ်။ မင်းသားဆိုပေမဲ့ ပုထုဇဉ်ပဲလေ။

မနာလိုမှု၊ ဝန်တိုမှု၊ စဉ်းလဲခြင်းတရားတွေဟာ သူ့မှာလည်း ရှိနေ တတ်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မြေခွေးမင်းသားဟာ ယောကျ်ားမပီသတဲ့ မင်းသားပဲ။

သူဟာ ကလိန်စေ့ငြမ်းဆင်တတ်တယ်။ ကလိမ်ကကျစ်တွေလည်း အလွန်လုပ်တတ်တယ်။ သူ့အလိုမလိုက်တဲ့ မင်းခေါင်နော်ရထာကို ဒုက္ခပေးဖို့ စဉ်းစားလုပ်ဆောင်နေကြောင်း ထင်ရှားနေလေရဲ့။ တစ်နေ့တစ်ချိန်မှာ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ဖို့ သေချာနေတဲ့ သူ့အဖို့ လောဘကို မသတ်နိုင်ဘူး။

❑



(၈)

အင်း ဟုတ်တော့လည်း ဟုတ်တာပါပဲ။

ပိုတယ်လို့တော့ မရှိဘူး။ အန္တရာယ်ဆိုတာက အချိန်မရွေး ကျရောက်လာနိုင်တယ်။ တကယ်တော့ ဘုရင်မင်းတရားကြီး လုပ်တယ်ဆိုတာက မလွယ်လှဘူး။ အမြဲတမ်း အသက်ဘေးကျရောက်လာနိုင်တယ်။ ပထမတော့ မင်းခေါင်နော်ရထာတပ်သားများဟာ အလွန်အမင်း စိတ်ဓာတ်ကျနေကြတယ်။

ဘယ်လို အကျိုးအကြောင်းမှ မသိဘဲ ရိက္ခာဖြတ်ခံရတယ်။ ဒါ့အတွက် တာဝန်ရှိတဲ့ မြေခွေးမင်းသားကို စိတ်နာကြတယ်။ တချို့သော ရဲမက်တော်တွေဆိုရင် ဆာလောင်မွတ်သိပ်မှုဒဏ်ကို မခံနိုင်တဲ့အတွက် အော်ဟစ် ညည်းတွားကြတယ်။ ပင်ပန်းမှုဒဏ် ဆာလောင်မွတ်သိပ်မှုဒဏ်တွေကြောင့် တပ်တွေခြေကုန်လက်ပမ်းကျရှာတာပေါ့။

ခြေတစ်လှမ်းလှမ်းတိုင်း သူတို့ရဲ့အသည်းများဟာ ကြေမွသွားမလားရယ်လို့ ထင်မှတ်မှားကြတယ်။ ဒါတွေကို မင်းခေါင်နော်ရထာက မသိမဟုတ်ဘူး။ သိတယ်။ ဒါကြောင့်ပဲ သူ့ရဲ့ရဲမက်တွေကို ဖျောင်းဖျတယ်။

စစ်သားပီသစေဖို့၊ စိတ်ဓာတ်မကျဖို့၊ စည်းကမ်းလိုက်နာဖို့၊ ဆာလောင်မှုဒဏ်ကို သည်းညည်းခံဖို့၊ လမ်းမှာပဲ တွေ့သလို၊ ကြုံသလို ရှာကြံ စားသောက်ကြဖို့ မိန့်မှာလိုက်တယ်။ သည်တုန်းက စစ်သည်တွေဟာ စစ်ကသည်းပန်း၊ ဆာလောင်မှုဒဏ်တွေကိုလည်း အလူးအလဲ ခံစားနေကြရရှာတယ်။

တကယ်တော့ မြန်မာလူမျိုးတွေဟာ သည်းခံတရားလက်ကိုင်ထားကြတဲ့သူတွေပဲ။

ဟုတ်တယ်လေ။ ကံဆိုတာက အလုပ်ပဲ။ အလုပ်ကောင်းရင် ထံဆောင်းတာဟာ မဆန်းပါဘူး။

သည်လိုပဲ မိမိတို့ကို အုပ်ချုပ်နေတဲ့ ဘုရင်မင်းတရားကြီးတွေ ကောင်းကောင်း မကောင်းကောင်း ဘုရင်ဟာ ဘုရင်ပဲ။ ပြည်သူဟာ ပြည်သူပဲပေါ့။ ဒါဟာ ကြိမ်းသေဖြစ်ထိုက်တဲ့ အကြောင်းခြင်းရာတွေပဲ။ မင်းနဲ့ ပြည်သူတွေဟာ အမြဲတမ်း သဟဇာတတော့ မဖြစ်နိုင်ပါဘူး။

ပြီးတော့ သူ့ရဲ့ စစ်ကြောင်းကို တောင်ငူကြောင်းအတိုင်း တရွေ့ရွေ့ချီစေတယ်။

မြေခွေးမင်းသားနောက်က လိုက်လာတာပဲ။ ဒါပေမဲ့ ခုတော့ ရိက္ခာမရှာ၊ ဖြတ်လမ်းက လိုက်မှ ခရီးသတ်သာပေမပေါ့။ သည်တို့ မင်းခေါင်နော်ရထာတပ်က စစ်ကြောင်းကို ဖွဲ့ပြီး တောင်ငူကြောင်းအတိုင်း ချီလာတာကို

www.burmeseclassic.com

www.burmeseclassic.com



မြေဒူးမင်းသားက သိသွားခဲ့တယ်။

ဒါကြောင့် သူစိတ်ကွက်ကျူးလွန်ခဲ့တဲ့အကြောင်းကို ဘုရင်မသိ အောင် အကြံအစည်တစ်ခုကို ပြုတယ်။ နေပြည်တော်ကို မြင်းသည်တော်တစ် ယောက် အပြင်းလွှတ်ပြီး သဝဏ်လွှာ ဆက်သွင်းစေတယ်။ အဲဒီ သဝဏ်လွှာ ထဲမှာ မင်းခေါင်နော်ရထာအပေါ် ဘုရင် အကောင်းမမြင်စေရန် ကုန်းချော စကားများ ထည့်သွင်းရေးသားခဲ့တယ်။

ဟုတ်ပါတယ်။ နတ်ပြည် နတ်နန်းသဖွယ်ဖြစ်တဲ့ မင်းစည်းစိမ်ကလည်း တစ်ပြားမှ လျှော့ချင်တာမှ မဟုတ်ဘဲ။

သည်တော့ မြေဒူးမင်းသားထံက ဆက်သလိုက်တဲ့ သဝဏ်လွှာကို ရတာနဲ့ ဘုရင်မင်းတရားကြီးဟာ အမိန့်တော်တစ်ရပ်ကို ထုတ်ဆင့်လိုက်တယ်။ အဲဒီအမိန့်တော်ကို တောင်ငူဘုရင်ခံထံ ပို့လိုက်တယ်။ အဲဒီတုန်းက တောင်ငူ ဘုရင်ဟာ မင်းရဲသိခ်သူပဲ။ အလောင်းမင်းတရားကြီးရဲ့ ညီတော်ပေါ့။

တောင်ငူကြောင်းချီလာတဲ့ မင်းခေါင်နော်ရထာကို တောင်ငူရောက် ဟာနဲ့ တစ်ပြိုင်နက် ဖမ်းဆီးပြီး နေပြည်တော်ကို ဆက်သဖို့ အမှာထားတယ်။ အစစအရာရာ သတိထားနေတဲ့ မင်းခေါင်နော်ရထာကလည်း သတင်းကို ကြို တင်ကြားသိရတယ်။ ဒါကြောင့်ပဲ ထင်ရဲ့တောင်ငူအထိ မဝင်သေးဘူး။

ဧယျဝတီမှာ တပ်ချရပ်နေတယ်။

ဒီပြဿနာကို မင်းခေါင်နော်ရထာက မျှော်လင့်ပြီးသားပဲ။ လက်ရှိ အုပ်ချုပ်နေတဲ့ နောင်တော်ကြီး ဘုရင်မင်းတရားနဲ့ မြေဒူးမင်းသားတို့ဟာ ညီ အစ်ကို အရင်းချင်းပဲ။ နာချင်းနာရင်၊ ရိုင်းပင်းချင်း ရိုင်းပင်းရင် သူတို့ ညီအစ်ကိုချင်းပဲ ရိုင်းပင်းမှာပဲ။

လက်သည်းဆိတ်တော့ လက်ထိပ်နာဆိုသလိုမဲပေါ့။

သည်နေရာမှာ ပြတ်သားဖို့ တစ်ခုပဲလိုတော့တယ်။ ရှေ့တိုးမလား၊ နောက်ဆုတ်မလားပဲပေါ့။ သည်အချိန်မှာ နေပြည်တော်က တပ်မှူးတစ် ယောက် ရောက်လာတယ်။ မင်းခေါင်နော်ရထာနဲ့ အရင်းနှီးဆုံး။ သံယောဇဉ် အရှိဆုံး ပုဂ္ဂိုလ်ပဲ။

မင်းလှနော်ရထာပဲပေါ့။ သူနဲ့အတူ ဘုရင်မင်းတရားကြီးထံမှ စာချွန် တော်တစ်ခုလည်း ပါလေရဲ့။

*"မင်းခေါင်နော်ရထာ ရှေ့တော်မှောက်သို့ အမြန်အစောဝင်ရောက် စေ။ ပြီးခဲ့ပြီးဖြစ်သော ရာဇဝတ်အပြစ်ဒဏ်များကို ကင်းငြိမ်းစေမယ်"*

လို့ ဆိုထားတယ်ပေါ့။ သည်တွင် မင်းခေါင်နော်ရထာအဖို့ အလေး အနက်စဉ်းစားရတော့တယ်။



တကယ်တမ်း ဆင်းရဲအတူ ချမ်းသာအမျှရယ်လို့ လက်တွဲလုပ်ကိုင်ခဲ့ တဲ့ ဘဝရှင်မင်းတရားကြီးလည်း မရှိတော့ပြီ။ သည့်အတွက် ကျေးရှင်းကျွန်ရှင်း လူတစ်သင်းတို့မှာ အမိမဲ့သား ရေနည်းငါးလိုဖြစ်နေပြီ။ အခုဖြစ်ရပ်ကို ကြည့် ရင်း မြေဒူးမင်းသားရဲ့ ရိက္ခာဖြတ်တောက်မှုကြောင့် ငါ့ရဲ့ ရဲမက်တော်များ စိတ်ဓာတ်ကျရတယ်။ ကစဥ့်ကလျား ဖြစ်ကြရတယ်။

ခုတောင် သည်အခြေအနေမျိုးဖြစ်နေရင် နောင်အရှည်တွင် မည်သူ့ ကို အားကိုးရပါအံ့နည်း။ ငါတို့အဖို့ ကိုးကွယ်ရာလည်း မရှိတော့ပြီ။ အသက်နဲ့ ချောကိုယ်မြဲအောင် မနည်းကြိုးစားရှာဖွေရတော့မည်။ နဂါးတို့မျက်စောင်း အကြောင်းသုံးပါးမရွေးဆိုသလို၊ မင်းတို့ မျက်စောင်းလည်း အကြောင်းသုံးပါး မရွေးတတ်ပေ။

သည်တော့ သူတို့သတ်၍ ငါမသေချင်။

နေပြည်တော်ကို ငါမပြန်၊ ငါ့ကံနဲ့ ငါ့ကြမ္မာ ငါသာ ဖန်တီးတော့မည်။ သည်လိုပဲ မင်းခေါင်နော်ရထာဟာ ခိုင်ခိုင်မာမာဆုံးဖြတ်လိုက်တယ်။ သူ့ကို အကြောင်းအမျိုးမျိုးပြပြီး ဖွတ်အတင်းမေါ်ယူနေတဲ့ သွေးသောက်ကြီး မင်းလှနော်ရထာရဲ့ စကားကိုလည်း ခါးခါးသီးသီးငြင်းဆန်နေတော့တယ်။

ဟုတ်တယ်လေ။ တကယ်တော့၊ မင်းခေါင်နော်ရထာဟာ ခံမှန်ဖူး တဲ့ ဘသူငယ်လို ဖြစ်ချေပြီတည်း။ လူတွေကို ယုံကြည်ဖို့ ဆိုတာက အတွေ့ အကြုံကြောင့် မယုံရဲတော့ဘူး။ နောက်ဆုံး မင်းလှနော်ရထာလည်း ခေါ်မရတာ နဲ့ လက်လျှော့ပြီး နေပြည်တော်ကို ပြန်သွားတယ်။

မကြာပါဘူး။ မင်းခေါင်နော်ရထာဟာ နောက်ပါတပ်မတော်ကြီးနဲ့ အတူ အင်းဝကို ချီတက်သိမ်းပိုက်တယ်။ ခုချိန်မှာတော့ မင်းခေါင်နော်ရထာ အဖို့ သေရင်မြေကြီး ရှင်ရင် ရွှေထီးဆိုတဲ့ထုံးကို နလုံးမူနေရပြီး နတ်ရွာစံ အလောင်းမင်းတရားကြီးနဲ့အတူ နိုင်ငံတော်ကို ထူထောင်ခဲ့တဲ့ ရဲဘော်ရဲဘက် ချင်းမို့လည်း ရွှေထီးရွှေနန်းကို သိမ်းပိုက်ဖို့ စိုင်းပြင်းနေပြီ။

နိုင်ငံတော်ရဲ့ အာဏာကို လုယူဖို့ ကြိုးစားနေချေပြီ။

အင်းဝ ရွှေနန်းတော်အတွင်းမှာတော့ သစ္စာခံယူပွဲကား စတင်လေပြီ။ မင်းခေါင်နော်ရထာဟာ အင်းဝကို သိမ်းပြီးတာနဲ့ မြို့စား၊ ပြစားတွေ ချမှတ်တော် မူတယ်။ ရွှေမြို့တော်ရဲ့ လုံခြုံရေး၊ အတွင်းရန်သူဖြစ်တဲ့ သူလျှိုဒလန်များကို သုတ်သင်ရှင်းလင်းပစ်တယ်။

ရွှေမြို့တော်မှာ အကျွမ်းတဝင်ဖြစ်နေပြီဖြစ်တဲ့ သူ့အနိုင်မှာတော့ သွက်သွက်လက်လက်လုပ်ဆောင်တော့တယ်။ ရွှေမြို့တော်ရဲ့ မြို့တံခါးမှန်သမျှ ကို ပိတ်စေတယ်။ အဝင်အထွက်လုံးဝမရှိစေရဘူး။ သည်အချိန်မှာပဲ နေပြည်

www.burmeseclassic.com



တော် တစ်ရှမ်းလုံးဟာ အုံးအုံးကြွက်ကြွက်ဖြစ်နေတယ်။

နိုင်ငံတော်ဟာ မင်းပြောင်းမင်းလွှဲဖြစ်နေပြီ။

မင်းခေါင်နော်ရထာဟာ ညာလက်ကို ရှေ့သို့ ဆန့်တန်းထားတယ်။ သူ့လက်ထဲမှာတော့ အသွားဖွေးဖွေးထနေတဲ့ ဆောင်ဓားဟာ ဖြိုးဖြိုးလက်လက် ရှိနေတယ်။ အသံသြဇာနဲ့ ပြည့်ဝတဲ့ သံတော်ခံရဲ့ အသံဟာ တစ်လုံးချင်း ပီပီ သသကြီး ထွက်ပေါ်လာနေတယ်။

*"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့အသျှင် ဆဒ္ဒန် ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ လက်နက်စကြာသခင်၊ အသျှင် ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်"*

*"ငါကိုသာ အသျှင်မှတ်၊ လက်ဝါးကဲ့သို့ မကျင့်နှင့်၊ ဖဝါးကဲ့သို့ ကျင့်၊ တိုင်းရေးပြည်ရေး၊ သာသနာတော်ရေး၊ တိုင်းရေး ပြည်ရေး၊ အကျိုးစီးပွား ယုတ်လျော့မည်ကို တစ်ဆံခြည်မျှ မကျင့်ကြနှင့်၊ သူ တစ်ထူးကို ပြုကျင့်ကြံစည်သည်ကို သိလျှင်လည်း နိုင်အောင်မြစ်။ မမြစ်နိုင်လျှင် ငါနဲ့ မှူးမတ်တို့မှာလျှောက်။ ယခုပေးသည့် သစ္စာ တော်အတိုင်း၊ တည်အောင်ကျင့်၊ မကျင့်ယွင်း သွေဖောက်ပြန်ချေ သော်၊ လေးသချိုနှင့် ကမ္ဘာတစ်သိန်း၊ တွက်ကိန်း ပြည့်ထ၊ လုလ္လ သည်းစွာ၊ ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝီရိယ ပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန်ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီ၊ ပါရမီဆယ်ပါး၊ အပြားသုံးဆယ်ကို ဖြည့်၍ ပြည့်ထကျင့်သော ဘုရားသခင်ကိုယ်တော်မြတ်ကို စောင့်သော နတ်လဲ့ သတ်၍မနေ သေစေသောဟူလေ"*

သည်သစ္စာဆိုနည်း ကျိန်နည်းစာတမ်းကို အားလုံးက လိုက်ဆိုကြ ရတယ်။

ပြီးတာနဲ့ တစ်ပြိုင်နက်တည်း သစ္စာကျိန်စာပါရှိတဲ့ စက္ကူဝါကို မီးရှို့ လိုက်တယ်။ ရလာတဲ့ ပြာကို ငွေဖလားကြီးထဲမှာ ထည့်တယ်။ ရေနဲ့သမအောင် ဖျော်တယ်။ ပြီးမှ အဲဒီပြာရေကို လက်နက်ငါးပါးနဲ့ မွှေစေတယ်။ လက်နက်ငါး ပါးဆိုတာက မီးပေါက်ကြီး၊ မီးပေါက်ငယ်သေနတ်၊ ဓား၊ လှံ၊ ဒူးလေးများပဲ ဖြစ်တယ်။

သည်တုန်းက ကုန်းဘောင်နေပြည်တော်မှာက နောင်တော်ကြီးမင်း မင်းပြုနေတယ်။

အဲဒီ နောင်တော်ကြီးတပ်များဟာ အင်းဝကို ဝန်းရံထားကြတယ်။ ကြည်းတပ်၊ ရေတပ်များနဲ့ နှစ်ဖက်ညှပ်ပြီး တိုက်ခိုက်စေတယ်။ ၁၁၂၂ ခု ဝါ



ခေါင်လဆန်း (၁၀)ရက်နေ့မှာ ဘုရင်မင်းတရားကြီး ကိုယ်တိုင် ချီလာတာပဲ။

စစ်ကိုင်းရောက်လျှင် မြို့သစ်တည်တယ်။

အဲဒီမြို့သစ်ကို မဟာဓေယျပူရလို့ သမုတ်ကာ စံနေတော်မူတယ်။ တကယ်တမ်းဆိုရင် စစ်ကိုင်းနဲ့ အင်းဝဟာ ဧရာဝတီမြစ်က ခြားနေတာပဲ။ သိပ်ပြီးတော့လည်း နီးကပ်နေတယ်။ နေပြည်တော်က တပ်များဟာ ဒုဋ္ဌာဝတီ မြစ်နဲ့ ဧရာဝတီမြစ်ထဲမှာ ရေတပ်တည်ပြီး ဝိုင်းရံထားကြတယ်။

သည်လို နောင်တော်ကြီးတပ်များက အင်းဝကို ဝိုင်းရံထားတဲ့အတွက် ပြည်သူတွေမှာ ဒုက္ခရောက်ကြရတယ်။ မင်းခေါင်နော်ရထာကလည်း အင်းဝ မြို့ရိုးကို ပိတ်ပြီး အခိုင်အလုံနေတယ်။ သည်လို မြို့သူမြို့သားများ အစာ ရေစာငတ်မွတ် ဒုက္ခရောက်နေတာကို သိရှိတဲ့ စစ်ကိုင်းဇေတဝန်ဆရာတော်ဟာ အင်းဝထဲ ကြွလာတယ်။ မင်းခေါင်နော်ရထာနဲ့ ဇာစပ်စကားဆိုတယ်။

မရဘူး၊ ဘယ်လိုမှ မရဘူး။

ဟုတ်တယ်လေ။ မင်းခေါင်နော်ရထာအဖို့ ခုအချိန်မှာ အရေးကြီးနေ ပြီ။ သေရင်မြေကြီး၊ ရှင်လျှင် ရွှေထီးဖြစ်နေပြီလေ။ စစ်ကိုင်း ဇေတဝန်ဆရာ တော်လည်း လက်လျှော့ပြီး ပြန်ကြွသွားခဲ့ချေပြီတည်း။ ဆရာတော် ပြန်ကြွ သည်နှင့် မင်းခေါင်နော်ရထာဟာ အင်းဝကို အခိုင်အမာပိတ်ဆို့ပြီး ခုခံနေ တယ်။

နောင်တော်ကြီးမင်းတရားဟာ ကိုယ်တော်တိုင် အင်းဝဘက်ကူးလာ တယ်။

ဆင်ဦးမှာစီးတယ်။ ပြီးတော့ ကိုယ်တော်တိုင် ကြီးကြပ်တယ်။ ကုန်းတပ်နဲ့ ရေတပ်ကို နှစ်ဘက် ညှပ်ကာတိုက်စေတယ်။ ဒါပေမဲ့ မရဘူး။ မင်းခေါင်နော်ရထာဟာ ကြံ့ကြံ့ခံနေတယ်။ သည်တော့ နောင်တော်ကြီးမင်းက လည်း လက်မလျှော့ဘူးပေါ့။ သင်း မင်းခေါင်နော်ရထာမှ မရရင် မပြန်ဘူးပေါ့။

အဲဒီအဓိဋ္ဌာန်နဲ့ အင်းဝကို ဖိတိုက်တယ်။

အင်းဝမြို့နဲ့ အဆက်အသွယ်မှန်သမျှကို ပိတ်ဆို့ ဝန်းရံထားတယ်။ ရေကြောင်း ကြည်းကြောင်းအဝင်အထွက် လုံးဝမရှိစေရဘူး။ ခြောက်လခန့် ကြာတော့ အင်းဝ မြို့သူ မြို့သားတွေ အစာရေစာ ငတ်မွတ်လာကြတယ်လေ။ ရောဂါဘယကလည်း ထူပြောလာချေပြီ။ ဒါကြောင့်လည်း မင်းခေါင်နော်ရထာ ဟာ အင်းဝကနေပြီး၊ ခံနေလို့ မဖြစ်တော့ဘူးဆိုတာ သိလာတယ်။

ဒါကြောင့် နောင်တော်ကြီး ဘုရင်ထံမှာတော့ အညံ့မခံဘူး။ လက် နက်မချဘူး။ သေရင်သေပါစေ။ ကိုယ်လွတ်ပြေးမယ်ပေါ့။ ယောကျ်ားတို့ လုံ့လ သေတာမှ လျှော့မယ်ဆိုတဲ့ ထုံးကို နှလုံးမူရမယ်လေနော့။

သည်အချိန်မှာ အင်းဝမြို့တွင်းက မြို့သူမြို့သားများရဲ့ အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



တလည်း ဆိုးဝါးလာနေပြီ။ အစာငတ်မွတ်တဲ့ ဒဏ်၊ ရောဂါဘယထူပြောခြင်းရဲ့ ဒဏ်တွေကို ခံစားနေကြရပြီ။ ဒါတွေကို မင်းခေါင်နော်ရထာအဖို့ ပြက်ပြက်ထင်ထင်မြင်တွေ့နေရပြီ။ သည်တော့ မင်းခေါင်နော်ရထာအဖို့ စဉ်းစားလာရပြီ။ မစဉ်းစားလို့ကတော့ မဖြစ်တော့ဘူးလေ။

သည်အရေးဟာ ကိုယ်တစ်ယောက်တည်း အရေးမဟုတ်ဘူး။ ကိုယ့်အရေးထက် ပြည်သူတွေရဲ့ အရေးကို ပိုစဉ်းစားရချေပြီလေ။

နောက်ဆုံးမှာတော့ မင်းခေါင်နော်ရထာအဖို့ ပြတ်သားတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်တော့တယ်။ နောက်တစ်နေ့ရဲ့ နေ့ခင်းလောက်အချိန်မှာပဲ မင်းခေါင်နော်ရထာဟာ မထင်မရှားတဲ့ အသွင်နဲ့ ထွက်လာတယ်။ လောလောဆယ်ဆယ် အင်းဝမြို့သူမြို့သားတွေရဲ့ ဒုက္ခကို မကြည့်လိုတော့ ဘူး။ မြင်လည်း မမြင်တော့ဘူး။ မိမိအရေးထက် ပြည်သူတွေရဲ့ အရေးကို ကြည့်ရတော့မယ် မဟုတ်လား။

အင်းဝမြို့ရဲ့ တောင်ဘက်တံခါးက ထွက်လာခဲ့တာပဲ။

အစကတော့ ဝိုင်းရံထားတဲ့ တပ်တွေက မသိသေးဘူး။ နောက်မှ သာနောင်တော်ကြီးမင်းတပ်က သိသွားခဲ့ကြတယ်။ သည်တော့ မင်းခေါင်နော်ရထာရဲ့ နောက်ကို အပြေးလိုက်ကြတာပေါ့။ မြေနိမ့်ရာ လှံစိုက်ဆိုသလိုပဲ။ သည်တုန်းက သတင်းပေးတွေ၊ ဒလန်တွေ၊ သူလျှိုတွေကလည်း ရှိနေတယ်လေ။

သည်လိုနဲ့ပဲ နိုင်ငံတော်ရဲ့ သူရဲကောင်းတစ်ဦးဖြစ်တဲ့ မင်းခေါင်နော်ရထာအဖို့ သူပုန်သူကန်တစ်ဦးသဖွယ် ဖြစ်နေပြီ။ တစ်ချိန်က အလောင်းမင်းတရားကြီးနဲ့ နိုင်ငံတော်အတွက် လုပ်ဆောင်ခဲ့တဲ့ သူရဲလို့ ဘယ်သူကမျှ အမှတ်မထားတော့ဘူး။

ကုန်းဘောင်ခေတ် အလောင်းမင်းတရား နိုင်ငံတော်ကို ထူထောင်ခဲ့တဲ့ သူရဲကောင်းတစ်ယောက်ရယ်လို့ အသိအမှတ် မပြုတော့ဘူး။ မုဆိုးချုံလန်းလုံးတပ်မှ ပေါ်ထွက်ခဲ့တဲ့ (၆၁)ဦးသောသူထဲမှ မုဆိုးချုံဗိုလ်တွန်လို့လည်း မသိကြတော့ဘူး။

မင်းခေါင်နော်ရထာဟာ သူ့မြင်းကို အပြင်းနှင်နေတယ်။

သူ့နောက်က မြင်းသည်တော်အချို့ဟာ အပြင်းလိုက်လာနေလေရဲ့။ သင်းတို့နဲ့အဘူ မီးပေါက်သေနတ်များကလည်း တဒိုင်းဒိုင်းနဲ့ ကပ်ပါလာ တယ်။ မင်းခေါင်နော်ရထာဟာ အင်းဝမြို့တော်မှနေပြီး၊ အရှေ့တောင်ထောင့် အရပ်ဆီကို ဖြတ်ပြေးလာခြင်းဖြစ်တယ်။ သည်လိုနဲ့ မင်းခေါင်နော်ရထာဟာ ကျောက်ဆည်ကို ကျော်လာခဲ့ပြီ။



မြေပြင်မှာတော့ ဖောင်းကားပင်၊ ကြိမ်ပင်များဟာ လေအနှဲမှာ သွဲ့သွဲ့ကလေး ယိမ်းကစားနေကြလေရဲ့။

ရိုးပြတ်လယ်ကွင်းပြင်ကြီးကလည်း တမျှော်တခေါ်ကြီး။ ဝေးကွာလှချည်ရဲ့။ မင်းခေါင်နော်ရထာ စီးနင်းလာတဲ့ မြင်းဟာ အရိပ်ပေါင်းများစွာကို နောက်ချန်ထားခဲ့ပြီး တရိပ်ရိပ်ပြေးသွားနေလေရဲ့။ မင်းခေါင်နော်ရထာဟာ ပြေးရင်းပြေးရင်းနဲ့ လိုက်သူတွေနဲ့ ဝေးကွာလာပြီ။ လူရိပ်သူရိပ်လည်း မတွေ့ရ တော့ဘူး။ ရွာဆိုတာတော့ ဝေလာဝေးရဲ့။ မြင်းဟီသံ၊ မြင်းခွာသံ၊ သေနတ်သံများဟာ ဟိန်းဟိန်းထနေလေရဲ့။

ပတ်ဝန်းကျင်တစ်ခုလုံးကိုလည်း ကြောက်စရာ၊ လန့်စရာ၊ ဖန်တီးနေလေရဲ့။ ကြုံးဝါးအော်ဟစ်သံများကလည်း ပွဲတင်ထပ်မျှ ရှိလေရဲ့။ နေပြည်တော်မှ တပ်သားများဟာလည်း မင်းခေါင်နော်ရထာနဲ့ နီးကပ်သထက် နီးကပ်လာနေပြီ။ တစ်ဦးက အသက်သေအတွက် သေရေးရှင်ရေး ပြေးလွှားနေရတယ်။ ကျန်တဲ့လူတွေကတော့ သူတို့ရာထူးလေး တည်မြဲရေး၊ သည့်ထက်ပိုပြီး တိုးတက်ရေးတို့အတွက် ရှေ့မှ ရန်သူကို အမီလိုက်နေကြတယ်။ ဘာနဲ့ ဟူသလဲ ဆိုတော့ မနုဿလူသား အချင်းချင်းအမဲလိုက်နေကြသလိုပဲ။ လူတစ်ယောက်ကို ကြက်ကလေး၊ ငှက်ကလေးသဖွယ် လိုက်သတ်နေကြတာပဲ။

တရားဥပဒေဆိုတာက မင်းဆိုတဲ့ ပါးစပ်ထဲမှာပဲ ရှိနေတယ် မဟုတ်လား။ တကယ်တော့ မင်းခေါင်နော်ရထာရဲ့ အခုအဖြစ်ကို ကြည့်ရင် သိပ်တရားလျှို့ ကောင်းတယ်လေ။ အရှင့်သခင်တော်ကို ကျေကျေပွန်ပွန်ထမ်းဆောင်ခဲ့တဲ့ အာဇာနည်သူရဲကောင်းကြီး ဖြစ်ခဲ့တယ်။

ဒါပေမဲ့ ခုတော့ ကြက်ကလေး ငှက်ကလေးသဖွယ် လိုက်သတ်ခံနေရချေပြီလေ။ ခုလို လူ့အသက်ကို ပုရွက်ဆိတ်ကလေးတစ်ကောင်ပမာ သတ်သလိုသတ်ဖို့ လိုက်နေကြပြီ။ မင်းခေါင်နော်ရထာဟာ ဓားလွတ်ကို လေထဲမှာ ဝှေ့ယမ်းပြီး မြင်းကို ဖနောင့်နဲ့ ပေါက်ကာ ရှေ့သို့ တစ်ဟုန်ထိုး ပြေးလွှားနေတယ်။

တကယ်ဆိုရင် မင်းခေါင်နော်ရထာဟာ စစ်ရေးမှာ ကျွမ်းကျင်သူတစ်ဦးဖြစ်တယ်။

ရဲစွမ်းသတ္တိနဲ့ပြည့်စုံတယ်။ ဒါကြောင့်ပဲ တပ်ဦးမှာ အမြဲတမ်း ချီခဲ့ရတယ်။ ယိုးဒယားကို ချီတက်တုန်းကလည်း ရှေ့ချီတာဝန်ခံပြီး တိုက်ရသူဖြစ်တယ်။ ကသည်းကို ချီရာမှာလည်း သောင်ညှပ်ကြောင်းက ချီရတယ်။ မြေတွင်းနိုင်ငံတော်တိုက်ပွဲတွေမှာလည်း ရှေ့ဦးကနေခဲ့ရတာချည်းပဲ။

အလောင်းမင်းတရား ယိုးဒယားက ဆုတ်ခွာစဉ်က ဖြစ်တယ်။

သူဟာ နောက်ခံတပ်ကို ဦးစီးကွပ်ကဲရန် ကျန်ရစ်ခဲ့ရတယ်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ဟာ အရေးအကြီးဆုံး ဖြစ်တယ်။ တော်ရုံတပ်မှူးတစ်ယောက်အနေနဲ့ တာဝန်မယူနိုင်ဘူး။ သည်တုန်းက ယိုးဒယားတို့ဟာ အလုံးအရင်းနဲ့ လိုက်တိုက်တယ်။ နောက်ခံတပ်ဖြစ်တဲ့ မင်းခေါင်နော်ရထာတပ်ဟာ အပြင်းအထန် ခံပြီး ချေမှုန်းတယ်။

သည်လို မင်းခေါင်နော်ရထာတပ်ရဲ့ စွမ်းဆောင်မှုကြောင့်လည်း အလောင်းမင်းတရားကြီးရဲ့ တပ်မကြီးဟာ ရှေ့ကို အလျင်မပြတ် ချီတက်နိုင်စေတယ်။ တကယ်တော့ သည်အရေးမှာ အဓိကကျတဲ့ တရားခံရှိနေတယ်။ တခြားသူတော့ မဟုတ်ဘူး။

နောင်သော် ဆင်ဖြူရှင် မင်းတရားလို့ ဖြစ်လာမယ့် မြေဒူးမင်းသားပဲ။ မြေဒူးမင်းသားရဲ့ မောက်မာမှု မိုက်မှားမှုတို့ကြောင့် သည်အရေးဖြစ်လာတာပဲ။ ခမည်းတော် အလောင်းမင်းတရားကြီး နတ်ရွာစံတော့ သူလည်း ဘုရင်ဖြစ်ဖို့ စိတ်ကူးတော်မူမိတယ်။

ဆန်းတော့ မဆန်းပါဘူး။

ဘုရင့်သားဆိုပေမဲ့ ဘုရင်ဖြစ်ချင်မှ ဖြစ်မှာပေါ့။ ခုလည်း သူက အလောင်းမင်းတရားကြီးရဲ့ ဒုတိယသားတော်ပဲလေ။ သူ့ထက် အကြီးဖြစ်တဲ့ နောင်တော်ကြီးမင်းသားရှိနေတယ်။ ဒါကို သူမသိမဟုတ်ဘူး။ သိတယ်။ ဒါပေမဲ့ ဘုရင်ဖြစ်ချင်တာတော့ အမှန်ပဲ။ ဒါကြောင့်ပဲ ယိုးဒယားကအပြန် လမ်းခုလတ်မှာတင် ပုန်ကန်ဖို့၊ အာဏာယူဖို့ စဉ်းစားတာပဲ။ ကြိုးစားတာပဲပေါ့။

❑



(၈)

မင်းခေါင်နော်ရထာဟာ ဓားလွတ်ကို လေထဲမှာ ဝှေ့ယမ်းပြီး မြင်းကို ဖနောင့်နဲ့ တို့ကာ တစ်ဟုန်ထိုး ပြေးလွှားနေတယ်။ သူ့ရဲ့ မြင်တွင်းမှာ တောင်တန်းတစ်ခုက ကာဆီးနေတယ်။ ကျောက်ဆည်တောင်ရဲ့ အပိုင်းအစတစ်ချို့ပဲ။

အရှေ့ရိုးမတောင်ကို ကျော်နိုင်ရင် ရန်သူ့လက်က လွတ်တော့မယ်ပေါ့။ ဒါကြောင့် သူ့ရင်ထဲမှာ ကျေနပ်အားရမှု ဖြစ်ပေါ်လာတယ်။ ဒီတောင်တစ်ချို့ကို ကျော်သွားရင်၊ မြင်စိုင်းမြို့ဟောင်းဘက်ကို ရောက်သွားမယ်။ အဲဒီအခါကျရင် သင်းတို့ကို မျက်ခြည်ဖြတ်နိုင်ပြီပေါ့။ အဲဒီမှာ အချိန်ယူရမယ်။ လူသူစုဆောင်းရမယ်။ အင်အားဖြည့်ရမယ်လေ။

နေကား ဝင်တော့မယ်။

အနောက်ဘက်တစ်ခွင်ဝယ် နီညိုညိုအရောင်များက တိမ်ထုတိမ်လွှာများကို ဖန်ဆင်းထားတယ်။ နောက်က မျက်ခြည်မပြတ်လိုက်လာတဲ့ နေပြည်တော်က ရဲမက်တွေဟာ အနောက်က နေကွယ်သွားမှာကို ကြည့်ပြီး စိုးရိမ်နေကြတယ်။

နေဝင်ကာ နီးပြီမို့ အမှောင်ထုက ဖုံးလွှမ်းစပြုလာပြီ။

အမှောင်လာရင်တော့ သူတို့အဖို့ ဒုက္ခပဲ။ မမြင်မကန်းနဲ့ လိုက်ကြရဦးမှာပဲ။ အမှောင်ထုအားကိုးနဲ့ တစ်ဖက်ရန်သူကလည်း နယ်နယ်ရရမဟုတ်ဘူး။ နိုင်ငံတော်ရဲ့ စစ်သေနာပတိချုပ်ကြီး။ စစ်ရေးမှာ ကျွမ်းကျင်တယ်။ လိမ္မာတယ်။ ပါးနပ်တယ်။ သတ္တိရှိတယ်။ ဖြတ်ထိုးဉာဏ်ကောင်းတယ်။ ခုလည်း ဘယ်လိုအကြံအစည်နဲ့ ကျောက်ဆည်အရပ်ကို ပြေးနေပါလိမ့်။

သည်လို လိုက်ရင်း၊ လိုက်ရင်းနဲ့ မထင်မှတ်ဘဲ ဖြစ်ရပ်တစ်ခုဟာ ရုတ်တရက်ဖြစ်ပေါ်လာတယ်။

ဟိုးရှေ့က ပြေးနေတဲ့ မင်းခေါင်နော်ရထာရဲ့ မြင်းဟာ ချောင်းမြိုးတစ်ခုကို လှမ်းခုန်ကူးလိုက်တယ်။ ဒီနေရာမှာ မထင်မှတ်တဲ့ ဖြစ်ရပ်တစ်ခုဟာ ဖြစ်ပေါ်လာတယ်။ မင်းခေါင်နော်ရထာရဲ့ မြင်းဟာ တစ်ဖက်ကမ်းပါးဆီ မရောက်တော့ဘူး။

ချောင်းရိုးအတွင်းကို မြင်းရောလူပါ ကျသွားလေရဲ့။

သည်တင်မှာပဲ နောက်က လိုက်လာတဲ့ ရဲမက်တွေရဲ့ အထိတ်တလန့် အာမေဋိတ်သံတွေဟာ ချောက်ကမ်းပါးမှာ ဆူလို့ ညံလို့ပေါ့။ အဲဒီချောင်းထဲမှာက ရေလုံးဝမရှိဘူး။ တစ်ခုသော သဲခုံပေါ်မှာ မင်းခေါင်နော်ရထာဟာ ဆေး

www.burmeseclassic.com

www.burmeseclassic.com



ဓောင်းလဲကျနေတယ်။

သူ့ရဲ့ ညာလက်ထဲမှာတော့ ဓေတင်ဓား၊ ဓားလွတ်ကို မြဲမြဲကြီး ဆုပ်ကိုင်ထားလေရဲ့။

သူနဲ့ မလှမ်းမကမ်း ရေစပ်တွင်မတော့ မြင်းတစ်ကောင်ဟာ လဲကျနေတယ်။ အဲဒီလို လဲကျနေရာက အတင်းကြိုးစားပြီး ထနေတယ်။ ခုဆိုရင် နေပြည်တော်က တပ်သားတွေဟာ ကမ်းပါးတစ်ခုလုံးကို ဝိုင်းရံထားမိပြီ။ ဘယ်လိုပဲဖြစ်ဖြစ်လေ။ ရတဲ့အချိန်ကလေးကို မင်းခေါင်နော်ရထာဟာ အရယူလိုက်တယ်။

သောင်ခုံပေါ် လဲနေရာက အားယူပြီး ရုတ်ခြည်း ထရပ်လိုက်တယ်။

ပြီးမှ အနီးကပ်လာတဲ့ သူ့မြင်းပေါ်ကို ကမန်းကတန်း ပြေးတက်လိုက်တယ်။ မင်းခေါင်နော်ရထာ မြင်းပေါ်ရောက်တာနဲ့ သေနတ်သံတစ်ချက်ဟာ 'ဒိုင်း'ခနဲ သေမင်းတမန်ဘွဲ့ကို အော်မြည်ပြီး ပြေးလွှားလာတယ်။ ပြေးတော့မယ့် မြင်းဟာ တုန့်ခနဲ ဖြစ်သွားတယ်။

ကျည်ဆံဟာ မင်းခေါင်နော်ရထာရဲ့ အသည်းနှလုံးတည့်တည့် နေရာကို မညှာမတာဖြတ်သွားလေရဲ့။ မြင်းဟာလည်း လန့်ပြီး ဦးတည်ရာမဲ့ ပြေးသွားတယ်။ ချောင်းရိုးအတိုင်း ကမူးရှူးထိုး ပြေးလွှားနေလေရဲ့။ သည်နောက် ကြောခင်မှာပဲ တခြား သေနတ်သံများဟာ ဆူညံနေလေရဲ့။

ပထမသေနတ်သံ ထွက်ပြီး ကတည်းက၊ မင်းခေါင်နော်ရထာရဲ့ အသိတရားဟူသမျှတို့ကား ဝေးရာသို့ ပြေးလေပြီတည်း။ မင်းခေါင်နော်ရထာရဲ့ သက်မဲ့ ခန္ဓာကိုယ်ကား ဝါးနှစ်ပြန်လောက်အထိ မြင်းကုန်းနှီးနဲ့ ချိတ်ပြီး ပါသွားလေရဲ့။ သည်လိုနဲ့ နိုင်ငံတော်ရဲ့ စစ်သေနာပတိချုပ်ကြီး မင်းခေါင်နော်ရထာဟာ သေဆုံးသွားရရှာတယ်။

ဒါပဲလေ၊ ယိုးဒယားစစ်မြေပြင်မှာ မသေဆုံးခဲ့ရဘဲ ခုလို အာဏာလုပွဲမှာ ကြားညပ်ပြီး သေဆုံးခဲ့ရတာကတော့ မင်းခေါင်နော်ရထာအဖို့ အဖြစ်ဆိုးနဲ့ ကြုံရတာပဲ။ လူမတန် ကံပုံချဆိုပေမဲ့ မင်းခေါင်နော်ရထာရဲ့ ကံကြမ္မာက ဆိုးဝါးလှပါတယ်။ သူ့ဘဝတစ်လျှောက်လုံးမှာ စစ်တွေနဲ့ချည်း ကြုံတွေ့ခဲ့ရတယ်။ လူ့ဘဝကို ကြမ်းကြမ်းရမ်းရမ်းနဲ့ပဲ ရင်ဆိုင်ခဲ့ရတယ်။

အေးဆေးသက်သာခွင့် မကြုံခဲ့ရပါဘူး။

ခုလို မင်းခေါင်နော်ရထာကို ပထမဆုံး အသေပစ်သတ်သူကား တခြားသူမဟုတ်ဘူး။ မြေဒူးမြို့သား ငချစ်ကောင်းဆိုသူဖြစ်တယ်။ သူ့ကို နောင်တော်ကြီးမင်းက 'လမျှုရန္တသူ'ဘွဲ့အမည်နဲ့ မြှောက်စားတော်မူတယ်။

သည်လို ဓာတ်သိမ်းမကောင်းတဲ့ နိုင်ငံတော်ရဲ့ စစ်သေနာပတိချုပ်



ကြီး မင်းခေါင်နော်ရထာရဲ့ ဖြစ်ရပ်ကို အလုံးစုံ ပြန်ကြည့်ပါက အဓိက တရားခံဟာ မြေဒူးမင်းသားပဲဖြစ်တယ်။ သူ့ရဲ့ မဖြောင့်မမှန် အကောက်ဉာဏ်ကြောင့် နိုင်ငံတော်ရဲ့ သူရဲကောင်းကြီး အချိန်နီးဆုံးရှုံးရတယ်။

သည်လို ကျေးကောင်း ကျွန်ကောင်းဆုံးရှုံးရခြင်းဟာ ဘုရင်မင်းတရားကြီး နတ်ပြည်စံသည်နှင့် အလားသဏ္ဌာန်တူတယ်။ တိုင်းပြည်ပျက်စီးသော် အသစ်တစ်ဖန် ပြုပြင်၍ ရစကောင်းတယ်။ တန်ဖိုးရှိတဲ့ ကျေးကောင်း ကျွန်ကောင်း ပျက်စီးသွားသော် ကိုယ်စားအသစ်ပြန်ပြီး ဘယ်လိုမှ မရနိုင်ဘူး။

ဒါပေမဲ့ ခက်တာက ဘုရင်ဆိုတာမျိုးဟာ မိဘပင်မှန်ပါစေ။

ညီအစ်ကိုပင်ဖြစ်ပါစေ။ သားသမီးပင်ဖြစ်ပါစေ။ သူ့ရဲ့ အသက်စည်းစိမ်ရာထူးနေရာကို အန္တရာယ်ပြုလာရင် ဘယ်သူ့ကိုမှ ညှာရိုးထုံးစံမှ မရှိတာ။ ဒီလိုမှသာ နောင်အစဉ်အဆက် မတော်လှန် မပုန်ကန်ဝံ့ကြတော့မပေါ့။ ရာဇပလ္လင်ကို မက်မှတော့ ဒါတွေကို ပြတ်သားနိုင်ရမယ်လေ။

တကယ်ဆိုရင်၊ လွန်လေပြီးတဲ့ ကိစ္စကို စိုးရိမ်ပြည်တမ်းနေရုံနဲ့အကျိုးမရှိဘူး။

ရှေ့ဆက်လက်ဖြစ်လာမယ့် အရေးကိစ္စကိုသာ ဘယ်လိုဆောင်ရွက်ရမယ်လို့ ဆင်ခြင်နှိုင်းချိန်ဖို့ လိုတယ်မဟုတ်လား။ မင်းခေါင်နော်ရထာဟာ နဂိုကမှ အကြောက်အလန့်ကင်းသူဖြစ်တယ်။ ရဲရင့် သတ္တိရှိသူဖြစ်တယ်။ တကယ်တမ်း အန္တရာယ်နဲ့ ကြုံလာတော့လည်း အေးအေးဆေးဆေးနဲ့ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖြေရှင်းတယ်။

ဒါတွေဟာ ကြီးမြတ်သူတွေရဲ့ ဂုဏ်ရွှမ်းတွေပဲ။

အရေးကြုံလာရင် စိုးရိမ်ပူပန်တတ်ခြင်းဟာ အန္တရာယ်ဖြစ်စေတယ်။ လူတို့မည်သည် ရတတ်သမျှနဲ့ မတင်းတိမ်နိုင်သော် ပျက်စီးတတ်တယ်။ ဘုရင်မင်းတရားတို့ မည်သည် ရှိသမျှနဲ့ ရောင့်ရဲတတ်ရင် ပျက်စီးတတ်တယ်။ ပြည့်တန်ဆာမတို့ မည်သည် ရှက်တတ်လျှင် ပျက်စီးတတ်တယ်။

အမျိုးကောင်းသမီးတို့မည်သည် အရှက်မရှိလျှင် ပျက်စီးတတ်တယ် မဟုတ်ပါကလား။

တကယ်တော့ ဘုရင်မင်းတရားကြီးအပေါ်မှာ စားဝန်ရုံနေကြတဲ့ မှူးမတ်ဝန်ကြီး ပညာရှိများဟာ သူ၏ကျေးကျွန်များမဟုတ်ဘူး။ ဥစ္စာပစ္စည်း၏ ကျေးကျွန်များသာဖြစ်တယ်။ ရိုသေလေးစားခြင်းနဲ့ ပေါ့သွပ်ညံ့ဖျင်းခြင်းတို့ကား ကြွယ်ဝခြင်းနဲ့ ဆင်းရဲမွဲတေခြင်းတို့သာလျှင် အရင်းမူလဖြစ်တယ်။

ပူပန်မှုဆိုတာက ဝမ်းသာခြင်းကို ဖျက်ဆီးတတ်တယ်။

နေရဲ့ အလင်းရောင်က အမိုက်မှောင်ကို ဖျက်ဆီးတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တွေးခေါ်ရေးတရားတို့ မသိတတ်ခြင်းကား၊ ကောင်းမှုကုသိုလ်ကို ဖျက်ဆီးတတ်တယ်။ မက်မောဖွယ် အတိပြီးတဲ့ ပစ္စည်းကို လက်ဝယ်ရခြင်းဟာ စိုးရိမ်ကင်းမှုကို ဖျက်ဆီးတတ်တာပဲလေ။

မကောင်းသော အဆုံးအမဟာ ပြည့်စုံပြီးတဲ့ စည်းစိမ်အသရေကို ဖျက်ဆီးတတ်တယ်ပေါ့။

ဘုရင်မင်းတရားကြီးဆိုတာက မသုံးသင့်၊ မသုံးထိုက်တဲ့ ကာလမှာ တစ်ရွေးမျှလောက်သော အသပြာကိုပင်ဖြစ်ပါစေ၊ ရွှေချိန်တစ်ထောင်ကဲ့သို့ သဘောထားရတယ်။ လုံခြုံအောင် သိမ်းဆည်းထားရတယ်။ သုံးသင့် သုံးထိုက်သော အချိန်ကို ရောက်ရင်တော့ တစ်ကုဋေမျှသော ဥစ္စာပစ္စည်းကိုလည်း စွန့်လွှတ်သုံးစွဲတတ်ရတယ်။

မိမိအလို ပြီးမြောက်အောင် ဖြည့်ဆည်းပေးသူ ဟူသမျှကို မြှောက်စားရမှာက မင်းတို့ ဝတ္တရားမဟုတ်ပါလား။ သည်လိုပဲပေါ့။ ရဲမက်တော် မြေဒူးသား ငချစ်ကောင်းကို 'လမ္ဘူရုန္တသူ'ဘွဲ့အမည်အရည်နဲ့ မြှောက်စားတာ မဆန်းပါဘူးလေ။ လူသတ်ကောင်းတဲ့ ဘွဲ့အမည်အရည်တစ်ခုပဲပေါ့။

နောင်တော်ကြီးခေါ် စစ်ကိုင်းမင်းတရားကြီးဟာ သူတော်ကောင်းတရားကို ဆည်းကပ်တယ်။ ဘာသာရေးမှာ အလွန်လေးစားတယ်။ အလောင်းမင်းတရားကြီးရဲ့ သားတော်တွေထဲမှာတော့ သူဟာ စိတ်ရင်းကောင်းတယ်လို့ ဆိုရမယ်။ ဒါပေမဲ့ သက်ဆိုးမရှည်ဘူး။ နန်းသက်တိုတယ်။

သူနန်းတက်ပြီးပြီးချင်းပဲ၊ ညီတော် မြေဒူးမင်းသားကို အိမ်ရှေ့အရာ အပ်နှင်းတယ်။ မိဖုရားခေါင်ကြီးက မဟာမင်္ဂလာရတနာ ဒေဝီဖြစ်တယ်။ ယင်းတောစန်ကြီးရဲ့ သမီးပေါ့။ ရှင်ဖြူးဦးလို့လည်း ခေါ်တယ်။ မြောက်နန်းမိဖုရား မင်္ဂလာ ရတနာဒေဝီဟာ မင်းရွာမိုလ်ရဲ့ နမတော် ဖြစ်တယ်။ ဖဲထီးရွာစားရ တယ်။ ငယ်မည်က 'ရှင်ယွန်း'လို့ ခေါ်တယ်။ သူနဲ့ သားတော် 'မောင်န' ဆိုတာကို ဖွားမြင်တယ်။

အလယ်နန်းမိဖုရား သီရိရတနာဒေဝီကား 'မင်းရွှေကြာ'လို့ ခေါ် တယ်။ ဟံသာဝတီရောက် မင်းရဲ့ သမီးတော်ဖြစ်တယ်။ ခဲပေါင်မြို့ကို ကံကျေး ခံရတယ်။ အဲဒီအလယ်နန်းမတော်က သမီးတော် ဖွားမြင်တယ်။

သီရိစန္ဒာဒေဝီဖြစ်တယ်။ မယ်ဘွားလို့လည်း ခေါ်ကြတယ်။ ကိုယ်လုပ်တော် သီဒါဒေဝီကား မြောက်ဘက် မြင်းဝန်ရဲ့ သမီးဖြစ်တယ်။ 'ရှင်မှန်'လို့ ခေါ်တယ်။ သားတော် မောင်ချစ်အိုကို ဖွားမြင်တယ်။ နောက် ကိုယ်လုပ်တော် မလ္လာဒေဝီဖြစ်တယ်။

မတ္တရာဆည်ဝန်ရဲ့ သမီး 'မလ္လာဒေဝီ' ဖြစ်တယ်။



သားတော် 'မောင်ချင်း'ကို ဖွားမြင်တယ်။ ကိုယ်လုပ်တော် ရာဇဒေဝီကား ကျောက်ဆည်ဝန်သမီး 'ရှင်ရွှေပု' ဖြစ်တယ်။ သားတော် တစ်ပါး ထွန်းကားတယ်။

သည်တုန်းက တောင်ငူမင်းဟာ 'မင်းရဲသိခ်သူ'ဖြစ်တယ်။ အလောင်းမင်းတရားကြီးရဲ့ ညီတော်ရင်း စစ်စစ်ပဲ။ နောင်တော်ကြီးမင်းရဲ့ ဘထွေးတော်ပေါ့။ တကယ်တမ်း ပြောရပါမူ သူလည်း မင်းတရားကြီး ဖြစ်ထိုက်တဲ့ သူတစ်ယောက်ပဲပေါ့။

၁၁၂၃ ခုနှစ်မှာ ဘထွေးတော် တောင်ငူမင်းဟာ ပုန်ကန်တယ်။

အေးပေါ့လေ။ ပုန်ကန်မှာပေါ့။ နိုင်ငံတော်ရဲ့ ဘုရင်မင်းတရားကြီး လုပ်သူဟာ ဘယ်အထိ စည်းစိမ်ကြွယ်ဝချမ်းသာတယ်ဆိုတာလည်း သူက သိပြီးသားမဟုတ်လား။ ခုတော့ တူတော်တွေကသာ ဘုရင်ဖြစ်နေပြီး၊ ဘထွေးတော်တွေက မြို့စား ရွာစားအဆင့်မှာပဲ နေနေရတယ်ဆိုတော့ ဘယ်ကျေနပ်ချင်ပါ့မလဲလေနော့။

သည်တော့ ရွှေထီးရွှေနန်း ရွှေကြဌာန်းကို သိမ်းပိုက် စိုးစံလိုတယ်။

ဒါကြောင့် ခုလို တော်လှန်ပုန်ကန်မှု ပြုလာတာဟာ မဆန်းပါဘူး။ အဲဒီအချိန် အဲဒီကာလဆိုတာကလည်း ကြားကာလတစ်ခုပါပဲ။ အာဏာတစ်ခုရဖို့အတွက် စစ်မက်ရေးရာ ထူပြောတယ်။ ပြည်သူတွေ စစ်ထဲလိုက်ရတဲ့အတွက် ဆယ်ယာကုန်ထုတ်လုပ်မှု ယိုယွင်းတယ်။

အမှန်တော့ မင်းရဲသိခ်သူဟာ အရည်အချင်းမရှိဘူး။

ဘထွေးတော် မင်းရဲသိခ်သူဟာ တူတော်မင်းတရားကြီးကို တော်လှန်ပုန်ကန်တယ်ဆိုတာက တခြားကြောင့် မဟုတ်ဘူး။ သူလည်း ဘုရင်မင်းတရားကြီးလုပ်ချင်လို့သာ ထပြီးတော်လှန်ရတယ်။ စစ်မက်ရေးရာမှာ ဘာတစ်ခုမှ ကျွမ်းကျင်မှုမရှိ စွမ်းဆောင်နိုင်တာ မဟုတ်ဘူး။

နောင်တော်ကြီး မင်းတရားဟာ ဆင်တော် လေးကျွန်းရန်အောင်ကို စေလွှတ်တယ်။

ပြီးတာနဲ့ မြို့ရှေ့ ငွေစင်တံခါးက ဝင်တော်မူတယ်။ ဒီလိုနဲ့ပဲ ၁၁၂၃ ခုနှစ် တပို့တွဲလဆန်း (၁၀)ရက်နေ့မှာ တောင်ငူမြို့ကို အောင်တော်မူတယ်။ အကျဉ်းသားအဖြစ် ဖမ်းဆီးမိရတဲ့ ဘထွေးတော် တောင်ငူစား မင်းရဲသိခ်သူနဲ့ အမှုထမ်းများကို လုံးဝမသတ်ဖြတ်ဘူး။

နေမြဲတိုင်း နေ၊ စားမြဲတိုင်း စားစေတယ်။

ရှေးမူလအတိုင်းပဲ စည်းစိမ်ခံစားစေတယ်။ စစ်ရှုံးနိမ့်သွားတဲ့ ဘထွေးတော် မင်းရဲသိခ်သူလည်း သံဝေဂကြီးစွာရသွားတယ်။ ဒါနဲ့ပဲ လူဘောင်မှ

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတယ်။ ရဟန်းဘောင်သို့ ကူးပြောင်းသွားတော့တယ်။

ဒါပါပဲလေ၊ လူဆိုတာမျိုးက ကိုယ်ဖြစ်ချင်တာ မဖြစ်ရရင်၊ မလုပ် ရရင် ထွက်ပေါက်တစ်ခုကို ရှာပြီး ထွက်သွားတော့တာပေါ့နော့။ ကိုယ့်စိတ်မှာ ဖြစ်ပေါ်နေတဲ့ လိုအင်ဆန္ဒကို တစ်မျိုးတစ်မည်နည်းနဲ့ အစားကျေးလိုက်တာပဲ လေ။

တကယ်တော့ ဒီဖြစ်ရပ်ဟာ မှန်ကန်တဲ့ အကြောင်းခြင်းရာပဲ။ မုန်းစကို တိုစေ၊ ချစ်စကို ရှည်စေတဲ့ အကြောင်းပေါ့။ မင်းတရားကြီးတို့ ကျင့်အပ်တဲ့ အကြောင်းတရားတစ်ခုပေပဲ။ တော်ရုံမင်းတရားက ခွင့်မလွှတ်နိုင်တဲ့ကိစ္စကို နောင်တော်ကြီးမင်းက ပြုမူလိုက်တာပဲလေ။

သည်အချိန်မှာ နေပြည်တော်ရှိ ရွှေနန်းတော်အတွင်းမှာ အတွင်းကျိတ်ကြံစည်မှုများ ဖြစ်ပေါ်နေတယ်။

ခုဆိုရင် နောင်တော်ကြီးမင်း နန်းတက်ခဲ့သည့်မှာ သုံးနှစ်သုံးမိုးရှိခဲ့ချေပြီ။ သက်တော်ကလည်း နှစ်ဆယ့်ကိုးနှစ်သာ ရှိသေးတယ်။ နေရိုးနေစဉ် ဆိုပါက သက်တော် ရှစ်ဆယ်အထိ နေနိုင်တယ်။ သည်တော့ နန်းသက်က ရှည်လှမယ်ပေါ့။ သူ့နောက် ဆက်ခံရမယ့် ဘုရင်မင်းတရားအဖို့ နန်းသက်အနည်းငယ်နဲ့ နတ်ပြည်စံရမှာ သေချာနေတယ်။

သည်တော့ လက်ရှိဘုရင်မင်းတရားကြီးကို ဖြုတ်ချမယ်ပေါ့။

ဒါမှသာ နောင်တက်မယ့် ဘုရင်မင်းတရားကြီးဟာ နိုင်ငံတော်ကို ကြာရှည်စွာ အုပ်စိုးရမှာ ဖြစ်တယ်။ ဟုတ်ပါတယ်။ အခုလက်ရှိ အိမ်ရှေ့စံ မြေဒူးမင်းသားဟာ စိတ်ထားကောင်းမွန်တဲ့ မင်းသား မဟုတ်ဘူး။

ခမည်းတော် ကွယ်လွန်ပြီဆိုကတည်းက ရာဇပလ္လင်ကို လုယူဖို့ ကြိုးစားခဲ့တာကလား။

အကြံအစည်မအောင်မြင်လို့သာ အသာငြိမ်နေခဲ့ရတယ်။ နောင်တော်ကြီးမင်း ပေးအပ်တဲ့ အိမ်ရှေ့အရာကို လက်သင့်ခံခဲ့ရတယ်။ စိတ်ထဲမှာတော့ တယ်မကျေနပ်ဘူးပေါ့။ သူ့စိတ်ထဲမှာတော့ ငါသာ ဘုရင်မင်းတရားကြီးဖြစ်ရမယ်ဆိုတဲ့ အစွဲက အမြဲရှိနေတယ်။

နိုင်ငံတော်ရဲ့ ဘုရင်မင်းတရားကြီး ဖြစ်ဖို့ရန်လည်း ကြိုးပမ်းနေခဲ့တယ်။ အတွင်းကျိတ်ကြံစည်မှုပဲပေါ့။ ဒါကို အရိုးခံသက်သက်ဖြစ်တဲ့ နောင်တော်ကြီးမင်းက မရိပ်စားမိဘူး။ တောင်ငူစစ်ကြောင်း ချီတက်တော့ ညီတော် မြေဒူးမင်းသားကို အိမ်တော်စောင့်အဖြစ် နေပြည်တော်မှာ ထားရှိခဲ့တယ်။

သည်တွင် မြေဒူးမင်းသားလည်း ဘုရင်မင်းတရားကြီးတို့ရဲ့ စည်းစိမ်မှာ ယစ်မူးနေမိပြီလေ။



နိုင်ငံတော်ရဲ့ ဘုရင်မင်းတရားကြီးလုပ်ရတယ်ဆိုတာက ဘယ်လောက်အထိ ဩဇာကြီးမြင့်တယ်၊ အာဏာရှိတယ် ဆိုတာကို သူသိလာပြီ။ သည်တော့ နောင်တော်ကြီးမင်းရဲ့ ရာဇပလ္လင်ကို သူမျက်စောင်းထိုးလာပြီလေ။ နောင်တော်ကြီးမင်း တောင်ငူစစ်ကြောင်းက ပြန်ပြီး ချီမလာခင်မှာပဲ သူလုပ်စရာရှိတာများကို လုပ်တော့တယ်။

နိုင်ငံတော်မှာ နေပြည်တော်မှာ ကျန်ရစ်ရှိနေခဲ့တဲ့ မှူးတော် မတ်တော်များနဲ့ တပ်မှူးစစ်ကဲများကို သိမ်းသွင်းတယ်။ စည်းရုံးမှု ပြုတော်မူတယ်။ သူသာ ဘုရင်မင်းတရားကြီး ဖြစ်လာခဲ့ရင် သည့်ထက်မြင့်တဲ့ ရာထူးတွေ ပေးသနားတော်မူမည်လို့လည်း ကတိပေးတော်မူတယ်။ သည်နေရာမှာ လူတန်းစားအသီးသီးရဲ့ မပြတ်သားမှုများဟာ ပေါ်လာတယ်။

ဘုရင်မင်းတရားကြီး အနားမှာ ပူးကပ်စားနေတဲ့ ပညာရှိဆိုတဲ့ မှူးမတ်တွေရဲ့ ဖောက်ပြန်မှုကို သိလာရတယ်။ သစ္စာမဲ့မှုဟာ ပီပီပြင်ပြင်ထင်ရှားလာတယ်။ ရာထူးမက်တဲ့ ပညာရှိများပီပီ၊ နောက်တက်လာမယ့် ဘုရင်ဟာ ဘို့ဘုရင်၊ တို့မင်းပဲပေါ့။

❑

www.burmeseclassic.com

www.burmeseclassic.com



## (ဆ)

၁၁၂၃ ခု၊ တပို့တွဲ လပြည့်ကျော် (၃)ရက် သောကြာနေ့မှာ ဘုရင်မင်းတရားကြီးဟာ နေပြည်တော်ကို ပြန်ကြွတော်မူတယ်။ ဘုရင်မင်းတရားကြီးအဖို့ နေပြည်တော်ပြန်ရောက်တာနဲ့ မအားရပါဘူး။ နောက်ထပ် မြို့တည်ဖို့အတွက် စိုင်းပြင်းတော်မူရတယ်။ အစီအမံများ စီမံရတယ်။ အဲဒီတုန်းက ရွှေနန်းတော်အတွင်းမှာ စားနေကြတဲ့ ပညာရှိများရဲ့ အဆိုအမိန့်ကြောင့် ချက်ချင်းပဲ မြို့တည်ဖို့ စီမံရတော့တာပဲ။

မြေဒွှးမင်းသားကတော့ အခွင့်အခါကို စောင့်နေတယ်။ ကြံစည်မြဲကြံစည်နေတယ်။ ပေးလာမယ့် အချိန်အခါကို စောင့်မျှော်နေတာပဲပေါ့။

အကြံကြီးကြံစည်နေတဲ့သူအဖို့ အချိန်ကောင်းဆိုတာကို စောင့်မျှော်ရမှာပဲ မဟုတ်ပါလား။ သည်အခြင်းအရာတွေကို ဘုရင်မင်းတရားကြီးကတော့ မသိရှာဘူးလေ။ တခြား မှူးမတ်တွေကလည်း အိမ်ရှေ့မင်းသားရဲ့ သစ္စာတော်ခံယူပြီးသားမို့ ဘာတစ်ခွန်းမှ မတင်လျှောက်ရဲကြဘူးပေါ့။ ညီအစ်ကိုကြားမှာ မဝင်တာ အကောင်းဆုံးပေါ့။

တကယ်လို့ ယုံမှတ်ပြီး တင်လျှောက်မိပါက ဘုရင်မင်းတရားကြီးက ယုံကြည်တော်မူရင် အကြောင်းမဟုတ်ဘူး။ အချီးအမြှင့် အမြောက်အစားပင် ခံရမှာပဲ။ မယုံကြည်ပါက မီးနိုးကြွက်လျှောက် အားလုံး ဒုက္ခရောက်ကုန်မှာ သေချာတယ်။ သူတို့ဟာ သွေးချင်းညီအစ်ကိုလည်း တော်ကြတယ် မဟုတ်လား။

ပြီးတော့လည်း သူတို့မှာ သင်ခန်းစာတစ်ခုက ကောင်းကောင်းပေးခဲ့ပြီးပြီလေ။

တခြားတော့မဟုတ်ဘူး။ မင်းခေါင်နော်ရထာရဲ့ ဖြစ်ရပ်ပဲ။ အဲဒီ ဖြစ်ရပ်ဟာ သူတို့အတွက် သက်သေပြခဲ့ပြီးပြီမဟုတ်လား။ ပြီးတော့လည်း အိမ်ရှေ့မင်းသားဟာ ဉာဏ်အပလီမှာ မမီနိုင်တဲ့မင်းသားတစ်ပါးဆိုတာလည်း အားလုံးက သိပြီးသားပဲ။

သည်တော့ သူပေးတဲ့ ရာထူးကိုယူ၊ သူ့စကားကို နားထောင်ဖို့ သက်သက်ပဲ ရှိတော့တာပေါ့။

ဒါမှလည်း မိမိတို့ရဲ့ အသက်စည်းစိမ်ဟာ ခိုင်မြဲမယ်။ ချမ်းသာမယ်ပေါ့။ မကြာပါဘူး။ အခွင့်အခါစောင့်နေတဲ့ အိမ်ရှေ့မင်းသားအဖို့ သူ့အကြံအစည်အတိုင်း ဖြစ်လာတော့တယ်။ နောင်တော် ဘုရင်မင်းတရားကြီးဟာ မဟာဓေယျပူရ နေပြည်တော်က ကြွချီတော်မူလာခါစက ဖြစ်တယ်။



နောင်တော်ကြီးမင်းဟာ လသာတဲ့ညတိုင်းမှာ လေညင်းခံတော်မူတယ်။

မိဖုရားကြီးငယ်များကို အနားမှာ စားစေပြီး ကလူကျီစယ်လေ့ရှိတယ်။ အဲဒီနေ့ကလည်း သည်အစီအစဉ်ကို မြေဒွှးမင်းသားက သိသွားခဲ့တယ်။ ဒါကြောင့်ပဲ အရင်တည်းက စုဆောင်းထားတဲ့ သေနတ်များကို ထုတ်ပြီး ခေါ်ဆောင်တယ်။

အဲဒီသေနတ်များထဲက အကောင်းဆုံး သေနတ်တစ်လက်ကို ကိုယ်တော်တိုင် တိုက်ချွတ်တော်မူတယ်။ ပြီးတာနဲ့ ကြုံတွေ့ရမယ့် အချိန်ကာလကို စောင့်မျှော်နေတယ်။ ညအခါ အတွင်းတော်သို့ ဝင်ရောက်နိုင်အောင်လည်း အားလုံးကို သိမ်းသွင်းပြီး ဖြစ်တယ်။

အဲဒီညက လပြည့်ကျော်ရက်ဖြစ်တယ်။

ဒါပေမဲ့ လကတော့ သာမြဲ သာဆဲပဲ။ ကောင်းကင်ယံ တစ်ခုလုံးထား လရောင်ရဲ့ ဖြန့်ကျက်မှုကို ခံယူနေရတယ်။ ဟိုတစ်ပွင့် သည်တစ်ပွင့်နဲ့ ထင်းလင်းလက်လက်ရှိနေတဲ့ ကြယ်ပွင့်လေးများဟာ တွဲလွဲရှိနေတယ်။ သည်လို အေးချမ်းတဲ့ ည၊ တိတ်ဆိတ်တဲ့ ညမှာ အကျည်းတန်ဖွယ်ရာဖြစ်ရပ်များက မကြာခင်မှာ ဖြစ်ပေါ်လာတော့မယ်လေ။

ရတနာသီခမြို့တော်ရဲ့ မြို့ပြင် ဟိုအဝေးတစ်နေရာဆီက ခွေးအူသံလေးဟာ လေစီးနဲ့ အတူ တစ်ပါတည်း ပါလာတယ်။ ဒါပေမဲ့ ပန်းခုံတော်မှာ စကားစမြည် ပြောနေကြတဲ့ ဘုရင်မင်းတရားကြီးကတော့ ကြားသိဟန်မတူဘူး။

မိဖုရားခေါင်ကြီး မဟာ မင်္ဂလာရတနာဒေဝီမှာ သည်ညအဖို့ အပျော်ရွှင်ဆုံးရက်လို့ ထင်မှတ်နေတယ်။ အခြားမိဖုရားများနဲ့ ရံရွေတော်များဟာ သူတို့အဆင့်အတန်းအလိုက် စားနေကြတယ်။ မိဖုရားခေါင်ကြီးရဲ့ ရင်ခွင်ထဲမှာတော့ သားတော်ကလေးကို ကိုယ်တိုင် ချီမ,ထားတယ်။

ဘုရင်မင်းတရားကြီးဟာ၊ မိဖုရားခေါင်ကြီးလက်ထဲမှ သားတော်ထလေးကို ပွေ့ယူလိုက်တယ်။

ပြီးတော့ မိဘတို့ရဲ့ ချစ်ခြင်းဖြင့် ကလူကျီစယ်နေတယ်။ တကယ်တမ်းဆိုရရင် တိုင်းပြည် အုပ်ချုပ်မင်းလုပ်တဲ့ ဘုရင်မင်းတရားကြီးဟာလည်း သံယောဇဉ်တွယ်တတ်တဲ့ လူသားတစ်ယောက်ပဲ။ သူ့မှာ ချစ်တတ်တယ်၊ ကြင်နာတတ်တယ်ဆိုတဲ့ အသိဟာ ရှိနေတယ်လေ။

သည်တုန်းက သားတော်လေးဟာ သုံးလသားလောက်ပဲ ရှိသေးတယ်။ လူမှန်းရယ်လို့ မသိတတ်သေးတဲ့ အရွယ်ပေါ့။ ဒါပေမဲ့ အိမ်ရှေ့မင်းသား

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီတော့ သည်သားတော်ကလေး ထွန်းကားပြီဆိုကတည်းက သူ့သေနတ်ကို တပြင်ပြင်နဲ့ လုပ်နေခဲ့တာ ကြာပြီ။ မပြင်လို့ကလည်း မဖြစ်တော့ဘူး။ အခုလက်ရှိ သူ့ကို အိမ်ရှေ့အရာပေးထားတာ မှန်ပေမဲ့ အဲဒီ သားတော်လေး အရွယ်ရောက်ရင် သူ့ကို အပြစ်ရှာမယ်။

ပြီးတော့ စီရင်မှာပဲလို့ ထင်နေတယ်။

တကယ်တော့ ဒါတွေဟာ ကိုယ့်စိတ်နဲ့ နှိုင်း မရိုင်းဆိုသလို အိမ်ရှေ့မင်းသားဟာ သူ့စိတ်ထဲမှာ ထင်တာတွေ အတိုင်း၊ စိုးရိမ်သောက ဖြစ်နေတယ်လေ။ သည်တုန်းက သူ့မှာကလည်း သားတော်များက ရှိနေပြီပဲ။ တကယ်လို့သာ အချိန်မီ နောင်တော်ကြီးမင်းကို မလုပ်ကြံနိုင်ဘူးဆိုပါက နေစဉ်တက်မယ့် မင်းဟာ သူ့သားတော်လေးပဲ ဖြစ်မှာပဲ။

မြေဒူးမင်းသားဟာ ပန်းခုံတော်ရဲ့ အပြင်ဘက်မှာ ရောက်နေပြီ။

သူနဲ့အတူ နောက်ပါ ရဲမက်ငါးဆယ်လည်း ပါလာတယ်။ အားလုံးဟာ သစ်ရိပ်ပန်းရိပ်များကို အကာအကွယ်ယူပြီး ရှိနေကြတယ်။ အိမ်ရှေ့မင်းသားဟာ နောင်တော်ကြီးမင်းနဲ့ အနီးကပ်ဆုံးနေရာကို တိုးသွားနေတယ်။ ကြည်လင်အေးမြတဲ့ လမင်းရဲ့ အလင်းရောင်အောက်မှာ ဘုရင်မင်းတရားကြီးနဲ့ သူ့မိသားစုများဟာ စုစုရုံးရုံးရှိနေကြတယ်။

ပျော်ပျော်ပါးပါး စကားလက်ဆုံကျနေကြတယ်။

ဘုရင်မင်းတရားကြီးဟာ သူ့မိဖုရားများကို တစ်ယောက်ချင်း ကလူကျီစယ်နေတယ်။ သူ့ရင်ခွင်ထက်မှာ လသားလေးသာရှိတဲ့ သားတော်လေး ဟာ ခြေလှုပ်လက်လှုပ်နဲ့ပဲ ရှိနေတယ်။ ပါးပြင်ရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ ခွက်ဝင်နေတဲ့ ပါးချိုင့်ကလေးနှစ်ခုဟာ သားတော်လေးရဲ့ အလှကို ပီပီပြင်ပြင် ဖြစ်စေတယ်။

ရယ်မောလိုက်တိုင်း ခွက်ခွက်ဝင်သွားတဲ့ အဲဒီအလှကို ဘုရင်မင်းတရားကြီးအဖို့ ရှုမဝကြည့်မဝဖြစ်နေတယ်။ ဒါကြောင့်ပဲထင်ရဲ့၊ မကြာခဏဆိုသလို သားတော်လေးကို ကလိထိုးပြီး မြှူနေတယ်။ ခပ်ဟဟလေး ရယ်မောလိုက်တဲ့ သားတော်လေးရဲ့အသံဟာ အိမ်ရှေ့မင်း မြေဒူးမင်းသားအနီးထိတိုင်အောင် ပျံ့နှံ့လာတတ်တယ်။

မြေဒူးမင်းသားလေးဟာ ပစ်ကွင်းကောင်းကောင်းရဖို့ အချိန်ကို စောင့်နေတယ်။

ကောင်းကင်ပြင်မှာ လမင်းကား ရင့်ရော်လာနေပြီ။ ပတ်ဝန်းကျင်ရဲ့ တိတ်ဆိတ်မှုကြားထဲသို့ မိသားတစ်စုရဲ့ ရယ်မောသံလွှင်လွှင်များက ဝင်ရောက်နေတယ်။ သားတော်လေးရဲ့ ရယ်မောသံဟာ ရုတ်ခြည်းပျောက်သွားတယ်။ ပြီးမှ



တံအင်းအင်းနဲ့ ငိုကြွေးသံလေးသာ စတင်ဖြစ်ပေါ်လာတယ်။ သည်တွင်မှာ ဘုရင်မင်းတရားကြီးလည်း သူ့လက်တော်ထဲမှ သားတော်လေးကို နို့ထိန်းဆီသို့ ကမ်းတော်မူလိုက်တယ်။

နို့ထိန်းတော်လည်း သားတော်လေးကို အသာအယာပွေ့ယူငင်လိုက်တယ်။ ပြီးမှ နောက်သို့ တဖြည်းဖြည်း ဆုတ်လာတယ်။ အဲဒီနေရာက ဘုရင်မင်းတရားကြီးနဲ့ အလှမ်းဝေးတယ်။ သားတော်လေးရဲ့ ငိုသံကြောင့် ဘုရင်မင်းတရားကြီးကို အနှောင့်အယှက်မဖြစ်အောင်လို့ပဲ။ ညရဲ့အရိပ်ဟာ ပိုမိုနက်ရှိုင်းလာတယ်။

ကောင်းကင်ပြင်မှာ တရိပ်ရိပ်ပြေးလွှားနေတဲ့ လမင်းကြီးကို ကြည့်ရင်းက ဘုရင်မင်းတရားကြီးအဖို့ ပီတိများစွာ ဖြစ်ပေါ်နေတယ်။ မည်းနက်နေသော တိမ်လွှာတိမ်ထုများကို ဖြတ်ကျော်ရင်းက လမင်း၏ အရောင်မှာ မှိန်သွားသလို ရှိပေမဲ့၊ ပကတိအသွင်ဟာ အေးမြတယ်၊ ကြည်လင်တယ်ပေါ့။

ဘုရင်မင်းတရားကြီးအဖို့ အခုမှသာ စိတ်အေးလက်အေးနဲ့ နေနိုင်တာပဲ။

ဘုရင်မင်းတရားကြီးရဲ့ ထီးနန်းစည်းစိမ်ခံစားရတာ သုံးနှစ်သာ ရှိသေးပေမဲ့ တိုက်လိုက်ရတဲ့စစ်၊ သတ်လိုက်ရတဲ့လူတွေကလည်း မနည်း။ တကယ်တော့ အဲဒီတိုက်ပွဲတွေဟာ သူ့ရဲ့ နန်းသက်ရှည်ဖို့အတွက် တိုက်ရတဲ့ စစ်ပွဲတွေပဲ။ သည်အတွက် ပြည်သူပေါင်းမြောက်မြားစွာ သေကြေရတယ်။

အတိဒုက္ခရောက်ကြရတယ်။

အဲဒါတွေကို သူမမှုဘူး။ သူသတိထားတာကတော့ သူ့ရဲ့ထီးနန်းသက်ရှည်ဖို့အတွက်သာပဲ အဓိကထားလုပ်ဆောင်နေတယ်လေ။ ဒါကတော့ ထုတ်ရမယ့် ဖြေရှင်းရမယ့် အရေးအခင်းတွေပဲ။ သည်လိုအရေးအခင်းတစ်ခုကို ပြတ်ပြတ်သားသား ရဲရဲဝံ့ဝံ့လုပ်ရဲလို့လည်း ပြည်သူတွေအဖို့ ငြိမ်ဝပ်နေတာပဲလေ။ ပီပီပြားပြားရှိနေတာပဲ။

နန်းတက်ခါစကတော့ တော်လှန်ပုန်ကန်မှုအနည်းငယ်ရှိတာပဲ။ မင်းခေါင်နော်ရထာတို့လို အမြင်မှားပြီး၊ ပြန်လည်ပုန်ကန်မှုဟာ ကြီးကြီးကျယ်ကျယ် ဖြစ်ခဲ့တာပဲလေ။ အဲဒီလို အမြင်မှားတတ်တဲ့ ဖြစ်ရပ်မျိုးတွေကို ခေတ်အဆက်ဆက်ရဲ့ ဘုရင်မင်းတရားကြီးများက ဂရုပြုဖို့၊ သတိထားဖို့ ကောင်းတာပေါ့။

ဘာပဲဖြစ်ဖြစ်ပေါ့၊ နိုင်ငံတော်ကို စိုးမိုးအုပ်ချုပ်တဲ့ ဘုရင်မင်းတရားကြီးများဟာ နေရာတကာကို လျစ်လျူရှုထားဖို့ မသင့်ဘူး။ ငါဘုရင်၊ ငါမင်းသမီး ရာဇဂုဏ် ရှစ်ပါးကို ပစ်ပယ်လို့ ရစကောင်း မဟုတ်ဘူး။

ရာဇဂုဏ်ရှစ်ပါးဆိုတာရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



သိကြားမင်းကဲ့သို့ ကျင့်ခြင်း၊ နေကဲ့သို့ လင်းခြင်း၊ လကဲ့သို့ လင်းခြင်း၊ လေကဲ့သို့ ကျင့်ခြင်း၊ ယမမင်းကဲ့သို့ ကျင့်ခြင်း၊ သမုဒ္ဒရာကဲ့သို့ ကျင့်ခြင်း၊ မြေကဲ့သို့ ကျင့်ခြင်း၊ မိုးကဲ့သို့ ကျင့်ခြင်းရယ်လို့ ရှစ်ပါးရှိတယ်။ သိကြားကဲ့သို့ ကျင့်ခြင်းဆိုသည်ကား သိကြားမင်းဟာ နတ်အပေါင်းတို့အား နှိမ်နင်းတန်သည်ကို နှိမ်နင်းတယ်။ ချီးမြှောက်တန်သည်ကို ချီးမြှောက်တယ်။

ရေမြေသေနင်းမင်းတို့သည်လည်း မသူတော်တို့အား နှိမ်နင်းတယ်။ ပညာရှိတို့ကိုလည်း ချီးမြှောက်ကုန်ရာသည်။

နေကဲ့သို့ ကျင့်ခြင်းဟူသည်ကား နေမင်းသည် ရောင်ခြည်တစ်ထောင်ဖြင့် ဖြည်းညင်းသာယာစွာ မိုးရေကို ခန်းစေတယ်။ ထို့အတူပဲ ရေမြေသေနင်း မင်းတို့သည်လည်း အခွန်အတုပ်ကို ဖြည်းညင်းစွာ ခံယူရာသည်။

လကဲ့သို့ ကျင့်ခြင်းကား လပြည့်ဝန်းသည် မြင်မြင်သမျှကုန်သောသူတို့၏ ဝမ်းမြောက်ခြင်းကို ဖြစ်စေသကဲ့သို့ ရေမြေသေနင်း မင်းတို့သည်လည်း ရွှင်လန်းသာယာစွာပြောဆိုသဖြင့် မှူးမတ်ပြည်သူရှင်လူအပေါင်းတို့အား ဝမ်းမြောက်မှုကို ဖြစ်စေကုန်သည်။

လေကဲ့သို့ကျင့်ခြင်းကား လေသည် သတ္တဝါအပေါင်းတို့၏ ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်ဘိသကဲ့သို့ ရေမြေသေနင်း မင်းတို့သည်လည်း ခပ်သိမ်းကုန်သော ပြည်သူရှင်လူအပေါင်းတို့၏ အမှုအရာချမ်းသာဆင်းရဲကိုလည်းကောင်း၊ မိမိတို့၏ အကျိုးအပြစ်ကိုလည်းကောင်း၊ ကိုယ်တိုင်လှည့်လည်၍လည်းကောင်း၊ အမတ်သူလျှိုထား၍သော်လည်းကောင်း သိအောင် ပြုကုန်ရာသည်။

ယမမင်းကဲ့သို့ ကျင့်ခြင်းဟူသည်ကား ယမမင်းသည် ချစ်သောသူ၊ မုန်းသောသူဟူ၍မရှိ။ ကံနှင့် ပျော်ရွှင်စွာ ရောက်လာလျှင် စီရင်သကဲ့သို့ ရေမြေသေနင်းမင်းတို့သည်လည်း ချစ်သောသူ၊ မုန်းသောသူကို မရွေးချယ်ဘဲ မျက်နှာကြီးငယ် မရှုယ်မထောက် အမှန်အတိုင်း စီရင်ရလေတယ်။

သမုဒ္ဒရာကဲ့သို့ ကျင့်ခြင်းဟူသည်ကား သမုဒ္ဒရာသည် ရေကို မတောင့်တသကဲ့သို့ ထို့အတူ ရေမြေသေနင်းတို့သည်လည်း ဥစ္စာကို မတောင့်တဘဲ ရထိုက်ရသင့်သည်ကိုသာ ခံယူကြကုန်ရာသည်။

မြေကဲ့သို့ ကျင့်ခြင်းကား မြေကြီးသည် သတ္တဝါအပေါင်းတို့၏ မှီခိုကိုးကွယ်ရာဖြစ်အောင် ကျင့်ဆောင်ရာသည်။ မိုးကဲ့သို့ ကျင့်ခြင်းဟူသည်ကား မိုးသည် သတ္တဝါအပေါင်းတို့အား မိုးရေဖြင့် ရောင့်ရဲစေသကဲ့သို့ ရေမြေသေနင်းမင်းတို့သည်လည်း အမှုထမ်းရာထမ်းတို့အား မျိုးရိက္ခာအဝတ်အစားဖြင့် ရောင့်ရဲစေကုန်သည်။

သည်လို ရာဇဂုဏ်ရှစ်ပါးနဲ့ လျော်ညီစွာ ဘုရင်မင်းတရားကြီးတို့ ဟာ



ကျင့်ကြံရတယ်။ အားထုတ်ရတယ်။ ခုဆိုရင် နောင်တော်ကြီးမင်းတရား အဖို့ နန်းစံနှစ်များအတွင်းမှာ အေးဆေးတည်ငြိမ်စွာ နေရတယ်မရှိဘူး။ တော်လှန်ပုန်ကန်မှုများကို ဖိဖိစီးစီးနှိမ်နင်းရတယ်။ အင်းဝမြို့ရဲ့ ပတ်ဝန်းကျင် အခြေအနေကမအေးချမ်းသေးဘူး။

ဒါကြောင့်ပဲ ထင်ပါရဲ့၊ စစ်ကိုင်းမြို့ကို ဒုတိယအကြိမ်ပြန်ပြီး ထူထောင်ရတာပဲလေ။

ညကား ပိုမိုရင့်ရော်လာတဲ့ အသွင်ကို ဆောင်နေပြီ။

လဟာ ဘုရင်မင်းတရားကြီး မိသားစုရဲ့ ခေါင်းပေါ်တည့်တည့်ကို ရောက်လာပြီ။ သည့်အတွက် ဘုရင်မင်းတရားကြီးကို ပိုမိုထင်ရှားစွာ ရှိစေတယ်။ နောင်တော်ကြီးမင်းတရားရဲ့ ခံ့ညားတည်ငြိမ်တဲ့ မျက်နှာတော်ဟာ လရောင်အောက်ဝယ် အထင်းသားရှိနေတယ်။ သူနဲ့ မလှမ်းမကမ်းမှာ သားတော်လေးဟာ အိပ်မောကျနေတယ်။

အတွင်းတော်သို့ ပြန်လည်ဝင်ရောက်ရန် အချိန်ကား ရောက်ခဲ့လေပြီ။

နောင်တော်ကြီးမင်းဟာ အနားမှာ ခစားနေကြတဲ့ မိဖုရားများကို စကားလက်စသတ်လိုက်တယ်။ ပြီးတော့ နေရာက ထတော်မူလိုက်တယ်။ သည်မှာတင်ပဲ မြေဒူးမင်းသားဟာ လှုပ်လှုပ်ရှားရှားဖြစ်လာတယ်။

သည်လောက်ကောင်းတဲ့ ပစ်ကွင်းရဖို့၊ အကောင်းဆုံး ပစ်ကွင်းရဖို့ကို စောင့်နေရတာ ကြာပြီ။

နောင်တော်ကြီး မင်းတရားဟာ အလင်းရောင်ရဲ့အောက်မှာ ထီးထီးရပ်နေတယ်။ အိမ်ရှေ့မင်းသားဟာ သူ့ရဲ့ သေနတ်ပြောင်းကို မင်းတရားကြီးရဲ့ ဝမ်းဗိုက်ပေါ် ချိန်လိုက်တယ်။ ယမ်းထိုးသေနတ်ဆိုတာက ဝမ်းဗိုက်လောက်ချိန်ပါမှ တော်ရုံကျတယ်။

ပစ်လိုက်လို့ ယမ်းအားကြောင့် အပေါ်မြောက်သွားရင်၊ ရင်အုံကို ထိမှန်စေယ်မဟုတ်လား။

တကယ်တော့ မြေဒူးမင်းသားဟာ သေနတ်ပစ်ရာမှာ အလွန်ကျွမ်းကျင်သူဖြစ်တယ်။ နဂိုကတည်းက အကြံအစည်ရှိထားတဲ့ မင်းသားဗိုလ် သေနတ်ပစ်ခတ်မှုမှာ အာရုံထားခဲ့တယ်။ လေ့ကျင့်ခဲ့တယ်။ လေ့ကျင့်ဖန်များတော့ ကျွမ်းကျင်လာတယ်။ သူ့ပစ်သမျှဟာ ပစ်ကွင်းများကို တိုက်ရိုက်ထိမှန်သွားတာချည်းပါပဲ။

သည်တော့ ဒီတစ်ပွဲကိုလည်း သူက အပိုင်တွက်ထားတယ်။

တစ်ချက်ဆို တစ်ချက်နဲ့ပဲ ပြီးစီးရမယ်ပေါ့။ မပြီးစီးလို့ထလည်း မဖြစ်ဘူးလေ။ သည်တစ်ပွဲမှာ အပိုင်စီးရပါမှ သူတစ်သက် ရွှေထီးဆောင်းနန်းရဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြာသနုံနုံကို ခံစားနိုင်မှာမဟုတ်ပါလား။ သူ့တွင်မကဘူးလေ။ သားတော် သမီးတော် အစဉ်အဆက်လည်း ရွှေထီးရွှေနန်းရဲ့ ဘုံပြဿဒ်ပေါ်မှာ ခံစားစံစားနိုင်မှာပဲပေါ့။

ဒါပဲပေါ့။ မင်းညီမင်းသားဆိုတာလည်း ပုထုဇဉ်လူသားပေပဲ။

သည်တော့ အတ္တဆိုတဲ့ အစွဲက ပါနေတာပဲ။ အရှိန်အဝါကြီးလေ၊ ရာထူးဂုဏ်ရှိန်မြင့်မားလေ၊ အတ္တများလေပဲပေါ့။ ဒါကလည်း သူတို့ကို အပြစ်ဆိုလို့ မရပါဘူး။ အဲဒီခေတ်နဲ့ အဲဒီစနစ်ကို ဦးတည်ပြောရမှာပဲ။

ခုလည်းကြည့်လေ။ အိမ်ရှေ့စံ မြေဒူးမင်းသားဟာ သူတစ်ယောက် အဝဏ္ဏရဖို့ ကောင်းစားဖို့အတွက် နောင်တော်ရင်းစစ်စစ်ဖြစ်တဲ့ ဘုရင်မင်းတရားကြီးရဲ့ အသက်ကို လုပ်ကြံဖို့ ကြံစည်နေပြီ။ အာဏာကို မက်မောမိတာနဲ့ မြေဒူးမင်းသားအဖို့ ညီအစ်ကိုဆိုတာကို မမြင်တော့ဘူး။

သတိလည်း မရတော့ဘူး။

'ဒိုင်း'ခနဲ မြည်သံနဲ့အတူ နောင်တော်ကြီးမင်းရဲ့ ခန္ဓာကိုယ်ဟာ တွန့်ခနဲ ဖြစ်သွားတယ်။ ပတ်ဝန်းကျင်တစ်ခုလုံးဟာ တစ်ဒင်္ဂငြိမ်သက်သွားတယ်။ ရုတ်ခြည်းဆိုသလိုပဲ။ ဘုရင်မင်းတရားကြီးရဲ့ ကိုယ်ခန္ဓာဟာ မိဖုရားခေါင်ကြီး မဟာမင်္ဂလာ ရတနာဒေဝီရဲ့ ရင်ခွင်တော်ထဲသို့ ထိုးကျသွားတယ်။

မိဖုရားခေါင်ကြီးကလည်း ယောင်ယောင်ကမ်းကမ်းနဲ့ အလိုက်သင့် လှမ်းဖမ်းလိုက်တယ်။ သည်နောက်မှ ကျန်တဲ့ မိဖုရားကိုယ်လုပ်တော်လေးများရဲ့ ဆူးဆူးဝါးဝါး အော်ဟစ်သံများက ရုတ်ခြည်းပေါ်လာတယ်။ တိတ်ဆိတ်နေတဲ့ ညကို ပွဲတင်ထပ်မျှ ရှိနေစေတယ်။

မြေဒူးမင်းသားဟာ အနားမှာ ကြောက်လန့်တကြားဖြစ်နေတဲ့ ကိုယ်လုပ်တော်အချို့ရဲ့ ပါးပြင်တွေကို ဘယ်ပြန်ညာပြန်ရိုက်ရင်း ဘုရင်မင်းတရားကြီးဆီကို အပြေးသွားခဲ့တယ်။

ဘုရင်မင်းတရားကြီးကို ပွေ့ချီထားတဲ့ မိဖုရားခေါင်ကြီးဟာ အနားကို ရောက်လာတဲ့၊ အိမ်ရှေ့မင်းသားကို မော့ကြည့်လိုက်တယ်။ သူ့အကြည့်ဟာ အဓိပ္ပာယ်များစွာ ရှိနေတယ်။

မြေဒူးမင်းသားဟာ မိဖုရားကြီးကို ဂရုမစိုက်အားဘူး။

သူ့အသိမှာ ရှိနေတာက ဘုရင်မင်းတရားကြီး နတ်ရွာစံတော်မူတယ်။ မမူဘူးဆိုတာပဲလေ။

သူမှန်းတဲ့နေရာတော့ တိုက်ရိုက်ထိမှန်တာ သေချာနေလေပြီ။ နောင်တော်ကြီးမင်းဟာ လက်နှစ်ဖက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားရင်းက မိဖုရားခေါင်ကြီးရဲ့ ရင်ခွင်ထဲမှာ ငြိမ်သက်နေပေပြီတည်း။



ကျည်ဝင်သွားရာ ရင်ဝမှာ ပွင့်အာနေပြီး သွေးစိမ်းရှင်ရှင်စီးပြီး ကျနေတယ်။ အဲဒီသွေးများဟာ ဘုရင်မင်းတရားကြီးရဲ့ ရင်ဘတ်တစ်လျှောက် စီးနေတယ်။ ပြီးတော့ မိဖုရားကြီးရဲ့ ပေါင်ပေါ်ကိုလည်း တစ်စက်စက်ကျဆင်းနေတယ်။ အိမ်ရှေ့မင်းသားရဲ့ ရဲမက်တော်တွေကလည်း ပန်းခုံတော်တစ်ခုလုံးနဲ့ ရွှေနန်းတော်ကို ဝိုင်းရံ ပိတ်ဆို့ထားလိုက်ကြပြီ။

နောက်ဆုံးမှာတော့ ပဒေသရာဇ်ခေတ်ရဲ့ အာဏာသိမ်းပွဲကား ပြီးဆုံးသွားခဲ့လေပြီ။ သွေးထွက်သံယိုအသေအပျောက်များစွာ မရှိဘဲနဲ့ ပြီးစီးသွားတာပဲ။ နောင်တော်ကြီးမင်းခေါ် စစ်ကိုင်းမင်းရဲ့ ဘဝနိဂုံးကား အရှုံးနဲ့ ရင်ဆိုင်သွားရလေပြီ။

မိမိကိုယ်ကို ယုံကြည်မှု၊ ပတ်ဝန်းကျင်ကို မထီမဲ့မြင်ပြုမှုတို့ဟာ နောက်ဆုံးတော့ အရှုံးကြီးစွာနဲ့ ရင်ဆိုင်ရတော့တာပဲလေ။ အမှန်ပြောရရင် သည်လို အဖြစ်မျိုးဆိုတာက နိုင်ငံတော် အုပ်ချုပ်မင်းလုပ်တဲ့ ဘုရင်မင်းတရားကြီးတွေအဖို့ အထူးသတိပြုရမယ့် အကြောင်းခြင်းရာတွေပဲ။

တကယ်တော့ သည်ဖြစ်ရပ်ဟာ အကြမ်းဖက်အာဏာသိမ်းမှု တစ်ခုပဲ။

ဒါကြောင့် အဲဒီညက ဘုရင်မင်းတရားကြီးရဲ့ အချို့သော ရဲမက်တော်များက အိမ်ရှေ့မင်းရဲ့ ရဲမက်တော်များကို ခုခံတဲ့ အမြောက်သံများဟာ ဘုရင်မင်းတရားကြီး နတ်ရွာစံတော်မူလို့ ပေါ်ထွက်လာတဲ့ နတ်တို့ရဲ့ အမြောက်သံတွေလို့ ထင်နေကြတယ်။

သည်တုန်းက ဘုရင်မင်းတရားကြီး လုပ်ကြံခံရပြီ သိတာနဲ့ အိမ်တော်စောင့် ရဲမက်များက သူတို့မှာရှိတဲ့ လက်နက်များနဲ့ ခုခံကြသေးတယ်။ အမြောက်များကို တဝုန်းဝုန်းနဲ့ ပစ်ခတ်တယ်။ သည်လို ပစ်ခတ်ကြတာဟာ နေပြည်တော် တစ်ခုလုံး ရုတ်ရုတ်ရက်ရက် ဖြစ်စေတယ်။ ပြည်သူတွေ အထိတ်တလန့် ဖြစ်ကုန်တယ်။

သည်တုန်းက အဲဒီ အမြောက်သံတွေဟာ နေပြည်တော် တစ်ခွင်လုံးကို သိမ့်သိမ့်တုန်နေစေတယ်။

သည်လိုပစ်ခတ်နေတာကို မြေဒူးမင်းသားက ခမည်းတော်အလောင်းမင်းတရားကြီးရဲ့ လက်သုံးတော်ဓားကို ပြပြီးရပ်စေတယ်။ ရဲမက်တော် အာဏာမ်းများကလည်း အလောင်းမင်းတရားကြီးရဲ့လက်သုံးတော်ဓားကို မြင်တာနဲ့ တန်ပြန်စစ်ပွဲကို ရပ်ဆိုင်းလိုက်ကြတော့တယ်။

ပြီးတော့ အမှူတက်ရောက်လာတဲ့ လက်ရှိဘုရင်မင်းတရားကြီးရဲ့ သစ္စာတော်ကို ခံယူလိုက်ကြတယ်။

မခံယူလို့ကလည်း မဖြစ်ဘူးလေ။ ခုဆိုရင် သူတို့ရဲ့ ဘုရင်မင်းတရား

www.burmeseclassic.com

www.burmeseclassic.com



ကြီးက နတ်ပြည်ကို ရောက်သွားပြီမဟုတ်လား။ ပြီးတော့လည်း ခုတက်လာတဲ့ မင်းတရားလက်အောက်ဆက်ပြီး အမှုတော်ထမ်းရွက်ပါက ရာထူးရာခံများရဖို့ နီးစပ်တယ်ပေါ့။

ဘုရင်မင်းတရားကြီး အသစ်စက်စက်ဖြစ်တဲ့ မြေဒူးမင်းဟာ ရတနာ တို့ဖြင့် အတိလွှမ်းထားတဲ့ နန်းမြင့်ပေါ်မှာ စံမြန်းနေတော်မူလေပြီ။ သည်နေ့ ဟာ မြေဒူးမင်းရဲ့ အောင်ပွဲရတဲ့နေ့ပဲလေ။ ဒါကြောင့်ပဲ ထင်ပါရဲ့၊ အောင်မြေ နင်းဖို့ ရွှေနန်းတော်တစ်ခုလုံး ခင်းကျင်းထားစေတယ်။

အဲဒီအောင်မြေနင်းရာမှာ လိုက်ပါရမယ့် ရဲမက်လက်နက်ကိုင်တပ်သား များဟာ ချပ်ဝတ်တန်ဆာနဲ့ အသင့်ရှိနေကြတယ်။ သည်ပွဲဟာ အောင်ပွဲရတဲ့ ဘုရင်မင်းတရားတို့ လုပ်ဆောင်ရတဲ့ ပွဲတော်တစ်ခုပဲ။ သည်လိုအောင်မြေနင်းမှပဲ နောင်မင်း အဆက်ရှည်လိမ့်မယ်လို့ ယူဆထားကြတယ်။

နန်းမြင့်ပေါ်မှာ စံမြန်းနေတဲ့ မြေဒူးမင်းရဲ့ အသွင်ဟာ တည်တည်ငြိမ်ငြိမ် မရှိဘူး။

မိမိရှေ့မှာ ဖြစ်ပေါ်နေတဲ့ အကြောင်းခြင်းရာတွေဟာ တကယ်မှ ဟုတ် ရဲ့လား၊ အိပ်မက်များ မက်နေသလားပေါ့။ အဖြစ်က မတွေးတော့ဘူးလေ။ မနေ့က နဲ့ ကနေ့ လက်ငင်းဖြစ်ပျက်နေပုံတွေ။ အိမ်ရှေ့မင်းသားဘဝနဲ့ နိုင်ငံတော် ဘုရင် မင်းတရားကြီးဘဝပေါ့။



(၈)

အချိန်အခါရောက်ပေပြီ။

ရာဇဝတ်ရုံးတော်ပေါ်က အချက်ပေးမောင်းသံဟာ ဒူခနဲ မြည်ဟည်း လာတယ်။ တစ်ပြိုင်နက်တည်းလိုပဲ အောင်မြေနင်းမဲ့ တပ်မတော်ကြီးထဲမှ အောင်စည်အောင်မောင်းများဟာ တပ်ဆော်မောင်းများနဲ့ တီးခတ်လာတယ်။ ရှေ့ဆုံးက တပ်ဟာ အောင်လံလွှင့်ကာ မြောက်ဘက်မှ တောင်ဘက်သို့ ချီတက် လာကြတယ်။

လက်နက်မျိုးစုံ ကိုင်ဆောင်ထားကြတဲ့ ရဲမက်တော်များဟာ ရွှေနန်း တော်သစ်တပ် အရှေ့ဘက်လမ်းမကြီးအတိုင်း တောင်ဘက်သို့ တန်းစီလှည့်ပြီး ချီတက်လာကြတယ်။

အဲဒီရဲမက်တော်များကို အကြမ်း၊ သေွးသောက်ကြီး၊ တပ်မှူးဗိုလ်၊ တပ်ရေး၊ တပ်နားခံ၊ လက်ဝဲစစ်ကဲ၊ လက်ယာစစ်ကဲတို့က ဦးဆောင်လာတယ်။

ရွှေတော်ယုတ်ခါးနဲ့ ရှေ့တည့်တည့်မှာ၊ အမြင့်လေးထောင်တစ်မိုက် ရှိတဲ့ စင်ပေါ်မှာ ပုဏ္ဏားရှစ်ပါးတို့ဟာ အသင့်စောင့်နေကြတယ်။ သူတို့ဟာ ဘုရင်မင်းတရားကြီး သနားတော်မြတ်ခံရတဲ့ ပုဏ္ဏား ဖောင်းနားမွှေင်း၊ စလွယ် များ ဝတ်ဆင်ထားကြတယ်။ သူတို့ရဲ့ လက်ထဲမှာ လက်ယာရစ် ခရုသင်းနဲ့ သပြေပန်းများ ကိုင်ထားကြတယ်။

သည်အချိန်မှာ အဲဒီချီတက်လာတဲ့ တပ်မတော်ကြီးရဲ့ ဗိုလ်ချုပ်ဟာ တပ်မတော်ကြီးရဲ့ နောက်ဆုံးဖြစ်တဲ့ နန်းတော်တည်တပ်အရှေ့မြောက်ထောင့် မှာ ဆင်စီးပြီး အသင့်စောင့်နေတယ်။

သူ့ကိုယ်မှာကလည်း ဗိုလ်ချုပ်တို့ရဲ့ အဆင်တန်ဆာဖြစ်တဲ့ မျှဉ်းတို၊ မျှဉ်းရှည်၊ ဒက်ဘယက်၊ မောက်ရှူဗာလီကွေး စသည်တို့ကို ဆင်ယင်ထားတယ်။ နီးရိမ်သောကရဲ့ အရိပ်အယောင်များဟာ မြေဒူးမင်းရဲ့ မျက်လုံးအစုံပေါ်မှာ တစ်စွန်းတစ်စ ထင်လာတယ်။

ဒါပေမဲ့ သူ့ကိုယ်သူ မာန်တင်းထားရတယ်။

ငါ ဘုရင်မင်းတရားကြီး ဖြစ်နေပြီဆိုတဲ့ အသိဟာ သူ့ကို အားပေး နေတယ်။ ဒါကတော့ တကယ်ပဲဖြစ်နေတဲ့ ဖြစ်ရပ်မဟုတ်လား။ ပြီးတော့ ဘုရင် မင်းတရားကြီးဆိုတာက မှင်ကောင်းရတယ်။ အကင်းပါးရတယ်။ နားလုံး တစ်ထောင်၊ နားတစ်ထောင်ရှိသလို အကင်းပါးရတယ်။ ဒါမှလည်း နန်းသက် ရှည်တော့မပေါ့။

သစ်တပ်အရှေ့ဘက် လမ်းမကြီးအတိုင်း ချီတက်လာတဲ့ တပ်မတော်

www.burmeseclassic.com

www.burmeseclassic.com



ကြီးဟာ ဝှဏ္ဏားရှစ်ပါးရဲ့ ရှေ့မှောက်ရောက်လာတယ်။ ပြီးတော့ အားလုံးဟာ တစ်ပြိုင်တည်း ရပ်စောင့်နေကြတယ်။ ဆိတ်ငြိမ်စွာ ရပ်နေကြရတာပဲ။ အဲဒီအချိန်မှာပဲ ဗိုလ်ချုပ်စီးလာတဲ့ ဆင်ဟာ အဲဒီပုဏ္ဏားတော်တွေနဲ့ အနီးကပ်ဆုံး နေရာမှာ ရှိနေရတယ်။

သစ်တပ်အရှေ့ဘက် လမ်းမကြီးအတိုင်းချီတက်လာတဲ့ တပ်မတော်ကြီးဟာ ဝုဏ္ဏားရှစ်ပါးရဲ့ ရှေ့မှောက်ရောက်လာတယ်။ ပြီးတော့ အားလုံးဟာ တစ်ပြိုင်တည်း ရပ်စောင့်နေကြတယ်။ ဆိတ်ငြိမ်စွာ ရပ်နေကြရတာပဲ။ အဲဒီအချိန်မှာပဲ ဗိုလ်ချုပ်စီးလာတဲ့ ဆင်ဟာ အဲဒီပုဏ္ဏားတော်တွေနဲ့ အနီးကပ်ဆုံး နေရာမှာ ရှိနေရတယ်။

အချိန်နဲ့ တစ်ပြိုင်တည်းပဲ၊ ဆင်ပေါ်မှာရှိနေတဲ့ ပုဏ္ဏားများက ဘိသိက် သွန်းရတယ်။

တိတ်ဆိတ်နေတဲ့ ပတ်ဝန်းကျင်တစ်ခုလုံးမှာ ပုဏ္ဏားတော်များရဲ့ ဘိသိက်တော်ဆက်သံများဟာ တညီတညွတ်တည်း ထွက်ပေါ်နေတယ်။ သည်အချိန်မှာ ဘုရင်မင်းတရားကြီးဟာ သားမြီးယပ်တစ်ခုကို ကိုင်တော်မူထားတယ်။

ဘိသိက်တော်ဆက် ပုဏ္ဏားများရဲ့ အသံဟာ တိတ်ဆိတ်သွားပြီ။

သူတို့လက်ထဲမှာ ရှိတဲ့ ဘိသိက်ပန်းများကို အနီးမှာရှိတဲ့ ဆင်ပေါ်က ဗိုလ်ချုပ်ကို လှမ်းပေးလိုက်ကြတယ်။ ဗိုလ်ချုပ်လုပ်သူကလည်း ဆင်ပေါ်မှာ မတ်တတ်ရပ်နေတယ်။ အဲဒီလို မတ်တတ်ရပ်လျက်သားကပင် မြေဒူးမင်းထံသို့ ရှိခိုးနေတယ်။

ရှိခိုးတယ်ဆိုပေမဲ့ ဦးညွတ်ခြင်းမပြုဘူး။

လက်နှစ်ဖက်စုံသာ ရှိခိုးနေတယ်။ ဒါကို ဘုရင်မင်းတရားကြီးက သူ့လက်တော်ထဲမှာ ကိုင်ထားတဲ့ သားမြီးယပ်နဲ့ တစ်ချက်ဝှေ့လိုက်တယ်။ သည်လို ဝှေ့ယမ်းပြီးတာနဲ့ ဆင်ပေါ်က ဗိုလ်ချုပ်က ဆင်ပေါ်မှာ ထိုင်မြဲ ပြန်ထိုင်နေတယ်။ ဗိုလ်ချုပ်လုပ်သူဟာ ဆင်ပေါ်ထိုင်လိုက်တာနဲ့ အောင်စည်အောင်မောင်း တီးခတ်ကြတယ်။

သို့ တီးခတ်နေရင်းကပင် တပ်သော်တို့က "ထိုးဟဲ့၊ ထိုးဟဲ့"လို့ အသံကုန် ဟစ်အော်ဆိုရတယ်။

သည်သို့ ဆိုနေရင်းက အောင်မြေနင်းမယ့် နေရာရောက်ရင် အောင်လံတိုင်ကို မြေသို့ မစိုက်ဘဲ ကိုင်မြဲ ကိုင်ထားရတယ်။ သည်တွင် တပ်နားခံက

"အောင်မြေသို့ ရောက်ပြီ ဘုရား"လို့ အသံထားနဲ့ လျှောက်ရတယ်။

လျှောက်ကြားသံ ဆုံးသည်နှင့် ဗိုလ်ချုပ်လုပ်သူက ဆင်ပေါ်က ဆင်း



တော့တယ်။ မြေကြီးကို ခြေနဲ့ ထိတာနဲ့ တစ်ပြိုင်နက် အောင်လံကို မြေမှာ စိုက်ထူ ရတယ်။

မြေဒူးမင်းရဲ့ အောင်လံဟာ လေထဲမှာ တလူလူ တလွင့်လွင့် ရှိနေတယ်။ အဲဒီအောင်လံကို ကြည့်ရင်းက မြေဒူးမင်းရဲ့ စိတ်အဟုန်ဟာ ဝမ်းသာခြင်း ပီတိများစွာ ဖြစ်ပေါ်နေတယ်။ ကြည်နူးမှုအားရမှုရဲ့ အရိပ်အယောင်များ၊ သူ့မျက်နှာပြင်ပေါ်မှာ သန်းနေတယ်။ အောင်မြေနင်းတဲ့ တပ်ကြီးဟာ နန်းမြင့်ရဲ့ ရှေ့မှာ ခဲနေတာပဲ။

အားလုံးသော ရဲမက်တော်များနဲ့ စစ်ကဲတပ်မှူး၊ သွေးသောက်ကြီး၊ တပ်နားခံ၊ ဗိုလ်တပ်ရေးတို့ဟာ မြေပြင်မှာ ဒူးပဆစ်ချကာ ထိုင်နေကြတယ်။ သည်လောက်များတဲ့ အင်အားတစ်ရပ်ကို ပိုင်ဆိုင်ထားပြီမို့ အဘယ်သူ့ကို ဂရုပြုရတော့အံ့နည်း။ နိုင်ငံတော်မှာ နောက်ထပ် အာဏာလုယူမှုများ၊ ပုန်ကန်ဝံ့သူများလည်း မပေါ်နိုင်တော့ဘူးပေါ့။

ဒါကြောင့် မြေဒူးမင်းအဖို့မှာတော့ လာချင်တဲ့ အန္တရာယ်လာပါစေ၊ မမှုရေးချမမှု။

မြို့စည်းပြစည်းကလည်း အခိုင်အမာရှိတယ်။ စစ်သည်ရဲမက်ကလည်း တောင့်တင်းတယ်။ အဲဒီအားလုံးသော စစ်သည်များကလည်း စစ်ရေးစစ်ရာ ကြွယ်ဝပြီးသားလေ။ ယိုးဒယားတို့နဲ့ တိုက်ခိုက်ခဲ့ကြရတဲ့ စစ်ပွဲအတွေ့အကြုံကလည်း မနည်းဘူးလေ။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့။ မြေဒူးမင်းတို့အဖို့ ရေကန်အသင့် ကြာအသင့်ဖြစ်နေခဲ့ပြီ။

သူ့ဘဝမှာ ဖြစ်ချင်တာကို ဖြစ်ခဲ့ရပြီ။ သူလိုချင်တဲ့ ဘဝကို ပိုင်ဆိုင်ခဲ့ရပြီ။ သည်ရာဇပလ္လင်အတွက် သူ့နောင်တော်ကိုလည်း လုပ်ကြံခဲ့ရပြီးပြီ။ နောင်တော်ကြီးမင်းနဲ့ ပတ်သက်တဲ့သူမှန်သမျှကိုလည်း အပြတ်ရှင်းခဲ့ပြီးပြီ။ ဒီရာဇပလ္လင်အတွက် အကာအကွယ်လည်း လုပ်ခဲ့ပြီးပြီ။ ထိပါးလာမယ့်သူ မှန်သမျှကို ရန်သူသဖွယ် သုတ်သင်ခဲ့ပြီးပြီ။

ခုတော့ မြေဒူးမင်းအဖို့ စိတ်ဝမ်းချမ်းချမ်း နေနိုင်ခဲ့ပြီ။

ရလာတဲ့ ရာဇပလ္လင်ပေါ်မှာ တည်မြဲရေးအတွက် အစွမ်းကုန် လုပ်ခဲ့ရပြီပေါ့။ အမှန်တော့ မြေဒူးမင်းအဖို့ အမှားများ ကျူးလွန်ခဲ့တာပဲ။ သူ့ဘဝရှေ့ အစွန်ကို ရှေ့တန်းတင်ခဲ့တယ်။ ဘုရင့်သားတော်ဆိုတဲ့ မာန်ကလည်း ထားခဲ့တယ်။ အရွယ်ရောက်လာတာနဲ့ ရာဇပလ္လင်ကို မျက်စောင်းထိုးခဲ့တာပဲ။ ဘယ်သူမပြု မိမိမှုဆိုပေမဲ့ မြေဒူးမင်းအဖို့ကတော့ သတိတရားမရသေးဘူး။

□□□

www.burmeseclassic.com

www.burmeseclassic.com

# လေညှောင်းယုက်ဆင်

## (က)

သည်တော့ နိုင်ငံတော်ရဲ့ အာဏာကို ယူချင်လာပြီ။

နောင်တော်ကြီးမင်းကို နေရာက ဖယ်ရှားဖို့ လိုလာပြီ။ ဘုရင်လုပ်ချင်ပြီလေ။ ပြီးတော့လည်း ဘုရင် လုပ်ရဲတယ်ဆိုတာ ဘယ်လောက်အထိလွယ်သလည်း စည်းစိမ်ရှိတယ်၊ ခမ်းနားတယ်ဆိုတာ သူသိနေပြီလေ။ နောင်တော်ကြီးမင်း နိုင်ငံတော်ကို လှည့်လည်တိုင်း အာဏာကို ခေတ္တပေးအပ်ထားခဲ့တယ်။

သည်တော့ သူ့အဖို့ရာမှာ ထီးနန်းစည်းစိမ်ကို မက်မောလာပြီ။

ဒါကြောင့်လည်း နောင်တော်ကြီးမင်းကို အယုံသွင်းပြီး ခစားခဲ့တယ်။ အဲဒီအတောအတွင်းမှာ လူသူလက်နက်များ စုဆောင်းတယ်။ များသည်ထက်များလာအောင် စည်းရုံးနေတယ်။ စုစည်းတယ်။ နောက်ဆုံး အခွင့်သာတဲ့ တစ်ညမှာတော့ ညီတော်ကို အလွန်ချစ်ခင်အားကိုးနေတဲ့ နောင်တော်ကြီးမင်းတရားကို သူကိုယ်တိုင်ပဲ လုပ်ကြံခဲ့တယ်။ သတ်ပစ်လိုက်တယ်ပေါ့။

ပြီးတော့ ထီးနန်းစည်းစိမ်ကို ရယူခဲ့တယ်။

အဲဒီတုန်းက သူ့စိတ်ထဲမှာ၊ အာဏာနဲ့ ထီးနန်းစည်းစိမ်ပဲ ရှိနေ တယ်။ ဘာဆို ဘာမှ မရှိခဲ့ဘူး။ ကိုယ့်အပေါ် အလွန်တရာ ကောင်းလှတဲ့ နောင်တော်ပါ



သားဆိုတဲ့ အသိလည်း မရှိဘူး။ သွေးရင်းသားရင်း ညီအစ်ကိုကိုတောင် မညှာခဲ့ဘူး။ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တယ်။

သည်လုပ်ကြံမှုကို ပြည်သူတွေ မသိအောင်လို့လည်း တချို့အမှုတော်ထမ်းများကို သေရွာပို့ပစ်ခဲ့တယ်။ သတ်ပစ်တာပေါ့။ မသတ်လို့ကလည်း မဖြစ်ဘူးလေ။

သည်ဖြစ်ရပ်ရဲ့ နောက်ကွယ်မှာ အပြစ်မဲ့တဲ့ အမှုတော်ထမ်းများအတော်များများ သေကြေကြရတယ်။

လူ့လောကမှ စွန့်ခွာသွားခဲ့ကြရတယ်။ သည်တုန်းက မြေဒူးမင်းအဖို့သူ့ရဲ့ တစ်ကိုယ်တည်း ဘဝကို ကြည့်တယ်။ တခြားသူတွေ ဘာဖြစ်ဖြစ်သူမမှုဘူး။ ကရုဏာတရားဆိုတာ သူ့မှာ မရှိဘူး။ အထူးသဖြင့် သူ့ကို ထိနိုက်မယ် ထင်လာရင် ဘယ်သူ့ကိုမှ မညှာဘူး။ သေရွာကို ပို့ပစ်လိုက်တာပဲ။

တစ်ခုတော့ ရှိတယ်လေ။

နောင်တော်ကြီးမင်းကို လုပ်ကြံတာဟာ သူ့အဖို့ ရွှေထီးရွှေနန်းရဖို့ ပဲဖြစ်ပါလား။ သူ့အဖို့ရာမှာတော့ အေးကြပ်နံကြပ်မဖြစ်ခဲ့ဘူး။ ပြီးတော့ လည်း နောင်တော်ကြီးမင်းကို လုပ်ကြံတဲ့ညက ဖြစ်ရပ်တွေဟာ သူ့ရင်ထဲမှာ ရှိနေစေတယ်လေ။ တကယ်တမ်းဆိုရင် ရာဇပလ္လင်ကို လိုချင်လို့သာ လုပ်ကြံရတယ်။ တကယ်တမ်းလုပ်ကြံရပြီဆိုတော့ မရက်စက်ရဲတော့ဘူး။

နောင်တော်ကြီးမင်းရဲ့ သူ့အပေါ်ကောင်းခဲ့တာတွေ၊ အရေးပေးခဲ့တာ တွေကို သူ့အဖို့ သတိတရားတွေ ရလာနေစေတယ်။ ထီးသက်နန်းသက်ရလာ တာနဲ့အမျှ ဆင်ဖြူရှင်မင်းတရားရဲ့ စိတ်တော်ကလည်း ပြောင်းလာဟန်တူတယ်။

သွေးစိမ်းရှင်ရှင်များ စွန်းထင်းနေတဲ့ ရာဇပလ္လင်ပေါ်မှာ တက်ထိုင်နေရတဲ့ မင်းတရားကြီးဟာ သူ့လိပ်ပြာ သူမလုံပဲ ဖြစ်နေဟန်တူတယ်။ နောင်တော်ကြီးမင်းအပေါ်မှာ အနိုင်ကျင့်ပြီး ယူလာရတဲ့ ထီးနန်းကိုလည်း သူ့ကိုယ်သူ သိနေတယ်။ သည်ဖြစ်ရပ်အတွက် တစ်ခါတစ်ခါတော့ နောင်တရချင် သား။ မင်းတရားကြီးအဖို့ စိတ်ကောင်းဝင်နေတဲ့အချိန်ဆိုရင် နောင်တများစွာ ရနေတတ်တယ်။

ဘယ်တော့မှ မေ့ပျောက်လို့ မရနိုင်တော့မယ့် ဖြစ်ရပ်တစ်ခုပဲ။

အမှန်တော့ လူတွေဟာ အရူးတွေချည်းပဲ။ ကိုယ့်နည်းကိုယ့်ဟန်နဲ့သာ တစ်မျိုးစီကွဲနေကြတာ။ အသက်ရှင်နေတဲ့ကာလအတိုလေးမှာပဲ ဒေါသ မောဟတွေ ဖုံးကွယ်နေတယ်။ သတ်ဟယ်ဖြတ်ဟယ်နဲ့ လုပ်လာခဲ့ကြတယ်။ တစ်ခါ အနိုင်ရတာနဲ့ အမြဲပဲ နိုင်နေရမယ်လို့ သူတို့ ထင်နေကြတယ်။

သံသရာရဲ့ အလှည့်အပြောင်း ဘဝရဲ့အဆန်းအချိုးများကို သူတို့

www.burmeseclassic.com

www.burmeseclassic.com



သတိထားမိကြဘူး။ မြေနိမ့်ရာလှံစိုက်ချင်ကြတဲ့ သူတွေက ခပ်များများပဲလေ။ ဆင်ဖြူရှင် မင်းလက်ထက်တော်မှာ ပညာရှိစာဆိုတော်များ အတော်များများ ထွက်ပေါ်ခဲ့တယ်။ အဲဒီထဲမှာ လက်ဝဲသုန္ဒရခေါ်တဲ့ ဦးမြတ်စံလည်း ပါရှိတယ်။ သူဟာ စာပေကျမ်းဂန်များမှာ အထူးကျင်လည်နှံ့စပ်သူလည်း ဖြစ်တယ်။

ရွှေဘို ခရိုင်၊ မန်ကျည်းတုံကောင်းရွာဇာတိဖြစ်တယ်။

သူနဲ့အတူ ထင်ပေါ်ကျော်ကြားနေတဲ့ စာဆိုတော်က ဦးပျော်ဆိုတာပဲ။ ၁၁၀၀ ပြည့်မှာ ဖွားတယ်။ ပုံခန်းကြီးမြို့ဇာတိဖြစ်တယ်။ မြန်မာ ပုဏ္ဏားမျိုးပဲ။ ပဲခင်းကျော် ဆရာတော်ကြီးရဲ့ တပည့်တော်တယ်။ အဲဒီတုန်းက သူ့မယ်တော်ဟာ မင်းရဲဒိဗ္ဗလို့ ခေါ်တယ်။ ချောင်းကောင်းကောင်း ရေးတတ်ဆိုတတ်သူဖြစ်တယ်။ ဆင်ဖြူရှင်မင်းဟာ စာပေအရာမှာလည်း ချီးမြှင့်မြှောက်စားတော်မူတယ်။ အထောက်တော်များကိုလည်း အပါးမှာ အမြဲစားစေတယ်။ သံတော် ဖတ်ဆိုတာက ပုဒ်စပ်သော မြောသန္ဓေခြားဖြတ်၊ သံလွှင့်ဘွင့်ဆိုရှည်တိုလေးပေါ့၊ တင်းလျော့ နိဂ္ဂဟိတ်၊ စိတ်အဖြာ အင်္ဂါဆယ်စု၊ ဘတ်ရွက်မှု၊ ကျွမ်းကျင်သော လေးနက်သာယာပျော်ဖွယ်အသံနဲ့ ပြည့်စုံရတယ်။ သံတော်ဖတ်များဟာ မှန်နန်းတော် အရှေ့စနေဆောင်တော်မှာ အလှည့်ကျ အိပ်ဖန်အိပ်ရတယ်။

ညအခါ ဘုရင်မင်းတရားကြီး စက်တော်ခေါ်တော်မူနီးမှာ၊ ဇာတ် ဝတ္ထုရာဇဝင်တော်ကြီးများကို ဖတ်ကြားရတယ်။ ဘုရင်မင်းတရားကြီးရဲ့ စက်ခန်းတော်အပြင်ဘက်ကနေပြီး ဒူးပုဆစ်တုပ်ပုပ်ဝပ်ပြီး ဖတ်ကြားရခြင်းဖြစ်တယ်။ လောကုတ္တရာနဲ့ စပ်ဆိုင်တဲ့ ကျမ်းပေါင်းများစွာကို တစ်စောင်ပြီးတစ်စောင် တစ်ညလုံး ဖတ်ကြားရတယ်။

ညဦးလှည့်၊ အလယ်လှည့်၊ အလင်းလှည့်ဆိုပြီး သံတော်ဖတ် သုံးယောက်ခန့်ထားတယ်။

အများအားဖြင့် သံတော်ဖတ် ၆ ယောက်ထားရှိတယ်။ ဒါ့အပြင် အတွင်းဖိနပ်တော်ဆိုတာက နှစ်မျိုးရှိတယ်။ ဖိနပ်တော်နဲ့ အတွင်းဖိနပ်တော်ဆိုတာပဲ။ ဖိနပ်တော်ဆိုတာက အမျိုးအနွယ်စင်ကြယ် မွန်မြတ်တဲ့ မှူးရိုးမတ်ရိုးများမှ ဆင်းသက်လာသူများကို ခန့်တော်မူတယ်။

ဘုရင်မင်းတရားကြီးရဲ့ လက်အောက်ခံ စော်ဘွားမြို့စားများရဲ့ သားမြေးမှန်သူများကိုလည်း ဖိနပ်တော်ခန့်တော်မူတယ်။ အသက်အရွယ်က ၁၂ နှစ် မကျော်သေးတဲ့ အရွယ်ပဲ။ ဘုရင်မင်းတရားကြီးရဲ့ ဖိနပ်တော်ထားရာ လေသာဆောင်တော်မှာ ဝဲလှည့်ယာလှည့်ခွဲပြီး အိပ်တန်အိပ်ကြရတယ်။

စုစုပေါင်း ဖိနပ်တော် ၇၈ ယောက်ရှိတယ်။

ဘုရင်မင်းတရားကြီးရဲ့ ဖိနပ်တော်ဟာ ရွှေသားချိန် ၅ဘိ၊ ဂုဏ်ရှိန် ရွှေချိန်



အိတ်ကျပ်၊ ၉ မူး၊ ခဲ ၂ မှုး၊ ကျောက်နီလုံးရေ ၉၀၈၊ မြလုံးရေ ၅၄၊ နဝရတ် ၂ ခိုကာစ် ပါရှိတယ်။ တကယ်တော့ ဘုရင်မင်းတရားကြီးလုပ်သူဟာ နိုင်ငံတော်အရှိတဲ့ အမှုတော်ထမ်း၊ ပြည်သူတွေနဲ့ လုံးဝမတူရဘူး။

အမြဲတမ်း ထိပ်ဆုံးကနေရတယ်။ ကောင်းပေ့၊ ညွှန့်ပေ့ဆိုတဲ့ အဝတ်အစားများကို ဆင်ယင်ကြရတယ်။ ပြည်သူတွေနဲ့တော့ နီးစပ်အောင် မနေရဘူး။ ဝေးကွာသမျှ ဝေးအောင် နေတတ်ကြရတယ်။ စစ်မက်ထူပြောခြင်းဟာလည်း တိုင်းပြည်တစ်ခုရဲ့ အင်အားချည့်နဲ့စေတယ်။

နိုင်ငံတော်အတွက် လုပ်အားတွေ လျှော့ချခဲ့ရတယ်။

လယ်ယာလုပ်ငန်းများမှာလည်း ထွက်ကုန်များ လျှော့ချခဲ့ရတယ်။ တစ်ခြား ကိုင်းကျွန်း ယာလုပ်ငန်းများမှာလည်း သည်အတိုင်း ပစ်ထားခဲ့ရတယ်။ ဒါ့ရဝတီနိုင်ငံတော်မှာ စစ်တိုက်ခဲ့ရတဲ့ ကာလကလည်း မနည်းဘူးလေ။ သုံးနှစ်နီးပါးကြာခဲ့တာပဲ။

အဲဒီကြား ကာလမှာ နိုင်ငံတော်ရဲ့ စားရေရိက္ခာဟာ အသစ်စိုက်ရဖို့ လွယ်ဘူး။

ခါတိုင်း စိုက်ပျိုးနေရတဲ့ ရာခိုင်နှုန်းအထိ မရောက်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီတုန်းက စစ်သည်ရဲမက်များဟာ အများအားဖြင့် လယ်သာတိုင်းကျွန်း လုပ်သားတွေချည်းပဲ။ သူတို့က စစ်တိုက်ထွက်နေရတော့ နိုင်ငံတော်ရဲ့ လုပ်အားများဟာ အလျော့ကြီး လျော့ကျခဲ့ရတယ်။

သည်တော့ အစုဆိုရင် နေပြည်တော်မှာက စားသောက်မှု စားရိတ်တွေက တစ်နေ့တခြား ကြီးမြင့်လာခဲ့ပြီ။ သည်အရေးအခင်း ပြဿနာကို အသယ်ဝန်ကြီးမှူးမတ်ကမှ မဖြေရှင်းပေးကြဘူး။ ဒါတွေဟာ သူတို့ အလုပ်မဟုတ်ဘူးလို့ ထင်ထားဟန်လည်းရှိတယ်။

နိုင်ငံတော်က ထွက်တဲ့ ဆန်စပါးရဲ့ ကုန်ဈေးနှုန်းတွေဟာ တစ်ရှိန်ထိုးကိုးတက်သွားနေပြီ။

ဒါကြောင့်ပဲ ရွှေနန်းတော်အတွင်းက ကြေညာချက် တစ်စောင်ကို ထုတ်ပြန်လိုက်တယ်။

ဒါကတော့ တခြားမဟုတ်ဘူး။

ရွှေနန်းတော်အတွင်းမှာရှိတဲ့ ဘုရင်မင်းတရားကြီးရဲ့ စပါးကျီတော်များထဲက စပါးများကို ထုတ်ယူစေတယ်။ ပြီးမှ ပြည်သူတွေကို အခမဲ့ ဖြန့်ဝေစေတာပဲ။

သူ့ရဲ့ ဘုန်းတန်ခိုး အာဏာစက် ကျယ်ပြန့်ဖို့ ဒါ့ရာဏာအထိ စဉ်းစားတယ်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဝင်ရတယ်။ အဲဒီအထဲမှာ လူတန်းစားအသီးသီးက ပါဝင်အမှုတော် ထမ်းရွက်ရတယ်။ သည့်အတွက် လုပ်အားများ လျော့ပါးရတယ်။ ဒါ့ကြောင့် နိုင်ငံတော်မှာ ကုန်ပစ္စည်းရှားပါးနေတယ်။ ပြည်သူတွေ ဒုက္ခရောက်ရတယ်။

ဟုတ်ပါတယ်။ စစ်ပွဲတစ်ပွဲဆိုတာက နိုင်တဲ့ သူရော၊ ရှုံးတဲ့သူရော နှစ်ဖက်စလုံးဟာ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ရတာပဲဖြစ်တယ်။

အတွင်းဖိနပ်တော်ဆိုတာက မှူးတော် မတ်တော်ကြီးတို့ အနွယ်မှ ဆင်းသက်လာသူဖြစ်ရမယ်။

ပြီးတော့လည်း သည့်ထက်မြင့်မြတ်တဲ့ ဆွေတော်မျိုးတော်များမှ ဆင်းသက်လာတဲ့ သူများကို ခန့်တယ်။ သူတို့က ဖိနပ်တော် သူငယ်များထက် ပိုပြီးမြင့်တယ်။ အတွင်းဖိနပ်တော် သူငယ်များက ၂၀ ယောက်ရှိတယ်။ သူတို့ဟာ ဝဲလှည့် ယာလှည့်ခွဲထားတယ်။ အပါးတော်မှာ နေ့ညမပြတ် အမြဲစောင့် ထမ်းရွက်ရတယ်။ ဘုရင်မင်းတရားကြီး ရွှေနန်းတော်ပေါ်မှာ တစ်ဆောင်မှ တစ်ဆောင် ထွက်တော်မူရင် ဖိနပ်တော် ခင်းရတယ်။

ဒါတွေအပြင် ဘုရင်မင်းတရားကြီးနဲ့ မိဖုရားခေါင်ကြီးတို့ အရှင် နှစ်ပါး စံနေခိုက်မှာလည်း ဒေါင်းတောင် ဆက်ရတယ်။

ဒေါင်းတောင်ဆက်တယ်ဆိုတာက လက်ကိုင်မှာ ကတ္တီပါကွပ်ထားတဲ့ ဒေါင်းတောင်ယပ်နဲ့ အမြဲမပြတ်ခပ်ပေးရတယ်။ အရှင်နှစ်ပါး ပွဲတော်တည်ရာ စက်တော်ခေါ်ရာမှာ များမှာပေါ့။

သည်တုန်းက မြေဒူးမင်းတရားကြီးဟာ ပုဂံမြို့မှာရှိတဲ့ ရွှေစည်းခုံဘုရားကို ထီးတော်တင်ဖို့ စီစဉ်နေတယ်။

၁၁၃၀ ပြည့်တန်ခူးလဆန်း (၁၄)ရက် သောကြာနေ့မှာ ပုဂံရွှေစည်းခုံဘုရားရဲ့ ထီးတော်ဟာ မြေခတယ်။ ဒါနဲ့ ဘုရင်မင်းတရားကြီးက ဒါယကာ အမည်ခံယူလိုက်တယ်။ ထီးတော် အသစ်ပြုလုပ်စေတယ်။ ရွှေပုဏ္ဏနို့ မွမ်းမံစေတယ်။ စေတီတော်ကိုလဲ ထပ်မံပြင်ဆင်တော်မူတယ်။

ဘုရားရဲ့ ချည်းသီးက မြေကြီးတိုင်အောင် ရွှေပိန်းထည့်တော်မူတယ်။

ဆင်ဖြူရှင်မင်းဟာ ၁၁၃၀ပြည့်၊ ကဆုန်လဆန်း (၁၅)ရက် စနေနေ့မှာ ပုဂံမြို့ကို စုန်တော်မူတယ်။ မယ်တော်ဖုရားနဲ့ မိဖုရားခေါင်ကြီး၊ သားတော်၊ မြေးတော် ဆွေမျိုးတော်များ၊ မှူးမတ်များ ခြံရံတယ်။ ပြီးတာနဲ့ ချီတော်မူတယ်။

ပုဂံမြို့ကို လပြည့်ကျော် (၃)ရက်နေ့မှာ ရောက်တယ်။

ပုဂံမြို့မှ မြစ်စဉ်တစ်လျှောက်မှာ သီတင်းသုံးနေတဲ့ အရှည့ဝါသီ ပုဂ္ဂိုလ် အရိယာသံဃာတော်များကို ပရိက္ခရာရှစ်ပါး၊ လှူဒါန်းတော်မူတယ်။



နိုင်ငံတော်ရဲ့ဘုရင်မင်းတရားကြီး ကိုယ်တော်တိုင် ကြပ်မတ်ပြုလုပ်တဲ့ ပွဲတော်မို့ အလွန်တရာပဲ စည်ကားတယ်လို့ ဆိုကြတယ်။

ပွဲလမ်းသဘင်များကို အကြီးအကျယ်ခင်းကျင်းတယ်။

၁၁၃၀ ပြည့်နှစ်၊ နယုန်လဆန်း (၁၅)ရက် တနင်္လာနေ့မှာ ရွှေစည်းခုံဘုရားကို ရွှေထီးအထွတ်တင်လှူတော်မူတယ်။ ဆင်ဖြူရှင်လက်ထက်တော် တုန်းက ရွှေနန်းတော်အတွင်းမှာ ပညာရှိ စာဆိုများဟာ စာထမ်းရွက်နေကြတယ်။

အဲဒီလို စာထမ်းရွက်တဲ့ စာဆို ပညာရှိတွေထဲမှာ လက်ဝဲနော်ရထာ ဦးမြတ်သာနေနဲ့၊ လက်ဝဲသုန္ဒရဦးမြတ်စံတို့ဟာ ထင်ရှားတယ်။ သက္ကရာဇ် ၁၀၈၅ ခုမှာ၊ ဗဒုံမြို့နယ် အပါအဝင်ဖြစ်တဲ့၊ မုံရွေးရွာမှာ ဦးမြတ်သာနေကို ဖွားမြင်တယ်။ လက်ဝဲ နော်ရထာဟာ ဟံသာဝတီမင်းတရားလက်ထက်တော်မှ စပြီး အမှုတော်ထမ်းရွက်တယ်။

ရန္တကျော်စွာဟူသော ဘွဲ့အပြင် ပျံချီကျော်ထင်ဟူသော ဘွဲ့ကိုလည်း ရတယ်။

လွှတ်တော် စာရေးကြီးအဖြစ် ချီးမြှင့်ခြင်းခံရတယ်။ အလောင်းမင်း တရားကြီး လက်ထက်တော်မှာ မင်းတိုင်ပင် အမတ်ကြီးအဖြစ် ခစားရတယ်။ သည့်နောက် အတွင်းသေနာပတိလို့ ခေါ်တဲ့ စစ်သူကြီးရာထူးကို ချီးမြှင့်ခြင်း ခံရတယ်။ သည့်နောက် လက်ဝဲနော်ရထာဘွဲ့နဲ့ သူကောင်းပြုခြင်းခံရတယ်။

အဲဒီ လက်ဝဲနော်ရထာဟာ ရတနာသုံးပါး၌ မွေ့လျော်သူဖြစ်တယ်။

ဘုရား၊ တရား ဂုဏ်ကျေးဇူးကိုလည်း အဖန်တလဲလဲ နားလည်သူ ဖြစ်တယ်။ ၁၁၂၂ ခုနှစ်မှာ ခေါင်းလောင်းတော်ကြီးကို သွန်းလုပ်လှူဒါန်းတယ်။ တလျာဏီရွှေကျောင်းတော်ကို ဆောက်လုပ်တော်မူတယ်။ သက္ကရာဇ် ၁၁၂၃ ခုနှစ်၊ တန်ခူးလဆုတ် (၄)ရက်မှာ၊ တိလောကစေတီကို တည်တော်မူတယ်။

နောင်တော်ကြီးမင်းလို့ခေါ်တဲ့ တပယင်းမင်း နန်းတက်တဲ့အခါမှာ လည်း လက်ဝဲနော်ရထာဟာ မင်းစည်သူကျော်ထင်ဘွဲ့နဲ့ သနားတော်မူခြင်းခံရ ပြန်တယ်။ နန္ဒသူရကျော်ထင်ဘွဲ့ကိုလည်း သနားတော်မူခြင်းခံရတယ်။ အင်းဝ ရွှေနန်းတော်ကို တတိယအကြိမ် တည်ထောင်တော်မူတဲ့ မြေဒူးမင်းတရားလက်ထက်တော်မှာ လက်ဝဲနော်ရထာဟာ နေမျိုးသီရိဇေယျကျော်ထင်ဘွဲ့၊ သည့်နောက် နေမျိုးမဟာကျော်ထင်ဘွဲ့၊ နေမျိုးမဟာအသခ်ယာကျော်ထင်ဘွဲ့များကို ချည်းရတယ်။ အတွင်းဝန်အဖြစ် ခန့်ထားခြင်း ခံရတယ်။

လက်ဝဲနော်ရထာ ဦးမြတ်သာနေမှာ မွေးချင်း ဦးမြတ်သာစေလို့ ခေါ်တဲ့ ညီအရင်းတစ်ယောက်ရှိသေးတယ်။ သူဟာလည်း အဂ္ဂမဟာ သေနာပတိ

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့နဲ့ လွှတ်တော်မင်းကြီး ဖြစ်ခဲ့ဖူးတယ်။ အဲဒီမင်းကြီးဟာ မဟာဓေတဝန် ကျောင်းဝရဂုဏ်အတွင်းမှာ လေးကျွန်းမာန်အောင်ဘုရားကို တည်ခဲ့တယ်။

အဲဒီ ဘုရားကြီးဟာ အလွန်ပဲ မြင့်တယ်။

အတောင် (၈၀)ရှိတယ်။ မင်းလက်ဝဲ နော်ရထာဟာ သီချင်းကဗျာ များကို ရေးစပ်နိုင်သူဖြစ်တယ်။ စစ်သေနာပတိလည်း ဖြစ်တယ်။ သံတော်ဆင့် လည်း ဖြစ်တယ်။ မင်းတိုင်ပင် အမတ်လည်း ဖြစ်တယ်။ နှစ်လုံးရည် လက်ရုံးရည်ပါ နှစ်မျိုးစလုံးမှာ ပြည့်စုံတယ်။

စာပေကျမ်းဂန်များကိုလည်း ရေးသားပြုစုခဲ့တယ်။

သက္ကရာဇ် ၁၁၁၉ ခုနှစ်မှာ အလောင်းမင်းတရား အရေးတော်ပုံကို ရေးသားခဲ့တယ်။ ၁၁၂၅ ခုနှစ်မှာ မင်းလက်ဝဲနော်ရထာ လျှောက်ထုံးကို ရေး သားခဲ့တယ်။ ၁၁၂၉ ခုနှစ်မှာ ယိုးဒယားနိုင်မော်ကွန်းကို ပြုစုခဲ့တယ်။ ၁၁၄၇ ခုနှစ်မှာ ဧည့်ဝတီနိုင်မော်ကွန်းကို ပြုစုခဲ့တယ်။

သက္ကရာဇ် ၁၁၂၂ ခုနှစ်မှာ မြန်မာသံဃောဂ ဒီပနီ (ပင့်ရစ်ဋီကာ) ကို ပြုစုခဲ့တယ်။ အဲဒီတုန်းက သူနဲ့အတူ ယှဉ်ပြိုင်ကျော်ကြားခဲ့တဲ့ သူက လက်ဝဲ သုန္ဒရ ဦးမြတ်စံပဲ ဖြစ်တယ်။ သူဟာ လက်ဝဲ နော်ရထာထက် အသက်အရွယ် ငယ်တယ်။

ရွှေနန်းတော်အတွင်းကို နောက်ကျမှ ရောက်လာသူဖြစ်တယ်။

လက်ဝဲသုန္ဒရဟာ ခုနစ်နှစ်သားအရွယ်ကတည်းကပဲ သဒ္ဒါကျမ်းကို တက်ရောက် သင်ကြားနိုင်ခဲ့သူဖြစ်တယ်။ ဉာဏ်အလွန်ထက်မြက်သူဖြစ်တယ်။ ငယ်ရွယ်စဉ်က မန်ကျည်းတုံရွာ ရွှေဘုံသာကျောင်း ဆရာတော်ထံမှာ စတင် သင်ကြားခဲ့တယ်။ သည့်နောက် အင်းဝမြို့ ဒုတိယ မှန်စီကျောင်းဆရာတော် ထံမှာ ဆက်လက်သင်ကြားတယ်။ စစ်ကိုင်းမင်းဝန်တောင်ရိုးမှာရှိတဲ့ ကမ္ဘောဇ မထေရ်ထံမှာလည်း ဆည်းပူးခဲ့တယ်။

တစ်ဆယ့်တစ်နှစ်သားအရွယ်မှာ သာမဏေ ပြုတယ်။

တစ်ဆယ့်လေးနှစ်သားအရွယ်မှာ လူဝတ်လဲခဲ့တယ်။ လူထွက်ပြီ ဆိုကတည်းက မင်းမှုထမ်းဖြစ်လိုတဲ့အတွက် နန်းတော်အတွင်းမှာ ဝင်ထွက် သွားလာနေထိုင်တယ်။ ၁၁၁၁ ခုနှစ်မှာ ဟံသာဝတီရောက်မင်းဟာ မလွန်တပ် မှူး သတိုးမင်းခေါင်ကို စဉ့်ကိုင်မှာ အစောင့်အနေထားခဲ့တယ်။

အလုံးအရင်းနဲ့ မွန်တို့ကို တော်လှန်နေတယ်။

သတိုးမင်းခေါင်ကလည်း စဉ့်ကိုင်တပ်ကို အခိုင်အမာပြုပြီးနေတယ်။ စဉ့်ကိုင်ကို ကေတုမတီလို့ သမုတ်တော်မူတယ်။ သတိုးမင်းခေါင်ဟာ ကိုးသိန်း သခင် ဘွဲ့တော်ခံယူတယ်။ နန်းတော်၊ လွှတ်တော်၊ ရှေ့ရှိုးနောက်ရိုး ဆောက်



စေတယ်။ ရတနာပူရနဲ့အပြိုင်၊ ထီးပြိုင် နန်းပြိုင် အုပ်စိုးစေတယ်။ သည်အခါ မှာ လက်ဝဲသုန္ဒရဟာ ကိုးသိန်းသခင်ရဲ့ လက်အောက်မှာ အမှုထမ်းစေတယ်။

□

www.burmeseclassic.com

www.burmeseclassic.com



## (၈)

သူဟာ အလောင်းမင်းတရားကြီးရဲ့ အရေးတော်ပုံကို မမီဘူး။

သူရောက်သွားတဲ့အချိန်မှာ ရတနာသိင်္ခ ကုန်းဘောင်ရွှေပြည်တော်မှာ အလောင်းမင်းတရားကြီးက ရွှေထီးရွှေနန်းကို သိမ်းမြန်းပြီး ဖြစ်တယ်။ အမြင့်မင်းသားကြီးရဲ့ အိမ်တော်များမှာ စတင်အမှုထမ်းရတယ်။ ဘကြီးတော်ရာထူးနဲ့ ခစားရခြင်းပဲ။ သည်အကြောင်းကို သူ့ရဲ့နန္ဒသေနပျို့နိဂုံးမှာ ရေးသားခဲ့တယ်။ စပ်ဆိုထားခဲ့တယ်။

"သိင်္ခကုန်းဘောင်၊ သမိုက်ဆောင်သည်၊ ကိုးတောင်ပို့ငှ၊
မှတ်ဆုကုဝယ်၊ ဆင်ဖြူတော်ကြီး၊ သမိုက်စီးသား၊
မျဉ်းတီးပိုက်ကား၊ စီပါမန္တာတီ၊ သောင်းသုံးနတ်၏၊
သတ်မှတ်သည့်သား၊ ဥပစာပါဒ၊ ဓောကာတက်ပျံ၊
အိမ်ရှေ့စံတွင်၊ ကျွန်ခံလက်ဦး၊ ပြုစုဖူးသည်၊
ကျေးဇူးပြုတေး၊ ရှီတိုင်းဝေရှင့်၊ ဝိဒေဟရ၊
လက်တောင်မလျက်၊ ပဥ္စာလ်တိုင်း၊ ကွန်လိုင်၊
စိုးမှတ်၊ မြေးဖြဟ္မဒတ်က၊ မြင့်မြတ်ဆေးလေး၊
အရေးတော်ယူ၊ ထိန်းတော်မူသည်၊ လိုက်ဆုလှည့်ပတ်၊
ဝမာနတ်သို့၊ ရေနတ်ရာစံ၊ အိမ်ရှေ့စံမှ၊ ရှေ့ကံကြမ္မာ၊
သံသရာက မကွာယှဉ်ဖူး၊ ကျွန်ဖြစ်ဖူး၍၊
ကျေးဇူးချီးမြှင့်၊ မကုန်သင့်သား၊ အမြင့်သိမ်းအုပ်၊
ရွှေလုပ်နန်းလျာ၊ လက်တော်မှာလျှင်၊ ရေးရာကျွမ်းကျင်၊
ဖန်စီရင်သည်၊ ယောင်ထုံးပုံမလွဲတည်း"

အဲဒီ အမြင့်မင်းသားအိမ်တော်မှာပဲ၊ ထမ်းရွက်ခစားတုန်းက လက်ဝဲသုန္ဒရဘွဲ့တော်ကို ချီးမြှင့်ခြင်းခံရတယ်။ နောင်တော်ကြီးမင်းခေါ်တဲ့ တပယင်းမင်းတရားလက်ထက်တော်မှာ ဘယဥက္ကာမိတ် ဘွဲ့တော်ဆင်မြန်းရတယ်။

အခုဆင်ဖြူရှင်မင်းတရားလက်ထက်ကျမှပဲ၊ လက်ဝဲနန္ဒမိတ်ဘွဲ့တော်ကို ဆင်မြန်းရတယ်။

သူ့နားမှာ သားနှစ်ယောက်နဲ့ သမီးတစ်ယောက်ရှိခဲ့တယ်။ နောင်အခါမှာ သူ့သားများက မဟာဓမ္မိကရာဇာဘွဲ့နဲ့ တရားသူကြီးများဖြစ်လာကြတယ်။ ဦးအေး၊ ဦးရွှေသားနဲ့ မလွန်းမယ်တို့ပဲ ဖြစ်ကြတယ်။

၁၁၃၀ ပြည့်နှစ်မှာ နိုင်ငံတော်တစ်ဝှမ်းလုံး မြေငလျင် ပြင်းပြင်းထန်



ထန်ခံစားရတယ်။

သည့်အတွက် ရန်ကုန်မြို့က ရွှေတိဂုံစေတီတော်ရှင်ဘုရားဟာ ဆင်သွားဖူးတော်ကနေပြီး ပထမခေါင်းတိုင်အထိ ပြိုကျတယ်။ ထီးတော်လည်း ကျွံခဲ့ရတယ်။ စေတီတော်ရဲ့ ပစ္စယံ ပန်းတင်ပါ ပျက်စီးတယ်။ ဒါတွေ အားလုံးကို ပြန်ပြီး ပြုပြင်ရတယ်။

သပိတ်မှောက်ရဲ့အထက် ပထမဖောင်းရစ်ကစပြီး ဌာပနာတော်မူတယ်။

စေတီတော် ပျက်တုန်းက တွေ့ရှိတဲ့ စေတီတော်များပါ တစ်ပါတည်း ထည့်ပြီး ဌာပနာတော်မူတယ်။ ရွှေဆင်းတုဆူရေ ၆၂၅ ဆူ၊ ငွေဆင်းတု ဆူရေ ၇၇၄၆ များတို့ပဲ။ ဒါတွေအပြင် ဆင်ဖြူရှင်မင်းတရားကြီးရဲ့ ကုသိုလ်တော် ရွှေဆင်းတု၊ ငွေဆင်းတုများလည်း ပါတယ်။

ဆံတော်ရှင်တစ်ခုလုံး၊ ကိုယ်ချင်းနေစပ်သေချာစွာ လုပ်ဆောင်တော်မူတယ်။

ကြေးတစ်သိန်း၊ သံတစ်သိန်း၊ သံမှိုစွဲတယ်။ နိုင်ခန့်အောင် ပြုလုပ်ရတယ်။ စေတီရဲ့ဘုရားကိုလည်း တည်ရတယ်။ ခြသေ့်နှစ်ကောင်ရုပ်စီးကိုလည်း အလုံးစုံဆောက်လုပ်ရတယ်။ သည်လို နိုင်ငံတော်တစ်ခုလုံး၊ သိမ့်သိမ့်တုန်အောင် လှုပ်တော်မူတဲ့အတွက် မင်းတရားကြီးအဖို့၊ ချောက်ချောက်ချားချားဖြစ်တော်မူတယ်။

သူ့ရဲ့ အသက်ဘေးအန္တရာယ်ကိုလည်း စိုးရိမ်လာတယ်။

ဓာတ်ယကြာများ၊ ချေဖျက်တော်မူတယ်။ ဒါကြောင့် ဓာတ်ဆက်နန်းစီရင်ပြောင်းလွှဲစံနေတော်မူတယ်။ ဒီအကြောင်းကို ဝါးရုံကျောင်းဆရာတော်ရဲ့ မှတ်သားမယာဒေဝရာဇဂုရုက လျှောက်ထားတယ်။

နောက်တက်လာတဲ့ မင်းတရားကြီးက သူ့ကို သတ်ရင်လည်း သတ်မယ်။ နန်းကျတဲ့ဘုရင်များဟာ ဘယ်တော့မှ နလန်မထူတော့ဘူး။ မင်းဘုရားတစ်ပါး ထီးနန်းကျသွားပြီဆိုရင် သူတင်မကဘူး။ သူ့မိဖုရားများနဲ့ သားတော် သမီးတော်များပါ ဒုက္ခနဲ့ ရင်ဆိုင်လိုက်ကြရတာပဲ။

အားလုံးနီးပါးဟာ အသက်ခန္ဓာအိုးစားကွဲကြရတာပေါ့။

ဆုံးရှုံးမှု မြောက်များစွာလည်း ဖြစ်ပေါ်ရတယ်။ အဲဒီဖြစ်ရပ်တွေကို ရင်ဆိုင်ရမှာစိုးတဲ့အတွက် ဆင်ဖြူရှင်မင်းတရားကြီးဟာ ဓာတ်နန်းအသစ်တည်ဆောက်ပြီး နန်းစံနေရတာပဲ။ တကယ်တော့ နိုင်ငံတော်မှာ မြေငလျင်လှုပ်တာနဲ့ သူနဲ့ဘာဆိုင်တာမှတ်လို့။ သူ့ဖာသာ၊ သူ့သဘာဝရဲ့ ဖန်တီးမှုများကြောင့် မြင်ဆေါ်လာရတာပဲ မဟုတ်လား။ ဒါကို ရေးကြီးခွင်ကျယ်လုပ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မြေဒူးမင်းတရားကြီးအဖို့ ခုတစ်လော စုတ်လာဘ်တွေ ဝင်နေတယ်။

စန္ဒပူရီလင်းဇင်းက သမီးတော် ကညာဆက်သလာခြင်းပဲ။ လင်းဇင်းမင်းတရားဟာ အဆင်းအင်္ဂါလက္ခဏာနဲ့ ပြည့်စုံတဲ့ သမီးကညာကို ဆင်ငါးရာနဲ့တကွ ပို့ဆက်တော်မူလာတယ်။ အထူးထူးသော လက်ဆောင်တော်များနဲ့ သားညီမှူးမတ်တို့ဟာ ကြီးကြပ်ဆောင်ယူဆက်သတယ်။

အဲဒီလင်းဇင်းမင်းသမီးကို ပဘာဝတီဘွဲ့နဲ့ မိဖုရားအဆောင်အရွက် ကိုပေးတော်မူတယ်။

ရုပ်အဆင်းကလည်း အလွန်လှပစိုပြေတယ်။ ဒါကြောင့်ပဲ ထင်ပါရဲ့၊ မင်းတရားကြီးဟာ သူ့ရဲ့အပေါ်မှာ အမြဲမပြတ် ခစားစေတယ်။ သည်လိုပါပဲ။ မကြာခင်မှာ စမ္မပါသက်က သမီးကညာ ဆက်သလာသေးတယ်။ ဆင်အစီး ၂၀၀နဲ့ အထူးထူးသော လက်ဆောင် ပဏ္ဏာတော်တော်များများလည်း ပါရှိ တယ်။ သူတို့ကို မြစ်ငယ်မြစ်ရဲ့ ရှမ်းဈေးအရပ်မှာ တဲကနားကြီး ကြီးကျယ် စွာဆောက်လုပ်နေစေတယ်။ အဲဒီအရပ်မှာ ပွဲတော်များ ခင်းကျင်းစေတယ်။ ပြီးမှ မှူးတော်မတ်တော် ကတော်မယားများ ခြံရံ ဆောင်ယူစေတယ်။ အဆက်အသခံတော်မူတယ်။

သည်တုန်းက မင်းတရားကြီးဟာ သူ့ထီးနန်းသက် ကုန်ဆုံးသွားတော်မူမှာ စိုးလို့ နန်းတော် ယာယီအပြောင်းအလဲတွေ လုပ်ဆောင်နေတယ်။ သည်ကြားထဲက အချိန်အားရရင် အပြည်ပြည်က ဆက်သလာတဲ့ မင်းသမီးများကို သိမ်းပိုက်နေရရှာတယ်။ ဒါကြောင့်မို့ ပြောပါတယ်။ ဘုရင်မင်းတရားကြီး လုပ်ရတာ မလွယ်တူးပြောတာပေါ့နော့။

၁၁၃၆ ခု၊ ပြာသိုလဆန်း (၈)ရက် တနင်္ဂနွေနေ့မှာ ရတနာပူရအင်းဝနေပြည်တော်က ရန်ကုန်မြို့ကို စုန်တော်မူတယ်။ မင်းတရားကြီး စီးတော်မူတဲ့ ရွှေဖောင်တော်ဟာ ပြဿဒ်ဘုံ (၁၁)ဆင့်ရှိတယ်။ သူ့နောက်တော်က နမတော်သီရိမဟာရတနာဒေဝီ၊ သီရိအတုလမဟာရတနာ ပဒုမ္မာဒေဝီ၊ မိဖုရားခေါင်ကြီးစတဲ့ မိဖုရားကြီးများက လိုက်ပါရတယ်။

ပုဂံမြို့ရောက်တာနဲ့ ကမ်းပေါ်တက်တယ်။

ရွှေစည်းခုံဘုရားကို ဖူးမျှော်တော်မူတယ်။ အဲဒီမှာ သုံးရက်နားတယ်။ ပြည်မြို့ကို ဆက်ပြီး ထွက်တော်မူလာတယ်။ ပြည်ဆံတော်ရှင်ဘုရားကို ပူဇော်တော်မူတယ်။ သည်တုန်းက ပြည်မြို့အနောက်ဘက်မှာရှိတဲ့ ဘိုးနီးတောင်တောင်ထိပ်ဘုရားကို ထပ်ပြီး တည်တော်မူတယ်။ ဓာတ်တော် မွေတော် ရွှေရုပ်တုလည်း ဌာပနာတော်မူတယ်။

ထီးချရာသီး ကသည် မြေပြင်အထိ ရွှေသင်္ကန်း ကပ်တော်မူတယ်။



ရန်ကုန်မြို့ကို တပေါင်းလဆန်း (၁)ရက်နေ့မှာ ရောက်တော်မူ တယ်။ ရောက်ရောက်ချင်းပဲ ရန်ကုန်မြို့ရဲ့ အနောက်မြောက်ယွန်း တာခြောက် ရာခန့်မှာ သဘင်နန်းနဲ့ စံနေတော်မူတယ်။ ရွှေတိဂုံဆံတော်ရှင်ဘုရားကို ကပ်လှူမယ့်ထီးတော်ကိုလည်း သဘင်နန်းတော်ရှေ့မှာ ဘုံငါးဆင့်ရှိတဲ့ တန် ဆောင်း ပြဿဒ်နဲ့ထားတော်မူတယ်။

ပွဲလမ်းသဘင်ကြီးစွာ ခံတော်မူတယ်။

သက္ကရာဇ် ၁၁၃၆ ခု၊ တပေါင်းလဆန်း (၁၅)ရက်၊ ဗုဒ္ဓဟူးနေ့မှာ ရတနာအတိပြီးနေတဲ့ ထီးတော်ကို တင်ယူတော်မူတယ်။ ကြေးစင်အချိန် (၁၅၅၅၅) ပိဿာကျပ် ၅၀ ရှိတဲ့ ခေါင်းလောင်းတော်ကြီးကိုလည်း သွန်းလုပ်လှူဒါန်းတော်မူတယ်။

ဆင်ဖြူရှင်မင်းတရားကြီးဟာ သူ့ထီးနန်းသက်မကုန်ခင် စပ်ကြားမှာ ဘုရားဒါယကာ ကျောင်းဒါယကာအမည်ကို ခံယူခဲ့သေးတယ်။ အလှူဒါနများကို များများပြုတော်မူခဲ့တယ်။ ကုသိုလ်ဆက်တဲ့ သဘောပေါ့။ ရတနာဆိပ်မြို့တော်ရဲ့ အရှေ့ဘက်မှာရှိတဲ့ ဘုံစံတုလွှတ်ကျောင်းတော်၊ အနောက်တော်ရွာန်ဆိပ်ဦးစေတီတော်၊ ညောင်ဦး၊ ရွှေစည်းခုံဘုရားကို ပြင်ဆင်တယ်။

မာန်အောင်ရတနာ၊ ရတနာဘုံသာ ဘုရားရှင်များကို ထပ်မံပြင်ဆင်တယ်။

မီးတားနဲ့တကွ ရွှေထီးတော်အသစ်ကိုလည်း တင်လှူတော်မူတယ်။ ဟာရတနာပုံ ပိဋကတ်တိုက်တော်ကိုလည်း ဆောက်လုပ်တော်မူတယ်။ အောင်ဖီလာ၊ ကြက်သွန်ခင်း၊ တောရရွှေကျောင်းတော်၊ ရတနာပူရ အင်းဝမြို့တော်တွင်းရဲ့ စနေထောင့်အရံ၊ ငုင်းကျောင်းနဲ့တကွ၊ ဘုံတော်စံလွှတ်ကျောင်းဆောင်ကိုလည်း ဆောက်လုပ်ခဲ့တယ်။

မဟာမြတ်မုနိဘုရား စနေထောင့်မှာ အရံကျောင်းနဲ့တကွ ကျော်အောင်စံလွှတ်ရွှေကျောင်းတော်၊ ဘိုးဦးတော်ထိပ်ဘုရားကို ပြင်ဆင်တယ်။ ရွှေထီးတင်လှူတော်မူတယ်။ ရွှေတိဂုံဆံတော်ရှင်ကို ပြင်ဆင်ပြီး ထီးတော်အသစ်တင်လှူတော်မူတယ်။ စစ်ကိုင်း စကုတောင်အရပ်မှာ အနံ ၄၀ နဲ့တကွ အောင်မြေစံလွှတ်ရွှေကျောင်းတော်၊ ရွှေပြည်ဆိပ်ဦး စေတီတော်များသို့ တောင်းမှုပြုခဲ့တယ်။

စစ်ကိုင်းမြို့ငါးထပ်ကြီးဘုရား အနောက်ဘက်မှာ အရံ ၁၂ ကျောင်းနဲ့ သားထပ်ဇေတဝန်ကျောင်းတော်ကို လှူဒါန်းခဲ့တယ်။

နောင်တော်ကြီးမင်းဖြစ်တဲ့ တပယင်းမင်းတရားကို လုပ်ကြံခဲ့ရတာလည်း သူ့မှာ အကြောင်းရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူကလည်း ပုထုဇဉ်လူသားပဲလေ။ အာဏာရှိတဲ့ သူတွေ စည်းစိမ်ခံစားပြီး ကျကျနနနေတယ်။ ဒီလိုခံစား စံစားနေရတာ မြင်ရတော့ အားကျလာတယ်။ အာဏာကလေးလည်း လိုချင်ပြန်တယ်လေ။ ကြံစည်ဖို့ ဇွန်တိုးယူဖို့ ဆိုတာကလည်း အဝေးကြီးမဟုတ်ဘူး။ အနီးဆုံးနေရာမှာ ရှိတယ်။

မြွှေးမင်းဟာ နန်းမတက်ခင်ကရော၊ နန်းတက်ပြီးရော စစ်ပွဲတွေကို ချည်း ဆင်နွှဲခဲ့တယ်။ ဒါကြောင့် နိုင်ငံတော်မှာ ချွတ်ခြုံကျလာတယ်။

ပဒေသရာဇ်ခေတ်ပီပီ ကိုယ်လုပ်ချင်တာကို လွတ်လွတ်လပ်လပ် မလုပ်ရဘူး။

လွတ်လွတ်လပ်လပ်နေချင် ထိုင်ချင် ပြောဆိုချင်လို့ကလည်း ပဒေသရာဇ်ခေတ်မှာ လုံးဝမရှိဘူး။ ဒါမှလည်း ပဒေသရာဇ်ခေတ်ဆိုတဲ့အသွင်ရှင်းတော့မပေါ့။ ပြီးတော့လည်း ပဒေသရာဇ်ခေတ်ဆိုတာက အသက်အိုးအိမ် စည်းစိမ်များ ဘယ်ဟာမှ စိတ်မချရဘူး။ ဘုရင်မင်းတရားကြီးက အားလုံးကို ပိုင်ဆိုင်နေတာပဲလေ။

ဘုရင်မင်းတရားကြီးအဖို့ စည်းစိမ်ပစ္စည်းများရှိနေသမျှ ကာလပတ်လုံး ပြည်သူတွေရဲ့ ဒုက္ခဆင်းရဲခြင်းကို လုံးဝသိမှာ မဟုတ်ဘူး။ သိဖို့လည်း မကြိုးစားဘူး။ သိအောင် ပြောရင်လည်း စိတ်တော်ဆိုးတော်မူကြတယ်။ ဒါကြောင့်လည်း ပြည်သူတွေအဖို့ ခေါင်းငုံ့ခံနေကြရတယ်။

သည်လို ပြည်သူတွေ အခက်အခဲများစွာ ဖြစ်နေတဲ့ အချိန်မှာပဲ ဝန်ကြီးအချို့ဟာ ပြည်သူတွေကြားထဲဆင်းလာတယ်။ ပြည်သူတွေကို သူတို့က လိုအပ်တဲ့ဆန်စပါးများကို ထိထိရောက်ရောက် ဝေငှပေးသွားနိုင်တယ်။ ညွှန်ကြားရုံနဲ့ အမိန့်ပေးရုံလောက်မဟုတ်ပဲ ကူညီသွားတယ်။ လက်တွေ့မှာတော့ ပြည်သူတွေအဖို့ စိတ်ချမ်းသာစေခဲ့တယ်ပေါ့။

တကယ်တော့ ပဒေသရာဇ်ခေတ်ဆိုတာက အာဏာရှိတဲ့သူတွေအဖို့ လုပ်ပိုင်ခွင့်အပြည့်နဲ့ လုပ်ချင်ရာလုပ်သွားတယ်။ ပြီးတော့ အာဏာမရှိတဲ့ ပြည်သူတွေမှာကျတော့ နင်းပြားဘဝနဲ့ ကျင်လည်နေတာကို ပဒေသရာဇ်ခေတ်လို့ ခေါ်တယ်ထင်ပါရဲ့။

ပဒေသရာဇ်ခေတ်ကို ဘုရင်မင်းတရားကြီး ပိုင်ဆိုင်တယ်။

သူ့ပိုင်နက်ထဲမှာ ရောက်ရှိနေတဲ့ ပြည်သူတွေကို သူလုပ်ချင်ရာလုပ်လို့ရတယ်။ သည်လို လုပ်ချင်ရာကို လုပ်နေမှပဲ နေသာထိုင်သာရှိဟန်တူရဲ့။

သူ့လက်ထက်မှာ တရုတ်စစ်ပွဲလေးကြိမ် ဖြစ်ခဲ့ရတယ်။ မပြေမလည်ဖြစ်ကြရတယ်။ သည်တုန်းက တရုတ်တို့ဟာ မြန်မာနိုင်ငံထဲမှာ ဝင်ရောက်ပြီး ကုန်ရောင်း ကုန်ဝယ်လုပ်နေကြတယ်။



တရုတ်လူမျိုးတင်မကဘူး။

ပြင်သစ်၊ ပေါ်တူဂီလူမျိုးတွေလည်း ရှိနေခဲ့တယ်။ အဲဒီ သက္ကရာဇ် ၁၁၂၇ ခုနှစ်မှာ တရုတ်ကုန်သည်ကြီး လောလီဟာ ကုန်ပစ္စည်း အထည်အလိပ်များနဲ့ ကောင်းတုံ ဗန်းမော်ဘက်ကို ရောက်လာတယ်။ တာပင်မြစ်အရောက်မှာ မြစ်တစ်ဖက်ကို မကူးနိုင်တာနဲ့ မြစ်ဆိပ်မှာ စောင့်ဆိုင်းနေတယ်။

ဝန်တင်ထားတဲ့ နွားများနဲ့ စောင့်နေတာပဲ။

သည်တံတားဆောက်ဖို့ သူတာဝန်ယူတယ်။ အဲဒီမြစ်ဖြတ်ကူးဖို့ တံတားကို သူဆောက်မယ်ပေါ့။ သည်လို တံတားဆောက်ပေးတဲ့အတွက် အဆောက်အခွန် လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ ဆိုင်ရာမြို့ဝန်ကို တောင်းဆိုတယ်။ သည်အကြောင်းကို တရားဝင်ဖြစ်ဖို့ ဘုရင်မင်းတရားကြီးထံ ရွှေနားတော်ကြား လျှောက်ထားပေးဖို့လည်း တောင်းဆိုတယ်။

ပြီးတော့လည်း ဗန်းမော်မြို့ဝန်ကို မချေမငံပြောဆိုတယ်။

အဲဒါကြောင့် ဗန်းမော်မြို့ဝန်က ဖမ်းပြီး အင်းဝကို ပို့တယ်။ မကြာခင် လောလီကို ပြန်လွှတ်ပေးလိုက်တယ်။ ဒါကို တရုတ်ကုန်သည်ကြီး လောလီက မကျေနပ်ဘူး။ ငါက ချမ်းသာတဲ့ တရုတ်ကုန်သည်ကြီးပဲ။ ငါပြောသမျှကို သူတို့ လက်ခံရမယ်။ ငါပြောတာမှ ဟုတ်တယ်ဆိုပြီး ငါတကောကောတယ်။

သည်လို ငါတကောကောနေပေမဲ့လို့ တရုတ်လောလီဟာ သူ့အခြေအနေကို သူနားမလည်ဘူး။

ငါဟာ လူမျိုးခြား၊ နိုင်ငံခြားသားတစ်ယောက်၊ မြန်မာနိုင်ငံနဲ့ လုံးဝပတ်သက်ဘူး။ ဝင်လည်း မစွက်ဖက်သင့်ဘူးဆိုတာကို သူလုံးဝသတိမထားဘူး။ နားလဲမလည်ဘူး။ သည့်အတွက် ရလာတဲ့ အဖြေက/နောက်ဆုံးမှာတော့ နိုင်ငံအချင်းချင်း စစ်ပွဲဖြစ်ကြရတာပဲ။

အဲဒီလို တံတားဆောက်လုပ်ခွင့်မရတာနဲ့ တရုတ်လောလီဟာ အမှုရှာတော့တယ်။

ဖြစ်ချင်တော့ သူမြစ်ဆိပ်မှာ ထားခဲ့တဲ့ အထည်အလိပ်ပစ္စည်းအချို့ဟာ ပျောက်နေတယ်။ သည့်အတွက် စစ်ဆေးပေးဖို့ အကြောင်းကြားတယ်။ သည်တော့ မြို့ဝန်စစ်ကဲတို့က ဒီအမှုကို စဉ်းစားတယ်။ အရေးယူတယ်ဆိုတာလည်း အခြေအမြစ်ရှိမှ ခိုင်လုံမှသာ အရေးယူနိုင်ဖို့ သင့်တယ် မဟုတ်လား။ သည်အတွက်ကြောင့် သူတို့စဉ်းစားကြခြင်းဖြစ်တယ်။

ဘယ်သူပဲဖြစ်ဖြစ်ပေါ့။ အပြစ်ဆိုတာက ကြံဖန်ပြောရတာပဲ။ အဲဒီ တရုတ်လောလီရဲ့ အမှုဟာ တမင်သက်သက်လုပ်ကြံပြီး ပြောလိုတဲ့ အမှု မှန်းသိတယ်။ ဒါကြောင့် အမှုကို မစစ်ဆေးဘဲ နေတယ်။ ဒါကို လောလီက

www.burmeseclassic.com

www.burmeseclassic.com



မဘျေနပ်ဘူး။ အဲဒီပတ်ဝန်းကျင်မှာနေတဲ့ ရွာသားများကို စစ်ဆေးပေးဖို့ တောင်းဆိုပြန်တယ်။

တကယ်တော့ ဒါဟာ မပတ်သက်ဘူး။

သူ့မှာလည်း တရုတ်အစောင့်အနေများဟာ တစ်ပါတည်း ပါလာခဲ့ပြီးသားပဲ။ ရွာခံဖြစ်တဲ့ မြန်မာတွေကို သူတို့ထဲ လုံးဝမလာရဘူး။ စပ်စပ်ယှက်ယှက်လည်း မလုပ်ရဘူး။ ဒါပေမဲ့ တရုတ်လောလီဟာ ရွာခံများကို စစ်ကြောပေးဖို့ တောင်းဆိုပြန်တယ်။ တကယ်တော့ ဒါတွေဟာ ကရုတ်လောလီရဲ့ အလုပ်မရှိ အလုပ်ရှာ ကြောင်ကို ရေချိုးပေးတဲ့ သဘောပဲ။

ဒါနဲ့ပဲ လောလီဟာ ဒေါပွပြီး ပြန်သွားတယ်။ ယူနန်ဘုရင်ခံကို သွားတိုင်ကြားတယ်။

အဲဒီ ဖြစ်ရပ်ဖြစ်ပြီး၊ မကြာခင်မှာပဲ ကျိုင်းတုံမှာ ထပ်ဖြစ်ပြန်တယ်။ ဒီတစ်ခါတော့ သူနဲ့မဟုတ်ဘူး။ တခြားတရုတ်ကုန်သည် 'လောတာရှည်' ဆိုသူနဲ့ပဲ။ သူနဲ့ဖြစ်ပုံက အရောင်းအဝယ်လုပ်ရင်းက မြန်မာတို့နဲ့ အချင်းများကြ တယ်။ တရုတ်တွေက မြန်မာတို့ကို စပြီးရိုက်ဟယ်။

သည်တွင် မြန်မာတို့ကလည်း ပြန်ရိုက်ကြတယ်။

အဲဒီအရေးအခင်းမှာ တရုတ်တစ်ယောက်သေတယ်။ ဒါကို လောတာရှည်က ထုံးစံအတိုင်း စီရင်ဖို့ လျှောက်ထားတယ်။ တစ်ဖက်ကလည်း ယူနန်ဘုရင်ခံကို တိုင်ကြားထားတယ်။ သည်တုန်းက ရွှေတောင်တက် ဘယားသံပိုင်းနှင့် ဘယားဝင်းတို့ဟာ ကျိုင်းတုံ စစ်ကဲကြီး ဖြစ်တယ်။

သူတို့ဟာ မြန်မာတို့ရဲ့ ထုံးစံအတိုင်း စီရင်ပေးတယ်။

လက်လွန်မိသူတို့က၊ အသက်ဖိုးပေးစေလို့ စီရင်တယ်။ ဒါကို သင်းတို့က မကျေနပ်ဘူး။ လောတာရှည်က ပြောတယ်။ အသက်ဖိုးပေးတဲ့ ငွေကို မယူလိုဘူး။ သေတဲ့သူ တရုတ်အစား မြန်မာလူမျိုးထဲက လူစားပေးရမယ်လို့ တောင်းဆိုတယ်။ အသက်ဖိုးမယူရင် လက်သည်ရင်းဖြစ်သူကို သေစေသာ စီရင်ထုံးစံရှိကြောင်း ပြောဆိုတယ်။

သည်တွင် တရုတ်ကုန်သည်ကြီး လောတာရှည်ဟာ ဒေါပွပွနဲ့တခြားကုန်သည်များနဲ့ ပြန်သွားကြတယ်။

□



(၈)

တကယ်တော့ ဒါတွေဟာ တရုတ်ကုန်သည်တွေရဲ့ ညစ်ပတ်မှုတွေပဲ။ အရှုပ်ရှာတာတွေပဲ။ သူတို့မှာ ပါလာတဲ့ ပစ္စည်းတွေ ရောင်းမကောင်းတာနဲ့ မြန်မာအစိုးရမင်းများထံမှ တန်ဖိုးနဲ့ ရအောင် ဖန်တီးနေတာပဲ။ ဒါပေမဲ့ အဲဒီတုန်းက မြန်မာတို့က သူတို့ထက် အမြော်အမြင်ရှိတယ်။

ဒါကြောင့် သူတို့အဖို့ ထင်တိုင်းမပေါက် ဖြစ်သွားတယ်။

အလိုမကျဖြစ်သွားတယ်။ ဒါကြောင့် သင်းတို့ရဲ့ တရုတ်မင်းတရားကြီးထံ သွားရောက်တိုင်တန်းလျှောက်ကြားတယ်။ အဲဒီတုန်းက တရုတ်ပြည်ရဲ့ မင်းတရားကြီးဟာ ဥတည်ဘွားမင်းပဲဖြစ်တယ်။ လောတာရှည်ဟာ ဖြစ်လာတဲ့ ဖြစ်ရပ်ထက်ပိုပြီး တိုင်တန်းလျှောက်ထားခြင်းဖြစ်တယ်။ အပိုအဆာပလာများသည်း မနည်းဘူးပေါ့။

သည်မှာတင် တရုတ်တို့က မိမိတို့အပေါ်မှာ မြန်မာတို့ နှစ်ကြိမ်တိုင်တိုင် ကျူးလွန်တယ်ဆိုပြီး စစ်ပြင်ကြတော့တယ်။ ဒါနဲ့ပဲ သက္ကရာဇ် ၁၁၂၇ ခု၊ (ခရစ် ၁၇၆၅ ခု) မှာ တရုတ်တို့ ကျိုင်းတုံဆီ လာတယ်။ ရဲမက်စစ်သည် တော်ငါးသောင်း၊ မြင်းတစ်သောင်းနဲ့ ချီလာတယ်။ အဲဒီတပ်ကို တရုတ် ဗိုလ်ချုပ်ညော်တာလောက အုပ်ချုပ်လာတယ်။ တရုတ်စစ်သည်တို့ဟာ ကျိုင်းတုံကို အထပ်ထပ်ဝန်းရံနေတယ်။

သည်အကြောင်းကို အင်းဝနေပြည်တော်က သိသွားခဲ့တယ်။

ဒါနဲ့ဆင်ဖြူရှင်မင်းတရားကြီးဟာ ဗလမင်းထင်ကို အချုပ်ခန့်တယ်။ အမြောက်ဝန်တို့နဲ့ စေလွှတ်လိုက်တယ်။ ရဲမက်တော် နှစ်သောင်း၊ တိုက်ဆင်နှစ်ရာနဲ့ မြင်းနှစ်ထောင်တို့ပါဝင်တယ်။ သည်စစ်ပွဲမှာ လက်ဝဲဝင်းမှူး နေမျိုးစည်သူကို ရဲမက်တော်နှစ်သောင်း၊ တိုက်ဆင်နှစ်ရာ၊ မြင်းနှစ်ရာနဲ့ ဦးစွာ လွှတ်လိုက်တယ်။

၁၁၂၇ ခု၊ ပြာသို လပြည့်ကျော်၊ (၂) ရက်မှာ ကျိုင်းတုံကို ချီတက်တော်မူတယ်။ လက်ဝဲဝင်းမှူးနေမျိုးစည်သူ တပ်ရောက်တာနဲ့ တစ်ပြိုင်နက် ကျိုင်းတုံမြို့တွင်းကလည်း ထွက်ပြီး တိုက်ကြတယ်။ တရုတ်တို့ မခံနိုင်ကြဘူး။ ပြည်ခံဖြစ်တဲ့ မြန်မာတို့ဟာ နေရာဒေသကျွမ်းဝင်တာကလည်း တပန်းသာပြီးသားပဲလေ။

တရုတ်လို့လည်း မဲခေါင်မြစ်အထိ ဆုတ်ခွာသွားကြရတယ်။

မြန်မာတို့လည်း မဲခေါင်မြစ်အထိ လိုက်တိုက်တယ်။

အဲဒီတိုက်ပွဲမှာ တရုတ်တပ်ရဲ့ အချုပ်ဖြစ်တဲ့ ဗိုလ်ချုပ်ညော်တာလောက ကျဆုံးသွားတယ်။ အခြားတပ်မှူးတွေလည်း အကွဲကွဲဆုတ်ခွာပြေးကြရ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ တရုတ်ရဲမက် တစ်သောင်းကျော်သေတယ်လို့ ဆိုကြတယ်။ လက်ဝဲဝင်းမှူး နေမျိုးစည်သူလည်း ကျိုင်းတုံကို နေသားတကျဖြစ်စေတယ်။

အနိုင်ရရှိတဲ့ မြန်မာတပ်မကြီးဟာ စစ်ကို သိမ်းတယ်။

ပြီးတော့ ကျိုင်းတုံမှာ ရပ်နေတယ်။ ဆင်ဖြူရှင်မင်းလည်း နောင်အရှည်ကို မြော်ပြီး 'ဗလမင်းထင်'ကို ကောင်းတုံအထိ စေလွှတ်တယ်။ အနိုင်အလုံ နေစေတယ်။ ဇင်းမယ် ငါးဆယ့်ခုနစ်ခရိုင်မှာလည်း မငြိမ်မဝပ်ရှိနေတယ်။ ဒါ့အတွက် 'ဝန်ကြီး မဟာသီဟသူရ'ကို ဗိုလ်ချုပ်ခန့်ပြီး စစ်သည်သူရဲကောင်းနဲ့ ချီတက်စေတယ်။

သည်တိုက်ပွဲကို တရုတ်တို့ဟာ မကျေနပ်ကြဘူး။

သူတို့ အရှုံးကြီးရှုံးရတာကို ဆတ်ဆတ်ခါနာကြတယ်။ ဒါကြောင့် နောက်ထပ် စစ်ပွဲတစ်ပွဲနွှဲဖို့ တရုတ်တပ်မကြီးကို ထပ်မံစေလွှတ်လိုက်ပြန် တယ်။ သက္ကရာဇ် ၁၁၂၈ ပြာသိုမှာပဲ၊ ခရစ် ၁၇၆၆ မှာ တရုတ်တို့ဟာ မိုး ကောင်းကို စစ်ကြောင်းတစ်ကြောင်း၊ ဗန်းမော်သို့ စစ်ကြောင်းတစ်ကြောင်း နှစ်ကြောင်းဖြန့်ပြီး ချီလာပြန်တယ်။

တရုတ်တို့ဟာ ဗန်းမော်ရောက်တဲ့အခါ တပ်ကြီးတည်နေတယ်။

ပြီးတာနဲ့ ကောင်းတုံကို ဝိုင်းရံလုပ်ကြံပြန်တယ်။ ဒါပေမဲ့ မရဘူး။ သည်တုန်းက ကောင်းတုံဝန်ဟာ ဗလမင်းထင်ဖြစ်တယ်။ အဆီးအတား ကောင်းလှတဲ့ ဗလမင်းထင်ကြောင့် တရုတ်တို့ဟာ အရေးမလှကြဘူး။ သည်တုန်းက အဲဒီတရုတ်တပ်ဟာ ရဲမက် နှစ်သိန်းငါးသောင်း၊ မြင်းနှစ်သောင်းငါးထောင်ကို ရင်စုတာရည်နဲ့ ဆင်တာလောရဲတို့ အချုပ်ပြုပြီး ချီတက်လာတာပဲ။

သူတို့ဟာ စနွှာကြောင်း၊ ဗန်းမော်မြို့အတိုင်းချီတော်မူတာပဲ။

ဒါနဲ့ ဆင်ဖြူရှင်မင်းဟာ ဗိုလ်ချုပ်ဝန်ကြီး 'မဟာစည်သူ'ကို ဧရာဝတီ မြစ်အနောက်ဘက်ကမ်း တစ်လျှောက်ကနေပြီး မိုးကောင်းသို့ ချီစေတယ်။ ဗိုလ်ချုပ် လက်ဝဲ ဝင်းမှူးနေမျိုးစည်သူကို ဧရာဝတီကြောင်းပဲ ချီစေကယ်။ ကောင်းတုံအထိပေါ့။ အဲဒီရေကြောင်းက တပ်ပေါင်း ၁၀ တပ်ဖြစ်တယ်။

အမြောက်တင် လှေသုံးရာနဲ့ လက်ဝဲဝင်းမှူးနေမျိုးစည်သူက အချုပ် အဖြစ် အုပ်ချုပ်ရခြင်းဖြစ်တယ်။

သူ့မှာရှိတဲ့ တပ်နဲ့ပဲ မြို့ကို အခိုင်အလုံ နေနေတယ်။ မြို့တော် အပြင် ထွက်ချကား မလိုက်ဝံ့ဘူး။ မြို့အပြင်ဘက်မှာတော့ တရုတ်တပ်မကြီးဟာ ဖွေး ဖွေးလှုပ်နေတယ်။ သူတို့ဟာ မြို့တွင်းက ထွက်အလာကို စောင့်နေတယ်။

ဒါပေမဲ့ မြို့တွင်းက စစ်သည်များ ထွက်မလာကြဘူး။ ဒါကြောင့် တရုတ်စစ်သည်တွေဟာ မြို့တော်ကို လှေကားများ ထောင်ပြီး တက်တယ်။



ဝေါက်ဆိန်၊ တူရွင်း၊ ချိတ်များစွဲကိုင်ပြီး တပ်ကို အတင်းစီးကြတယ်။ ဝင်ရောက်ထိုးခုတ်တယ်။ ဒါကို မြန်မာရဲမက်တော်များက တပ်ထိပ် ပစ်စင်များက စောင့်တယ်။ ပြန်လည်ထိုးခုတ်ကြတယ်။

သည်တွင် တရုတ်စစ်သည်များ ထိခိုက်သေဆုံးကုန်တယ်။

မခံမရပ်နိုင်ဖြစ်ပြီး နောက်ဆုတ်ကြတယ်။ ကောင်းတုံမြို့နဲ့ တာ နှစ်ဆယ်အကွာမှာ သွားပြီး ရပ်နေတယ်။ လူစုပြီး တပ်ချနေတယ်။ သည့် နောက် အကြိမ်ကြိမ် ပြန်လည်လုပ်ကြံနေကြပြန်တယ်။ ဒါပေမဲ့ မြန်မာတို့ အစီးအနင်း ကောင်းတဲ့အတွက် တရုတ်များဟာ မတိုးနိုင်ဘူး။

ကောင်းတုံတပ်တွင်းကလည်း ထွက်တိုက်နေတယ်။

တရုတ်တို့ စစ်နှစ်ဖက်ညှပ်တိုက်ခံနေရတယ်။ ဒါကြောင့် တပ်ပျက် တယ်၊ နယ်ခြားတိုင်အောင် ဆုတ်ခွာပြေးကြတယ်။ တစ်ပြိုင်တည်းလိုပဲ ဝန် ကြီး မဟာစည်သူတပ်ကလည်း မိုးကောင်းဆီလာတဲ့ တရုတ်တပ်ကို ဖိတိုက် တယ်။ တရုတ်တို့ စနွှာသို့ ဆုတ်ခွာပေးရပြန်တယ်။ သည်အချိန်မှာ ဝန်ကြီး မဟာစည်သူ မကျန်းမမာဖြစ်တယ်။ ဒါကြောင့် အင်းဝကို ပြန်ရတယ်။

အဲဒီတပ်တော်ကြီးတစ်ခုလုံးကို ဗိုလ်ချုပ်လက်ဝဲဝင်းမှူးက အုပ်ချုပ် တယ်။

ပြီးတာနဲ့ စနွှာမှာ ခံနေတဲ့ တရုတ်တပ်မကြီးကို ဝင်တိုက်တယ်။ တရုတ်တပ်မကြီး ပျက်တယ်။ ပျက်တာမှ အကြီးအကျယ်ပဲ။ အအုပ်အချုပ်မရှိ ခေါင်းတည့်ရာ ပြေးကြတာပဲ။ သူတို့မှာ ပါလာတဲ့ တပ်ရဲ့ သုံးပုံတစ်ပုံသာ ကျန် တော့တယ်။ ဒါနဲ့ နောက်ဆုံးမှာ တရုတ်တို့ဟာ ဆုတ်ခွာသွားကြရတော့တယ်။ သည်တုန်းက တရုတ်နဲ့ မြန်မာတို့ဟာ တစ်နှစ်တစ်ခါ တိုက်ပွဲများ ဖြစ်နေတယ်။

တကယ်တော့ တရုတ်ပြည်နဲ့ မြန်မာတို့ဟာ မဝေးကွာလှဘူး။

နယ်စပ်ချင်း ထိကပ်နေတယ်။ အိမ်နီးချင်းနိုင်ငံများဖြစ်တယ်။ အစ ပထမ နှစ်များတုန်းကတော့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံဟာ လေးစားမှု ချစ်ကြည်မှု များနဲ့ နေနေကြတာပဲ။ ဒါပေမဲ့ မဖြစ်လောက်တဲ့ ကိစ္စရပ်ကလေးတစ်ခုကို အခြေခံ ပြီး တိုက်ပွဲလေးကြိမ် ဖြစ်ခဲ့ရတယ်။ သက္ကရာဇ် ၁၁၂၇ ခုနှစ်မှ ၁၁၃၀ ခုနှစ်အထိ တစ်ပြည်နဲ့ တစ်ပြည်ဟာ စစ်တိုက်ကြရတယ်။

နောက်ဆုံး တိုက်ပွဲကြီးအပြီးမှာပဲ တရုတ်တို့ဟာ စစ်ပြေငြိမ်းဖို့ ကမ်း လှမ်းလာတယ်။

သည်တုန်းက နယ်ခြားဒေသကို တာဝန်ယူနေသူက ဗိုလ်မှူးကြီး ဝန်ကြီးမဟာသီဟသူရဖြစ်တယ်။ တရုတ်တို့ရဲ့ ကမ်းလှမ်းချက်ကို အကြော အမြင်ကြီးစွာနဲ့ သဘောတူလက်ခံလိုက်တယ်။ သည်တွင်မှာပဲ လေးနှစ်ကြာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့တဲ့ တရုတ်မြန်မာစစ်ပွဲကြီးဟာ နိဂုံးချုပ်သွားတယ်။

သည်တုန်းက မြန်မာတို့ဟာ တရုတ်တို့ရဲ့ ကမ်းလှမ်းချက်ကို သဘောမတူလို့ကလည်း မဖြစ်ဘူးလေ။

ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသလို အဖြစ်မျိုးတွေ ဖြစ်နေတယ်။ သည်တုန်းက မြန်မာနိုင်ငံတော်ရဲ့ စစ်သည်ရဲမက်အခြေအနေဟာ အတော် ယုတ်လျော့နေတယ်။ တရုတ်တို့ကို နိုင်တဲ့တိုက်ပွဲများမှာလည်း တရုတ်တို့က ရှုံးနိမ့်ထွက်ပြေးလို့သာပဲ နိုင်ရတယ်။ တိုက်ပွဲအခြေအနေအရ နောက်မှာ စစ်ကူပို့ဖို့ဆိုတာ လုံးဝမရှိတော့ဘူး။ မင်းတရားကြီးရဲ့ နေပြည်တော်မှာပဲ မြို့စောင့်အနည်းငယ်ပဲရှိတော့တယ်။

သည်တုန်းက တရုတ်တို့သာ ထပ်မံ စစ်ကူရောက်လာမယ်။ ထပ်တိုက်မယ်ဆိုပါက မြန်မာတို့ဟာ ဘယ်လိုမှ မနိုင်နိုင်ဘူး။ အရှုံးစစ်ပွဲများနဲ့သာ ရင်ဆိုင်ရမှာပဲ။ သည်အကြောင်းများကြောင့်လည်း ဝန်ကြီးမဟာသီဟသူရက လက်ခံလိုက်တာဖြစ်တယ်။

သည်လို တရုတ်တို့နဲ့ စစ်ပြေငြိမ်းလိုက်တာကို ဆင်ဖြူရှင်မင်းက ကြားသိတော်မူသွားတယ်။

ဒါကို ဝန်ကြီးမဟာသူရနဲ့ ဗိုလ်မှူးတပ်မှူးများက သူတို့သဘော အတိုင်း လုပ်တယ်။ မင်းတရားကြီးရဲ့ အလိုကို မေးမြန်းတင်လျှောက်တော် မမူဘူးလို့ အယူတော်ရှိတယ်။ ဒါကြောင့် ဝန်ကြီး မဟာသီဟသူရနဲ့ ဗိုလ်မှူး စစ်ကဲများကို အမျက်တော်မူတယ်။ အရေးယူတော်မူတယ်။

အရေးယူတယ်ဆိုပေမဲ့ ဝန်ကြီး မဟာသီဟသူရနဲ့ ဗိုလ်မှူးစစ်ကဲများ က နေပြည်တော်မှာ မရှိသေးဘူး။ သည်တော့ ထိထိရောက်ရောက် အရေးယူလို့ မဖြစ်သေးဘူး။ တစ်ခုခုတော့ လုပ်မှဖြစ်မယ်။ သင်းတို့မရှိလည်း ရှိတဲ့လူကို အပြစ်ပေးရမှာပဲပေါ့။ အဲဒီမှာပဲ ရှေ့တန်းစစ်မျက်နှာများက ပို့လိုက်တဲ့ တရုတ်တို့ရဲ့ လက်ဆောင်များဟာ ဆင်ဖြူရှင်မင်းတရားကြီးဆီကို ရောက်လာတယ်။

တရုတ်ပြည်ထွက် ပိုးဖဲကတ္တီပါ အထည်အလိပ်များနဲ့ တခြား ကျောက်သံပတ္တမြားတွေပဲ။

ဒါကို ဆင်ဖြူရှင်မင်းတရားကြီးက သူ့ရဲ့အကြံအစည်ကို အကောင် အထည်ဖော်လိုက်တယ်။ အင်းဝမြို့မှာ ကျန်ရစ်ခဲ့တဲ့ ဝန်ကြီး မဟာသီဟသူရရဲ့ မယားနဲ့ တခြားစစ်မြေပြင်မှာ ရှိနေတဲ့ တပ်မှူးစစ်ကဲများရဲ့ ဇနီးတွေကို ရှေ့တော်မှောက် ခေါ်ယူလိုက်တယ်။

ရောက်လာကြတဲ့ ဇနီးများသမီးများကို မင်းတရားကြီးက အပြစ်ဒဏ် ပေးတော်မူတယ်။



လင်ယောကျ်ားတွေကို အပြစ်ဒဏ်ပေးဖို့ ဆိုတာကလည်း အဝေးမှာရှိနေတော့ ပေးလို့ မဖြစ်ဘူးလေ။ သည်တော့ နေပြည်တော်မှာရှိနေတဲ့ သူတို့ရဲ့ ဇနီး၊ သားသမီးတွေကို အပြစ်ပေးတယ်ဆိုတာ လုံးဝမလုပ်သင့်ဘူးလေ။ နိုင်ငံတော်ကို အသက်ပေးပြီး ရှေ့တန်းစစ်မျက်နှာမှာ တိုက်ခိုက်နေရတဲ့ သူတို့ကို အပြစ်ပေးတယ်ဆိုတာ အတော်လွန်တာပဲ။ ငါဘုရင်၊ ငါမင်းပဲ ဘယ်နှစ်ပတ် တော်ပေါ့။

မလုပ်သင့်မလုပ်ထိုက်တဲ့ အမှုတွေပဲ။

ဝန်ကြီး မဟာသီဟသူရရဲ့ ဇနီးအပြင် တခြားစစ်ကဲ ဗိုလ်မှူးများရဲ့ ဇနီးများကိုလည်း နန်းအပြင်ဘက် နေပူပူမှာ တစ်နေကုန်ထုတ်ထားတယ်။ ရပ်နေစေတယ်။ အေးလေ ရပ်နေရုံတင်ဆို တော်သေးရဲ့။ အခုတော့ သည်လို မဟုတ် ဘူး။ အဲဒီ ဇနီးမယားတွေကို တရုတ်တို့က ဆက်သလိုက်တဲ့ လက်ဆောင်တော် များကို ခေါင်းမှာ ရွက်ပိုးပြီး ရပ်နေစေခြင်း ဖြစ်တယ်။

အဲဒီနေ့က ကတော်မယားများဟာ တစ်နေကုန်အပြင် နောက်တစ်နေ့ ပါဆက်ပြီး နှစ်ရက်တိုင်တိုင် နေ့ရောညပါ မနေနေရတယ်။ တစ်မင်း၊ တစ်မိန့် နဲ့ တစ်အာဏာကြီးစိုးတဲ့ ခေတ်ကာလကတော့ ရက်စက်မှုတွေဟာ ကမ်းကုန်ပဲ။ ကိုယ်ချင်းစာတရားဆိုတာ သင်းတို့မှာ မရှိကြဘူး။

အခုလည်း သည်ကိစ္စဟာ ဝန်ကြီး မဟာသီဟသူရအဖို့ နိုင်ငံတော်ရဲ့ မျက်နှာကို အိုးမည်းသုတ်တာမဟုတ်ဘူး။

နိုင်ငံတော် အကျိုးရှိစေဖို့ လုပ်လိုက်တာပဲ။ သည်လိုမှ စစ်ပြေငြိမ်း မှု ပြောလိုက်ရင် နိုင်ငံတော်အဖို့ အတိဒုက္ခရောက်သွားနိုင်တယ်။ ဆင်ဖြူရှင် မင်းတရားကြီးရဲ့ ထီးနန်းကိုတောင် ပျက်ပြားသွားနိုင်တယ်။ ဒါကို မင်းတရား ကြီး မသိဘူး။ သူ့မှာ ဘုန်းတန်ခိုးရှိတယ်။ လူအင်အားရော၊ လက်နက်အင်အား ပါ များပြားတယ်ပေါ့။

ဒါကြောင့် ဘယ်နိုင်ငံ၊ တိုင်းပြည်ကိုမှ မှုစရာမလိုဘူးလို့ ထင်နေ တယ်။ တကယ်တော့ သူ့ဘုန်းတန်ခိုးဆိုတာ သူ့မှာ အမှုထမ်းနေကြတဲ့ နှလုံး ရည်ရော၊ လက်ရုံးရည်ပါ စွမ်းစွမ်းတမံ စွမ်းဆောင်လုပ်ကိုင်နိုင်ကြလို့ အောင်ပွဲ ရတာပဲ။ ဒါကို ဘုရင်မင်းတရားကြီးက သူ့မှာ ဘုန်းတန်ခိုးရှိတယ် ကြီးတော တယ်လို့ ထင်နေတယ်။

ခုတော့ ဘုရင်မင်းတရားကြီးဟာ သူ့ကိုယ်သူ အထင်ကြီးနေတယ်။

ရှေ့တန်းမှာ တိုက်ပွဲဝင်နေတဲ့ စစ်ဗိုလ်မှူးများရဲ့ ဇနီးတွေကို အပြစ် ပေးတယ်။ ဘာဆိုင်တာမှတ်လို့၊ ဒါတွေဟာ ဘုရင်မင်းတရားအဖို့ ရှေ့မှာ သိက္ခာ ကျစေတဲ့ ဖြစ်ရပ်တွေပဲ။ သည်တုန်းက ဝန်ကြီး မဟာသီဟသူရအဖို့ ရှေ့တန်း

www.burmeseclassic.com



စစ်ရေးတော်မှာမှာ အကြီးဆုံး ဗိုလ်ချုပ်တစ်ဦးပဲ။ သူ့မှာ နိုင်ငံတော် ကောင်းစားဖို့ဆိုရင် ဘာမဆို လုပ်ပိုင်ခွင့်ရှိရမယ်ပေါ့။

သည်လိုနဲ့ ဆင်ဖြူရှင်မင်းတရားကြီးဟာ မဟာသီဟသူရနဲ့ စစ်မှုစစ်ကဲများအပေါ် တော်တော်နဲ့ အခဲမကျေဘူး။ ရွှေနန်းတော်အတွင်းမှာ ရှိနေတဲ့ ဗညာဂျိုဏ်းမတ်အချို့ရဲ့ လျှောက်တင်မှုကြောင့်သာ သက်သာရာရတယ်။ ဝန်ကြီး မဟာသီဟသူရအဖို့တော့ နေပြည်တော်ရောက်ပြီးတာနဲ့ မကြာခင်မှာပဲ အရပ်တကာလှည့်လည်တော့တယ်။ သည်တုန်းက နိုင်ငံတော်ဟာ ပြည်တွင်းစစ်ရေး ပြည်ပစစ်ပါမကျန် စစ်ရဲ့ဒဏ်ကို လှလှကြီး ခံနေရတယ်။

သည်တော့ နိုင်ငံတော်ရဲ့ ကုန်ထုတ်လုပ်မှုဟာ နေးကွေးနေတယ်။

တကယ်တော့ ဒါတွေဟာ သက်ဦးဆံပိုင် ပဒေသရာဇ်ခေတ်မှာ ဖြစ်ပျက်ခဲ့တဲ့ မထူးခြားတဲ့ ဖြစ်ရပ်တွေပဲ။ သည်တုန်းက နေပြည်တော်တစ်ခုလုံးမှာ အတိတ်ကြီး နိမိတ်ကြီးများ ဖြစ်ပေါ်နေတယ်။ ရွှေစာရံဘုရားဟာ သူ့အလိုအလျောက် ပြိုကျတယ်။ နိုင်ငံတော်ရဲ့ မြစ်ချောင်းများထဲမှာ မိကျောင်းများ ပေါ်ထွက်လာနေတယ်။ ရွှေမြို့တော်အတွင်း မှားဝင်တယ်။

ရွှေဖောင်တော်ရဲ့ ပြဿဒ်အဆင့်ဆင့်များမှာ ပျားစွဲတယ်။ ရွှေမြို့တော်ရဲ့ မြောက်ဘက်ရွှေနန်းတော်တကောင်းဈေးတံခါးအဝင်က နတ်ဆီးပြီး ရယ်တယ်။ မှန်နန်းတော်သို့အဝင်မှာ နတ်တို့ ဆီးငိုတယ်လို့ နေပြည်တော်တစ်ဝှမ်းလုံးမှာ ကောလာဟလတွေ ဖြစ်ပေါ်နေတယ်။

ဟုတ်ပါတယ်လေ။ တကယ်တမ်းဆိုရင် ဘုရင်မင်းတရားကြီးရဲ့ နောက်ဆုံးနေ့ ရောက်လာပါပြီ။

၁၁၃၈ ခု၊ နယုန်လပြည့်ကျော် (၉)ရက်နေ့မှာ မကျန်းမမာဖြစ်တော်မူတယ်။ သဲသဲသန်သန်ဖြစ်တာပဲ။ ဒါကြောင့်လည်း မြို့မြောက်ရွှေနန်းတော်ပေါင်းယဉ်တော်က ရွှေနန်းတော်သို့ ဝင်တော်မူတယ်။

အဲဒီမနက်မိုးသောက်ယံမှာပဲ နတ်ပြည်စံတော်မူတယ်။

ဒါကို အိမ်ရှေ့မင်းဖြစ်တဲ့ သားတော်စဥ့်ကူးမင်းဟာ အလောင်းတော်ကို လွှတ်တော် အရှေ့မြောက်နန်းမြို့တွင်းမှာ သင်္ဂြိုဟ်တော်မူတယ်။ အဲဒီနေ့ကတော့ ၁၁၃၈ ခု၊ နယုန်လပြည့်ကျော် (၁၀)ရက် တနင်္လာနေ့ပဲ။

သည်အချိန်မှာပဲ အင်းဝရွှေနန်းတော်အတွင်းမှာ ရာဇပလ္လင်အတွက် လုယူမှု အရိပ်အယောင်များ ထိုးကျနေတယ်။ ညီတော် စလင်းမြို့စားဟာ ထီးနန်းကို လုယူရန် ကြံတယ်။ သည်ကြံစည်မှုကို စဥ့်ကူးမင်းတရားကြီးက သိတော်မူတယ်။

ဒါကြောင့်ပဲ ညီတော် စလင်းမြို့စားကို အဆုံးစီရင်တော်မူတယ်။



ညီတော်နဲ့အတူ ကြံရာပါဖြစ်တဲ့ အတွင်းဝန် မဟာသမ်ဟာစည်သူလို့ ခေါ်တဲ့ ဘုန်းအောင်၊ သူရဲဝန် ဖေယျာဂါမဏိအမည်ခံ ငရဲသား၊ ဗုဏ္ဏားဝန်၊ ပုဏ္ဏားကျော်တို့ကိုလည်း အဆုံးစီရင်စေတယ်။ တကယ်တော့ အဲဒီအမှုတော်ထမ်းများဟာ ခမည်းတော် ဆင်ဖြူရှင်မင်းတရားကြီး လက်ထက်က အထူး ယုံကြည်ကိုးစားရတဲ့ အမှုတော်ထမ်းတွေပဲ။

စဥ့်ကူးမင်းအဖို့တော့ စကတည်းက ယဉ်သကို ဖြစ်နေပြီ။

တကယ်တော့ သူလည်း မထူးပါဘူး။ သည်ပုတ်ထဲက သည်ပဲပါပဲပေါ့။ သူမင်းတရားကြီးဖြစ်လာတော့လည်း ရွှေနန်းတော်ရဲ့ စည်းစိမ်ယစ်မူးမှုတွေ ယှက်သန်းလာပြန်တယ်။ ဘယ်သူ့ကိုမှလည်း အယုံအကြည်မရှိဘူး။ ဒါကြောင့်ပဲ ထင်ရဲ့။ ဘထွေးတော် အမြင့်မင်းသား၊ ဗဒုံမင်းသား၊ ပခန်းမင်းသား၊ ပင်းတလဲ မင်းသားများကို နေပြည်တော်မှာပဲ နေစေတယ်။

သူတို့ကို ခစားစေဖို့ ကွမ်းရေကိုင် လူ ၂၅ ယောက်စီနဲ့ ထားရှိတယ်။

စဥ့်ကူး မင်းတရားကြီးရဲ့ မဆင်ခြင်တဲ့ အပြုအမူဟာ သူ့ကံကြမ္မာကို သူဖန်တီးနေတာပဲ။ စဥ့်ကူးမင်းတရားကြီးအဖို့ကတော့ ပွဲလမ်းသဘင်ကြီးကျယ်မှာ ခံစားနေတယ်။ ဆင်ယင်ကျင်းပနေတယ်။ လူ့လောကရဲ့ အမြင့်ဆုံးဆိုတဲ့ စည်းစိမ်ကို ခံစားနေတယ်။

သည်တုန်းက မင်းတရားကြီးအနားမှာ ခစားနေတဲ့ အမှုထမ်းများဟာ အရည်အချင်းရှိတဲ့သူနည်းတယ်။ အတ္တသဘောနဲ့ လိုက်လျောညီထွေ ကျင့်သုံးနေကြသူများသာ ဖြစ်တယ်။ မင်းတရားကြီးဟာလည်း မင်းအလိုလိုက် မင်းအကြိုက်ခစားနေတာကို မိန်းမောနေတယ်။ မိမိရဲ့ ကိုယ်ကျင့်တရားပျက်စီးဆုံးရှုံးလာတာကို လုံးဝသတိမထားမိဘူး။ သေရည်သေရက်သောက် အမှုများလွန်ကဲလာတယ်။

မင်းတရားကြီးအဖို့ သည်လိုလုပ်နေတာကိုက ပြည်သူတွေရဲ့ ရိုသေလေးစားမှုကို ဆိုင်းရှိုင်းမှုများ လျော့ပါးလာတယ်။

ပြီးတော့လည်း မင်းတရားကြီးလုပ်နေပြီး စည်းကမ်းဆိုတာ လုံးဝမရှိဘူး။ ထွက်တော်မူချင်တဲ့အခါမှာလည်း အချိန်မရွေးဘူး။ သည်လို စည်းမဲ့ကမ်းမဲ့ နေချင်သလို နေလာခဲ့လို့ နောင်တစ်ချိန်မှာ ရာဇပလ္လင်အန္တရာယ်ကို ထိပါးမယ်ဆိုတာ သူမသိခဲ့ဘူး။ နိုင်ငံတော်ရဲ့ မင်းတရားကြီးပဲ နေချင်သလို နေမယ်၊ လုပ်ချင်သလို လုပ်မယ်ဆိုတဲ့ အတွေးများဟာ သူ့မှာ ရှိနေတယ်။

သည်လို မင်းတရားကြီးလုပ်တဲ့ သူကိုယ်တိုင်က စည်းတော်မရှိတော့ လက်အောက် ငယ်သားအမှုထမ်းများအဖို့ ပြောစရာမလိုဘူးပေါ့။ သည်တုန်းက အကောက်ခွန်ဌာနဆိုတာ ရှိခဲ့တယ်။ အမှန်တော့ အကောက်ခွန်ဌာနဆိုတာတ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ တိုင်းပြည်မြို့ရွာဟူသမျှမှာ ကာလဒေသအလျောက် အစောင့်အရှောက်ထားရှိမှာ ဓမ္မတာနည်းလမ်းပင်ဖြစ်တယ်။ ဓမ္မတာနည်းလမ်းပဲပေါ့။ စောင့်ရှောက်တယ်ဆိုတာကလည်း အမျိုးမျိုးရှိတယ်။ နလုံးရည်ရှော၊ လက်ရုံးရည်ရှောပေါ့။ သူတို့ဟာ နိုင်ငံတော်ကို ကျရာတာဝန်က ထမ်းဆောင်ရသူများဖြစ်တယ်။ ဒါကြောင့် လယ်ယာလုပ်ကိုင်ခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ် ခြင်းအမှုမပြုရဘူး။

မြို့ရွာ ငြိမ်ဝပ်ပိပြားအောင်သာ ဆောင်ရွက်ရတယ်။ သည်လိုနေ့ရောညဝါ ကြိုးကြပ်ဆောင်ရွက်ရလို့၊ သူတို့အတွက် စားသုံးနေထိုင်ရန် ထိုက်တန်တဲ့ ငွေကြေးစပါးများ ပေးကမ်းရတယ်။ သည့်အတွက် အကောက်ခွန်ဌာနဆိုတာ ဖြစ်ပေါ်လာရတယ်။

အဲဒီလို နိုင်ငံတော်ကို စောင့်ရှောက်ကာကွယ်ပေးမယ့်သူ ရှိမှသာလျှင် ပြည်သူများအဖို့ ဘေးအန္တရာယ်ဟူသမျှကို စိတ်ချရတယ်။ အဲဒါမှ မိမိတို့အလုပ်အကိုင်များကို လုပ်ကိုင်နိုင်မှာဖြစ်တယ်။ အကောက်ခွန်ဆိုတာကလည်း အမျိုးမျိုး အစားစား ကွဲပြားတယ်။ တချို့နယ်များမှာ တစ်နှစ်လုံးအဖို့ တစ်နယ်လုံးအတွက် ခွန်သေသတ်မှတ် ဆက်သွင်းရတယ်။

တချို့နယ်မှာ နယ်တွင်းဝင်ကုန်ထွက်ကုန် စသည်များကို ခွန်ရှင် ရသမျှဆက်သွင်းရတယ်။

သည်အခွန်တော်ထဲမှာ ရွှေခွန်၊ ငွေခွန်၊ သံခွန်များ အကြောင်းပါ တယ်။ အဲဒီ ရွှေခွန်ငွေခွန် သံခွန်များမှာ သီးခြားသီးသန့် ထမ်းရွက်ရတယ်။ မြို့ရွာများမှာ ရွှေမှူး၊ ငွေမှူး၊ သံမှူးခန့်တယ်။ အဲဒီမြို့ရွာများအပေါ်မှာ ထပ်မံ ကောက်ခံရတဲ့ အရာရှိများကိုလည်း ခန့်ထားသေးတယ်။ သူတို့ဟာ ရွှေတိုက် ဝန်၊ ငွေတိုက်ဝန်၊ ကျီဝန်ဆိုတာပဲ။ ရွှေမှူး၊ သံမှူးများအပေါ်မှာ ကျီဝန်က အုပ်ချုပ်တယ်။

ရွှေတိုက်ဝန်ကလည်း အုပ်ချုပ်ရသေးတယ်။

ရွှေခွန် ငွေခွန်မှာကလည်း ရွှေနန်းရိုး ရွှေခွန် ငွေခွန်၊ အဝေးရွှေခွန် ငွေခွန်ဆိုပြီး သီးခြားခွဲထားသေးတယ်။ ရွှေနန်းရိုး ရွှေခွန် ငွေခွန်များကို ရွှေနန်းတော်အတွင်းက အုပ်ချုပ်ကောက်ခံရတယ်။ အဝေးရွှေခွန် ငွေခွန်များကို အဝေးရွှေခွန်ဝန်၊ ငွေဝန်ခွန်ဝန်များက ကောက်ခံရတယ်။ အဲဒီအခွန်များက ခွန်သေခွန်ရှင်လို့ ခေါ်ဘယ်။

ရွှေနန်းရိုး ရွှေခွန်ငွေခွန်ဆိုတာက ရှမ်းပြည်နယ် မြေလတ်၊ အညာမြစ်စဉ် အကြေ ၉ ရွာ၊ အညာ ၉ ရွာ တူရွင်းတိုင်နယ်များမှာ ရွှေနန်းရိုးမှာ ပါဝင်တယ်။ တောင်ငူနဲ့ မုတ္တမနယ်များမှာ အဝေးမြို့မှာ ပါဝင်တယ်။ ဒါကြောင့် အခွန်ဝန်များက ကောက်ခံဆက်သွင်းရတယ်။



သည်တုန်းက ငွေတော်ဆက်ကျေးရွာများအပြင်၊ ပန်းတော်ဆက်၊ ခွန်သေထမ်းကျေးရွာများ ရှိခဲ့တယ်။ ရွာပေါင်း ၁၀၀ လောက်ရှိတယ်လို့ ဆိုကြတယ်။ ပန်းတော်ဆက်ကျေးရွာများမှ ဆက်သရတဲ့ ပန်းများဟာ တခြားပန်းမဟုတ်ဘူး။ သန့်စင်ပန်းကို ဆက်သရခြင်းဖြစ်တယ်။

တောင်ငူ၊ ရွှေကျင်၊ ပုသိမ်၊ မင်းတုန်း၊ ပုပ္ပါး၊ ရှမ်းပြည်နယ်၊ မြေလတ်အရပ်များက ဆက်သရတယ်။ အဲဒီ အရပ်များဟာ သန့်စင်ပန်းထွက်တဲ့အရပ်များ ဖြစ်တယ်။ အဲဒီအရပ်က ကျေးရွာများမှာ တစ်ရွာစီ၊ နှစ်ရွာစီ ပန်းတော်ဆက် သတ်မှတ်ထားလေ့ရှိတယ်။ ပန်းတော်ဆိုသည်ကား သန့်စင်ပန်းကို အဓိကထားကြတယ်။ တခြားပန်းအမျိုးမျိုးကိုလည်း ပါရသေးတယ်။

သန့်စင်ပန်းဆိုတာက သဇင်ပန်းပဲ ဖြစ်တယ်။

အဲဒီပန်းဟာ မြေကြီးပေါ်မှာ မပေါက်ဘူး။ မကောင်းတဲ့ အနံ့ရရင် သေတတ်တယ်လို့ အယူရှိကြတယ်။ ပြီးတော့လည်း သာသနာနဲ့ဆိုင်တဲ့ ဝတ္တကနယ်မြေများမှာ သန့်စင်ပန်းမပေါက်ရောက်ဘူးလို့ အယူရှိကြတယ်။ သည်တုန်းက ပြည်သူတွေဟာ လုံးဝ မလွတ်လပ်ကြရဘူး။

ပန်းတောင်မှ လွတ်လွတ်လပ်လပ် ရောင်းဝယ်လို့မရဘူး။

ရွှေမြို့တော်ဝန်မင်းစာမပါလျှင် သန့်စင်ပန်းကို မည်သူမျှ မရောင်းရဘူး။ ဒါကို လွှတ်တော်က တစ်ဆင့် ပညတ်ချက်ထုတ်ရတယ်။ မြို့ဝန်စာမပါလျှင် နာကျင်စွာ ရိုက်နှက်ခံရတယ်။ အဲဒီခေတ်က ရွှေနန်းတော်အတွင်းမှာ ခစားနေတဲ့ စာဆိုပညာရှိများက သန့်စင်ပန်းကို ချီးမွမ်းခန်း ဖွင့်ခဲ့ကြသေး တယ်။ လင်္ကာနဲ့ စကားပြေရောယှက်ပြီး ရေးခဲ့တဲ့ ရကန်ဖြစ်တယ်။

***"တချို့က နီပြာပြာ၊ တချို့က ဖြူဝါဝါ၊ တချို့မှာ ချိုပ်ပွင့်၊ တချို့မှာ ဝန်းရင့်လို၊***
***ဝင်ဆင့်ဝန်းပျံ၊ ဘွဲ့မည်ရှည်စံခြင်းတွင်၊ ဝေယံနန်းခြင့်၊ ဝင်တိုင်းတင့်ရှို၊***
***မြို့ဝန်မင်းသား၊ လိပ်မပါဘဲနှင့် ကွယ်ရာဈေးဖြင်၊ ရောင်းလို့များခြင်ကလော၊***
***သေချင်သေ ရှင်ချင်ရှင်၊ အင်မတန့် အင်မတန်၊ ရာဇဝတ်တော်ခံရသည့်၊ မြတ်ဝန်တော်ပန်း၊ နိုင်လုံးလန်းကို၊ ဟိုလောင်းပန်းပွင့်၊ ဘယ်ဝတ်ကြောင့်ဝင့်မလဲ၊***
***ဘုန်းနှင့်ကံနှင့်ရွှေသစင်၊***
***ဓါရုဓိဝုဏ်၊ သင့်ရုံဟုတ်ဘူး၊ ကံထူးသည့်ဝန်း၊ လမ်းချွဲချွဲ[illegible]ချွဲ၊ ဆုတ်တွဲတဲဆိုဆို၊***

www.burmeseclassic.com

www.burmeseclassic.com



*ဆိုရာဘက် လာလာ၊ သူမို့ပါလျှင်၊ ရွှေအာကာခေါင်း၊ သိုင်းပြောင်ပြောင်နှင့်၊*
*ရှောင်ရသည်၊ လွှဲရသည်၊ ပန်းဖျံများ ဘုရင်ကို။*
*ရွှေသစင် ငွေသစင်၊ နန်းဝင်သည့် ပန်းတော်၊ မြေပေါ်မှာ မပွင့်၊ ရွှေသိုင်းနှင့်*
*ဝင့်ရသည့်၊*
*ဝင်ဆင့်များ ကေရာဇ်၊ ဘုန်းရှိန်ဖြစ်ရာမှာ"*

လို့ စပ်ဆိုခဲ့ကြတယ်။

မင်းကေရာဇ်များ စိုးမိုးအုပ်ချုပ်လာတဲ့ ခေတ်ကာလဆိုတော့ သူတို့ သေဆိုသေ ရှင်ဆိုရှင်ရတာကိုး။ မင်းတရားကြီးရဲ့ အလိုကို ဆန့်ကျင်တဲ့ သူမှန် သမျှလည်း တုတ်တိုနဲ့ ရိုက်သတ်ခံနေရတဲ့ ဖြစ်ရပ်များကလည်း ရှေ့မှာ ရှိခဲ့ပြီး ပြီ မဟုတ်လား။

သည်အချိန်မှာပဲ ရွှေနန်းတော်အတွင်းမှာ အရေးအခင်းတစ်ခု ဖြစ်ပေါ်နေတယ်။

ဒါက တခြားတော့မဟုတ်ဘူး။ ဘာသာသာသနာရေးနဲ့ ပတ်သက် လို့ပဲ။ ခုဆိုရင် နေပြည်တော်မှာရှိတဲ့ ဆရာတော်ကြီး ဘုန်းတော်ကြီးများဟာ အငြင်းပွားနေကြတယ်။

သင်္ကန်းရုံနှုယ် ဆရာတော်နဲ့ ဒုကုဋ်တင်နှုယ်ဆရာတော်များပဲ။

သင်္ကန်းရုံနှုယ် ဆရာတော်ကလည်း သွားလာတဲ့အခါ သင်္ကန်းရုံသင့် ကြောင်း၊ ဒုကုဋ်တင်နှုယ်ဆရာတော်ကလည်း ဒုကုဋ်တင်သင့်ကြောင်းများကို စဥ့်ကူးမင်းတရားကြီးထံ မေတ္တာဆက်သွင်းကြတယ်။ သည်တုန်းက မန်လည် ဆရာတော်ဟာ နိုင်ငံတော်ရဲ့ သာသနာပိုင်ပဲ ဖြစ်တယ်။

ဂုဏာမုနိန္ဒာဓိပတိပဝရသာမိ မဟာဓမ္မရာဇာဓိရာဇဂုရုဘွဲ့တော်အမည် ရှိတယ်။

အဲဒီအရေးကိစ္စကို သာသနာပိုင်ဆရာတော်ထံမှာ ဖြေရှင်းစေတယ်။ သည်တော့ သုဓမ္မာဇရပ်မှာ စည်းဝေးပြောဆိုဖို့ နှစ်ဖက်သော ဆရာတော်များ ကို ခေါ်ယူလိုက်တယ်။ ဒုကုဋ်တင်နှုယ်ဆရာတော်ဂိုဏ်းမှ ရတနာခံလွှတ် ဆရာတော်၊ ပျိုးကန်ဆရာတော်၊ တောင်ဘီလူးဆရာတော်များပဲ။

သင်္ကန်းရုံနှုယ်ဂိုဏ်းမှ ဆုံတာဆရာတော်၊ ဗားကရာဆရာတော်၊ ကု တိုးဆရာတော်များ အစုံအညီတွေ့ဆုံကြတယ်။ သင်္ကန်းရုံနှုယ်ဆရာတော်တို့က သွားလာရာမှာ သင်္ကန်းရုံသင့်ကြောင်းကို တရားကျမ်းဂန် အခြေအမြစ်ကအစ ထုတ်ဖော်ပြသနိုင်တယ်။ အကိုးအကားကျမ်းဂန်များနဲ့ တစ်ခုချင်း ကျေကျေ လည်လည် ရှင်းပြနိုင်တယ်။

သည်တော့ နောက်ဆုံးမှာ နှစ်ဦးနှစ်ဖက် ညှိနှိုင်းကြတယ်။



နေပြည်တော် တစ်ဝှမ်းလုံးမှာရှိတဲ့ ရဟန်းတို့ကို သင်္ကန်းရုံနှုယ်အဖြစ် တစ်ဂိုဏ်းတည်းဖြစ်စေတယ်။ စဥ့်ကူးမင်းလက်ထက်တော်မှာ နယ်မြေပိုင်ဆိုင် မှုဟာ ကျယ်ဝန်းတယ်။ ဒါကလည်း နတ်ပြည်စံ ဆင်ဖြူရှင်မင်းတရားကြီးရဲ့ သြဇာအရှိန်ကလည်း ကျန်ခဲ့သေးလို့ ဖြစ်တယ်။

သူ့အဖို့မှာတော့ ဘိုးတော်ခမည်းတော်များထားခဲ့တဲ့ နိုင်ငံတော် အကျယ်အဝန်းနဲ့ပဲ နေနေတယ်။

ဘာကိုမှ ထပ်မံ မတိုးချဲ့တော့ဘူး။ သောက်စား၊ မူးယစ်မှုများမှာသာ အချိန်ကုန်နေတာပဲ။ သည်တုန်းက ချမ်းသာတဲ့ ပြည်သူတွေဟာ နိုင်ငံတော်မှာ ရှိနေတာပဲ။ ချမ်းသာကြွယ်ဝပေမယ်လို့ ကိုယ်နေချင်သလို နေမယ်၊ စားမယ်ဆို တာ လုံးဝမရှိစေရဘူး။ မင်းတရားကြီးရဲ့ အမှုတော်ထမ်း၊ သူကောင်းပြုခံရတဲ့ သူများနဲ့တောင် ခြားနားကွဲပြားအောင် နေကြရတယ်။

မိမိတို့ရဲ့ အိမ်ဝင်းအခြေအနေ၊ အဝတ်အစားအခြေအနေများရော ပေါ့။

ချမ်းသာတယ်ဆိုပြီး စကြောအိမ်၊ သင်ပုန်းခေါင်းကပ်အိမ်၊ နေရောင် ကာပါတဲ့အိမ်၊ မျက်နှာကြက်ပါတဲ့အိမ်၊ ခါးပတ်ကြီး၊ ခါးပတ်သေးဆက်သော အိမ်၊ ပြတင်းဝိုင်းပါတဲ့အိမ်များမှာ မနေကြရဘူး။ မဆောက်လုပ်ရဘူး။ အိုးအိမ် မဆိုထားနဲ့ ဝင်းထရံကိုတောင်မှ သတ်မှတ်ချက်၊ ကန့်သတ်ချက်များ ထားရှိ တယ်။

ဝင်းထရံမှာ ကြက်ခြေခတ်မပါရဘူး။

ဝင်းပိတုန်းပိတ်မကာရဘူး။ အိမ်တိုင်များမှာ တိုင်ဖုံးမထည့်ရဘူး။ လမ်းသွားတဲ့အခါမှာ ကျိုင်း၊ ရွှေထီး၊ ထီးနီ၊ ထီးလုပ်မဆောင်းရဘူး။ နောက်က မိုးသူပါတဲ့ ခမောက်မိုးကိုလည်း မဆောင်းရဘူး။ တစ်ကိုယ်လုံး ခေါင်းလုံတဲ့ ခမောက်ကိုသာ ဆောင်းရတယ်။

ငွေကြေးချမ်းသာပေမဲ့ စိန်မြ ပတ္တမြား စီခြယ်တဲ့ နားတောင်း၊ ဘီး စသည်များကို မသုံးဆောင်ရဘူး။

သုံးဆောင်ခဲ့ရင် အပြစ်အလျောက် ဒဏ်သင့်စေရတယ်။ ရွှေပုတီး ရွှေနားတောင်း၊ ရွှေလက်ကောက် ငွေခြေကျင်းများသာ အသုံးပြုကြရတယ်။ မင်းကျင့်တရားနဲ့ မညီညွတ်တဲ့ မင်းတရားအောက်မှာ နေကြရတဲ့ ပြည်သူတွေ အဖို့ ကသိကအောက်ဖြစ်ကြရတယ်။

ဖြစ်ချိန်တန်တော့ ဖြစ်ကြရမှာပဲလေ။

အခုတစ်လော ရွှေထီးရွှေနန်းနဲ့ ပတ်သက်လို့ လုယူမယ့် အရိုင်များ ဟာ အတွင်းတော်မှာ ထိုးကျနေတယ်။ သည်အရေးတော်ပုံကို ဘဲလွှေအောင် အမြင့်မင်းသားကြီးက ဦးဆောင်တယ်။ သူ့ကို သက်ဘမင်းသွေးနေတာ ကြာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဒါပေမဲ့ မသေချာသေးတော့ အရေးမယူသာသေးဘူးလေ။

နောက်မှ အမြင့်မင်းသားကြီးရဲ့ အကြီးမောင်ကို တိတ်တဆိတ် ဖမ်းဆီးတယ်။

ကွပ်ညှပ်ပြီး စစ်ဆေးတယ်။ မေးမြန်းတယ်။ သည်တော့မှအကြောင်း စုံပေါ်လာတယ်။ ခုလက်ရှိ မင်းတရားကြီးကို သတ်ဖြတ်လုပ်ကြံမယ်။ ရာဇပလ္လင်ကို သိမ်းပိုက်မယ်ဆိုတာပဲ။ သူ့အလွန်တရာ မြတ်နိုးလှတဲ့ ရာဇပလ္လင်ကို လုယူမယ်ဆိုတဲ့ အသံဟာ သူ့နားမှာ ခါးသီးစေတယ်။

အဲဒီအရေးတော်ပုံဟာ မအောင်မြင်ခဲ့ဘူး။

သည်တော့ လည်မျိုကို တုတ်တိုနဲ့ ရိုက်သတ်ခံရတော့မပေါ့။ အခု လည်း အမြင့်မင်းသားကြီးအဖို့ သည်လိုဘဝမျိုးနဲ့ ကြုံနေရပြီလေ။ ကာကယ် တော့ သည်ရာဇပလ္လင်ကို ရသင့်တာက စဥ့်ကူးမင်းမဟုတ်ဘူး။ ခမည်းတော် မြေဒူးမင်းရဲ့ ညီတော်ရင်းဖြစ်တဲ့ ဘထွေးတော် အမြင့်မင်းသားကြီးပဲပေါ့။

ရှေ့ထီးရှေ့နန်းအစဉ်အလာအရဆိုရင် ဆင်ဖြူရှင်မင်းတရားကြီးပြီး ရင် ညီတော် အမြင့်မင်းသားကြီးကပဲ ရွှေနန်းတော်ကို သိမ်းပိုက်ရမှာပေါ့။ ဒါကိုလည်း နတ်ပြည်စံအလောင်းမင်းတရားကြီးက သည်အတိုင်းပဲ နောင်တော် ညီတော်များ အစဉ်အဆက် မင်းလုပ်သွားရမယ်လို့ အမိန့်တော် ချမှတ်သွား တယ်လေ။

ဒါကို နောင်တော်ကြီးမင်းခေါ် တပယ်င်းမင်း စစ်ကိုင်းမင်းတစ်ပါး တည်းကပဲ လိုက်နာနိုင်ခဲ့တယ်။ အဲဒီအမိန့်တော်ကို နာခံတော်မူတယ်။

မြေဒူးမင်းတရားကြီး လက်ထက်တော်မှာတော့ အဲဒီအမိန့်တော်ဟာ ပျက်ပြယ်သွားတယ်။

❑



## (ယ)

မြေဒူးမင်းသားတရားကြီးဟာ သူ့ခမည်းတော် ချမှတ်ခဲ့တဲ့ အစဉ် အလာကို ဖျက်သိမ်းပစ်တယ်။ သူ့ရာဇပလ္လင်ပေါ်ရောက်တာနဲ့ အိမ်ရှေ့အရာကို သားတော်စဥ့်ကူးမင်းကို ခန့်လိုက်တယ်။ တကယ်ထီးနန်းရထိုက်တဲ့ ညီတော် အမြင့်မင်းသားကိုတော့ လက်ရှိရာထူးနဲ့ပဲ တင်းတိမ်ကျေနပ်စေတယ်။

သည်အစဉ်အလာကို ထားမစ်ခဲ့တဲ့ အလောင်းမင်းတရားကြီးကိုယ် တိုင်က လူ့ပြည်မှာ မရှိတော့ဘူး မဟုတ်လား။ သည်တော့ အမိန့်ခြွေစရာမှမ ဟိုတော့ဘူးပေါ့။ ခုတော့ သူကိုယ်တိုင်က မင်းတရားကြီး ဖြစ်နေပြီလေ။ ဒီတော့ သူ့အဖို့ လုပ်ချင်ရာကို လုပ်နိုင်နေပြီလေ။

သူလုပ်သမျှ အားလုံးဟာ ပြည်သူတွေက လက်သင့်ခံရမယ်။

ဒါကြောင့်လည်း အစဉ်အလာကို ဖျက်တယ်။ သားတော်ကို အိမ်ရှေ့ အရာအပ်နှင်းတာပဲ။ အမှန်တော့ သူ့လုပ်ရပ်က မှန်တယ်လို့ ပြောရမယ်။ လူ့ လောကမှာ အချစ်ခင် အနှစ်သက်ဆုံးဖြစ်သူက မိမိတို့ရဲ့ သားသမီးပဲ မဟုတ် ပါလား။ သားသမီးကို ရတနာတစ်ပါးသဖွယ် ထားခဲ့ကြတယ်။

ညီအစ်ကို မောင်နှမဆိုတာက တစ်မိပေါက်တည်းမို့ သံယောဇဉ် ငြိတွယ်ကြတယ်။

မြေဒူးမင်းတရားကြီးအဖို့လည်း သည်လိုပဲပေါ့။ နိုင်ငံတော်ရဲ့ အမြင့် ဆုံးနေရာက မင်းတရားကြီးဖြစ်နေလို့သာ။ သူ့မှာကလည်း ချစ်ခင်စွဲလမ်းမှုဆို တာက ရှိတာပဲ။ သံယောဇဉ်လည်း ရှိတာပဲပေါ့။ သည်တော့ သူ့ရဲ့ ရင်နှစ် သည်းချာ သားတော် စဥ့်ကူးမင်းသားကို အိမ်ရှေ့အရာအပ်နှင်းလိုက်တာပေါ့။ ဒါကတော့ မိဘက သားသမီးအပေါ် ချစ်တဲ့စိတ်နဲ့ ပြုလိုက်တာပဲ။

သည်ကတည်းက အမြင့်မင်းသားကြီးဟာ ထီးနန်းအတွက် ကျေနပ် မှု ရှိခဲ့ဟန်မတူဘူး။

ဒါပေမဲ့ အကြောင်းသုံးပါးမရှေးတဲ့ မင်းတို့ရဲ့ မျက်စောင်းကြောင့် အသာငြိမ်နေခဲ့ရတယ်။ ကျန်တဲ့ ညီများကို ဖျောင်းဖျောင်းဖျဖျနဲ့ နှစ်သိမ့်ခဲ့ရ တယ်။ သူတို့ ညီငယ်များအားလုံး အကျိတ်အခဲဖြစ်ခဲ့ကြရတယ်။ သည်ကြားထဲ မှာ အခြေအနေက မပေးခဲ့လေတော့ ထီးနန်းလုပ်ကြံဖို့ဆိုတာ မလွယ်ခဲ့ဘူး။

နောင်တော် ဆင်ဖြူရှင်မင်းရဲ့ ဖိနှိပ်မှုများနဲ့ ကြုံခဲ့ရတယ်။ ခံနေခဲ့ ရတယ်။

ဒါကြောင့် သူတို့ အားလုံး မလူးသာ မလိမ့်သာ ရှိနေကြတယ်။ ယခု အခု သားတော် စဥ့်ကူးမင်းတရား နန်းတက်လာတော့ကော၊ သူတို့ ညီအစ်ကို

www.burmeseclassic.com

www.burmeseclassic.com



တစ်တွေ သတ်သာရာရမတဲ့လား။ လုံးဝမသက်သာဘူး။ ဖိဖိစီးစီး ကွပ်ညှပ်လာတယ်။

သည်နေရာမှာ အကြီးဆုံးဖြစ်တဲ့ အမြင့်မင်းသားကြီးက တစ်ခုခု တော့ လုပ်မှပဲလို့ စဉ်းစားလာတော့တယ်။

ကြာရင် သက်သာမကင်းဖြစ်စံရပြီး အသတ်ခံရမယ့်အတူတူ ထီးနန်းကို လုပ်ကြံတာကမှ စံစားရဦးမယ်ဆိုတဲ့ စိတ်ကူးနဲ့ ထီးနန်းကို လုယူဖို့ ကြံစည်ကြတာပဲ။ ဒါပေမဲ့ သူ့ရဲ့ ကြံစည်မှုဟာ အရာမထင်ပါဘူး။ အစစအရာရာကို စောင့်ကြည့်နေတဲ့ နန်းတွင်းသူလျှိုများဟာ သူ့ရဲ့အကြံအစည်ကို ရိပ်မိသွားကြတယ်။ သေချာသည်ထက် ပိုပြီး သေချာအောင်လို့လဲ အချိန်ကို စောင့်နေကြတယ်။

အဲဒီနေ့က အမြင့်မင်းသားကြီး အိမ်တော်မှာ ရာဇပလ္လင်ကို လုပ်ကြံဖို့ ပြောဆိုနေတုန်း၊ စီမံနေတုန်းမှာ ဖမ်းမိသွားတာပဲ။ အမှန်တော့ မင်းတရားကြီးရဲ့ သူလျှိုဒလန်များကလည်း အမြင့်မင်းသားကြီး အိမ်တော်မှာ ရှိနေကြတယ်။ အဲဒါက ပိုပြီး ဆိုးတာပဲ။ စည်းဝါးရိုက်ပြီး အပြစ်မရှိ၊ ရှိအောင် စီမံပြီး ဝိုင်းဖမ်းတာပဲ ဖြစ်တယ်။

ဘထွေးတော် အမြင့်မင်းသားကြီးဟာ မင်းတရားကြီးအဖို့မှာ အလွန်ကြီးမားတဲ့ အန္တရာယ်ဖြစ်နေတယ်။ သေွးလန့်သွားမှာပဲ။ ဘယ်သူမျှ ထပ်မံကြံစည်ရဲကြမှာ မဟုတ်ဘူး။ ပြီးတော့လည်း ကြာလာရင် ဘထွေးတော် အမြင့်မင်းသားကြီးရဲ့ အရှိန်အဝါဟာ ကြီးမားလာနိုင်တယ်။

အဲဒီအခါကျရင် ဘထွေးတော်ကို အရေးယူဖို့ ခဲယဉ်းလာမယ်။

အဆိပ်ဆိုတာက သွေးကြောထဲ မပြန့်ခင် လူက ဦးရတယ်မဟုတ်လား။ အခုလည်း အဲဒီလိုပဲပေါ့။ အစီကကျတဲ့ ရန်သူဖြစ်တဲ့ အမြင့်မင်းသားကြီးကို ဖြုတ်ခဲ့လိုက်ရင်၊ ကျန်တဲ့သူများဟာ အလိုလို ပျောက်ကွယ်သွားမှာပဲပေါ့။ သည်အတွက် စဥ့်ကူးမင်းရဲ့ အမိန့်တော်နဲ့ သက်ဆိုင်ရာ အကြီးအကဲများက အစီအစဉ်များ ချမှတ်တယ်။ ပြီးတော့ ဝိုင်းဆို့ပြီး ဖမ်းကြတာပေါ့။

အာဏာဆိုတာမှာ ဆွေမျိုးသားချင်းမရှိရဘူး။

သားအဖချင်းဖြစ်ပါစေ၊ အသက်ကို သတ်ပစ်တန် သတ်ရမယ်။ ချမ်းသာခွင့် မပေးရဘူး။ လူ့ဘဝထဲကနေ ဟိုဖက်အစွန်ဆုံးဘဝကို ရောက် အောင် ပို့ပစ်ရတယ်။

အခုလည်း အမြင့်မင်းသားကြီးနဲ့ ကြံရာပါအချို့ကို ထုံးစံနဲ့အညီ စီရင်စေတော်မူတယ်။

မင်းသွေး မင်းသက် စစ်စစ်ဖြစ်တဲ့ အမြင့်မင်းသားကြီးကိုတော့ ရေမှာ



မျောက်စေတယ်။ သွေးထွက်သံယိုလုံးဝမရှိစေရဘူး။ မင်းတရားကြီးရဲ့သား၊ မင်းသား၊ မင်းသွေးစစ်စစ်များဟာ သွေးမြေမကျရဘူးလို့ ဆိုကြတယ်။ အပြစ်အလျောက်ရှိလို့ စီမံသတ်ဖြတ်ချင်ရင် လူ့လောကမှာ အညင်သာဆုံးနည်းနဲ့ ထွက်သွားစေရအောင် စီမံပြုလုပ်ရတယ်။

ရေမှာ မျောက်တယ်ဆိုတာက၊ အမြင့်မင်းသားကြီးရဲ့ လည်မျိုကို တုတ်တိုနဲ့ ရိုက်သတ်လိုက်တယ်။

ပြီးမှ အလောင်းကောင်ကို အသင့်စီမံထားတဲ့ ကတ္တီပါအိတ်ထဲ ထည့်တယ်။ နောက်တော့ ဧရာဝတီမြစ်ရဲ့ သတ်မှတ်ထားတဲ့ ရေနက်နက်မှာ ကျောက်တုံးတစ်ခုဆွဲပြီး သွားချတာပဲ။

သည်လိုနဲ့ပဲ ဘထွေးတော် အမြင့်မင်းသားကြီးခမျာမှာ လူ့လောကထဲက ထွက်သွားရတယ်။

သူ့အဖို့ ထီးနန်းကို ကြံစည်ရုံသက်သက်ပဲ။ ဘာတစ်ခုမှ ထိထိရောက်ရောက်မလုပ်ရသေးဘူး။ စီမံရုံသက်သက်ပဲ ရှိသေးတယ်။ ဒါကို စဥ့်ကူးမင်းတရားကြီးက နိုင်ငံတော်ကို လုပ်ကြံတယ်ဆိုပြီး ကွပ်မျက်လိုက်တာပဲ။ တခြားကြံရာပါဖြစ်တဲ့ အမြင့်မင်းသားကြီးရဲ့ အမှုတော်ထမ်းများကို သုသာန်စုတ် ခားခုတ်သတ်စေလိုက်တယ်။

ဒါတွေကလည်း ပုန်ကန်မှုတစ်ခုမှာ မအောင်မြင်ရင် ကြုံတွေ့ရမယ့် ဓမ္မတာတွေပဲလေ။

ဘယ်ခေတ်ပဲဖြစ်ဖြစ်၊ မင်းတရားကြီးများ အုပ်ချုပ်လာတဲ့ ခေတ်ကာလများမှာ အတွင်းသစ္စာဖောက်များဟာ ရှိခဲ့ကြတာပဲ။ အဲဒီ သစ္စာဖောက်ဆိုတာကလည်း အတိုင်းအတာနဲ့ ရှိတယ်။

မင်းတရားကြီးရဲ့ အဖိအနှိပ် အချုပ်အချယ်ကို ခံနေရသူများပီပီ ထကြွတော်လှန်မှုများ ဖြစ်ကြမှာပဲ။

ဘယ်သူကမှ ရေငုံခံမနေနိုင်ကြဘူး။ ဒါကို မင်းတရားကြီးနဲ့ သူ့အမှုထမ်းများက ဖိဖိနှိပ်နှိပ်ကွပ်ညှပ်တယ်။ ထောင်ချတန်ထောင်ချ၊ သတ်ပစ်တန်သတ်ပစ်တယ်။ ပြီးတော့လည်း နိုင်ငံတော်ကို လုပ်ကြံတဲ့သူများဆိုပြီး သားမယားပါ မကျန် တစ်ဆွေလုံး၊ တစ်မျိုးလုံး မီးလောင်တိုက်သွင်းစေတယ်။

တကယ်တော့ ပဒေသရာဇ်ရဲ့ ခေတ်တစ်လျှောက်လုံးမှာ ပြည်သူတွေအဖို့ အားကိုးရာမဲ့ ဖြစ်ကြရတယ်။

သည်အချိန်မှာ ပြည်သူတွေအဖို့ ဘုရားဒကာ၊ ကျောင်းဒကာ ခံထူနေဖို့ မသင့်တော့ဘူး။

မင်းတရားကြီးရဲ့ အကြိုက်ဆောင်မှုပဲ၊ ရာထူးရာခံရကြမယ် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား။ သည်စဥ့်ကူးမင်းနန်းတက်လာကတည်းက နိုင်ငံတော်ဟာ သာယာတယ်။ အေးချမ်းတယ်။ ဆင်ဖြူရှင်မင်းလက်ထက်တော်လို စစ်မက်အရေး အခင်းမရှိဘူး။ ဖွမ်းသူပုန်သူကန်များကလည်း ထကြွသောင်းကျန်းမှု မရှိ ဘူး။

သည်တုန်းက နိုင်ငံတော်ရဲ့ စစ်သေနာပတိချုပ်က ဝန်ကြီး မဟာသီဟသူရပဲ။ သူက တခြားသူမဟုတ်ဘူး။ စဥ့်ကူးဘုရင်မင်းမြတ်ရဲ့ ယောက်ခမတော်ပဲဖြစ်တယ်။ ဒါကြောင့်လည်း ထီးနန်းနဲ့ပတ်သက်ပြီး ဘုရင်မင်းတရားကြီးလုပ်သူက စိတ်ချနေတာပေါ့။ ဝန်ကြီးမဟာသီဟသူရကလည်း အမြော်အမြင်ကြီးမားတဲ့ ပုဂ္ဂိုလ်တစ်ဦးပဲ။

တကယ်တော့ စဥ့်ကူးမင်းဟာ သူမထင်တဲ့ ပညာရှိအမတ်များကို ရာထူးမှ နှုတ်ပယ်တယ်။

လျစ်လျူပြုတယ်။ အသစ်ထပ်ခန့်တယ်။ အဲဒီအသစ်ထပ်ခန့်တဲ့ မှူးငယ်မတ်ငယ်များနဲ့အတူ ရောနှောနေထိုင်တတ်တယ်။ အရက်သေစာသောက်စားတဲ့နေရာမှာလဲ လွန်လွန်ကျူးကျူးပဲ သောက်စားတယ်။ သတိလက်လွတ်ကင်းအောင် နေထိုင်တတ်တယ်။

တောကစားခြင်းနဲ့အတူ သူ့ရဲ့ ဝါသနာအရှိဆုံးက ကိုယ်တော်တိုင်ငါးမျှားခြင်းအလုပ်ပဲဖြစ်တယ်။

သည်ကိစ္စများနဲ့သာ အချိန်ကုန်လွန်နေတတ်တယ်။ နိုင်ငံရေး၊ ကြီးပွားရေး မှန်သမျှကို မှူးငယ်မတ်ငယ်များနဲ့သာ လွှဲထားလေ့ရှိတယ်။ ဒါပေမဲ့ စဥ့်ကူးမင်းတရားအဖို့ ကောင်းကွက်ကလေးတွေလည်း ရှိတာပါပဲ။ သူဟာ နေပြည်တော်အနီးမှ ကျောင်းကန်ဘုရားများ တည်တယ်။ စေတီများလည်း အသစ်တည်ထားတယ်။

ပြိုပျက်နေတဲ့ ဘုရားအိုပျက်များကိုလည်း အသစ်တစ်ဖန် ပြန်လည်မွမ်းမံတယ်။

ဘုရားဒါယိကာ၊ ကျောင်းဒါယိကာဘွဲ့ကို ခံယူတယ်။ ပြည်သူတွေအမြင်မှာတော့ အလွန်တရာ ဘုရားကြည်ညိုတဲ့ ဘုရင်မင်းတရားပဲပေါ့။ ဒါကြောင့်လည်း စဥ့်ကူးမင်းတရားကြီးအဖို့ ရွှေနန်းတော်မှာ စံစားတာက နည်းနည်းပဲ။ နေပြည်တော် အနီးအပြား လှည့်လည်စံစားနေတာက များများပဲ။

အခုလည်း ဘုရင်မင်းတရားကြီးအဖို့ ရွှေမြို့တော်မှာ မရှိဘူး။

ပင်းယ ရွှေစည်းခုံပြိုတယ်။ အသစ်တဖန် တည်တော်မူမယ်ဆိုပြီး ကြွချီသွားလေရဲ့၊ ရောက်တော့ ရွှေစည်းခုံဘုရားရဲ့ မြောက်ဘက်မှာ နန်းတည်ပြီး စံနေတော်မူတယ်။ ဘုရင်မင်းတရားကြီးအဖို့ ဘုရားပုထိုးပြုပြင် ကုသိုလ်ယူနေပေမဲ့၊ အလကားပဲ။



ဘုရားပြုပြင်တာကို ပျော်ပွဲစားထွက်လာသလို အောက်မေ့ဟန်တူပါတယ်။

အဲဒီနေ့ဟာ မြန်မာ သက္ကရာဇ် ၁၁၄၃ ခု၊ တန်ဆောင်မုန်း လဆန်း ၄ ရက်၊ စနေနေ့ ခရစ်နှစ် ၁၇၈၁ ခု၊ အောက်တိုဘာလ ၂၀ ရက်နေ့ပဲ ဖြစ်တယ်။ ဘုရင်မင်းတရားကြီးအဖို့ အတိတ်နိမိတ်များပြလာပြီ။ သူစံနေတဲ့ နန်းတော်အရှေ့မြောက်ထောင့်မှာ ပျားတွေ လာစွဲနေတယ်။

မဟာမင်္ဂလာရွှေဘုံကျောင်းတော်မှာလည်း ပျားအုံများဟာ စွဲကပ်နေတယ်။

သည့်ထက်ပိုပြီး ထင်ရှားတာက မြန်မာ သက္ကရာဇ် ၁၁၄၂ ခု၊ ပြာသိုလ၊ ခရစ်နှစ် ၂၆–၁၂–၁၇၈၀ ပြည့်နှစ်တုန်းကဖြစ်တယ်။ ရွှေမြို့တော်နဲ့ တောင်အရပ်က အလွန်များပြားတဲ့ လိပ်ပြာများဟာ မြစ်မြောက်ဘက်ဖြစ်တဲ့ စစ်ကိုင်းတို့ ချည်း ကူးနေတယ်။

အဲဒီ လိပ်ပြာများဟာ ဘယ်အထိများသလဲဆိုရင် ခုနစ်ရက်တိုင်တိုင်ထူးမှ လိပ်ပြာများကုန်သွားခဲ့တယ်။ အဲဒီနှစ်မှာပဲ မျဉ်းတဲတံခါးဝမှာ တောဆင်ရိုင်းတစ်ကောင်ဟာ သူ့အလိုအလျောက် လာသေနေတယ်တယ်။ ဒါတွေကို စဥ့်ကူးမင်းအဖို့ လုံးဝဂရုမထားဘူး။ သူလုပ်ချင်ရာတွေကိုသာ လျှောက်လုပ်နေတော့တယ်။ မြန်မာ သက္ကရာဇ် ၁၁၄၃ ခု၊ တပို့တွဲ လဆုတ် (၁)ရက် အင်္ဂါနေ့၊ ခရစ်နှစ် ၁၉–၁–၁၇၈၂ မှာ ပင်းယက ရွှေမြို့တော်ကို ဝင်တယ်။

ဒါပေမဲ့ နန်းတော်ကို မဝင်ဘူး။

အင်းဝမြို့တော်ရဲ့ မြောက်ဘက် မာန်အောင်တံခါးရဲ့ အပြင်ဘက်ရေနန်းတော်မှာ စံနေတယ်။

ရွှေမြို့တော်ကို ပြန်လာတာကလည်း အကြောင်းရှိတယ်။ စစ်ကိုင်းဘက်မှာ တည်ဆောက်နေတဲ့ ငွေခွန်ဝန်ရဲ့ ကျောင်းဟာ ပြီးစီးနေပြီဖြစ်တယ်။

ဒါကြောင့် ဘုရင်မင်းတရားကြီး ကိုယ်တိုင် ရေစက်သွန်းချဖို့ ပြန်လာခြင်းဖြစ်တယ်။

အဲဒီကိစ္စပြီးမြောက်ပေမဲ့ စဥ့်ကူးမင်းဟာ ရွှေနန်းတော်အတွင်းကို ဝင်တော်မမူသေးဘူး။ ရေနန်းတော်မှာပဲ စံမြန်းနေသေးတယ်။ အဲဒီမှာ သောက်ရွှေ စားပွဲနဲ့ ပွဲလမ်းသဘင်များ ခင်းကျင်းနေတယ်။

သက္ကရာဇ် ၁၁၄၃ ခု၊ တပို့တွဲ လဆုတ် (၅)ရက်၊ စနေနေ့၊

၂–၂–၁၇၈၂ မှာ အညာသီဟတော်ဘုရားရှင်ကို အဖူးအမြင် ထွက်တော်မူတယ်။ နောက်တော်က မယ်တော်၊ နှမတော်၊ မိဖုရားခေါင်းတို့အလိုက်ပါလာကြရတယ်။ အညာသီဟတော်ဘုရားဆိုတာက ရွှေကိုနယ် ကျောက်

www.burmeseclassic.com

www.burmeseclassic.com



မြောင်းအရပ်မှာ ရှိတယ်။ ဧရာဝတီမြစ်ရဲ့ အလယ်မှာပဲ။

သည်လို ဘာကိုမှ ဂရုမစိုက်ဘဲ သူလုပ်ချင်ရာကို လျှောက်လုပ်နေတဲ့ စဥ့်ကူးမင်းအဖို့ မကြာခင်မှာပဲ ဘေးကျပ်နံကျပ်ဖြစ်ဖို့ နီးကပ်လာခဲ့ချေပြီ တည်း။

ယောက်ခမဖြစ်တဲ့ ဝန်ကြီး မဟာသီဟသူကို မျက်တော်မူလို့ ဝန်ကြီး အရာက နှုတ်တယ်။

စစ်ကိုင်းကို ပို့ထားတယ်။ ဘထွေးတော် ဗဒုံမင်းကို စစ်ကိုင်းမြို့မှာ နေစေတယ်။ ဘထွေးတော် ပင်းတလဲမင်းကို ရွာသစ်ကြီးမှာ နေစေတယ်။ ဘကြီးတော် (နောင်တော်ကြီးမင်း)သား မောင်မောင်ကိုလည်း ဖောင်းကားရွာမှာ ပို့ထားတော်မူတယ်။

သူ့ကို ရံထားတဲ့ မှူးတော်မတ်တော် ကိုယ်ရံအမှုထမ်းများဟာလည်း မူးယစ်နေကြသူများဖြစ်တယ်။

သက္ကရာဇ် ၁၁၃၈ ခုမှာ စဥ့်ကူးမင်း နန်းတက်တော်မူတယ်။ သူဟာ မင်းဖြစ်တာနဲ့ ယိုးဒယားသို့ ချီသွားတဲ့ တပ်တော်များကို ပြန်ခေါ်တယ်။ သူ့ကို ရွှေနားတော်သွင်း ခချင်းရေးသားဆက်သွင်းတဲ့ ဆရာလည်းဖြစ်တဲ့ ဦးဖျော်ကို မင်းရဲရာဇာဘွဲ့နဲ့ ပလိပ်ရွာကို စားစေတယ်။

စဥ့်ကူးမင်းရဲ့ ထီးနန်းကို ရည်မှန်းနိုင်တဲ့ မင်းသားကြီးတွေလည်း ရှိနေတယ်။ အဲဒါတွေကတော့ အလောင်းမင်းတရားကြီးရဲ့ မိဖုရားခေါင်ကြီးမှ ဖွားမြင်တဲ့၊ အမြင့်မင်းသား၊ ဗဒုံမင်းသား၊ ပုခန်းမင်းသား၊ ပင်းတလဲမင်းသား တို့နဲ့ မြောက်နန်း မိဖုရားမှ ဖွားမြင်တဲ့ စည်သာမင်းသား၊ နောင်တော်ကြီးမင်း ရဲ့ သားတော် ဖောင်းကားစား မောင်မောင်တို့ပဲဖြစ်တယ်။

စဥ့်ကူးမင်းဟာ သေရည်သေရက်နဲ့ ပျော်ရွှင်မှုများမှာသာ အချိန်ကုန် လွန်စေတဲ့ မင်းပဲ။ သူ့လက်ထက်တော်မှာ စစ်ရိပ်စစ်ငွေ့ မရှိခဲ့ဘူး။ ရွှေနန်း တော်တွင်း အာဏာလုယူမှုအချို့ ရှိခဲ့တယ်။ ရွှေနန်းတော်အတွင်းမှာလည်း ပညာရှိနည်းပါးခဲ့တယ်။

ပညာရှိအမတ်များကို မချီးမြှောက်ခဲ့ဘူး။

သူ့ခေတ်တုန်းက လိုတဲ့သူကို လိုသလို ချီးမြှောက်တတ်တယ်။ သည် တော့ ပုတ်သင်ညို အမတ်တွေသာ ရွှေနန်းတော်အတွင်းမှာ များနေလေရဲ့။ အခါမဲ့စွာ နန်းတွင်းက ထွက်များ ထွက်တတ်ရဲ့။ အဲဒီလို စည်းမဲ့ ကမ်းမဲ့ မြို့တံခါးက အချိန်အခါမဟုတ် ထွက်တတ်ခြင်းဟာ သူ့အဖို့ သင်ခန်းစာ ကောင်းကောင်းရခဲ့တာပဲ။

တကယ်တော့ မင်းဧကရာဇ်ဆိုတာက အတုမရှိ မြတ်သောမင်းလို့ ဆိုတယ်။



ဘုရင်မင်းတရားကြီးတွေအဖို့ အမိကထား ဆောင်ရွက်ရမယ့် ကိစ္စက တော့ တစ်နေ့သုံးကြိမ် ညီလာခံသဘင် ကျင်းပရတယ်။ အဲဒီညီလာခံမှာ တိုင်း ရေးပြည်မှုသာသနာမှုနဲ့တကွ ကိုယ်တော်မင်းမြတ်ရဲ့ အတွင်းရေးမှစပြီး၊ တိုင် ပင်တော်မူသင့်တာများကို တိုင်ပင်နှီးနှောရတယ်။

ရာဇဂုဏ် ရှစ်ပါးနဲ့ ပြည့်စုံအောင် အမြဲအားထုတ်ရတယ်။

ဘုရင်မင်းတရားကြီးနဲ့ သက်ဆိုင်တဲ့ သင်္ဂဟလေးပါး၊ ပြည်သူတို့နဲ့ ဆိုင်ကဲ့ သင်္ဂဟတရားလေးပါးနဲ့ ပြည့်စုံအောင် ကျင့်ကြံရတယ်။ မင်းတို့ကျင့် ရတဲ့ သင်္ဂဟတရားလေးပါးဆိုတာက သဿမေဓ၊ ပုရိသမေဓ၊ ဝါစာပေယျ ဆိုတာတွေပဲ။

မင်းတရားကြီး ဖြစ်နေပေမဲ့လို့ စိတ်ချမ်းသာမှုဆိုတာ ရမယ်မဟုတ်ဘူး။ မီးနေထိုင်နေတဲ့ရာဇပလ္လင်ဟာ အမြဲခြောက်လှန့်နေမယ်။ သနိရတရားရဲ့ မမြဲတဲ့ ဖြစ်ရပ်ဟာ ဒလစပ်ဖြစ်ပေါ်နေတာပဲ။ တကယ့်တော့ စဥ့်ကူးမင်းတရားကြီးရဲ့ အဖြစ်ဟာ မင်းပင်ကောင်းလျက် မင်းမြှောင်ဖျက်ဆိုတာလိုပဲ။ သူ့အဦးမှာ ခစားနေတဲ့ အကြီးတော်ဆရာတော်နဲ့ အမှုထမ်းများဟာ မင်းအလိုလိုက်ပြီး မင်းကြိုက်ပြောတတ်တဲ့ သူများသာဖြစ်တယ်။

အဲဒီဘဝထဲမှာ သာယာနေတဲ့ စဥ့်ကူးမင်းအဖို့တော့ ဘဝနိဂုံးကား ကောင်းတော့ဘူး။

ဝမ်းနည်းမှု၊ ကြေကွဲမှု၊ လွမ်းတသသဖွယ် အဖြစ်များနဲ့ ကြုံတွေ့ရတော့ မှာ မလွဲပေတည်း။

□□□

www.burmeseclassic.com

www.burmeseclassic.com

# ရှစ်ဆိုင်ရှက်ကြာ

## (က)

၁၁၂၅ ခု၊ နတ်တော်လပြည့်ကျော် (၁၀) ရက်၊ ဗုဒ္ဓဟူးနေ့မှာ ရွှေထီး ရွှေနန်းကို သိမ်းပိုက်စိုးစံတော်မူတယ်။ ရတနာသိင်္ခမြို့တော်မှာ နန်းသစ် ထပ် တည်တယ်။ ပုဏ္ဏားပညာရှိ မဟာသီရိအဂ္ဂမဓ္ဓရာဇာဂုရုက ဗုဒ္ဓဟူးအရပ်သို့ နန်းသစ်တည်လုပ်နေတော်မူရမယ်။

အဲဒီလိုနေရင် ဘုန်းတန်ခိုးတော် အတိုင်းထက်အလွန် ကြီးမားမယ်ပေါ့။

တခြားထီးဆောင်းမင်းတို့ထက် အလွန်အထွတ်အထိပ် ရောက်မယ်လို့ လျှောက်တင်ကြတယ်။ ဒီလို ပုဏ္ဏားပညာရှိက လျှောက်တင်တာကို ဘုရင်မင်းတရားကြီး အသစ်စက်စက်က အလွန်ကျေနပ်သွားတယ်။ ဒါကြောင့်ပဲ ထင်ပါရဲ့။ အဲဒီပုဏ္ဏားတော်ကြီးကို ဆုလာဘ်တော် မြောက်မြားစွာ ပေးတယ်။

အဲဒီနန်းတော်သစ်ကို ၁၁၂၅ ခု၊ နှောင်းတန်ခူးလဆန်း (၂) ရက်၊ စနေနေ့မှာ စတင်ဆောက်လုပ်တယ်။ မင်းလှနော်ရထာက ကြီးကြပ်တည်လုပ်တယ်။ ဒါပဲပေါ့ မြန်မာတို့ရဲ့ အစဉ်အဆက် အုပ်ချုပ်မင်းလုပ်ခဲ့တဲ့ ဘုရင်မင်းတရားကြီးတွေဟာ အများအားဖြင့် စိတ်ရောကိုယ်ပါ ပြည့်ဝတဲ့မင်းများဖြစ်တယ်။

ပညာရှိကို ဆည်းကပ်ပြီး ပညာမဲ့သူကို နှိမ်ချရမယ်ဆိုတာ သူတို့ သိကြတယ်။ အမှုတော်ထမ်းရွက်လာတဲ့ အမှုတော်ထမ်းများကို ပညာ အဆင့်



အတန်းလိုက်ချီးမြှင့်တယ်။ သူနဲ့ စိတ်ထင်တဲ့သူကို စိတ်ထင်သလောက် မြှောက်စားပစ်တယ်။

ဒီလို စိတ်ထင်ရာတွေ လုပ်ခဲ့ကြလို့ မြန်မာတွေရဲ့ သမိုင်းမှာ သွေးသွေးနဲ့ စွန်းပေခဲ့ရတာပဲ။ ကုန်းဘောင်မင်းဆက် (၁၁) ဆက်ကို ပြန်ကြည့်မယ်ဆိုရင် အာဏာသိမ်းပွဲတွေ၊ လူသတ်ပွဲတွေနဲ့ ပြည့်နေတာပဲ။ ညီဖြစ်သူက အစ်ကိုတော်ကို သတ်၊ ဘကြီးတော်က တူတွေကို သတ်ကြတဲ့ အရေးတွေဟာ တင်းကြမ်းပဲလေ။

နန်းနက်ခင်းရဲ့အလှဟာ အပျိုစင်တစ်ယောက်ရဲ့ ပါးပြင်လိုပဲ တည်ငြိမ်နေတယ်။ လေအတိမ်းမှာ ယိမ်းကနေတဲ့ နှင်းဆီပွင့်နီနီတို့မှာ စည်းချက်ညီညီ ရှိလှတယ်။ ဥယျာဉ်တော်ကိုဖြတ်ပြေးလာတဲ့ လေနုအေးကလေးနဲ့အတူ ပန်းရနံ့တို့ဟာ တစ်ပြိုင်နက်တည်း ပါလာတယ်။

တကယ်တော့ မတရားတဲ့၊ လူမဆန်တဲ့ ဖြစ်ရပ်တွေဟာ အာဏာလုယူပြီး တက်ရောက်ခဲ့တဲ့ ခေတ်ကာလတိုင်းမှာ ဖြစ်ပေါ်ခဲ့တာချည်းပဲ။

ဒီအချိန်မှာ နိုင်ငံတော်ရဲ့ ရွှေနန်းတော်အတွင်းမှာ တဖွေ့ဖွေ့ လောင်နေတဲ့ ဖြစ်ရပ်များ ဖြစ်ပေါ်နေတယ်။

ဒါကလည်း ဘုရင်မင်းတရားကြီးနဲ့ ပတ်သက်နေတယ်။ မှန်တာပြောရရင် ခုတက်လာတဲ့ မြေဒူးမင်းကို မကျေနပ်ကြဘူးပေါ့။

အဲဒီဖြစ်ရပ်ကို အခြေခံပြီး မှူးတော်မတ်တော်များနဲ့ ရွှေနန်းတော်တွင်းသူကလေးကြားမှာ အငြင်းပွားနေကြတယ်။ အခုဖြစ်ရပ်ဟာ အလောင်းမင်းတရားကြီး ချမှတ်သွားခဲ့တဲ့ လမ်းစဉ်ကို သွေဖည်တယ်။ နတ်ပြည်စံ ခမည်းတော် မင်းတရားကြီးရဲ့ အမိန့်တော်ကို အလေးမမူဘူး၊ ဂရုမစိုက်ဘူးလို့ဆိုသူက ဆိုကြတယ်။

အဲဒါက တခြား အရေးအခင်းတော့ မဟုတ်ဘူး။

နတ်ပြည်စံ အလောင်းမင်းတရားကြီး ရှိစဉ်က နောင်အစဉ်အဆက်နာခံဖို့ အမိန့်တော်တစ်ရပ် ထုတ်ပြန်ခဲ့တယ်။ **"ငါ၏သားတော်များ ထီးနန်းဆက်ခံတဲ့အခါမှာ ကြီးစဉ်ငယ်လိုက် အစဉ်အဆက် ဆက်ခံရမယ်။ နောင်တော်ကြီး နန်းတက်ပါက ညီတော်ဖြစ်သူက နန်းရံအဖြစ် အိမ်ရှေ့အရာ ဆက်ခံစိုးစံစေ"** ဆိုတာပဲ။

ဒီအစဉ်အလာဟာ ကာလအဖြစ် သိပ်ကြာတာ မဟုတ်ဘူး။

ခမည်းတော် အလောင်းမင်းတရားကြီး နတ်ရွာစံတော့ သားတော်ကြီးဖြစ်တဲ့ နောင်တော်ကြီး စစ်ကိုင်းမင်းဟာ နန်းဆက်ခံခဲ့တယ်။ အဲဒီတော့ အိမ်ရှေ့အရာကို ညီတော် မြေဒူးမင်းသားကို ပေးအပ်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အခု နောင်တော်ကြီး စစ်ကိုင်းမင်း နတ်ရွာစံတော့ ညီတော်အိမ်ရှေ့မင်းသား မြေဒူးမင်းသားဟာ နန်းဆက်ခံပြန်တယ်။ သူထီးနန်းရတာနဲ့ ခမည်းတော် အလောင်းမင်းတရားကြီးရဲ့ ဆုံးမသြဝါဒ အမိန့်တော်တစ်ရပ်ကို မနာခံတော့ဘူး။

နာခံဖို့ဆိုတာကလည်း မလိုတော့ဘူးလေ။

ခမည်းတော် အလောင်းမင်းတရားကြီးမှ မရှိတော့တာပဲ။ ခုလည်း သူ ဘုရင်မင်း ဖြစ်နေပြီပဲ။ သူ့အဖို့ ဘာပဲလုပ်လုပ်ပေါ့။ သူ့ကို ဘယ်သူကမှ အမိန့်ပေးလို့ရတော့တာမှ မဟုတ်ဘဲ။ ဘုရင်မင်းတရားကြီး လုပ်တဲ့သူကသာ အမိန့်တော်တွေ ချမှတ်နိုင်တယ် မဟုတ်လား။ ဒီတော့ သူလုပ်ချင်ရာ လုပ်တော့မပေါ့။ မြေဒူးမင်းသားဟာ ထီးနန်းရပြီးတာနဲ့ သူရဲ့သားတော် စဉ့်ကူးမင်းသားကို အိမ်ရှေ့အရာမှာ ထားတယ်။ နန်းရံပြုတော်မူတယ်။

တကယ်တော့ အိမ်ရှေ့အရာ ရထိုက်တဲ့မင်းသားက စဉ့်ကူးမင်းသား မဟုတ်ဘူး။ အမြင့်မင်းသားပဲ ဖြစ်ရမယ်လေ။ အမြင့်မင်းသားဆိုတာက ယခု ဘုရင်မင်းတရားကြီး မြေဒူးမင်းရဲ့ ညီတော်ရင်း ဖြစ်တယ်။ အလောင်းမင်းတရားကြီးရဲ့ အမိန့်တော်အရဆိုရင် ညီတော် အမြင့်မင်းသားသာ အိမ်ရှေ့အရာ ရသင့်တယ်ပေါ့။

ခုတော့ ဒီလို မဟုတ်ဘူး။

ညီတော်ကို ဘေးချိတ်လိုက်တယ်။ အသိအမှတ်မပြုဘူး။ သားတော် စဉ့်ကူးမင်းသားကို အိမ်ရှေ့အရာပေးတယ်။ ဒါကို ကျန်တဲ့ ညီတော်တွေက မကျေနပ်ကြဘူး။ မကျေနပ်ဘူးဆိုပေမဲ့ ဆူဆူပူပူတော့ မလုပ်ရဲကြဘူး။ အဲဒီမကျေနပ်ဘူးဆိုတဲ့ အသိကလေးကသာ သူတို့ရဲ့ ရင်ထဲမှာ ရှိနေကြတယ်။

ပိုဆိုးတာက ဗဒုံမင်းသားပဲပေါ့။

အစဉ်အလာအရ ဆိုရင်တော့ သူသာ အိမ်ရှေ့စံဖြစ်ရမယ် မဟုတ်ပါလား။ ဘယ်သူပဲဖြစ်ဖြစ် ကိုယ်ထင်သလို မျှော်မှန်းတဲ့ ဘဝမျိုးမရခဲ့ရင် စိတ်ဆင်းရဲမှု၊ သောကဗျာပါဒများ ခံစားရမှာပဲ။ မကျေမနပ် ဖြစ်ကြရမှာပဲ။ ဒီလိုပဲပေါ့။ အိမ်ရှေ့အရာကို စောင့်မျှော်နေတဲ့ ဗဒုံမင်းသားရဲ့ ခံစားမှုက နည်းမှာ မဟုတ်ပါဘူး။

ဘုရင်မင်းတရားကြီးအဖို့ကလည်း သူ့ဆုံးဖြတ်ချက်ဟာ မှန်ကန်တယ်လို့ ထင်မှာပဲပေါ့။

ဘာကြောင့်လဲဆိုတော့ ညီတော်နဲ့သားတော်ကို စံတင်ရွေးတဲ့နေရာမှာ မိမိရဲ့ရင်နှစ်သည်းချာဖြစ်တဲ့ သားတော်သာ အဓိကကျတယ် မဟုတ်လား။ မိမိသာ နတ်ရွာစံပြီးရင် သားတော်သာ ဆက်ခံစိုးစံရမယ် မဟုတ်လား။



ညီတော်များအဖို့က ဒီလို မမြင်ဘူး။

ခမည်းတော် အလောင်းမင်းတရားကြီးရဲ့ အမိန့်တော်ကို ဖီဆန် တယ်။ မနာယူဘူး။ ကိုယ်ရဲ့စိတ်ချမ်းသာမှုတစ်ခုကိုပဲ ကြည့်တယ်။ ကိုယ့်လူ ကို ရှေ့တန်းတင်လွန်းတယ်။ အများညီတော် နောင်တော် မိသားစုတို့ရဲ့ စိတ်ချမ်းသာမှုကို လုံးဝ မကြည့်ဘူးလို့ ဆိုကြတယ်။

တကယ်တော့ ဒီလို အပြောမျိုးက ရှိးနေပါပြီ။

မနာလိုလို့ မကျေနပ်လို့ ပြောကြတာပါ။ အစဉ်အလာအရဆိုရင် နောင်တော် ညီတော်များ ဆင့်ကဲဆင့်ကဲ ဆက်ခံအုပ်ချုပ် မင်းလုပ်ရမယ် မဟုတ်လား။ ခုတော့ ဒီလို ဖြစ်မလာဘူး။ ဘုရင်မင်းတရားကြီးက သူလုပ်ချင်တာကို လုပ်သွားတာပဲ။ ဒီတော့ နောင်အရှည်မှာ မိမိတို့ ညီတော်များ ဘုရင်မင်းတရားကြီးဖြစ်ဖို့ မလွယ်တော့ဘူး။ နောက်ဆုံး ဘုရင်မင်းတရားကြီး ရာထူးလိုချင်တယ်ဆိုရင်တော့ ရရာလက်နက်စွဲကိုင်ပြီး တော်လှန်ပုန်ကန်မှ ရတော့မှာပဲပေါ့။ ဘုရင်မင်းတရားကြီးအဖို့ သားတော် စဉ့်ကူးမင်းသားကို အိမ်ရှေ့ အရာ ပေးလိုက်တယ်။

ဒီနောက် သူ့အဖို့ ရှေ့ဆက်လက်ပြီး လုပ်ကိုင်ရမယ့် အရေးအခင်းများကို ဆက်လုပ်သွားတယ်။ ညီတော်တွေဖြစ်တဲ့ အမြင့်မင်းသားတို့၊ ဗဒုံမင်းသားတို့ကို ဖိနှိပ်တော်မူတယ်။ ဒီအရေးကို မကျေနပ်ဘူးလို့ ထင်ရတဲ့ ညီတော်တွေကို အဝေးမြို့ကို မပို့ဘူး။

ရွှေနန်းတော်အတွင်းမှာပဲ နေစေတယ်။

ညီတော်တွေရဲ့ အသွားအလာ အပြောအဆို မှန်သမျှကို ကွပ်ညှပ်စေတယ်။ ဖိဖိစီးစီး နှိမ်သွားတော်မူတယ်။ ဒီတော့ ညီတော်များအဖို့ ဘာမျှ လှုပ်သာ မယှက်သာဘူး။ စားသတိ၊ သွားသတိနဲ့ သတိရှိရှိ နေကြရတယ်။ အစစ အရာရာကို သတိဝီရိယနဲ့ ပြောဆိုကြတယ်။

ဘုရင်မင်းတရားကြီးအဖို့ကလည်း သည်နေရာမှာ ဘယ်သူ့မှ ညှာနိုင်ဘူး။ ထီးနန်းစည်းစိမ်နဲ့ ပတ်သက်လာရင် သားတော်ကိုလည်း သည်းမခံနိုင်ဘူး။ ညီတော်တွေကတော့ ဝေလာဝေးပေါ့။ ဘုရင်မင်းတရားကြီးတို့ရဲ့ စည်းစိမ်ခံစားမှုဆိုတာက လူ့လောကမှာ အကောင်းဆုံးမဟုတ်လား။

နတ်စည်းစိမ်ဆိုတာမျိုးပေါ့။

သူမတူတဲ့ စည်းစိမ်ခံစားမှုဆိုတာကိုလည်း ခံစားရတယ်။ အမြင့်အထက်မှာ နေရောင်ခြည်က မြင့်တက်လာနေပြီ။ ညီလာခံသဘင်အား တိတ်တိတ်ဆိတ်ဆိတ် ရှိလှတယ်။ သီဟာသနပလ္လင်ပေါ်မှာ ထိုင်နေတဲ့ ဘုရင်မင်းတရားကြီးအဖို့ကား တစ်စုံတစ်ရာကို မကျေမနပ် ဖြစ်နေဟန်ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခင်းမယ်နဲ့ မဏိပူရ နယ်ပယ်များမှာ မငြိမ်မသက် ရှိနေတယ်။ ဘုန်းတော်ပြီးကတည်းက အဲဒီနယ်ပယ်များကို မကွပ်ညှပ်ရသေးဘူး။ တကယ်တော့ ခင်းမယ်နယ်နဲ့ မဏိပူရနယ်စားများဟာ သူ့လက်ထက်တော်ရောက်မှ အသစ် ထပ်မံခန့်ထားတာ မဟုတ်ဘူး။ နတ်ရွာစံ နောင်တော်ကြီး စစ်ကိုင်းမင်း လက်ထက်တော်ကတည်းက ခန့်အပ်သွားတာပဲ။

ဒါကြောင့်ပဲ ထင်ရဲ့။ အခု နန်းတက်တော်မူလာတဲ့ မြေဒူးမင်းကို တော်လှန်ပုန်ကန်နေကြတာ။ ဘုရင်မင်းတရားကြီးရဲ့ ဘုန်းအာနုဘော်ကို မသိကြသေးလို့ ထင်ပါရဲ့။ ဒီအရေးကို ကိုယ်တော်တိုင် နှိမ်နင်းတော်မူမယ်လို့ အမိန့်တော်ချမှတ်လိုက်တယ်။

၁၁၂၅ ခု၊ ဝါခေါင်လပြည့်ကျော်မှာ ခင်းမယ်သို့ ချီတက်တော်မူတယ်။

အခက်အခဲ မရှိလှဘူး။ တော်သလင်းလပြည့်ကျော် (၂) ရက်၊ သောကြာနေ့မှာ ခင်းမယ် (၅၇) ခရိုင်လုံးကို အောင်တော်မူတယ်။ အင်းဝမင်းသား ရွှေတောင်သား၊ မယားမင်းထိပ်ပန်း မိသားစုအားလုံးကို ရတော်မူတယ်။ ပဲခူးမြို့မှ ထွက်သွားတဲ့ ဆင်ကျားရှင်ကို ရဲမက်ဗိုလ်ပါ အလုံးအရင်းနဲ့ မိတယ်။

အဲဒီ ခင်းမယ်ကြောင်းကို အဘယဂါမဏိနဲ့ မင်းလှသီရိတို့က ဦးဆောင်တိုက်ခိုက်တယ်။

ဒါကြောင့်လည်း ခင်းမယ် (၅၇) ခရိုင်အားလုံးကို အောင်မြင်တယ်။ အဘယဂါမဏိကို ခင်းမယ်မြို့တော်ဝန် အဖြစ်ခန့်အပ်တယ်။ ဒုတိယစစ်ကြောင်းကို ကွပ်ကဲတဲ့ မင်းလှသီရိကို မဟာနော်ရထာဘွဲ့တော် ပေးတော်မူတယ်။ မြင်းဝန်အဖြစ် ခန့်တော်မူတယ်။

မြင်းဝန်ဆိုတာက အနောက်တိုင်းပြည်များမှ ပို့ဆက်တော်မူလာတဲ့ လက်ဆောင်တော်ဆက်မြင်းတော်များကို ရောဂါကင်းလွတ် ဝလင်အောင် မြက်သွင်းမြင်းကိုင် အမှုထမ်းတို့ကို မပြတ်နှိုးဆော်ရတယ်။ မြင်းဆေးဖော်ရန် ကိရိယာများကို မြင်းစာရေး၊ မြင်းတော်ခံ၊ မြင်းတော်မှူးများကို မပြတ်စီမံ ဆင့်ဆိုရ တယ်။ ဒီတုန်းက ခင်းမယ်ကပါလာတဲ့ မြင်းအမှုထမ်းများဟာ အတော်များ ပြားတယ်။

အမှုထမ်း နှစ်ထောင် ရှိတယ်လို့ ဆိုတယ်။

အဲဒီမြင်းအမှုထမ်းတော်များကို လစဉ်ရိက္ခာတော်ပေးတယ်။ မြင်းအမှုထမ်းများရဲ့ နောက်ခါးမှာ မြင်းရုပ်ထိုးနှံထားတယ်။ ဒါပဲပေါ့။ ဘယ်ခေတ်မှာပဲဖြစ်ဖြစ်ပေါ့။ နိုင်ငံတော်အုပ်ချုပ်မင်းလုပ်တဲ့ ဘုရင်မင်းတရားကြီးရဲ့ အလိုဆန္ဒကို ဖြည့်တင်းပေးနိုင်တယ်။

မင်းအကြိုက်ဆောင်ရွက်ပေးနိုင်တယ်ဆိုရင် ဆုလာဘ်သပ္ပါယများ ရမှာပဲပေါ့။



အမှန်ဆိုရရင် အဆိပ်ရှိတဲ့ သတ္တဝါဟာ ကြီးတယ် ငယ်တယ် မဟုတ်ဘူး။ သူတို့မှာက အန္တရာယ်ရှိနေပြီးသားလေ။ ဒီတော့ ရန်ဆူးရန်ငြောင့် ဆိုတာက အစကတည်းက ဖြုတ်ခဲ့ဖို့ သင့်တာပဲပေါ့။ ဒါမှသာ နောင်အစဉ်အဆက် ကာလတစ်လျှောက်လုံးမှာ အန္တရာယ်မရှိဘဲ နေနိုင်တော့မပေါ့။ အန္တရာယ်ဆိုတာက အတိုက်အခံတစ်ခုပဲ။

ပဒေသရာဇ်ဆိုတာက ရာဇာတော်ဝါကြီးစိုးတဲ့ ကာလတစ်လျှောက်ပဲ။

ဒီတော့ ရာဇတော်ဝါကြီးစိုးတဲ့ ကာလမှာ အတိုက်အခံဆိုတာ လုံးဝရှိတော့ဘူး။ အတိုက်အခံရှိသူမှန်သမျှ အားလုံးကို အရင်းအမြစ်ကနေပြီး သုတ်သင်စေတယ်။ ချေမှုန်းဖျက်ဆီးစေရတယ်။ တကယ်တော့ ဒါတွေဟာ ဘုရင်မင်းတရားကြီး လုပ်သူတွေရဲ့ ရက်စက်မှုတွေပဲ။

□

www.burmeseclassic.com

www.burmeseclassic.com



(၈)

အချိန်ကား တစ်နှစ်တာကို လွန်မြောက်ခဲ့ပြီ။

နေပြည်တော် တစ်ခုလုံးကား လှုပ်လှုပ်ရှားရှား ဖြစ်နေကြတယ်။ မဏိပူရ ကသည်း တို့က ထကြွလှုပ်ရှားနေကြတယ်။ ဒီအတွက် ဘုရင်မင်းတရားကြီးကိုယ်တိုင် စစ်ချီတော်မူမှာ ဖြစ်တယ်။ အရပ်ရပ်မှာ လုပ်ငန်းခွင်ဝင်နေကြတဲ့ ရဲမက်တော်များကို အမြန်စုရုံးနေခြင်း ဖြစ်တယ်။

မဏိပူရ ကသည်းစော်ဘွားဟာ မြို့စည်းဝြစည်းများ အသစ်ထပ်မံတည်ဆောက်နေတယ်။ မြို့တော် ခိုင်ခံ့အောင် ပြုပြင်ပြီး ဘုရင်မင်းတရားကြီးကို ခုခံမယ်ဆိုတဲ့ သတင်းက ကြားသိတော်မူခဲ့ပြီ။ ဒါကြောင့် ကသည်းပြည်ကို ချီတက်ရန် ကိုယ်တော်တိုင် စီရင်ခန့်ခွဲတော်မူတယ်။ တကယ်တော့ မြေဒူးမင်းဟာ စစ်ဘုရင်တစ်ပါးပဲ။ သူဟာ စစ်ကို အလိုရှိတော်မူတယ်။ သူ့ဘဝမှာ စစ်ပွဲတွေနဲ့သာ ပျော်မွေ့ခဲ့သူ ဖြစ်တယ်။ ယိုးဒယားရေးမှာလည်း ကိုယ်တိုင်စစ်ဦးစီးမှာ ပါဝင်ခဲ့တာပဲ။

၁၁၂၆ ခု၊ ပြာသိုလပြည့်ကျော် (၁၀) ရက်၊ သောကြာနေ့မှာ စတင်ချီတက်တော်မူတယ်။

တပ်တော်ပေါင်း နှစ်ဆယ့်လေးတပ်ရှိတယ်။ စစ်သည်သူရဲ နှစ်သောင်းငါးထောင်ပါရှိတယ်။ နေပြည်တော်ကနေပြီး ကျောက်မြောင်းဆိပ်ကို ဆင်းတော်မူတယ်။ နေပြည်တော်မှာ သားတော် အိမ်ရှေ့မင်းသားကို အစောင့်ထားခဲ့တယ်။ ညီတော်တွေထက်စာရင် သားတော်က ပိုစိတ်ချရတယ်လေ။

အမြင့်မင်းသားနဲ့ ဗဒုံမင်းသား အစရှိတဲ့ ညီတော်များကို တစ်ပါတည်း နောက်တော်က လိုက်ပါစေတယ်။ သူတို့ကို နေပြည်တော်မှာ ထားပစ်ခဲ့လို့ ရတာမဟုတ်ဘူး။ စိတ်လည်း မချရဘူး။ မတော် သူတို့ညီအစ်ကိုတွေ စုပြီး တန်ပြန်အာဏာသိမ်းနိုင်တယ်။

ဒီလိုများ ဖြစ်ခဲ့ရင်တော့ မျောက်သစ်ကိုင်း လွှတ်တဲ့ပုံမျိုးဖြစ်မှာပေါ့။

ဒီနေရာမှာတော့ မြေဒူးမင်းအဖို့ ကွက်ကျော်မြင်သွားတယ်။ မမြင်လို့ကလည်း မဖြစ်ဘူးလေ။ သူကိုယ်တိုင်ကလည်း သူ့နောင်တော်ကို လုပ်ကြံပြီး တက်လာတဲ့ မင်းတရားကြီး မဟုတ်လား။ သူများဆီက အာဏာကို လုယက်ပြီး တက်လာတဲ့ ဘုရင်ပီပီ ဘယ်သူ့ကိုမှ မယုံကြည်ဘူး။

အလောင်းမင်းတရားကြီး ချမှတ်ခဲ့တဲ့ အစဉ်အလာတစ်ခုကို အရင်ဆုံး ချိုးဖျက် ခဲ့တဲ့သူ မဟုတ်လား။ ဒီတော့ သူ့လိပ်ပြာတောင် သူမလုံမလဲ ဖြစ်နေတယ်။ သောကမကင်းတဲ့ စိတ်ကလည်း မကြာခဏ ဖြစ်ပေါ်ဖူးတယ်။



ညီတော်များက အချိန်မရွေး သူ့ကို ပြန်ပြီး တော်လှန်မယ်လို့ သူထင်နေတယ်။

ခုဆိုရင် ကသည်းစော်ဘွားဟာ မြန်မာဘုရင်ကို ခုခံဖို့ ပြင်ဆင်နေတယ်။ တကယ်တော့ မြေဒူးမင်းဟာ ၁၁၂၁ ခုနှစ်၊ အလောင်းဘုရား ယိုးဒယားချီတက်စဉ်မှာ ကိုယ်တိုင်ကိုယ်ကျ ရှေ့ဦးတပ်ကို ကွပ်ကဲခဲ့တယ်။ အမှန်တော့ အဲဒီတုန်းက အလောင်းမင်းတရားဟာ ယိုးဒယားကို အောင်မြင်ဖို့ရာရှိနေတယ်။

ဒါပေမဲ့ အလောင်းဘုရား မကျန်းမာလို့ စစ်ခေါက်ပြီး ရတနာသိင်္ခကို ပြန်ခဲ့ကြရတယ်။

အဲဒီကတည်းက မြေဒူးမင်းအဖို့ စစ်ရဲ့ အတွေ့အကြုံရပြီး ဖြစ်တယ်။ ကသည်းတို့က ကြီးမားတဲ့တပ်မတော်ကြီးနဲ့ မြန်မာတို့ရဲ့ တပ်တော်ကြီးကို ခုခံကြတယ်။ ဒါပေမဲ့ မြန်မာတို့ဟာ စစ်ရေးပရိယာယ် ကျွမ်းကျင်ပြီးသူများ ဖြစ်ကြတယ်။ ဒါကြောင့် မြန်မာရဲမက်တော်၊ ဗိုလ်မှူး၊ တပ်မှူး၊ သူရဲဘော်တို့ရဲ့ တိုက်ခိုက်ကို မခံနိုင်ကြဘူး။ ကသည်းတပ်များဟာ မြန်မာရဲမက်တော်တို့ရဲ့ ထိုးဖောက်မှုကို အပြင်းအထန်ခံကြရတယ်။

သင်းတို့ရဲ့ တပ်ဆိုသမျှဟာ ပျက်စီးကြရတယ်။ ဘယ်လိုမှ တင်းခံလို့၊ တောင့်ခံလို့ မရကြဘူး။ မြန်မာတို့ရဲ့ တိုက်ခိုက်မှုတွေဟာ သူတို့အဖို့ ကြောက်ခမန်းလိလိ ဖြစ်ကုန်ကြရတယ်။ နောက်ဆုံးမှာတော့ ကသည်း စော်ဘွားဟာ မိသားစုတစ်စုလုံး ထွက်ပြေးကြရတယ်။

ဒါနဲ့ပဲ မြေဒူးမင်းဟာ ၁၁၂၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃) ရက်၊ ဗုဒ္ဓဟူးနေ့မှာ ကသည်း တစ်မြို့လုံးကို အောင်မြင်တော်မူတယ်။ အဲဒီလို ကသည်းမြို့လုံးကို အောင်မြင်ပြီးနောက် နေပြည်တော်ကို ပြန်လာခဲ့တယ်။ နေပြည်တော်ကို ပြန်ရောက်ရောက်ချင်းပဲ သူ့အဖို့ ဘုန်းတန်ခိုး ပိုမိုကြီးထွားစေမယ့် ဖြစ်ရပ်တစ်ခုက ဖြစ်ပေါ်လာခဲ့တယ်။

အဲဒါက တခြား မဟုတ်ဘူး။

မကွေးနယ်ဘက်က ဆင်ဖြူတော်တစ်စီးကို လာရောက်ဆက်သခြင်း ဖြစ်တယ်။ ဆင်ဖြူတော်ကို အခမ်းအနား ကြီးကျယ်စွာ ခင်းကျင်းပြီး ခံယူတော်မူတယ်။ ပွဲလမ်းသဘင် ဆန္ဒွပြောင်ဘွဲ့ကို တပ်တော်မူတယ်။ ဒီနောက် ဆင်ဖြူတော်ကို သိမ်းတော်မူတယ်။ ဆင်ဖြူရှင်ဘွဲ့တော် ခံယူလိုက်တယ်။

တကယ်တော့ ဒါတွေဟာ မလိုအပ်ပါဘူး။

အဲဒီတုန်းက ဘုရင့်အနားမှာ ခစားပြီး မင်းအလိုကြီးသလိုက်နေကြတဲ့ အမှုထမ်းတွေရှိနေတယ်။ ဘုရင်မင်းတရားကြီး အနားမှာ ခစားနေကြတဲ့ ပညာရှိဆိုတဲ့ အမှုတော်ထမ်းများကလည်း သူတို့အတွက် လာဘ်လာဘ

www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲ ကြည့်တယ်။ ရှေ့လျှောက်ဖြစ်လာမယ့် အခြေအနေကို မကြည့်ကြဘူး။

ဒီတုန်းက ဆင်ဖြူရှင်မင်းတရားကြီးရဲ့ ဘွဲ့တော်ဟာ သီရိပဝရသုဓမ္မမဟာရာဇာ ဓိန္နာဓိပတိလို့ ခံယူထားတယ်။ ခုဆိုရင် ဆင်ဖြူရှင်မင်းအဖို့ ရတနာသိင်္ဃရွှေမြို့တော်ကို ငြီးငွေ့လာပြီ။ ခမည်းတော် အလောင်းမင်းတရားကြီး စတင်တည်ထောင်ခဲ့တဲ့ မြို့တော် မဟုတ်လား။

ဒါကြောင့် ဆင်ဖြူရှင်မင်းဟာ ရွှေမြို့တော်အသစ်မှာ စံမြန်းလိုနေပြီ။

ပြီးတော့လည်း ဒီရွှေမြို့တော်နဲ့ ရွှေပလ္လင် ရွှေနန်းတော်ပေါ်မှာ စံမြန်းနေရတာဟာ ဒဏ်ရာဟောင်းက တမြေ့မြေ့ ပေါ်နေစေတယ်။ သူ့ရဲ့မျက်စိထဲမှာ နောင်တော်ကြီးမင်းရဲ့ နာကျည်းဖွယ်ကောင်းတဲ့ သွေးအလိမ်းလိမ်း လူးကျံနေတဲ့ မျက်နှာကို မြင်နေမိတယ်။

တခြားသူတွေအဖို့မတော့ လပြည့်ညဟာ ပျော်ရွှင်ဖွယ် အတိပြီးတယ်။ လမင်းညဆက်သာယာပါစေလို့ ဆုတောင်းကြတယ်။ လူတိုင်းဟာ လရောင်နဲ့ ကြည်နူးမှုအရသာကို ခံစားသင့်ကြတယ်၊ ကြည်နူးကြတယ်၊ ပျော်ရွှင်ကြတယ်လေ။ ဒါပေမဲ့ ဘုရင်မင်းတရားကြီးအဖို့တော့ ဒီလို မဟုတ်ဘူး။

လပြည့်ညဆိုရင် သူ့အဖို့ ငရဲတစ်ညကဲ့သို့ ခံစားနေရတယ်။

လပြည့်ညရောက်မှာကို သိပ်စိုးမိတယ်။ လဆန်းရက်ရောက်ပြီဆို ရင် သူ့အဖို့ နေမထိထိုင်မသာ ဖြစ်နေရတယ်လေ။ အဲဒီလိုညမျိုးဆိုရင်တော့ နန်းတော်ထဲက ဘယ်ကိုမှ မထွက်တော့ဘူး။ လရောင်နဲ့ ကင်းရာမှာသာ နေနေတယ်။

အမြဲတမ်း လိုလိုပဲလေ။ ဘုရင်မင်းတရားကြီးနဲ့အတူ အမြဲတမ်း အဖော်တစ်ယောက် ရှိနေရတယ်။

မိဖုရားခေါင်ကြီး၊ ဒါမှမဟုတ် မိဖုရားတစ်ပါးပါးက အမြဲရှိနေရ တယ်။ ဘုရင်မင်းမြတ်အဖို့ တစ်ပါးတည်း မစံမြန်းရဲဘူးပေါ့။ သူ့နားထဲမှာ သေနတ်သံ တဒိုင်းဒိုင်းတွေ ကြားနေရတယ်။ တကယ်တော့ ဒါတွေဟာ ဘုရင် မင်းတရားကြီးအဖို့ စိတ်ကထင်နေတာတွေပဲ။

သူ့ရဲ့မကောင်းတဲ့ စိတ်ဓာတ်က သူ့ကို ပြန်ပြီး ခြောက်လှန့်နေတာပဲ။

မကောင်းမှု အကုသိုလ်တရားက ဖိစီးလာနေပြီ။ မကောင်းတာလုပ်ရင် မကောင်းတာပဲ ဖြစ်မယ်ဆိုတာကို ဘုရင်မင်းတရားကြီးအဖို့ မသိတာ မဟုတ်ဘူး။ သိတယ်။ ဒါပေမဲ့ ခံစားရမယ့် စည်းစိမ်၊ ဘုရင်မင်းတရားကြီးဆိုတဲ့ အရှိန်အဝါက မနည်းဘူး မဟုတ်လား။

ဒီအတွက် တစ်ယောက်ခေါင်း တစ်ယောက် နင်းပြီး ပေါက်ဖွားလာ



ခဲ့ရတဲ့ နောင်တော်ကြီးကို ရက်ရက်စက်စက် လုပ်ကြံခဲ့တယ်။ လောဘရဲ့ အမှောင်ဟာ အဲဒီတုန်းက သူ့ကို ဖိစီးခဲ့တယ်။ ပိန်းပိန်းပိတ်နေတာပဲ။ အသိဉာဏ်ဆိုတာကလည်း ဘာမှ မရှိတော့ဘူး။

သူ့ဦးနှောက်ထဲမှာ စဉ်းစားဖို့ နေရာလပ်ကလေးတောင် မရှိတော့ဘူး။ လောဘဖောတိုက်နေတဲ့အတွက် ထီးနန်းရရေးသာ အလေးပေးလုပ်ဆောင်ခဲ့တယ်။ ပြီးတော့လည်း ရတနာသိင်္ဃမြို့တော်ရဲ့ အနေအထားကိုလည်း မကြိုက်တော့ဘူး။ ရှေးရှေးက ဖြစ်ရပ်တွေကို ပြန်သတိရလာတော့ ဒီရွှေထီးရွှေနန်းတော်က ခွာချင်နေပြီလေ။ ကြာသွားရင် ခက်မယ်ပေါ့။ ရူးသွားနိုင်တယ်ပေါ့။

ပြီးတော့လည်း အဲဒီဝေဒနာတွေ မခံစားချင်တော့ဘူး။

နတ်ပြည်စံ ကံတော်ကုန်သွားရင် ကုန်သွားမယ်။ ဒါကြောင့်လည်း ရွှေထီးရွှေနန်းရွှေကြဋ္ဌန်းကို အသစ်ထပ်မံတည်ထောင်လိုတယ်။ စံစားတော်မူလိုတယ်ပေါ့။ အဲဒီတုန်းက အင်းဝမြို့ဟောင်းဟာ ကျိုးနဲ့ တဖုတ်ဖုတ် ရှိနေတယ်။ ဧရာဝတီမြစ်နဲ့ ဧရာဝတီမြစ်တို့ရဲ့ ပတ်လည်ဝိုင်းနေတဲ့ မြို့တော်ဟောင်းကို အသစ်တစ်ဖန် ပြန်တည်ရရင် ကောင်းရဲ့ဆိုပြီး မြို့နန်းတည်ဖို့ရာ အမိန့်တော်ချမှတ်တော်မူတယ်။

ရတနာပူရမြို့လို့လည်း ခေါ်တဲ့ အင်းဝမြို့တော်ကို သတိုးမင်းဖျားက စတင်တည်ထောင်ခဲ့တာပဲ။

မြန်မာသက္ကရာဇ် ၇၂၆ ခုမှာ အင်းကိုးအင်းကို ဆည်ဖို့ပြီး အင်းဝကို တည်ထားခဲ့တာ ဖြစ်တယ်။ အဲဒီ အင်းကိုးအင်းဆိုတာကလည်း –

“ရွှေကြာပင်ဓနိထောက်၊ ညောင်ပေါက်နှင့်မကွာ၊ ဝက်ချေး ငယ်၊ အင်းအုတ်နဲ၊ မြေမှုတ်သေချာ၊ လင်းစံသွင်း၊ အင်းမတာခြာ၊ မှန်စွာပ မလွဲ။ တွေးချဲ့ကာ၊ ဘေးမဲ့သာယာ၍၊ ဝမ်းဘဲပါ သချာကိုး တို၊ တိုးမှတ်ဖို့ပဲ”

ဒါကြောင့်ပဲပေါ့။ ရွှေကျပင်၊ ဓနိထောက်၊ ညောင်ပေါက်၊ ဝက်ချေး၊ အုတ်နဲ၊ လင်းစံ၊ အင်းမ၊ ဘေးမဲ့၊ ဝမ်းဘဲ စတဲ့ ကိုးအင်း ဖြစ်တယ်။ အင်းဝကို ရတနာပူရလို့လည်း သမုတ်တော်မူတယ်။ အင်းနဝမှ အင်းဝလို့ ဖြစ်လာတာပဲ။ ပြီးတော့လည်း ရှိသေးတယ်။ စမုံမြစ်၊ စမာမြစ်၊ ပန်းလောင်မြစ် သုံးခွာဆိုင်းဆုံရာ သံလျက်ခုံစွန်းအဝန်း မြို့တည်ထားခြင်းလည်း ဖြစ်တယ်။

အင်းဝခေတ်က တရုတ်သံရောက် မော်ကွန်းစာမှာ ‘မြစ်ဆုံကျွန်းသတ်၊ သန်လျက်ဝယ်’ ဟူ၍လည်းကောင်း ‘အရှေ့အမရ၊ မြစ်ဆုံလျှနှင့် ရွှေတောင်ညာ၊ အောင်မြေသာလျှင်၊ သုံးဌာနဖြစ်၊ ဖြစ်သန်လျက်ခုံ’ ဟုလည်း မော်ကွန်းထိုးခဲ့ကြတယ်။ ဘုရင်တို့ဘုန်းမိုးသို့ချုပ်၍ ဆိုတာ တယ်မှန်

www.burmeseclassic.com

www.burmeseclassic.com



တာပဲ။

သက္ကရာဇ် ၁၁၂၇ ခု၊ ဝါခေါင်လဆန်း (၇) ရက်၊ အင်္ဂါနေ့မှာ ရတနာပူရ အင်းဝမြို့တော်ကို တတိယအကြိမ်မြောက် တည်ထောင်တဲ့ မင်းတရားကြီးပဲ။

ဘုရင်မင်းတရားကြီးရဲ့ ဘဏ္ဍာတော်ကို စောင့်ကြပ်ဖို့ ရွှေတိုက်အရာရှိများ ခန့်ထားတယ်။ ရွှေတိုက်ဝန်ဆိုတာက အကြီးအချုပ်ပဲ။ သူ့လက်အောက်မှာ ရွှေတိုက်စိုး၊ ရွှေတိုက်ကြပ်၊ ရွှေတိုက်စာရေး၊ ရွှေတိုက်လုလင်သမား၊ တိုက်စိုး၊ တိုက်စာရေး၊ အဝှမ်းငယ်သားစတဲ့ အမှုထမ်းတွေရှိတယ်။

ဆင်ဖြူရှင်မင်းလို့ ခေါ်တော်မူတဲ့ မြေဒူးမင်းလက်ထက်တော်မှာ မတဲဒေးဝန်တိုက်၊ အကောက်ဝန်မင်းကြီး၊ မဟာသီဝမင်းလှမင်းထင်ကို ရွှေတိုက်ဝန်ခန့်တော်မူတယ်။ အဲဒီလို ခန့်တော်မူတဲ့ ရွှေတိုက်ဝန် ခန့်အပ်အမိန့်တော်ပြန်တမ်းကို ဒီလို ရေးစေတယ်။

**ရွှေတိုက်ဝန်ခန့် အမိန့်တော်ပြန်တမ်း**

**ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန် ဆင်မင်းသခင် ဆင်ဖြူများရှင်၊ လက်နက်စကြာသခင်၊ အရှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။ မတဲဒေးဝန်တိုက် အကောက်ဝန် မင်းကြီးမဟာသီဝ မင်းလှမင်းထင်ကို ရွှေတိုက်ဝန် ခန့်တော်မူသည်။ ဤသို့ ခန့်တော်မူကြောင်းလဲ မတဲဒေးဝန်တိုက် အကောက်ဝန်မင်းကြီး မဟာသီဝမင်းလှမင်းထင်သည် မင်္ဂလာအိမ်စံတော်မူစဉ်ကပင် ကျေးဇူး သစ္စာတော်နှစ်ပါးကို စောင့်သိရိုသေစွာ အမှုတော်ကို ဖြောင့်ဖြောင့်ရိုးရိုး ကြိုးစားအားထုတ်ထမ်းရွက်သည်။ ရှေ့သို့လည်း ခန့်ထားတော်မူသမျှ အမှုတော်ကို မသေမဖည် ကုန်စင်အောင် ထမ်းမည့်သူ ယုံမှတ်သနားတော်မူသည့် ကျွန်တော်မျိုး ဖြစ်သောကြောင့် ရွှေတိုက်ဝန်ခန့်တော်မူသည်။**

အဲဒီရွှေတိုက်ဝန်ဆိုတာက ဘုရင်မင်းတရားကြီး ပိုင်ဆိုင်တဲ့ နေပြည်တော် အရပ်ရပ်က ဆက်သလာတဲ့ အခွန်ဘဏ္ဍာတော်များကို နေ့စဉ်လစဉ် တိုက်တော်ကျီတော်များမှာ ဆက်သွင်းရတယ်။ ဒီသွင်းတော်မူလာတဲ့ ပစ္စည်းများကို မည်၍မည်မျှ အဖိုးထိုက်တန်သည်၊ မတန်သည်၊ အကောင်းအညံ့များကို ခြားနားသိသာသေချာအောင် မပြတ်ကြည့်ရှုပြင်ဆင်ရတယ်။

ရွှေတိုက်တော်မှစပြီး အရပ်ရပ်တိုက်တော်ကျီတော်များမှာ သွင်းတဲ့ သုံးတဲ့ ဘဏ္ဍာတော်အချိန်အတွက် မည်၍မည်မျှ ရှိသည်ကို စာရင်းပေရင်း



သေချာအောင် တိုက်စိုး၊ တိုက်စာရေးတို့ကို ပြသပြီး မှတ်သားစေရတယ်။ ဘော့ခလောက် စသည်များကို သေချာအောင် ခတ်ထားစေရတယ်။

အလုပ်အဆောင်တောင်၊ ကျောက်၊ ရွှေငွေကုန်ကျရန်များကို စာရင်းနဲ့ ရွှေတိုက်ဝန်က ဆက်သရတယ်။ အားလုံးကို သတိဝီရိယနဲ့ ပစ္စည်းများ မယိုယွင်း၊ မလစ်ဟင်းရအောင် ဖြောင့်ဖြောင့်မတ်မတ်နဲ့ လုပ်ကိုင်ရတယ်။ တာဝန်ဝတ္တရားကလည်း ကြီးလှတယ်။ နည်းနည်းတိမ်းတာနဲ့ အသတ်ခံရဖို့ များတယ်လေ။

ဘုရင်မင်းတရားကြီးတို့မှာ ရွှေတိုက်နှစ်ရပ်ရှိတယ်။

အထက်ရွှေတိုက်နဲ့ အောက်ရွှေတိုက်လို့ ခေါ်ကြတယ်။ အထက်ရွှေတိုက်ဆောင်တော်ပေါ်မှာ မှန်နန်းဆောင်တော်ကြီးရဲ့ အရှေ့တောင်ထောင့်မှာ ထပ်လျက်ရှိတယ်။ အောက်ရွှေတိုက်မှာ တောင်စမုတ်ဆောင် အရှေ့ဘက် တံခါးဝယ် မြို့ရိုးအတွင်းမှာ ရှိတယ်။

သက္ကရာဇ် ၁၁၂၇ ခု၊ နှောင်းတန်ခူးလဆန်း (၁၁) ရက်၊ ကြာသပတေး နံနက်လေးချက်တီးကျော်မှာ ရတနာပူရ အင်းဝမြို့တော်ကို သိမ်းတော်မူတယ်။ ဒီတုန်းက အင်းဝရွှေမြို့တော်ကြီးဟာ အလွန်တရာ စည်ကားလှတယ်။ ရွှေချိုရပ်၊ သူဌေးတန်းရပ်၊ စစ်ကိုင်းတန်းရပ် စသည်ဖြင့် ရပ်ကွက်အမည် များကို ပေးထားတယ်။

ရွှေရောင်တဖိတ်ဖိတ် တောက်နေတဲ့ မှန်နန်းဆောင်က မှန်နန်းအပျိုတော်များရဲ့ အသံများဟာ တစ်ချက်တစ်ချက် ဝေ့လာတဲ့ လေစိမ်းနဲ့ အတူပါလာတယ်။ တကယ်တော့ မှန်နန်းအပျိုတော်ဆိုတာက နိုင်ငံတော်မှာရှိတဲ့ ဒေသအသီးသီးက လက်ရွေးစဉ် အလှအပတွေပဲလေ။

အမျိုးအနွယ်မြင့်မြတ်တဲ့ ဆွေတော်မျိုးတော်ထဲမှ ဆက်သခဲ့သူတွေလည်း ရှိတယ်။

စော်ဘွားကြီးမြို့စား အရာခံတို့ရဲ့ သမီးကညာတွေအနက်က ခြောက်ထက်ကင်းတဲ့ မင်းသမီးများကို ရွေးချယ်ပြီး မှန်နန်းအပျိုတော် စာရင်းသွင်းတာပဲ။ သူတို့ဟာ ဝဲလှည့်တစ်ရက်၊ ယာလှည့်တစ်ရက်ကျ မှန်နန်းတော်ကို အစေခံဝင်ရတယ်။ တကယ်တော့ သူတို့တစ်တွေက နောင်အရှည်မှာ မိဖုရားဖြစ်လာမယ့်သူတွေပဲလေ။

အိပ်စက်လို့ရှိရင် သစ်စေးအနက်သုတ်ထားတဲ့ သလွန်တော်ပေါ်မှာ အိပ်ရတယ်။ မိဖုရားဖြစ်လာတာနဲ့ သူတို့အိပ်တဲ့ သလွန်တော်ကို ရွှေချထည့်ရတယ်။ မှန်နန်းအပျိုတော်များဟာ တစ်စုတစ်ဝေးကြီး စုပေါင်း နေထိုင်ကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငယ်အမည် 'မောင်ရွှေ' မြေဒူးမင်း မကွေးမြို့က ဆင်ဖြူတော် ရရှိလို့ ဆင်ဖြူရှင် အမည်ရတဲ့ ဘဝရှင်မင်းတရားကြီးကား စစ်မှုရေးရာမှာ ကြွယ်ဝသူ ဖြစ်တယ်။ အမှုထမ်း ကျွန်တော်မျိုးတို့ကို အစုအငန်း ဖွဲ့တော်မူတယ်။ နိုင်ငံတော်အတွင်း မြို့ပြတိုင်းခရိုင်တို့ အုပ်ချုပ်မှုကို နေသားတကျ ရှိအောင် ခန့်ထား စီရင်တော်မူတယ်။

တကယ်တော့ ဆင်ဖြူရှင်မင်းလက်ထက်တော်မှာ သားတော်စဥ့်ကူး မင်းကို နန်းရုံတားတယ်။

ဒါဟာ အလောင်းမင်းတရားကြီး အလိုတော်နဲ့ မညီဘူး။ ဒါကြောင့်လည်း ရွှေထီးရွှေနန်းအတွက် အမှုအခင်းတွေဟာ ရှုပ်ထွေးလာတယ်။ မက်မောဖွယ်ကောင်းလှတဲ့ ရာဇပလ္လင်အတွက် လုသတ်မှုတွေ၊ သွေးစွန်းမှုတွေဟာ တရစပ်လိုပဲ ဖြစ်လာတယ်။

ဟုတ်ပါတယ်။ အခု အသစ်တည်ထောင်လိုက်တဲ့ အင်းဝနေပြည်တော်ဟာ ရတနာသိင်္ခရွှေဘိုမှာထက် အရပ်အနေ သင့်လျော်တယ်။

ဧရာဝတီမြစ်နဲ့ မြစ်ငယ်မြစ်ဆုံရာမှာ တည်ရှိတယ်။ သွားလာမှု လွယ်ကူတယ်။ ဒီတုန်းက ကျောက်ဆည်နယ်တစ်ဝိုက်ဟာ အထက်မြန်မာနိုင်ငံရဲ့ စပါးကျီသဖွယ် ဖြစ်နေတယ်။ မြစ်ငယ်မြစ်ကို အခြေပြုပြီး အင်းဝနဲ့လည်း ဆက်သွယ်ရလွယ်ကူတယ်။ ဝင်ထွက်သွားလာရေးလည်း ချောမွေ့တယ်။

❑



(၈)

အင်းဝနေပြည်တော်ကြီးရဲ့ အနေအထားဟာ ရှုမောဖွယ်ရာ အတိပြီး နေတယ်။

ရွှေမြို့တော်ရဲ့ မြောက်မျက်နှာမှာ ဒုဋ္ဌာဝတီမြစ်က အလျဥ်မပြတ် စီးဆင်းနေတယ်။ အရှေ့နဲ့အနောက်ကို တိုက်ရိုက်စီးဆင်းနေတာပဲ။ မြို့တော်ရဲ့ အနောက်မျက်နှာကတော့ ကြီးမားကျယ်ပြန့်လှတဲ့ ဧရာဝတီမြစ်ဟာ တောင်ဘက်နဲ့ မြောက်ဘက်ကို အရှိန်ပြင်းစွာနဲ့ စီးဆင်းနေတယ်။ တကယ်တော့ ဒါတွေဟာ သဘာဝက ဖန်တီးပေးထားတာပဲ။

မြောက်မျက်နှာမှာ စီးဆင်းနေတဲ့ ဒုဋ္ဌာဝတီမြစ်ဟာ ဖြောင့်ဖြောင့်မစီး ဆင်းဘူး။

ဒါကြောင့်မို့ အင်းဝနေပြည်တော်ဘက်က ကမ်းပါးတစ်လျှောက်လုံးဟာ ရေစားမခံရအောင် ပြုပြင်ထားကြရတယ်။ တကယ်တော့ အင်းဝရွှေမြို့တော်ကြီးကို စတင်တည်ထောင်ခဲ့တဲ့ သတိုးမင်းဖျားက ဉာဏ်အမြော်အမြင်ကြီးတဲ့ မင်းတစ်ပါးပေပဲ။

တစ်ဘက်မှာ ဧရာဝတီ၊ တစ်ဘက်မှာ ဒုဋ္ဌာဝတီမြစ်နဲ့ အရှေ့ဘက်နဲ့ တောင်ဘက်တို့က ချောင်းများနဲ့ ဝိုင်းရံထားတဲ့ ကွက်လပ်ပြင်ကြီးမှာ မြို့တည်ထားခဲ့ခြင်း ဖြစ်တယ်။ ကျုံးမြောင်း စသည်များကိုလည်း မြို့ပတ်လည်မှာ ဝိုင်းရံထားပြန်တယ်။ ရေယဉ်ဝိုင်းနေတဲ့ ရွှေမြို့တော်ကြီးရဲ့ ရေတံတိုင်းကြီးများလို့ ဆိုနိုင်တာပေါ့။

မြို့ရဲ့ အနေအထားက နန်းတော်တည်ရှိနေတဲ့ အတွင်းမြို့ရိုးကို လေးထောင့်စတုရန်းသဏ္ဌာန် တည်ဆောက်ခဲ့တယ်။ အတွင်းမြို့ရိုး၊ အပြင်မြို့ရိုး ရှိသည့်အနက် အပြင်မြို့ရိုးကို လေးထောင့်ကျကျ မဆောက်ဘူး။ သုံးထောင့်ချိုး သဏ္ဌာန် တည်ဆောက်တယ်။ သုံးထောင့်ချိုးဆိုပေမဲ့ မျဉ်းတစ်ပြေးတည်း ဖြောင့်ဖြောင့်တန်းတန်း မဟုတ်ဘူး။ ခိုနန်းချိုးထောင့်တွန့်တွေနဲ့ ဆောက်လုပ်ပုံ သော်မျိုး ထွင်ထားဟန်ရှိတယ်။

မြို့ရိုးအင်္ဂါဖြစ်တဲ့ ပစ္စင်၊ ရင်တား၊ သုရဲပြေး၊ သုရဲခို၊ ပြအိုး၊ တံခါး စသည်များအပြင်၊ ထောင့်ချိုးများ၊ အကွေ့များ ဖန်တီးပြီးမှ မြို့တံခါး (၁၆) ပေါက်ကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်တယ်။ ရွှေမြို့တော်အတွင်းမှ လူသံ၊ သူသံများဟာ ဒုဋ္ဌာဝတီမြစ်ရေပြင်အထိ ဖြန့်ကြက်လာတယ်။

ရွှေမြို့တော်ရဲ့ မြောက်ဘက်မျက်နှာဖြစ်တဲ့ ဒုဋ္ဌာဝတီမြစ်ဟာ သဘာဝ အနေအထားသဖွယ် ရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီမြစ်ကမ်းရဲ့ အဆုံးအစ မရှိတဲ့ ဟိုဘက်ကမ်းတစ်နေရာမှာတော့ နေမင်းဟာ ငုံ့လျှိုးစပြုနေပြီ။ ထို့အတူ ညခင်းလေအရိပ်ကို ဆောင်းထားတဲ့ အမှောင်ထုဟာလည်း အစားထိုးဝင်လာနေပေပြီ။

ဒုဋ္ဌာဝတီမြစ်မှာကား အသက်ရှင်မြဲတည်သာ။

တောင်ဘက်ကမ်းမှ မြောက်ဘက်ကမ်းသို့ လှမ်းကြည့်သည့်တိုင် လူလုံးကား မသဲကွဲတော့။ ထင်ယောင်ဝိုးတဝါးသာ ရှိနေတော့တယ်။ ရိပ်ဖမ်းသံဖမ်းလောက်သာ သိနိုင်တော့တယ်။ ဘယ်သူဘယ်ဝါရယ်လို့ သဲသဲကွဲကွဲ မမြင်ရတော့။

ဆင်ဖြူရှင်ဟာ မိမိနန်းတက်လာကတည်းက ယိုးဒယားသို့ ချီရန် စိတ်ကူးရှိဟန်တူတယ်။

ခုလည်း ဇင်းမယ်ဘက်မှာ ပုန်ကန်ထကြွနေတယ်ဆိုတာ ကြားသိရတယ်။ ဒါကြောင့်ပဲ ဇင်းမယ်သို့ အရင်ချီစေတယ်။ ဇင်းမယ်ကြောင်း ချီတပ်တော်ကို ကွပ်ကဲရန် အကြီးအချုပ်အဖြစ် နေမျိုးသီဟပတေ့ကို ခန့်အပ်တယ်။ စစ်ကဲများ အဖြစ်ကတော့ တုရင်ရာမကျော်နဲ့ ကျော်ထင်သီဟသူတို့ကို ခန့်အပ်တယ်။

နေမျိုးသီဟပတေ့ ဦးဆောင်ချီတက်တဲ့ တပ်တော်မှာ တပ်ပေါင်း ၂၈ တပ်၊ တိုက်ဆင် ၁၀၀၊ မြင်း ၁၀၀၀၊ ရဲမက်စစ်သည် ၂၀၀၀၀ ပါဝင်တယ်။

၁၁၂၅ ခု၊ တပေါင်းလဆန်း (၆) ရက်နေ့မှာ နေပြည်တော်မှ စတင်ချီတော်မူတယ်။

မိုးနဲမှာ နောက်ထပ် ရဲမက် ၃၀၀၀ စည်းကြပ်တယ်။ ပြီးတာနဲ့ ဆက်လက်ချီတက်တယ်။ ကျိုင်းတောင်းမြို့မှာ ခေတ္တနားတယ်။ ဇင်းမယ် ၅၇ ခရိုင်ရဲ့ အခြေအနေကို လေ့လာသုံးသပ်တယ်။

စစ်ကဲကြီး တုရင်ရာမကျော် ဦးစီးတဲ့ တပ်ပေါင်း ၁၀ တပ်ဟာ မိုင်းပူ မိုင်းသတ်ကြောင်းအတိုင်း ချီတက်လုပ်ကြံစေတယ်။ နေမျိုးသီဟပတေ့ ကတော့ တပ်ပေါင်း (၂၅) တပ်ကို ဦးစီးတယ်။ မိုင်းသွင်ကျိုင်းရဲကြောင်းစစ် (၂) ကြောင်း ချီတယ်။ တစ်ဟုန်ထိုး တိုက်ခိုက်တယ်။ ပြင်းပြင်းထန်ထန် တိုက်တယ်။

လွယ်ကူတောင်၊ ဘယောမြို့၊ လပုံးမြို့တို့ကို ဆက်တိုက် အောင်မြင်တယ်။

ဇင်းမယ် (၅၇) ခရိုင် ငြိမ်ဝပ်သွားတာနဲ့ မြန်မာတို့ဟာ ဇင်းမယ်မှာ တစ်မိုးခိုကြတယ်။ စစ်အင်အားကို ထပ်မံဖြည့်သွင်းတယ်။ နေပြည်တော်မှ အမိန့်တော်ကိုလည်း စောင့်ဆိုင်းနေရတယ်လေ။ နေပြည်တော်မှ မိုးအကုန်မှာ မိုင်းလုံ ခပင်း၊ လင်းဇင်း၊ မိုင်းလာမြို့များကို ချီတက်သိမ်းပိုက်ရမည်လို့ ဆင်ဖြူရှင်ရဲ့



အမိန့်တော် ရောက်လာတယ်။

အမိန့်တော်အတိုင်း သက္ကရာဇ် ၁၁၂၆ ခု၊ တန်ဆောင်မုန်းလဆန်း (၈) ရက်နေ့မှ စ၍ လင်းဇင်းမြေကို စပြီး သိမ်းပိုက်တယ်။ အဲဒီအချိန်မှာ မိုင်းလုံမှာ ရှိတဲ့ လင်းဇင်းမင်းဟာ မြို့ကို အခိုင်အလုံ ပြင်ထားတယ်။ မြို့ကို မြတံမှု၊ ဓိန်ပြောင်း အပြည့်တင်ကာ ခံနေတယ်။

လင်းဇင်းမင်းကိုယ်တိုင်ကတော့ မိုင်းလုံမြို့အနောက် မဲခေါင်မြစ် တစ်ဘက်မှာ ခံနေတယ်။

သူကိုယ်တိုင်က တိုက်ဆင် ၁၀၀၀၊ မြင်း ၂၀၀၀၊ စစ်သည်သူရဲ ၅၀၀၀၀ တို့နဲ့ ကြည်းအား ရေအား အင်အားကြီးစွာနဲ့ စစ်မျက်နှာဖွင့်ပြီး ကြံ့ကြံ့ ခိုင်ခံနေတယ်။ ဒီလို လင်းဇင်းမင်းက ဝံ့ဝံ့စားစား ခံသည်ကို မြင်ရတဲ့အခါမှာ ဗိုလ်ချုပ် နေမျိုးသီဟပတေ့ဟာ အကြောက်အရွံ့မရှိဘူး။ စစ်ဦးဘီလူးပါ တဟုန်ထိုး တိုက်တယ်။

အစကတည်းက မြန်မာတွေကို ကြောက်နေတဲ့ လင်းဇင်းမင်းဟာ ဟန်ပဲ ရှိတော့တယ်။

မြန်မာတို့ရဲ့ ပြင်းပြင်းထန်ထန် တိုက်ခိုက်မှုကြောင့် တပ်ပျက်ပြိုကွဲပြီး မိုင်းလုံမြို့အတွင်းသို့ ပြေးဝင်ကြရတယ်။ ဒီတွင် မြန်မာတို့က လင်းဇင်းသားတို့ ကြောက်ရွံ့သွားအောင် ပြုလုပ်ကြပြန်တယ်။ အကြောင်းက ရှိပါတယ်။ လင်းဇင်းတို့နဲ့တိုက်တဲ့ စစ်ပွဲမှာ ကျဆုံးသွားခဲ့တဲ့ ရဲမက်တော်တို့ရဲ့ ခေါင်း ၁၀၀၀၀ ကို စုပြီး မဲခေါင်မြစ်နားမှာ ပုံထားလိုက်တယ်။

ဒါကို လင်းဇင်းသားတို့မြင်တာနဲ့ အလွန်အမင်း ကြောက်ရွံ့သွားကြတယ်။

ဒါဟာ မြန်မာတို့က လင်းဇင်းသားတို့အပေါ်မှာ စိတ်ဓာတ်စစ်ဆင်လိုက်တာပဲ။ နေမျိုးသီဟပတေ့ဟာ လင်းဇင်းမင်းစံရာ မိုင်းလုံမြို့ကို ချီတက်ဝန်းရံပြန်တယ်။ တကယ်တော့ မိုင်းလုံမြို့ဟာ မြစ်နှစ်ဖက်ကြားမှာ တည်ထားတဲ့ မြို့ဖြစ်တယ်။

ဒါကြောင့် မြို့အတွင်းကို မချဉ်းကပ်နိုင်ဘူး။

မချဉ်းသာ မတက်သာ ရှိနေတယ်။ ဒါကြောင့်ပဲ မြစ်တို တူးပြီး ပြပစ်စင်မြင့်ကို ဆောက်လုပ်စေတယ်။ ပြီးတာနဲ့ ပြောင်းအမြောက်တင်တယ်။ နေ့ညမပြတ် ပစ်လွှတ်တယ်။ ဒါနဲ့ပဲ မြို့တွင်းသားတို့ မလှုပ်နိုင်ဘဲ ငြိမ်ကြရတယ်။

မိုင်းလုံမြို့ထဲမှာရှိတဲ့ လင်းဇင်းမင်းလည်း အပြင်းအထန် ခုခံတယ်။ မြို့ကို ခိုင်လုံအောင် ကြီးကြပ်တယ်။ မိုင်းလုံမြို့ရိုးကို ဖြိုဖျက်မယ်ဆိုပေမဲ့ အဲဒီတစ်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်း ၃၅ တစ်မှ ရဲမက်တော်တွေကို လှည်းရထားများ လုပ်စေတယ်။ ပြီးတာနဲ့ အဲဒီလှည်းရထားများကို မြို့ရင်းကို ကပ်စေတယ်။

တစ်ပြိုင်နက်တည်းပဲ မြို့ရိုးကို ဖျက်သူကဖျက်၊ တူးသူက တူးစေတယ်။ မြို့ရိုးပေါ် အတင်းတက်ပြီး အပြင်းလုပ်ကြတယ်။ မိုင်းလုံသားတို့က မြို့ထိပ်ကနေပြီး ဖိဖိစီးစီး ထိုးခုတ်ပစ်သတ်ကြတယ်။ ဒါပေမဲ့ မြန်မာတို့က အလေးမမှုကြဘူး။

မိုင်းလုံသားတို့ကလည်း ပစ်စင်မှ ပြောင်းအမြောက်များနဲ့ အဆက်မပြတ် ပစ်စေတယ်။ နောက်ဆုံးတော့ မိုင်းလုံဟာ မြို့တစ်ခြမ်း ပျက်တယ်။ ကျန်တဲ့ မြို့တစ်ခြမ်းကို လုံခြုံစွာရှိစေတယ်။ အဲဒီမြို့တစ်ခြမ်းကို ကန့်ပြီး ထပ်တည်တယ်။

ဒါနဲ့ပဲ မြန်မာတပ်တို့ဟာ တောင်ထိပ်ပေါ်တက်ကြရတယ်။

ပြီးတာနဲ့ ပြောင်းအမြောက်တို့နှင့် ကျည်ဆံမိုး ရွာချလိုက်တော့တယ်။ နောက်ဆုံးမှာတော့ လင်းဇင်းမင်းဟာ လက်နက်ပေးအပ်တော့တယ်။ လက်နက်ဆင်မြင်းသားသမီးတို့ကို ဆက်ပါ့မယ်။ ကျွန်တော် ခံပါတော့မယ်လို့ ဝန်ခံစကားပြုတယ်။ ရဟန်း ၈ ပါးနဲ့ အမတ်ဒေါ်ဘယားတို့ကို စေလွှတ်တယ်။

အညံ့ခံတယ်ပေါ့။

ဒီလို လင်းဇင်းမင်း အညံ့ခံတာကို နေမျိုးသီဟပတေ့က လက်ခံလိုက်တယ်။ လင်းဇင်းမင်းဆက်သလိုက်တဲ့ သမီးတော် ၃ ပါး၊ အလုပ်အကျွေးမိန်းမ ကျွန်ယောကျ်ား ၁၀၀၀ ကျော်၊ ငွေပိဿာ ၂၀၀ ကျော်၊ ရွှေပိဿာ ၅၀ ကျော်၊ အမြောက် ၅၀၀၊ သေနတ် ၁၀၀၀၊ တိုက်ဆင် ၁၀၀ စသည်တို့ကို လက်ယာဥဒိန်ကျော်နဲ့အတူ နေပြည်တော်ကို စေလွှတ်လိုက်တယ်။

ဒီလိုနဲ့ မြန်မာတို့ဟာ ဇင်းမယ်နဲ့လင်းဇင်းတို့ကို အောင်ခဲ့ပါတယ်။

နေမျိုးသီဟပတေ့ဟာ ဇင်းမယ်တပ်၊ လင်းဇင်းတပ်တို့နဲ့ အင်အားထပ်ဖြည့်တယ်။ ၁၁၂၆ ခု၊ တန်ခူးလဆန်း (၅) ရက်နေ့မှာ မိုင်းလုံကနေပြီး ယိုးဒယားကို ဦးတည်ကာ ချီတက်ခဲ့ကြတယ်။ လကွန်းမြို့သို့ရောက်တဲ့အခါမှာ တပ်တော်ကို ရပ်တန့်ထားတယ်။ အဲဒီအရပ်မှာ့တစ်မိုးခိုနေတယ်။ ဒီလိုနေရင်းက သံလွင်မြစ်အရှေ့ဘက်ကမ်းမှ မြို့စား၊ ရွာစားတို့ကို စုရုံးအင်အားဖြည့်နေတယ်။

ကုန်းဘောင်မင်းဆက်များမှာ ဆင်ဖြူရှင်ဟာ ယိုးဒယားစစ်အောင်မှု အားသွန်တဲ့ မင်းတစ်ပါးပဲ။

အလောင်းမင်းတရား လက်ထက်က မအောင်မြင်ခဲ့တဲ့ သည်အရေးကို သူ့လက်ထက်မှာ အောင်မြင်ချင်တယ်။ အင်အားနဲ့ မအောင်မြင်နိုင်မှန်း



သူသိတယ်။ ဆင်ဖြူရှင်ဘုရင်ဟာ ရဲရင့်တည်ကြည်တယ်။ စစ်မက်ကို လိုသားတယ်။ ယောကျ်ားမြတ်တို့ရဲ့ ရုပ်လက္ခဏာနဲ့ ပြည့်စုံတယ်။

အလောင်းမင်းတရားကြီးရဲ့ သားတော် ပီသတယ်။

မင်းသားဘဝကပဲ ခမည်းတော်ရဲ့ အမှုတော်ကို ထမ်းရွက်ရတယ်။ အင်းဝကို တိုက်ခိုက်စဉ်ကလည်း အောင်နိုင်ခဲ့တယ်။ နိုင်ငံတော်ရဲ့ စစ်ရေးစစ်ခင်း ဟူသမျှမှာလည်း ဦးဆောင်ဦးရွက်ပါဝင်ခဲ့တယ်။ ရတနာ သုံးပါးမှာ ယုံကြည်တယ်။ ပညာရှိတို့ကို ချစ်ခင်စွာ ဆက်ဆံတယ်။ ပညာရှိတို့ရဲ့ စကားကိုလည်း နာယူတယ်။

သူကိုယ်တိုင်ကလည်း ပညာရှိတော်မူတယ်။

အမှုထမ်း ကျွန်တော်မျိုးတို့ကို အလိုက်အထိုက် ချီးမြှင့်မြှောက်စားတတ်တယ်။ လူရည်လူချွန်တို့ကို သိတတ်တယ်။ ရွေးချယ်ခန့်ထားတတ်တယ်။ ခိုင်းစေတတ်တယ်။ သူ့ရဲ့လုပ်ရည်ကိုင်ရည်အားက ကောင်းတယ်။ ဒါကြောင့် သူလုပ်ကြံသမျှဟာ အောင်မြင်တာချည်းပဲ။ ဆုံးဖြတ်ချက်မှန်သမျှဟာ ခိုင်မာတယ်။ ဆုံးဖြတ်ပြီးရင် ဘယ်တော့မှ နောက်မတွန့်ဘူး၊ ပြီးပြေအောင်ပဲ အမြဲလုပ်တတ်တယ်။

တကယ်တော့ ဆင်ဖြူရှင်မင်းကား ပကတိ မျက်နှာထားရှိတယ်။

ကြမ်းတမ်းခက်မာတဲ့ သူပဲ ဖြစ်တယ်။ ဒါကြောင့်လည်း ယိုးဒယားစစ်ချီရေးမှာ ဇင်းမယ်ကြောင်း ချီတဲ့ တပ်တော်တစ်ခုတည်းနဲ့ မဖြစ်နိုင်ဘူး။ အရေးကား ပြီးလွယ်မည်မဟုတ်ဘူး။ ဒါကြောင့် ယိုးဒယားကို ထားဝယ်ကြောင်းဖြင့် တိုက်ခိုက်ဖို့ တပ်တော်တစ်တပ် လွှတ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။

သက္ကရာဇ် ၁၁၂၆ ခု၊ နတ်တော်လဆန်း (၈)ရက်နေ့မှာ နေပြည်တော်မှ စတင်ချီတက်တော်မူတယ်။

အဲဒီ ထားဝယ်ကြောင်းချီတပ်တော်ရဲ့ ဗိုလ်ချုပ်အဖြစ် မြင်းဝန်မဟာနော်ရထာကို ရွေးချယ်တော်မူတယ်။ တပ်တော်ရဲ့ စစ်ကဲများအဖြစ် နေမျိုးဂုဏ္ဏကျော်နဲ့ တုရင် ရန်အောင်ကျော်တို့ ဖြစ်တယ်။ ထားဝယ်ကြောင်းချီတပ်တော်မှာ တပ်ခေါင်း ၃၀၊ မြင်း ၁၀၀၀၊ စစ်သည်သူရဲ ၂၀၀၀၀ ပါဝင်တယ်။ ဒီတုန်းက ဇင်းမယ်ကြောင်းချီတဲ့ နေမျိုးသီဟပတေ့ တပ်များဟာ လင်းဇင်းကို တိုက်ခိုက်အောင်မြင်စဉ်နဲ့ တစ်ချိန်တည်းပဲ ဖြစ်တယ်။

နေပြည်တော်က တပ်တော်ဟာ ထားဝယ်မှာ တစ်မိုးခိုတယ်။

ပြီးမှ ဟံသာဝတီ၊ မုတ္တမ၊ မြိတ်၊ ထားဝယ်၊ တနင်္သာရီစသည့် မြို့တွေက ဆင်မြင်း၊ ရဲမက်များကို စည်းကြပ်တယ်။ အားမွေးနေတယ်ပေါ့။ မိုးဆုံးတာနဲ့ စစ်ကဲ ဣန္ဒရာဇာအုပ်ချုပ်တဲ့ မုတ္တမမြို့က စစ်သူရဲ ၃၀၀၀ ပါ ၆ တပ်

www.burmeseclassic.com



စလကျော်ထင် အုပ်ချုပ်တဲ့ မြိတ်၊ တနင်္သာရီမှ စစ်သူရဲ ၂၀၀၀ ပါ ၄ တပ်တို့ တာ ထားဝယ်သို့ ရောက်ရှိပြီး တပ်ပေါင်းကြတယ်။

ဒီတုန်းက ထားဝယ်မှာ ဗိုလ်ချုပ်မဟာနော်ရထာ အုပ်ချုပ်နေတယ်။

ထားဝယ်မြို့ကလည်း စစ်သူရဲ ၂၀၀၀ ကို စုစည်းပြီး ၄ တပ်ဖွဲ့တယ်။ အဲဒီတပ်ကို မုတ္တမစားက အုပ်ချုပ်တယ်။ ဒီလိုနဲ့ နေပြည်တော်က တပ်တော်ဟာ အင်အားကြီးမားလာတယ်။ ထားဝယ်ရောက်မှ နောက်ထပ်စစ်သည်ပေါင်း ၁၀၀၀၀ တိုးလာတယ်။ ချီရင်းစွဲ စစ်သည် ၂၀၀၀၀ နဲ့ပေါင်းသော် ရဲမက် အင်အားမှာ ၃၀၀၀၀ ဖြစ်လာတယ်။

ထားဝယ်ကြောင်းချီဗိုလ်ချုပ်မဟာနော်ရထာရဲ့ တပ်တော်ဟာ သက္ကရာဇ် ၁၁၂၇ ခု၊ တန်ဆောင်မုန်းလဆန်း (၁၀) ရက်နေ့မှာ စတင်ချီဟက်တယ်။ ချီတက်ရာ လမ်းကြောင်းမှာ မေတ္တာတောင်ကြားလမ်းမှ ဖြစ်တယ်။ အဲဒီတပ်တော်ကြီးက လမ်းခရီးမှာရှိတဲ့ ယိုးဒယားရဲ့ အနောက်တစ်ပြင်မှာရှိတဲ့ ဗြတ်ဘီးမြို့၊ ရပ်ဘီးမြို့၊ သဖန်းပုံမြို့၊ ကံပူရီမြို့၊ ဆယားမြို့၊ ဆွန်းဖြုန်းမြို့၊ ဆားလင်မြို့တို့ကို တိုက်ခိုက်သိမ်းယူတော်မူတယ်။

ဒီတုန်းက ယိုးဒယားမြို့ငယ်များဟာ မြန်မာတို့ရဲ့ တပ်ကြောင်းများအတိုင်း မြန်မာတို့ရဲ့ စစ်ခြေရာအောက်မှာ ပြားပြားဝပ်ကျရောက်ခဲ့တယ်။ ဆားလင်မြို့ကို အောင်မြင်ပြီးတဲ့အခါမှာ ယိုးဒယားသားတွေအပေါ် ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တဲ့ ပုံစံအတိုင်း လုပ်ဆောင်တော်မူတယ်။

ခုဆိုရင် မြန်မာတို့က ယိုးဒယားတပ်မြို့ (၇) မြို့ကို အောင်မြင်ခဲ့ပြီးပြီ။

ဒီတော့ အဲဒီ (၇) မြို့ကရတဲ့ စစ်သည်တွေကို ယိုးဒယားတပ်ဖွဲ့ တယ်။ အဲဒီ (၇) တပ်ကို မင်းကြီး ဂါမဏိစန္ဒအား အအုပ်အချုပ် ခန့်တယ်။ ပြီးတော့ စစ်ကြောင်းရဲ့ရှေ့ဆုံးမှ ချီစေတယ်။ ခုဆိုရင် မြန်မာ့တပ်တော်ကြီးမှာ တပ်ပေါင်း (၅၇) တပ်ဖြစ်ခဲ့လေပြီ။ မြန်မာတို့ရဲ့ စစ်သည်အင်အားကောင်းမှု စစ်ရေးကျွမ်းကျင်မှုများက ယိုးဒယားကို ထိတ်လန့်စေတယ်။

ဒီတုန်းက ယိုးဒယားမင်းဟာ 'ဧကဒသရာဇာ' ဖြစ်တယ်။

သူဟာ အမတ်ကြီး ဘယားပလကို ဗိုလ်ချုပ် ခန့်တယ်။ တိုက်ဆင် ၅၀၀၊ လှည်းရထားတင် အမြောက် ၅၀၀၊ စစ်သည် ၆၀၀၀၀ နဲ့ သိကုတ်မြို့ထ ကြံ့ကြံ့ရပ်နေစေတယ်။ သိကုတ်မြို့ဆိုတာက အယုဒ္ဓယမြို့ရဲ့ အနောက်ဘက် မှာ ရှိတယ်။ မြန်မာဟာ သိကုတ်မြို့မှာ စွဲထားတဲ့ ယိုးဒယားတပ်ရဲ့ အင်အား ကို သိတယ်။

အဲဒီယိုးဒယားတပ် အင်အားကြီးကြောင်းလည်း သိတယ်။

သိပေမဲ့ မြန်မာတို့က ထိမထင်ဘူး။ အကြောက်အလန့်ကင်းမဲ့ စွာနဲ့



တစ်ဟုန်ထိုး ပြင်းစွာ ထိုးတိုက်တယ်။ အစတော့ ယိုးဒယားတို့လည်း မြို့ထဲမှာ တင်းခံနေသေးတယ်။ ဒါပေမဲ့ မရဘူး။ မြန်မာတို့ရဲ့ စစ်ဦးဘီလူးဆိုတဲ့အတိုင်း ပြင်းထန်စွာ ထိုးတိုက်တဲ့ ဒဏ်ကို သင်းတို့ မခံနိုင်ကြဘူး။

ဒီစစ်ဦးပွဲမှာ ယိုးဒယားတို့ ပရမ်းပတာ ဆုတ်ပြေးကြရတယ်။ အဲဒီလို ဆုတ်ပြေးတာကို မြန်မာတို့က မလိုက်ဘူး။ ခိုင်မာတဲ့ မြို့ရိုးနဲ့ ကြံ့ကြံ့ခံနေတဲ့ သိကုတ်မြို့ကို တူးဖြိုဖျက်ဆီးပစ်တယ်။ အောင်ပွဲခံလိုက်ကြတယ်။ အဲဒီတိုက်ပွဲ မှာ ဆင် ၁၀၀ ကျော်၊ အမြောက် ၂၀၀၊ လူ ၂၀၀၀ ကို ရလိုက်တယ်။

မြန်မာတပ်တော်ဟာ သိကုတ်မြို့နေပြီး ရှေ့ကို ဆက်ချီတယ်။

ကန္တီရွာမှာ တပ်စွဲထားလိုက်တယ်။ ကန္တီရွာဆိုတာက ယိုးဒယားမြို့ တော်ဖြစ်တဲ့ အယုဒ္ဓယရဲ့ အနောက်ဘက်မှာ ရှိတယ်။ ထားဝယ်ကြောင်းချီတပ် တော်ဟာ ဇင်းမယ်ကြောင်းချီတပ်တော် ဆိုက်ရောက်မယ့်ရက်ကို အသင့်စောင့် နေပေပြီ။ မြန်မာနဲ့ ယိုးဒယားတို့ရဲ့ နောက်ထပ် စစ်ပွဲကားစချေပြီ။

နေပြည်တော်မှာကလည်း အာဏာလုယူမယ့် အရိပ်အယောင်များက လည်း ရှိနေပြီ။ တကယ်တော့ ဘုရင်မင်းတရားကြီး လုပ်တယ်ဆိုတာက လွယ်တာ မဟုတ်ဘူး။ စာပေကျမ်းဂန်ထဲက ရတဲ့ အသိဉာဏ်နဲ့လုပ်လို့ မရဘူး။ ဘုရင်က အတွေ့အကြုံကရတဲ့ အသိဉာဏ်မျိုးရှိဖို့လိုတယ်။ ပြီးတော့လည်း နိုင်ငံတော်ကို တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းထားမယ်ဆိုရင် မိမိရဲ့ဘုရင် မင်းတရားကြီးဆိုတဲ့ ဂုဏ်သိက္ခာကိုလည်း မြဲမြဲနိုင်ခန့်အောင်ထားဖို့ လိုမယ်။

ဟုတ်တယ်လေ။ ဘုရင်မင်းတရားကြီးဆိုတာက နီးကြားတက်ကြွမှု ဆိုတာဟာ အမြဲရှိနေရမယ်။

အဲဒီလူရဲ့ စိတ်ဓာတ်ဟာ ကျဉ်းမြောင်းတယ်။

ကောက်ကျစ်နေပြီဆိုတာကို သိလောက်ပြီလေ။ ခုဖြစ်ခဲ့တဲ့ ဖြစ်ရပ်ကို လည်း ကြည့်ဦးလေ။ ဒါကတော့ နောင်တော်ကြီးမင်းနဲ့ လက်ရှိ ဆင်ဖြူရှင်မင်း တို့ရဲ့ ဖြစ်ရပ်က ဖော်ပြနေပြီလေ။

တကယ်ဆိုတော့ ဒွါရာဝတီပြည်ဟာ တောင်ချိုင့်တောင်ဝှမ်းပေါ တယ်။ ချောင်းကန်မြစ်များနဲ့ ပြည့်နေတယ်။ မြန်မာနိုင်ငံနဲ့တော့ တခြားစီပဲ။ သူတို့ဆီက ရေမြေတောတောင်အရပ်ရပ်ဟာ ပိုမိုပြီး ထူထပ်တယ်။ ဒီအတွက် ကြောင့်ပဲ ရောဂါဟာ ပိုပြီးထူထပ်တယ်။ ပြန့်နှံ့လွယ်တယ်။ ဒါပေမဲ့ မြန်မာတို့ ဟာ မမှုဘူး။ အရာရာကို ထိမထင်ဘူး။ ရဲစိတ်ရဲမာန် အပြည့်အဝရှိနေ တိုင် ကြတယ်။ စစ်မြေပြင်တစ်ခုလုံးဟာ ငရဲတမျှ ဆူပွက်နေတယ်။

နိုင်ငံနှစ်ခုမှ ရဲမက်တော်များရဲ့ အသွင်ဟာ ခက်ထန်နေတယ်။ သူတို့ အချင်းချင်းဟာ ဘယ်လိုမှ ရန်ညှိုးရန်စမရှိဘဲနဲ့ အလေအခြေ တိုက်နေကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မိမိတို့ရဲ့ဘုရင်မင်းတရားကြီးတွေ၊ ဘုန်းတန်ခိုးကြီးဖို့ စည်းစိမ်ခံစားနိုင်ဖို့ အတွက် မိမိတို့ရဲ့ အသက်သွေးများကို စတေးနေကြရတယ်။ အသက်နဲ့ ရင်းပြီး ဘုရင့်အတွက် သည်ပိုးကြရတယ်။

မြေပြင်မှာ ရဲမက်တော်အချို့ဟာ လဲကျနေတယ်။

တမ်းတခြင်း၊ ပူလောင်ခြင်းများ ပေါင်းစည်းထားတဲ့ အသံများနဲ့ နာကျည်းဖွယ်ရာ မည်တမ်းနေကြတယ်။ သေခါနီး လူတွေရဲ့ ခံစားမှုအတိုင်း ခံစားနေရရှာတယ်။ သွေးအလိမ်းလိမ်းကျနေတဲ့ သူတို့ရဲ့ ကိုယ်ခန္ဓာများဟာ တွန့်လိန်နေတယ်။ အဲဒီတုန်းက ဒွါရာဝတီတိုင်းပြည်ရဲ့ ချောင်းမြောင်းများဟာ လူ့သွေးများနဲ့ နီရဲနေတာပဲ။

သွေးချောင်းစီးတယ်ဆိုတာ ဒါမျိုးပဲ ထင်ပါရဲ့။

ရေရှည်တိုက်ပွဲမှာ ဒွါရာဝတီသားတို့ဟာ မခံနိုင်ကြဘူး။ မြန်မာတို့လောက် သတ္တိမရှိကြဘူး။ ရေခံမြေခံဖြစ်ပေမဲ့ စစ်ရေးမှာ မကြွယ်ဝကြဘူး။ ဒီတော့ သူတို့ဟာ တစ်တပ်ပြီး တစ်တပ်နောက်ဆုတ်နေကြရတယ်။ ဒီတုန်းက ယိုးဒယားသားတို့ဟာ အရှုံးနဲ့ချည်း ရင်ဆိုင်နေကြရတယ်။ အရင်တုန်းက မြန်မာတို့နဲ့ တိုက်ပွဲဆင်ခဲ့ကြတဲ့ အရှိန်ဟာလည်း ခုထိ မပြေသေးဘူး။

အဲဒီတိုက်ပွဲတွေတုန်းက မြန်မာရဲမက်တော်များရဲ့ သတ္တိအရှိန်ဟာ ဒွါရာဝတီပြည်သားများကို ဖိန့်ဖိန့်တုန်စေခဲ့တယ်။

ဒီပွဲမှာလည်း ဒွာရာဝတီပြည်သားတို့ဟာ အပြင်းဆုတ်ခွာပြေးကြတယ်။ ဒါကြောင့် မြန်မာရဲမက်များဟာ သီကုတ်မြို့ကို လေးဘက်လေးတန် ဝိုင်းရံထားတယ်။ မြို့တော်ကို လှေကားထောင်ပြီး တက်ကြတယ်။ အဲဒီ သီကုတ်မြို့တော်ကို အောင်တာနဲ့ မြို့စားနဲ့ ခေါင်းအကြီးပြုသူတို့ကို မဖောက်မပြန်ဝံ့အောင် သစ္စာတော်ရေတိုက်တယ်။

စစ်အောင်နိုင်သူတို့ရဲ့ ထုံးစံအတိုင်း သစ္စာတော်ပေးတာပေါ့။ ပြီးတာနဲ့ နိုင်ငံတော်ရဲ့ အကောင်းဆုံးပစ္စည်းများကို ဘဏ္ဍာတော်အဖြစ် သိမ်းပိုက် တယ်။ အဲဒီမြို့တော်မှာ မြန်မာရဲမက်အစောင့်အနေများ ချထားခဲ့တယ်။ ဒွါရာ ဝတီမင်းက အမတ်ကြီး ဘယာကူရတစ်ကို ဗိုလ်ချုပ်အဖြစ် ခန့်အပ်တယ်။ အမြောက်နှစ်ထောင်၊ ဆင်သုံးရာကျော်၊ ရဲမက် သုံးသောင်းကျော် ပေးအပ်တယ်။

အဲဒီတပ်မကြီးဟာ ဒွါရာဝတီဘုရင်မင်းတရားကြီးရဲ့ ကုန်းတပ်ပဲ။

အမတ်ကြီး ဖြခရုံကို ဦးစီးတဲ့ ရဲလှေသုံးရာကျော်၊ ကတ္တူသုံးရာကျော် သမ္ဗာန်သုံးရာကျော်၊ အမြောက်နှစ်ထောင်ကျော်၊ စစ်သည်သုံးသောင်းဟာ ရေကြောင်းက စောင့်ဆိုင်းနေတယ်။ ပန်ပသုတ်ရွာ အရှေ့မြောက်တာ တစ်ထောင်ကျော်ကွာက စောင့်နေခြင်းပဲ။

ဖင်းမယ်အတိုင်း စီးဆင်းလာတဲ့ မဲပိန်မြစ်ထဲက အသင့်စောင့်နေခြင်းပဲ ဖြစ်တယ်။ အဲဒီရေကြောင်းတိုက်ပွဲကလည်း ဒွါရာဝတီပြည်သားများအဖို့ အရှုံးနဲ့ ရင်ဆိုင်လိုက်ကြရတယ်။

သက္ကရာဇ် ၁၁၂၇ ခု၊ တော်သလင်းလဆန်း (၈) ရက်နေ့မှာ မြန်မာတပ်များဟာ လကွန်းမှ စတင်ချီတယ်။ အဲဒီတပ်မကြီးကို ဗိုလ်ချုပ် နေမျိုးသီဟပတေ့ ဦးစီးတယ်။ ဒီလိုချီရာမှာ စစ်ကဲကြီး တုရင်ရာမကျော်အား တပ်ပေါင်း ၂၀ ကို အအုပ်အချုပ်ခန့်တယ်။ အဲဒီတပ်မဟာ မဲပိန်မြစ်ကြောင်း တစ်လျှောက်မှာ ရေတပ်အနေနဲ့ ချီစေတယ်။

သီရိရာဇသင်္ကြံကိုတော့ တပ်ပေါင်း ၁၀ တပ်ကို အချုပ်ခန့်တယ်။

ရေ့ကြောင်းချီကြည်းကြောင်းတပ်အဖြစ် ချီစေတယ်။ တခြားတပ်ပေါင်း ၁၅ တပ်ကိုတော့ သတိုးမင်းထင်အား အချုပ်အအုပ် ခန့်အပ်တယ်။ အဲဒီတပ်တွေကိုတော့ နောက်လိုက်ကြည်းကြောင်းချီတပ်အဖြစ် လိုက်ပါစေတယ်။ ဗိုလ်ချုပ်နေမျိုးသီဟပတေ့ကိုယ်တိုင်မှုကား တပ်ပေါင်း ၁၃ တပ်နဲ့အတူ နောက်အုပ်တပ်အဖြစ် ခရီးစဉ်တိုင်း ချီတက်လေတယ်။

အဲဒီအယုဒ္ဓယချီစစ်ကြောင်းဟာ လမ်းခရီးမှာ ယိုးဒယားမြို့စား၊ မြို့ရွာများဖြစ်ကြတဲ့ ဘန်တက်မြို့၊ ရွာဟိုင်းမြို့၊ ကမန်ပိုက်မြို့၊ သုဝဏ္ဏလောက် (သုဝဏ် ခလောက်) မြို့၊ သောက္ကတဲမြို့၊ ပိဿလောက်မြို့၊ ရသမာမြို့၊ ပိတ်စိမြို့၊ ဗွာနီမြို့၊ ဘီစိပ်မြို့၊ လလင်းမြို့၊ ခွန်သံဝန်မြို့၊ အင်တောင်မြို့များကအပြင်းခုခံတယ်။

မြို့စီးမြို့ပြပေါ်မှာ ပြောင်းအမြောက်များကို တင်ကာ ခုခံကြတယ်။

အဲဒီမြို့တွေထဲမှာ ဘန်တက်မြို့၊ သုဝဏ်ခလောက်မြို့၊ ပိဿလောက်မြို့များက အပြင်းခုခံတယ်။ အတိုက်ဝံ့တယ်။ ထိုခုခံတိုက်သော မြို့များအားလုံး ကျတယ်။ ဒွါရာဝတီတပ်မကြီးဟာ တပ်ပျက်ပြီး အနောက်သို့ ဆုတ်ပြေး တယ်။ သားမရ သီးမရ မနိုင်မနင်း ဖြစ်ပြီး ပြေးလွှားကြရတာပဲ။

ဒီတိုက်ပွဲမှာ ဗိုလ်ချုပ်အမတ်ဖြခရုံနဲ့ ဆင်နှစ်ရာကျော်၊ အမြောက် ငါးရာကျော်၊ ရဲလှေသုံးရာကျော်၊ လူတစ်ထောင်ကျော်နဲ့ လက်ရမိလိုက်တယ်။ ဒွါရာဝတီရဲမက် အမြောက်အမြား ကျဆုံးတယ်။ ဗိုလ်ချုပ် နေမျိုးသီဟပတေ့နဲ့ ဗိုလ်မှူးတပ်မှူးတို့ဟာ မရပ်မဆိုင်း ချီတက်တော်မူတယ်။ ဒွါရာဝတီမြို့ အရှေ့ မြောက်တာလေးရာကျော်ကွာ ပန်ပသုတ်ရွာကို ၁၁၂၇ ခု၊ တပို့တွဲလဆန်း (၅) ရက်နေ့မှာ ဆိုက်ရောက်တယ်။

ပိဿလောက်ကို အောင်တာနဲ့ မြန်မာတပ်မကြီးဟာ စခန်းထို (၇) ရက်နားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ရှိသမျှ တပ်များအားလုံးကို စုပေါင်းလိုက်တယ်။ ဒီအချိန်မှာပဲ ယိုးဒယားဘုရင်ကေဒသရာဇာဟာ မြန်မာတို့ အယုဒ္ဓယကို မချဉ်းကပ်နိုင်အောင် စီမံနေရှာတယ်။ ရေကြောင်း၊ ကြည်းကြောင်းကို အင်အားဖြည့်ပြီး ချီစေတယ်။ အဲဒီပန်ပသုတ်ရွာ၊ အရှေ့မြောက် မဲပိန်မြစ်နားမှာ ဆီးဆို့ခဲ့စေတယ်။ ဒီအချိန်မှာ မြန်မာတို့ကလည်း မဲပိန်မြစ်ကို အလယ်ထားတယ်။

ပြီးတော့မှ လက်ဝဲဘက်မှာ ကမ်းပါးနှစ်ဖက်မှာ တပ်ကြီးတည်တော်မူတယ်။ စားရိက္ခာတော် အပြည့်အဝနဲ့ တပ်စွဲထားတယ်။ ပြီးခဲ့တဲ့ စစ်ပွဲတွေက သိမ်းယူရမိတဲ့ ဆင်နှစ်ရာကျော်၊ အမြောက် ၁၀၀၀ ကျော်များကို နေပြည်တော်ထံသို့ ပို့စေတယ်။

ဒီအချိန်မှာ ထားဝယ်ကြောင်း ချီတက်တဲ့ စစ်ကြောင်းဟာ ကန္နီရွာမှာ တပ်စွဲရပ်နေတယ်။

ဗိုလ်ချုပ်နေမျိုးသီဟပတေ့ရဲ့ ရေကြောင်း၊ ကြည်းကြောင်းဟာ ယိုးဒယားတပ်ကို အရကြိုးကုတ် တစ်ဟုန်ထိုး တိုက်တယ်။ နှစ်ဦးနှစ်ဘက် ပြင်းစွာတိုက်ခိုက်ကြတာပဲ။ နှစ်ဘက်စလုံး အကျအဆုံးများရှိကြတယ်။ ဟုတ်ပါတယ်။ စစ်ပွဲဆိုတာက သူ့အသက်၊ ကိုယ့်အသက်ကို လုကြတာပဲ၊ အသက်လုပွဲပေါ့။

ဒီတိုက်ပွဲမှာ ယိုးဒယားတို့ တပ်ပျက်တယ်။

မြန်မာတို့က ဆင် ၂၀၀ ကျော်၊ အမြောက် ၅၀၀ ကျော်၊ ရဲလှေအစင်း ၃၀၀ ကျော်၊ လူ ၁၀၀၀ ကျော်ရတယ်။ ယိုးဒယားရေကြောင်း ချီတပ်ဗိုလ်ချုပ်အမတ်ကြီး ဖြစ်ရဲကို သူစီးတဲ့ ရဲလှေနဲ့အတူ အရှင်ဖမ်းမိခြင်း ဖြစ်တယ်။ ဗိုလ်ချုပ် နေမျိုးသီဟပတေ့ရဲ့ တပ်တော်ဟာ သက္ကရာဇ် ၁၁၂၇ ခု၊ တပို့တွဲလဆန်း (၅) ရက်နေ့မှာ အယုဒ္ဓယ မြို့တော်အရှေ့မြောက်ဘက်တာ ၄၀၀ ကျော်အကွာ ပန်ပသုတ်ရွာတို့ ဆိုက်ရောက်တယ်။

ဗိုလ်ချုပ် မဟာနော်ရထာဟာ ကန္နီရွာက တပ်စခန်းအတိုင်း ချီလာတယ်။

ပြီးမှ ဘုရင့်နောင်တည်ထားခဲ့တဲ့ ဘုရားအား အနောက်မှာ တပ်စွဲပြီး ရပ်နေတယ်။ အဲဒီဘုရားက ဒွါရာဝတီမြို့ရဲ့ အနောက်မြောက် ယွန်းတာ ၅၀၀ ကွာမှာ ရှိတယ်။ ဇင်းမယ်ကြောင်း ချီတပ်နဲ့ ထားဝယ်ကြောင်း ချီတပ်တို့ဟာ ပေါင်းစည်းမိကြလေပြီ။ အဲဒီတုန်းက မြန်မာတို့ရဲ့ အောင်စည်အောင်မောင်းသံများဟာ ဟိန်းဟိန်းထနေလေရဲ့။ ဒီအချိန်မှာပဲ ဒွါရာဝတီထပ်များ တစ်တပ်ပြီး တစ်တပ် ဆုတ်ခွာပေးရကြောင်းကို ဒွါရာဝတီမင်းက ကြားသိတော်မူတယ်။ ဒါကြောင့် ကျုံးမြောင်းများကို ပြင်ဆင်တော်မူတယ်။ အမြောက်ကြီးငယ်များကို အထပ်ထပ် စီစဉ်ခင်းကျင်းတယ်။



လောက်လွှဲတုံး၊ မောင်းတံ၊ ရှူးချွန်သံ၊ မီးမောင်းမှစပြီး မြို့ခြေကျုံးနဖူးများမှာ ဆူးငြောင့်ခလုတ်၊ ကတုတ်ရင်တား အပြည့်စိုက်ထားတယ်။ ရဲမက်တော်အင်အားလည်း ထပ်မံဖြည့်ဆည်းထားတယ်။ ရိက္ခာအပြည့်အဝလည်း သွင်းထားတယ်။ အားလုံးကို ကြံ့ကြံ့ခိုင်နေတော်မူတယ်။

အဲဒီတုန်းက ဒွါရာဝတီမြို့တော်က အယုဇ္ဈပူရဘောမဲ့ အရပ်နဲ့တူတယ်။ တစ်ထီးတစ်နန်းနဲ့ သန့်သန့်သီးသန့်လေးပဲ။ သူတို့က မြို့အပြင် ဘက်ထွက်ပြီး တိုက်ဖို့ မလိုဘူး။ မိုးကျလာတော့မယ်လေ။ မိုးရွာလာတာနဲ့ မြို့တော်ရဲ့ လေးမျက်နှာလုံးဟာ ရေတွေပြည့်လွှမ်းလာမယ်။ ဒီလို ရေပြည့်လာ မှဖြင့် ဘယ်ရန်သူမျိုးကမှ မချေဖျက်နိုင်ဘူး။

ရွှေမြို့တော်ရဲ့ မြို့ရိုးအရင်းအထိ ဘယ်ရန်သူကမှ မလာနိုင်ဘူးပေါ့။

ဒါကတော့ ဒွါရာဝတီမင်းတရားကြီးက အထင်တော်ရှိတာပဲ။ ဘာကယ်ပြောရရင် ဒီတုန်းက ဒွါရာဝတီမင်းအဖို့ သူ့ကိုယ်သူ အထင်ကြီးနေလေရဲ့။ ခုဆိုရင် မြန်မာတို့နဲ့ ရင်ဆိုင်တိုက်ရတဲ့ တိုက်ပွဲမှန်သမျှဟာ စစ်ရှုံးနေခဲ့ရတာကိုလည်း သူမေ့နေတာလည်း ဖြစ်နိုင်တယ်။ ငါ့ရဲ့ အင်အားကြီးတဲ့ တပ်တော်ကို ဒီတစ်နယ်သားတွေ မခံနိုင်ဘူး ထင်နေဟန်ရှိရဲ့။

ပြီးတော့လည်း ရှိသေးတယ်။

ဟိုတစ်ချိန်လောက်ဆီက မြန်မာတို့က လာရောက်တိုက်ခိုက်တာ မှန်တယ်။ ဒါပေမဲ့ အလိုတော် မပြည့်ခင်မှာပဲ သင်းတို့ဟာ ပြန်လည် ဆုတ်ခွာပြေးကြတာပဲ။ ခုလည်း ဘယ်လို စစ်မက်အင်အားကြီးပါစေ၊ အချိန်တန်ရင် သင်းတို့လည်း ပြန်ပြေးကြမှာပဲလို့ ထင်နေဟန်ရှိတယ်။

ခုဆိုရင် ဒွါရာဝတီမြို့တော်ရဲ့ အရှေ့မျက်နှာမှာ နေမျိုးသီဟပတေ့တို့တပ်ဟာ စွဲရစ်နေပြီ။

ဒီတော့ အဲဒီလို မခံ့မညား လာရောက်ထိပါးနေတဲ့ မြန်မာတပ်ကို တိုက်ထုတ်ပစ်ရမယ်လို့ အမိန့်တော်ရှိလိုက်တယ်။ အမတ်ကြီး ဘယားကူးရတစ်ကို ဗိုလ်ချုပ်ခန့်ပြီး လွှတ်လိုက်တာပဲ။ ရဲမက်တော်ငါးသောင်း၊ ဆင်ငါးရာသွည်းရထားမှာ တင်ပြီး ပစ်ရတဲ့ အမြောက်တစ်ထောင်ပါရှိတယ်။ ဒွါရာဝတီသားတွေဟာ အိုးစည်ဗုံမောင်းတီးခတ်ဟယ်။ အောင်တံခွန် လွှင့်တယ်။

ပြီးမှ ရွှေမြို့တော်အတွင်းက ထွက်လာတယ်။ ဇင်းမယ်ကြောင်းချီလာတဲ့ ဗိုလ်ချုပ်နေမျိုးသီဟပတေ့ တပ်ကို တိုက်တယ်။ အဲဒီ အယုဒ္ဓယမြို့အောင်တိုက်ပွဲဟာ မော်ကွန်းတင်ထိုက်တဲ့ စစ်ပွဲဖြစ်တယ်။ နှစ်ဦးနှစ်ဖက်စလုံး သွေးနဲ့ ချွေးနဲ့ ရင်းပြီးတိုက်ရတဲ့ အသက်လုပွဲ ဖြစ်တယ်။

မြန်မာတို့ရဲ့ မဖြစ်မနေဆိုတဲ့ ဖွဲ့လုံ့လကို ဒီတိုက်ပွဲမှာ အထင်အရှား

www.burmeseclassic.com

www.burmeseclassic.com



ခြင်ရတယ်။ ဒီစစ်ပွဲဟာ အယုဒ္ဓယမြို့တော်ရဲ့ အရှေ့ဘက်မှာ ဖြစ်ပွားခဲ့တာပဲ၊ တိုက်ဆင် ၅၀၀၊ လှည်းရထားတင်အမြောက် ၁၀၀၀၊ စစ်သည် ၅၀၀၀ ဖြင့် ဗိုလ်ချုပ်နေမျိုးသီဟပတေ့ တပ်ကို တိုက်စေတာပဲ။ အဲဒီစစ်ပွဲမှာ ယိုးဒယား ဗိုလ်ချုပ်ဟာလည်း အမတ်ကြီးဘယားကူရတစ်ပဲ ဖြစ်တယ်။

အဲဒီစစ်ပွဲမှာ မြန်မာတို့ဘက်က တပ်ပေါင်း ၅ တပ်၊ တိုက်ဆင် ၁၀၀၊ မြင်း ၁၀၀၀၊ စစ်သည် ၁၀၀၀၀ ဖြင့် ခံတိုက်တယ်။ မြန်မာတို့ပဲ အောင်တယ်။ တိုက်ဆင် ၁၀၀ ကျော်။ အမြောက် ၅၀၀ ကျော်၊ လူ ၁၀၀၀ ကျော် အရှင်ရတယ်။

ရွှေမြို့တော်အတွင်းကို အရေးနိမ့်စွာနဲ့ ပြန်လည်ဝင်ပြေးလာတဲ့ ရဲမက်တော်များကို ဒွါရာဝတီမင်းက အပြစ်တော်မယူဘူး။ အဲဒီလို အပြစ်မယူရုံမကပဲ အချစ်တော်ဝင်ဟန်ဆောင်ပြီး ရဲမက်တော်တို့ကို ဆုလာဘ်များစွာ ပေးတယ်။ စကားအရာနဲ့လည်း နှစ်သိမ့်တော်မူတယ်။

ဒီတစ်ခါတော့ ရွှေမြို့တော်ရဲ့ အနောက်မျက်နှာမှာ စွဲရပ်နေတဲ့ ထားဝယ် ကြောင်းကို တိုက်ခိုက်ရမယ်လို့ အမိန့်တော်ရှိလိုက်တယ်။ အဲဒီတပ်ကို ဒွါရာဝတီ မင်းတရားက အမတ်ကြီး ဖြသဲနဲ့ ဘယားတက်ကို အချုပ်ခန့်တော်မူတယ်။

ဒွါရာဝတီ ရဲမက်တော်များဟာ နဲ့ခရော ဗုံမောင်းတီးခတ်တယ်။

အားကြိုးမာန်တက် အကြောက်အရွံ့မရှိဘဲ ချီတက်တော်မူတယ်။ ယိုးဒယားတို့ဟာ စစ်ကြောင်းကို နှစ်ကြောင်းခွဲပြီး ချီတက်ခြင်းဖြစ်တယ်။ အဲဒီလို ယိုးဒယားသားတို့ စစ်ကြောင်းနှစ်ကြောင်းချီပြီး တက်လာတာကို မြန်မာတို့က သိတယ်။ မြန်မာတို့က စစ်ကြောင်းနှစ်ကြောင်းနဲ့ပဲ ဆီးဆို့ ပိတ်ထားတယ်။ ဘုရင့်နောင်မင်း တည်ထားခဲ့တဲ့ ဘုရားကြီးကို အလယ်မှာထားတယ်။ လက်ဝဲ လက်ယာ စစ်မျက်နှာဖြစ်တော်မူတယ်။ အဲဒီတိုက်ပွဲဟာ အတော်လေး ပြင်းထန် တယ်။

ဒွါရာဝတီပြည်သားတွေရဲ့ လက်ကုန်တိုက်တဲ့ စစ်ပွဲပဲ။

ဒီစစ်ပွဲဟာ ယိုဒယားတို့ဘက်က ရှုံးနိမ့်ပြီး (၅) ရက်အကြာမှာ ထပ်မံ ဖြစ်ပွားတာပဲ။

အဲဒီဒုတိယစစ်ပွဲဟာ အယုဒ္ဓယမြို့တော်ရဲ့ အနောက်ဘက်မှာ ဖြစ်ခဲ့ ကာပဲ။ ယိုးဒယားတပ်များကို အမတ်ကြီးဖြသံကို အုပ်ချုပ်စေတယ်။ တိုက်ဆင် ၄၀၀၊ လှည်းရထားတင်အမြောက် ၁၀၀၀၊ လက်ရွေးစင်စစ်သည် ၅၀၀၀၀ နဲ့ စစ်ကြောင်း ချီစေတယ်။

အမတ်ကြီးဘယားတက်ကို ဗိုလ်ချုပ်ခန့်ပြီး တိုက်ဆင် ၄၀၀၊ လှည်း ရထားတင်အမြောက် ၁၀၀၀၊ လက်ရွေးစင်စစ်သည် ၅၀၀၀၀ နဲ့ စစ်ကြောင်း တစ်ကြောင်း ချီစေတယ်။ နှစ်ရပ်ပေါင်းရင် တိုက်ဆင် ၈၀၀၊ အမြောက် ၂၀၀၀



လက်ရွေးစင်စစ်သည် ၁၀၀၀၀၀ ပါဝင်တယ်။

ဒီတုန်းက ယိုးဒယားတို့ဟာ ရှိသမျှ အင်အားကို သွန်ပြီး တစ်ခဲနက် ဆင်နွှဲခြင်းဖြစ်တယ်။

ဒွါရာဝတီပြည်သားတွေဟာ အမြောက်တစ်ထောင်ကျော်နဲ့ အဆက် မပြတ် ပစ်တယ်။ အမတ်ကြီးဖြသဲဟာ တိုက်ဆင်လေးထောင်ကျော်နဲ့ တစ်ဟုန် ထိုး ဝင်ပြီးနင်းတယ်။ အဲဒီတိုက်ပွဲမှာတော့ ယိုးဒယားတို့ဘက်မှ တိုက်ဆင် တွေ များတယ်။ အဲဒီတိုက်ဆင်တွေကိုပဲ ရှေ့တန်းတင်ပြီးတိုက်တယ်။

အဲဒီတိုက်ဆင်တွေကို ရေခမိုး၊ မှန်အိုး၊ နားတွင်း၊ ရင်ဝတို့မှာ သံပြား သံချပ်ကာတယ်။

ဦးစီးနောက်ပုံ့ ကုံးလယ်ရဲကတွင်း အမြောက်တင်တယ်။ ယိုးဒယား သားတွေရဲ့ လက်ရွေးစင်တပ်မင်းပဲ ဖြစ်တယ်။ အဲဒီ စီမံချက်ကလည်း အထူး ပြုလုပ်အော်မူတာပဲ။ ဗိုလ်ချုပ်မဟာနော်ရထာဟာ စစ်နှစ်ကြောင်းနဲ့ပဲ တိုက် ရက်တာပဲ။

❏

www.burmeseclassic.com

www.burmeseclassic.com



(ယ)

ပထမစစ်ကြောင်းမှာ တိုက်ဆင် ၁၀၀၊ မြင်း ၅၀၀၊ စစ်သည် ၂၀၀၀၀ ပါဝင်တယ်။

ဒုတိယစစ်ကြောင်းမှာတော့ တိုက်ဆင် ၁၀၀၊ မြင်း ၅၀၀၊ စစ်သည် ၂၀၀၀၀ ပါဝင်တယ်။ ဒီတုန်းက သဖန်းပုံမြို့စားဟာ မြန်မာတို့ဘက်က ကူပြီး တိုက်ပေးနေတယ်။ ယိုးဒယားတို့ဟာ အမြောက်များကို မိုးရွာသလိုပဲ ပစ်ခတ်နေတယ်။ မနားတမ်း ပစ်နေတာပဲ။ အပြင်းလည်း ချီတက်လာတယ်။

အဲဒီလို ချီလာတဲ့ အမတ်ကြီးဖြသံကို မြန်မာတို့ရဲ့ သစ္စာခံထားတဲ့ ယိုးဒယားသဖန်းပုံမြို့စား ကဆင်နဲ့ဆီးပြီးခံတယ်။ ဒါကို ဒွါရာဝတီအမတ်ကြီး ဖြသံဟာ မြင်တယ်။ မြင်မြင်ချင်းပဲ ဒေါသရဲ့ အမြင့်ဆုံးကို ရောက်သွားတယ်။ သူ့ဆင်ကို သဖန်းပုံမြို့စား ဆင်ဆီကို လှည့်လိုက်တယ်။

ဟုတ်တယ်လေ။ ဒွါရာဝတီမင်းတရားရဲ့ သစ္စာတော်ခံတစ်ယောက်ဟာ ဖောက်ပြန်တယ်။

ပြီးတော့ မြန်မာမင်းတရားကြီး လက်အောက်ရောက်သွားတာကို လည်း သူမကြိုက်ဘူး။ မနှစ်သက်ဘူး။ ဒါဟာ သစ္စာဖောက်တာပဲပေါ့လေ။ ဒါကြောင့်ပဲ ဒေါသနဲ့ သဖန်းပုံမြို့စားရှိရာကို ဆင်နဲ့ အပြင်းနှင်းတယ်။ သဖန်း ပုံမြို့စားကလည်း ဆင်နဲ့ အပြင်းခံတယ်။

ဒီအချိန်မှာ ဒွါရာဝတီရဲမက်တော်များဟာ သဖန်ပုံမြို့စားကိုပဲ အတင်းဖိပြီး တိုက်ကြတယ်။

သဖန်းပုံမြို့စားဟာ တစ်ယောက်နဲ့အများ တိုက်နေရရှာတယ်။ ဖြသံနဲ့ သဖန်းပုံဆင်တို့ဟာ အစွယ်ချင်းယှက်မိကြတယ်။ အဲဒီတုန်းမှာပဲ ယိုး ဒယားသားတို့ ပစ်လွှတ်လိုက်တဲ့ ပြောင်းသေနတ်ဟာ သဖန်းပုံမြို့စားကို ထိ သွားခဲ့တယ်။ နောက်ဆုံးမှာတော့ သဖန်းပုံမြို့စားဟာ ကျဆုံးရရှာတယ်။

ယိုးဒယားမြို့စားဖြစ်တယ်။ ဒါပေမဲ့ မြန်မာတို့ရဲ့ သစ္စာတော်ခံယူပြီး မြန်မာတို့ဘက်က တိုက်နိုက်ခဲ့တာက သူရဲကောင်းပီသလှတယ်။ အသက်သေ တဲ့အထိ မြန်မာတို့ရဲ့ သစ္စာတော်ကို ခံယူခဲ့တဲ့ ယိုးဒယားသား တစ်ဦးပဲလေ။

သဖန်းပုံမြို့စားဟာ ဆင်ဦးကင်းမှာပဲ ကျဆုံးသွားတယ်။

ဒါကို မြင်လိုက်တဲ့ အမတ်ကြီးဖြသံဟာ အားတက်လာတယ်။ တစ်ဟုန်ထိုး တိုးတိုက်တယ်။ မြန်မာတို့ရဲ့ မြင်း ၅၀၀ ပါတဲ့တပ်ကို ဆင်တပ်နဲ့ အတင်းဖိနင်းတယ်။ မြန်မာတို့ရဲ့ မြင်းတပ်ရွှေ့တယ်။ မြန်မာစစ်သည်များ ကစဉ့်ကလျား ဖြစ်တယ်။ ဒီအခါမှာ ဗိုလ်ချုပ်မဟာနော်ရထာဟာ ရဲမက်တော်



များကို ပြန်လည်စုရုံးတော်မူတယ်။ ဒီအခါမှာ မြန်မာတို့ရဲ့ ပထမစစ်ကြောင်းမှာ ပါရှိတဲ့ ရဲမက်တော် ၂၀၀၀၀ ဟာ တပ်ပျက်လို ဖြစ်နေတယ်။

ဒီအခါမှာ ဗိုလ်ချုပ်မဟာနော်ရထာဟာ တိုက်ဆင် ၁၀၀ ရှေ့ထား တယ်။ လက်ဝဲလက်ယာဆင်ကူ ၅၀၀၊ ဆင်ခြေဖုံး သေနတ် ၃၀၀၀ နဲ့ ရှေ့ကို တက်လာတယ်။ သည်စစ်ပွဲမှာ ဗိုလ်ချုပ်ကိုယ်တိုင်တက်လာတာပဲ။ ဒုတိ စစ်ကြောင်းက နေမျိုး ဂုဏ္ဏရတ်ဦးဆောင်တယ်။ တပ်ပေါင်းစု ရဲမက် ၂၀၀၀၀ ပါရှိတယ်။ ဒီလို ဗိုလ်ချုပ်ကိုယ်တိုင်တတ်လာတာကို ဒုတိယစစ်ကြောင်းက မြင်တယ်။

ဒါကြောင့် စိတ်အားတွေ တက်လာတယ်။ ဒါနဲ့ပဲ ဘုရင့်နောင်မင်း တရားတည်ခဲ့တဲ့ ဘုရားစေတီရဲ့ အရှေ့ဘက်ကနေပြီး လှည့်လိုက်တယ်။ ယိုး ဒယားတပ်ရဲ့ အနောက်ဘက်ကပေါ့။ ဒီတုန်းက မြန်မာတို့ဟာ စစ်ရေဝနေသူများ ဖြစ်တယ်။ ဒါကြောင့် ဒီပွဲမှာ မြန်မာတို့က အသားစားဘီလူးကဲ့သို့ အတင်းဝင် ရောက်တိုက်တာပဲ ဖြစ်တယ်။

တကယ်တော့ ဒါဟာ မြန်မာတို့ရဲ့ စစ်ဆင်ရေး၊ စစ်ပရိယာယ်တစ်ခု ဆင်လိုက်တာပဲ။

အဲဒီတိုက်ပွဲမှာတော့ ဒွါရာဝတီရဲမက်တော် အများအပြားဟာ ကျဆုံး တယ်။ ဒွါရာဝတီပြည်သားတွေ အများဟာ ဝါးအစည်းပြေသကဲ့သို့ ဖြစ်သွား ကြတယ်။ ခြေဦးတည့်ရာ ထွက်ပြေးကြတာပဲလေ။ အဲဒီတိုက်ပွဲရဲ့ ရှုခင်းဟာ အလွန်ပဲ လှပလှတယ်။

တပ်ပျက်မလို ဖြစ်နေတဲ့ မင်းကြီး ဇေယျသူရဲ့ တပ်ပေါင်း ၂၀ လည်း ပြန်ပြီး စုရုံးတယ်။ ရှေ့ဘက်မှ အတင်းဖိတိုက်တယ်။ ဒီတွင် ယိုးဒယားသားတို့ နှစ်ဘက်ညှပ်ပြီး အတိုက်ခံရတာပဲ။ ဒါနဲ့ပဲ ယိုးဒယားတပ်များက စစ်နှစ်ဘက် ညှပ်ခံရတယ်။ သင်းတို့ရဲ့တပ်ကြီးဟာလည်း ထောင်းထောင်းပျက်ပြီး ထွက်ပြေးကြရတာပဲ ဖြစ်တယ်။

အဲဒီတိုက်ပွဲမှာ မြန်မာတို့က တိုက်ဆင် ၂၀၀ ကျော်၊ လူ ၂၀၀၀ ကျော် ရလိုက်တယ်။ စစ်ပွဲအပြီးမှာတော့ ဗိုလ်ချုပ်မဟာနော်ရထာက သဖန်းပုံ မြို့စားတို့ များစွာ ချီးကျူးတော်မူတယ်။ စစ်ရေးလစ်ဟင်းတဲ့ မင်းကြီးဇေယျသူ နဲ့ ဗိုလ်မှူး ၅ ဦးကို ကွပ်မျက်ရန်ပြုတယ်။

ဒါကို လက်ဝဲစစ်ကဲ နေမျိုးဂုဏ္ဏရတ်၊ ဗိုလ်မှူးစတုဂါမဏိတို့က သျှောက် ထားတောင်းပန်တယ်။ အတန်တန် လျှောက်ပါမှ အသက်ကို ချမ်းသာခွင့်ပေး တော်မူတယ်။ ဟုတ်တယ်လေ၊ စစ်ပွဲမှာ စစ်ရေးလစ်ဟင်းရင်တော့ အသက်သေဖြစ် ကွက်မျက်ခံရမြဲပဲ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ရှုံးသွားပြီဖြစ်တဲ့ ဒွါရာဝတီအမတ်ကြီးနှစ်ဦးဟာ စုရုံးမိသမျှ ရဲမက်ဆင်မြင်းများနဲ့အတူ ရွှေမြို့တော်အတွင်းကို ပြေးဝင်သွားကြကယ်။ ယိုးဒယားသားတို့ဟာ စစ်ရှုံးပြီးနောက် မြို့တော်ထဲက မထွက်ရဲကြတော့ဘူး။

ဒါပေမဲ့ မြို့စီးပြစီးနဲ့ ကျုံးရင်တားတွေကို ပြင်ဆင်ကြတယ်။

မြို့စီးပြစီးတင်တယ်။ အမြောက်ကြီး၊ မြတံပူများကို အထပ်ထပ်စီစဉ်ခင်းကျင်းတယ်။ လောက်လွှဲတုံး၊ မင်း၊ သံဆူး၊ သံချွန်၊ မီးမောင်းများကိုလည်း ပြင်တယ်။ မြို့ခြေကျုံးနဖူးမှာလည်း ဆူးငြောင့်ခလုတ်၊ ကတုတ်ရင်တားများ စိုက်ထားကြတယ်။

မြန်မာတို့ဟာ ဒွါရာဝတီပြည်ကို ဝိုင်းရံထားတာ တစ်နှစ်ကျော်ခဲ့ပြီဖြစ်တယ်။ မြန်မာတို့ဟာ အယုဒ္ဓယမြို့တော်ကို အထပ်ထပ် ဝန်းရံထားတာဖြစ်တယ်။ ထားဝယ်ကြောင်းကို ချီခဲ့တဲ့ ဗိုလ်ချုပ်မဟာနော်ရထာဟာ အနောက်ဘက်မျက်နှာမှာ နေတယ်။ နေမျိုး ဂုဏ္ဏရတ် နဲ့ ၇ တပ်၊ မင်းကြီး ဂါမဏိစန္ဒနဲ့ ၇ တပ်၊ မင်းကြီးဖေယျသူနဲ့ ၇ တပ်၊ တပ်ပေါင်း ၂၁ တပ်ကို ဖွဲ့ရပ်နေစေတယ်။ အဲဒီလိုပဲ ဗိုလ်ချုပ်နေမျိုးသီဟပတေ့ ဗာပ်တော်ကလည်း မြို့တော်ရဲ့ အရှေ့ဘက်မှာ ဖွဲ့ရပ်နေတယ်။

ဆပ်ပြာကုန်းဗိုလ်နဲ့ ၅ တပ်၊ တုရင်သာရကျော်နဲ့ ၅ တပ်၊ သစ်ဆိမ့်ဗိုလ်နဲ့ ၅ တပ်၊ သာပန်စာနဲ့ ၆ တပ်၊ ပေါင်း ၂၁ တပ်ကို ဖွဲ့ရပ်စေတယ်။ မြို့တော်ရဲ့ မြောက်မျက်နှာမှာ စစ်ကဲကြီး တုရင်ရာမကျော်နဲ့ ၇ တပ်၊ ကျော်ခေါင်ကျော်သူနဲ့ ၇ တပ်၊ သတိုးမင်းထင်နဲ့ ၇ တပ်၊ ပေါင်း ၂၁ တပ်ကို ဖွဲ့ရပ်နေစေတယ်။

အဲဒီတုန်းက မြန်မာတပ်မကြီးဟာ တပ်ပေါင်း ၈၈ တပ် ရှိတယ်။

မြန်မာတို့က အယုဒ္ဓယမြို့ကို 'ခြံလှောင်နွား'ကဲ့သို့ ဖြစ်အောင်ပြုထားတယ်။ ဝန်းရံလုပ်ကြံသော်လည်း မအောင်မြင်ဘူး။ ဒီတုန်းက အယုဒ္ဓယမြို့ဟာ ကျုံးလည်းကျယ်တယ်။ နက်တယ်။ မြို့ရိုးဟာ မြင့်တယ်။ ခိုင်ခံ့တယ်။ မြစ်ကို ကူးပြီး လုပ်ကြံရတာဖြစ်တယ်။ ပြီးတော့လည်း မြို့ပေါ်က ပြောင်းအမြောက်က ထုထပ်တယ်။

မိုးတွင်း နီးကပ်နေပြီဖြစ်တယ်။

ရွှေမြို့တော် ဝန်းကျင်တစ်ခုလုံးဟာ မြစ်ရေများ ဝန်းရံနေတယ်။ တဖြည်းဖြည်းနဲ့ မိုးကျလာပြီ။ အယုဒ္ဓယမြို့တော် ပတ်လည်ဟာ ပင်လယ်နဲ့ တစ်စပ်တည်း ဖြစ်နေတယ်။ မကြာခင်မှာ ရေပြင်ဟာ တစ်ပြင်တည်းပဲ ဖြစ်လာချေတော့မယ်။ အရင်တုန်းကဆိုရင် မိုးဦးကျလာတာနဲ့ မြန်မာတပ်တွေဟာ ပြန်ကြတယ်။ မိုးစဲ၊ မိုးလင်းမှ ပြန်လာကြတယ်။

အခုရောက်နေတဲ့ မြန်မာတပ်ကတော့ ဒီလို မဟုတ်ဘူး။



မြန်မာတို့က ရေကြီးလာတာနဲ့ ဆင်မြင်းဟူသမျှကို တပ်မှူးတစ်ဆုပ်ခန့်တယ်။ ရေလွတ်ရာကုန်းများဆီ တင်တယ်။ ရေအလွန်ကြီးလာရင်တော့ အုတ်စီတယ်။ မြေဖို့တယ်။ ပြီးတော့ ရဲလှေ အများအပြား ဆောက်လုပ်တယ်။ အယုဒ္ဓယမြို့ကိုတော့ ဝန်းရံမြဲဝန်းရံထားတယ်။ ဆင်များ မြင်းများကိုတော့ မြေမြင့်ရာအရပ်ကို ပို့ထားစေတယ်။

ပြီးတော့လည်း လှေသမ္ဗန်များကို ရာပေါင်းများစွာ ဆောက်လုပ်တယ်။

ဒီနောက် မြေအမြင့်မှန်သမျှမှာ ခံတပ်များကို ဆောက်လုပ်စေတယ်။ တပ်မတော်များ ရပ်နေတဲ့ နေရာတိုင်းမှာ အုတ်စီမြေဖို့ထားတယ်။ ရေတွေပြည့်နေတဲ့ ရွှေမြို့တော်ရဲ့ အနီးတစ်ဝိုက်မှာတော့ ရွက်လှေဖောင်တော်များနဲ့ နေကြရတယ်။ မိုးကျလာတာနဲ့ ရေပြင်အလယ်မှာ ပေါ်နေတဲ့ ကျွန်းစုငယ်များကဲ့သို့ ရှိနေတယ်။ ဒီလို ရေလယ်ကျွန်းခံတပ်များ၊ လှေသမ္ဗန်များနဲ့ အယုဒ္ဓယမြို့တော်ကို အထီးအကျန်အဖြစ်သို့ ရောက်အောင် ဝန်းရံထားကြတယ်။

ဒီအချိန်မှာ ဒွါရာဝတီရွှေနန်းတော်အတွင်းမှာလည်း ရုတ်ရုတ်သဲသဲဖြစ်နေတယ်။

အကြောင်းကရှိပါတယ်။ ရွှေမြို့တော်ပတ်လည်မှာ ဝန်းရံထားတဲ့ မြန်မာတို့ကို ထွက်တိုက်သင့် မတိုက်သင့်ဆိုတာပဲ။ တကယ်တော့ ဒွါရာဝတီမင်းတရားကြီးရဲ့ အမတ်ကြီး ဖြသံဟာ မင်းတရားကြီးရဲ့ ကျေးဇူးတော်ကို သိသူဖြစ်တယ်။ အခုလို မြန်မာတို့ ဝန်းရံထားတာကို ခုလို မနေသင့်ဘူး။

ထွက်တိုက်ရမှာပဲ။

ခုချိန်မှာဆိုရင် ဘုရင်မင်းနဲ့တကွ၊ မြို့တွင်းသားတို့ဟာ အကျဉ်းအကျပ် ကျနေပြီလေ။ ခုချိန်မှာ ဘယ်သူမှ ထွက်မတိုက်ရဲရင် ဘုရင်မင်းတရားကြီးရဲ့ ကျေးဇူးသစ္စာကို စောင့်သိတဲ့ ကျေးကျွန်တစ်ယောက်အနေနဲ့ ကျွန်တော်မျိုး ထွက်တိုက်ပါ့မယ်လို့ လျှောက်ထားတယ်။ အောင်ပွဲမရမချင်း ပြန်မလာတော့ပါလို့လည်း ထပ်မံလျှောက်ထားတယ်။ တကယ်တော့ အမတ်ကြီးဖြသံဟာ သူ့ဘုရင်မင်းတရားကြီးရဲ့ ကျေးဇူးတော်ကို ဆပ်ခြင်းဖြစ်တယ်။

ဒီလိုလျှောက်ထားခြင်းကို ယိုးဒယားမင်းက သဘောကျတော်မူတယ်။

အမတ်ကြီးလိုချင်တဲ့ ရဲလှေသမ္ဗန်များနဲ့ ရဲမက်တော်၊ လက်နက်ကိရိယာများကို ပေးအပ်တယ်။ ဖြသံဟာ ရဲမက် ၅၀၀ တင်နိုင်တဲ့ ရဲလှေကြီး ၂၀၀၀၊ သမ္ဗန် ၅၀၀၊ စစ်သည် ၅၀၀၀၊ စိန်ပြောင်းအမြောက်များကို စီရင်ခင်းကျင်းထားတယ်။ ဖြစ်ချင်တာဖြစ်ဆိုပြီး အရဲအားကိုးနဲ့ ထွက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အယုဒ္ဓယမြို့တော်မြို့ရိုးပေါ်မှ စိန်ပြောင်းအမြောက်များကလည်း ကူ ပစ်ပေးတယ်။

အဲဒီအမတ်ကြီး ဖြသံရဲ့တပ်ကို ဗိုလ်ချုပ်မဟာနော်ရထာက တိုက် လှေ ၇၀၀၊ သူရဲ ၃၅၀၀၀ နဲ့ မဆုတ်မနစ်ဝင်တိုက်တယ်။ ဖြသံဟာ မဟာနော် ရထာတပ်ကို အတင်းဝင်တိုက်တယ်။ မဆုတ်မနစ်တိုက်တာပဲ။ ဖြသံရဲ့တပ်ဟာ မြန်မာတို့ရဲ့ ခုခံမှုကို မခံနိုင်ဘူး။ စစ်ရေးပရိယာယ် ကြွယ်ဝလှတဲ့ မြန်မာ ရဲမက်တော်များရဲ့ လက်ချက်ကို မခံနိုင်ကြဘူး။

ယိုးဒယားသားတို့ဟာ တားမရ ဆီးမရနဲ့လည်း ပြေးကြရတယ်။

နဂိုကတည်းက စိတ်ဓာတ်ကျဆင်းနေခဲ့တဲ့ ဒွါရာဝတီရဲမက်တော်များ ဟာ လုချင်းတောင် မယှဉ်ရဲကြတော့ဘူး။ တစ်ချိန်တည်းမှာပဲ အမတ်ကြီးဖြသံ လှေတော်ဟာ မြန်မာတပ်တော်ထဲမှာ ကျွံနေလေပြီ။ သူတို့အရေးနိမ့်နေပြီဆိုတာ လည်း သိနေပြီ။

အဲဒီဖြသံလှေကို မြန်မာတပ်လှေအစင်း ၂၀ ဝန်းရံထားတယ်။

အတင်းတက်ရောက် ထိုးခုတ်ကြတယ်။ လှေစီးရဲမက်အားလုံးလိုလို သေဆုံးကြရတယ်။ ဖြသံနောက်မှာ ဒွါရာဝတီရဲမက်တော် အနည်းငယ်ပဲ ရှိ တော့တယ်။ ဒါပေမဲ့ ဖြသံဟာ လက်မလျှော့သေးဘူး။ စိတ်ဓာတ်လည်း မကျ ဘူး။ မကြောက်ရွံ့ဘူး။ နောက်ကိုလည်း မဆုတ်တော့ဘူး။

သူ့ရဲ့လှေကိုသာ ရှေ့အတင်းတိုးစေတယ်။

မြန်မာတို့နဲ့ လှေချင်းယှဉ်ကာ အတင်းတိုက်တယ်။ မြန်မာရဲမက် တော်တွေဟာ လှေများကြားထဲမှာ တစ်စင်းတည်း ရောက်နေတဲ့ အမတ်ကြီး ဖြသံကို ဝိုင်းကြည့်နေကြတယ်။ မြန်မာတို့က သူ့ကို ဓားနဲ့လည်း မခုတ်ဘူး။ လှံနဲ့လည်း မပစ်ဘူး။ ဓားမှသာ ဝိုင်းထားတယ်။

ပြီးတော့ ရယ်သံပေးကြတယ်။

ဟစ်အော်ကြတယ်။ ခြောက်လှန့်နေကြတယ်။ အမတ်ကြီးဖြသံဟာ သူ့လက်နှစ်ဖက်ထဲမှာ ဓားလွတ်တစ်ချောင်းစီ ကိုင်ထားတယ်။ အသင့်အနေ အထားမှာ ရပ်နေတယ်။ ဒါကို မြန်မာ အမြောက်မှူးဖြစ်တဲ့ ငစံထွန်းက အသာ ကြည့်နေတယ်။ အမတ်ကြီး ဖြသံရဲ့ လှေတော်အနီးသို့ နီးသထက်နီး ချဉ်းကပ် လာနေတယ်။ ဖြသံက မရိပ်မိဘူး။

အနားမှာ ထိုင်နေတဲ့ မြန်မာလှေတွေကို ဓားနဲ့ ဝှေ့ယမ်းနေတယ်။ ပြီးတော့လည်း သူ့ကို ဝိုင်းမတိုက်ဘဲ၊ တဟားဟားနဲ့ ရယ်မောနေတာကို ကြောင်ကြည့်နေမိတယ်။ ဒီစစ်ပွဲမှာ မတိုက်ခိုက်ဘဲ မိမိကို ဝိုင်းရယ်နေကြတဲ့ မြန်မာစစ်သည်တွေဟာ ရူးသွားကြပြီလားပေါ့။



မြန်မာအမြောက်မှူး ငစံထွန်းရဲ့လှေဟာ ဖြသံရဲ့ လှေတော်နားချဉ်းကပ် လာတယ်။ သူ့လက်ထဲမှာ အမြောက်ထိုးသံတစ်ချောင်းကို ကိုင်ထားတယ်။ အနီးရောက်တာနဲ့ တစ်ပြိုင်နက် အမြောက်မှူးငစံထွန်းဟာ အမြောက်ထိုးတံနဲ့ အမတ်ကြီး ဖြသံကို လှမ်းရိုက်လိုက်တယ်။ သည်တွင် အလစ်မှာခံလိုက်ရတဲ့ အမတ်ကြီးဖြသံဟာ သူ့ရဲ့ လှေဖောင်တော်ပေါ်မှာ လဲကျသွားတယ်။ အသက် တော့ မသေဘူး။ လက်ရ အရှင်ဖမ်းတာပဲ။

ဒွါရာဝတီတပ်မှူး၊ ဗိုလ်မှူးများဟာ သူတို့ရဲ့ ဗိုလ်ချုပ်အမတ်ကြီး ဖြသံကို မတွေ့မြင်တော့ဘူး။ လှေတော်ပေါ်မှာလည်း မရှိတော့ဘူး။ ဒါကြောင့် တိုက်ပွဲမှာ ကျဆုံးပြီဆိုပြီး မိမိတို့ရဲ့ အသက်ဘေးလွတ်ရာကို ပြေးသွားကြ တယ်။ တချို့ကတော့ ဦးတည့်ရာပြေးကြတယ်။ အချို့ရဲမက်တွေကတော့ ရွှေ မြို့တော်အတွင်းကို ပြေးဝင်သွားကြတယ်။

သူပုန်သုံ့ပန်း အများအပြား မိတယ်။

မြန်မာတို့က ရဲလှေ ၁၀၀၀ ကျော်၊ သမ္ဗန် ၅၀၀ ကျော်နဲ့ သုံ့ပန်း ၅၀၀၀၀ ကျော်ရတယ်။ မြန်မာတို့ဟာ မိလာတဲ့ ဒွါရာဝတီစစ်သုံ့ပန်းများကို ညှိုးပ်စက်ဘူး။ အသက်လွှတ်ကာ နေစေတယ်။ ကောင်းကောင်းမွန်မွန် ပြုစု စောင့်ရှောက်ထားတယ်။ ကောင်းမွန်စွာ ရှာဖွေစားသောက်စေတယ်။

တကယ်ဆိုရရင် စစ်ဆိုတာက အချိန်ကြာနိုင်သရွေ့ကြာအောင် ဆွဲပြီး တိုက်ရတယ်။

ဒါမှသာ ဒွါရာဝတီပြည်သားများအဖို့ ရေရှည်မခံနိုင်တော့ဘူး။ ဒီအခါမှာ သူတို့ရဲ့ ဘုရင်မင်းတရားကြီးကို ပြန်တော်လှန်ကြမှာပဲ။ ခုခံကြမှာပဲ ပေါ့။ ငွေအား လူအား လုံးပါးပါး သွားတဲ့အခါမှာ အဲဒီတိုင်းပြည်ဟာ ကြာရှည် ခံနိုင်တော့ဘူး။ အရှုံးပေးရမှာပဲ။ လက်နက်ချရမှာပဲပေါ့။

သည်လိုစနစ်မျိုးနဲ့ မြေဒူးမင်းတရားကြီးဟာ ဒွါရာဝတီပြည်ကို တိုက် နေတာဖြစ်တယ်။ ဟုတ်တယ်လေ။ လူ့လောကဆိုတာက ဘယ်တော့မှ အဆင့် တစ်ဆင့်တည်းမှာချည်း တည်တံ့မနေဘူး။ အောက်ကျလိုက်၊ အလယ်အလတ် မှာနေလိုက်၊ အထက်တက်လိုက်ဖြစ်နေတာဟာ လူ့သဘော လူ့သဘာဝ ဖြစ် တယ်မဟုတ်လား။ မြန်မာရဲမက်တော်များဟာ အသက်ဘေးကို ကြောက်ရွံ့ပြီး လွတ်ပြေးနေတဲ့ ဒွါရာဝတီ ပြည်သားများကို ရှာဖွေနေတယ်။ ပြီးတာနဲ့ အေးအေး ဆက်သာနေစေတယ်။

သူတို့ဟာ အများအားဖြင့် တောချုံတောင်ကမ်းများမှာ ခိုဝင်နေကြ တယ်။

သူတို့ကို အုပ်ချုပ်တဲ့ ခေါင်းဆောင်အကြီးအကဲများကို သစ္စာဆော်

www.burmeseclassic.com



မသေတယ်။ ပြီးတာနဲ့ အမှုတော်ကို ထမ်းရွက်စေတယ်။ တကယ်ဆိုတော့ ဒွါရာဝတီအစေတော်ကြီးဖြသံဟာ ရဲရင့်တဲ့ အမှုထမ်းတစ်ယောက်ပဲ။ သူဟာ သူ့သခင်အကျိုးကို ရည်မျှော်ပြီး မိုက်မိုက်ကန်းကန်း စစ်ပွဲကို ဆင်နွှဲတာပဲ။

သူ့အရှင် သူ့သခင်ရဲ့ကျေးဇူးတော်ကို ဆပ်တာလည်း ဖြစ်တယ်။

သူရဲကောင်းတို့ရဲ့ လုပ်ရပ်မှန်သမျှကို လုပ်သွားတာလည်း ဖြစ်တယ်ပေါ့။ အမှုတော်ထမ်းကောင်းတစ်ယောက် ဖြစ်တယ်။ ဘယ်ခေတ်ပဲ ဖြစ်ဖြစ် ပေါ့။ ကောင်းတဲ့ အမှုတော်ထမ်းရှိသလို ယုတ်မာသစ္စာမဲ့တဲ့ အမှုတော်ထမ်းများ လည်း ရှိခဲ့တာပဲ။ အတွင်းသစ္စာဖောက်ခြင်းများ၊ နေရာလုမှု၊ အာဏာလုမှုများ ဟာ ခေတ်တိုင်းမှာ ဖြစ်ခဲ့တာပဲ။ လူတွေရဲ့ ဖော်ပြန်မှုဟာ ခေတ်နဲ့စနစ်ကို အခြေခံပြီး အနည်းနဲ့အများ ဖြစ်ခဲ့တာပဲလေ။

ဒီတုန်းက မြန်မာတို့ရဲ့ စိတ်ဓာတ်ဟာ ကြောက်ဖွယ်လိလိပဲ။

အယုဒ္ဓယကို လွယ်လွယ်နဲ့ ရခဲ့တာ မဟုတ်ဘူး။ ကျားကုတ်ကျားခဲရအောင် လုပ်ခဲ့ရတာပဲ။ ၁၁၂၈ ခု၊ နှစ်ဦးလောက်မှာလည်း ဖြစ်တယ်။ မြန်မာတို့ဟာ အယုဒ္ဓယမြို့ခြေရင်း အထိရောက်အောင် ဥမင်ကြီးများ ဖောက်ကြတယ်။ ဥမင်လိုဏ်ခေါင်းပြီးတာနဲ့ ထင်းလောင်စာ အပြည့်သွင်းတယ်။ မီးရှို့တယ်။

မြို့ခြေကိုထောက်ထားတဲ့ တိုင်များမီးလောင်တယ်။

ဒီမှာတင် မီးနိုးမီးလျှံများဟာ ပူပြင်းလှတဲ့အတွက် မြေအစိတ်စိတ်အမြွှာမြွှာ ကွဲအက်တယ်။ ဒီမှာတင် မြို့ရိုးလည်း ပြိုကျသွားတယ်။ ဒါနဲ့ပဲ မြန်မာရဲမက်တော်များဟာ မြို့ထဲကိုဝင်နိုင်ကြတယ်။ အယုဒ္ဓယတစ်မြို့လုံးကို ရတယ်။ များလှစွာသော ဘဏ္ဍာ၊ ရွှေ၊ ငွေ၊ ခဲယမ်း၊ မီးကျောက်၊ အမြောက်သေနတ်များကို သိမ်းယူတယ်။ ယိုးဒယား ယောကျ်ား၊ မိန်းမများကို သုံ့ပန်းအဖြစ် ဖမ်းယူတယ်။

ဘာပဲဖြစ်ဖြစ်လေ၊ ဘုရင်မင်းတရားကြီးရဲ့ အုပ်ချုပ်မှုကို မကျေနပ်တာထက် ထီးနန်းစည်းစိမ်ရလိုမှုက ပိုများတယ်။ ဘယ်သူပဲဖြစ်ဖြစ်ပေါ့။

ကျရောက်လာမယ့် အချိန်အခါကိုစောင့်ပေါ့။ နောင်တော်ကြီးမင်း ဟာ ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်ခဲ့ဖူးတဲ့နေရာမှာ အမိကအခန်း က ပါခဲ့တာပဲ။ နိုင်ငံတော်ရဲ့ စည်းရုံးမှု၊ တိုင်းရင်းသား သွေးစည်းညီညွတ်မှု စတဲ့ စည်းရုံးမှုအပိုင်းမှာ အကောင်းဆုံး ဖြစ်အောင် တာဝန်ယူခဲ့တာပဲ။

သူနန်းစံခဲ့တဲ့ နန်းသက် သုံးနှစ်အတောအတွင်းမှာ ပုန်ကန်မှုဆိုတာတွေက ရှိခဲ့တာပဲ။

နယ်စပ်တစ်လျှောက်မှာ ထကြွခဲ့တာပဲ။ ဒါပေမဲ့ အဲဒီရန်သူတွေကို တစ်ခုပြီးတစ်ခု ကုန်စင်အောင် ဖြေရှင်းနိုင်ခဲ့တာပဲ။ တကယ်တော့ အဲဒါတွေဟာ



သူ့ဘုန်းတန်ခိုးကြောင့် အောင်မြင်တာ မဟုတ်ဘူး။ သူ့နောက်မှာ ပြည်သူတွေ ရှိတယ်။ အဲဒီပြည်သူတွေဟာ အကူအညီပေးတာပဲ။

ဒီအချိန်မှာတော့ ဒွါရာဝတီမြို့တော်မှာ မြန်မာနဲ့ ဒွါရာဝတီပြည်သားတို့ဟာ စစ်မက်ဖြစ်ပွားနေကြတယ်။ စစ်မက်ဖြစ်ပွားဆဲပဲ။ ပထမလှေတပ်တိုက်ပွဲမှာတုန်းက ယိုးဒယားတို့ဘက်မှ ရှုံးနိမ့်သွားတယ်။ ဒါပေမဲ့ ခုထိလက်နက်မချသေးဘူး။ စစ်မက်ဖြစ်ပွားတဲ့နေ့က စပြီး အခြေအနေအရ ၁၀ ရက်ခန့် ငြိမ်သွားတယ်။

နှစ်ဦးနှစ်ဖက်လုံး အပန်းအခတ် ရပ်သွားကြတယ်။

၃ ရက်အတွင်းမှာ တောင်ကျရေဟာ ပိုပြီးအကျများလာတယ်။ မြစ်ရေဟာ တစ်ရှိန်ထိုးမြင့်မားလာတယ်။ မြန်မာတပ်များ ချရပ်ထားတဲ့ တောင်ကုန်းမြင့်အထိ နီးပါးရှိနေပြီ။ ထိုစဉ်မှာပဲ အယုဒ္ဓယမြို့တော်ရဲ့ မြို့တံခါးဝက ရုတ်ခြည်းပွင့်လာတယ်။

အမတ်ကြီးဘယားကူရတစ် ဦးစီးတဲ့ လှေတပ်ဟာ မြို့အရှေ့ကို ထွက်ချီလာတယ်။

မြို့တော်နဲ့ အရှေ့ဘက်မှာ တပ်စွဲထားတဲ့ ဇင်းမယ်ကြောင်းချီတပ်ကို တိုက်ခိုက်တာပဲ။ အဲဒီဘယားကူရတစ်ရဲ့တပ်မှာ လှေ ၁၀၀၀၊ ကတ္တူ ၅၀၀၊ ရဲမက် ၅၀၀၀၀ ပါတယ်။ ဒါကို ဗိုလ်ချုပ်နေမျိုးသီဟပတေ့က စစ်ကြောင်း ၃ ကြောင်းနဲ့ ဖြန့်တိုက်တယ်။

လက်ဝဲကြောင်းက ၅ တပ်၊ ရဲမက် ၅၀၀၀၊ လက်ယာစစ်ကြောင်းက တပ် ၅ တပ်၊ သူ့ရဲ ၅၀၀၀ ကို တပ်ပြုတော့တယ်။ အလယ်ကြောင်းမှ တပ် ၈ တပ်၊ တိုက်လှေ ၂၀၀၊ ရဲမက် ၁၀၀၀၀ နဲ့စစ်မြူခေါ်လာခဲ့တယ်။ မြန်မာတို့ရဲ့ စစ်ဗျူဟာကို သင်းတို့မသိဘူး။ စစ်မြူတဲ့အတိုင်း အလယ်ကြောမှ မျှောဝင်လာခဲ့တယ်။

မြန်မာတပ်တွေထဲ နယ်ကျံခဲ့ပြီ။

သတ်မှတ်ထားတဲ့ နေရာရောက်သည်နဲ့ မြန်မာတို့က အမြောက်စိန်ပြောင်းနဲ့ ပစ်တယ်။ ပစ်တာမှ မိုးရွာတိသကဲ့သို့ ပစ်တာပဲ။ အမြောက်စိန်ပြောင်းအလုံးအရင်းဒဏ်ကို သင်းတို့ မခံနိုင်ကြဘူး။ မြန်မာတို့ရဲ့ ၃ ဘက်ညှပ်ပြီးတိုက်တာနဲ့ ယိုးဒယားတပ် တပ်လုံးပြုတ်သွားတယ်။

ဒီလို ဒွါရာဝတီတို့ရဲ့ ရုတ်ခြည်း တိုက်ခိုက်မှုကြောင့် အစပထမမှာ မြန်မာတပ်များဟာ ဖရိုဖရဲ ဖြစ်သွားသေးတယ်။ တစ်ခဏအကြာမှာ တပ်တိုပြန်လည်ထိန်းပြီး တိုက်ခိုက်ကြတာပဲ။ ဒီပွဲမှာတော့ မြန်မာတို့ရဲ့ သွေးသောက်နီးကြောင်းပြတယ်။ အဲဒီတုန်းက မြန်မာတို့ဟာ တပ်စီးတပ်နင်း အလွန်တောင်း

www.burmeseclassic.com

www.burmeseclassic.com



တာယ်။

သေနင်္ဂဗျူဟာ ကျွမ်းကျင်တာယ်။

ဒွါရာဝတီသားတို့ဟာ မြန်မာရဲ့မက်တော်များကို ဘယ်လိုမှ မလှန်နိုင်ကြဘူး။ ခံမရပ်နိုင်ကြဘူး။ အပြင်းပဲ ပြန်လည်ဆုတ်ခွာသွားကြတယ်။ အဲဒီတိုက်ပွဲမှာလည်း ဒွါရာဝတီသံ့ပန်းအများကို မိလိုက်တယ်။ လှေစီးတပ်မှူးနဲ့ တကွ တိုက်လှေ ၁၀၀ ကျော်၊ လူ ၅၀၀၀ ကျော်ကို အရှင်ရလိုက်တယ်။

ဒွါရာဝတီမင်းကြီးအဖို့ သောကဗျာပါဒများစွာ ဖြစ်နေရပြီ။

မိမိတို့ဘက်က ထွက်တိုက်သမျှ စစ်ပွဲတွေဟာ အမြဲပဲ ရှုံးနိမ့်နေ တယ်။ ဘယ်တိုက်ပွဲကမှ မအောင်မြင်ဘူး။ သည့်အတွက် စိုးရိမ်မှုကြီးစွာ ဖြစ် နေရတယ်။ သူတင် မဟုတ်ဘူး။ ဒွါရာဝတီပြည်သူတွေနဲ့ မှူးမတ်တော်များက လည်း ဒီအတိုင်းပဲ။ ဒါကြောင့် ရွှေမြို့တော် လုံခြုံရေးအတွက် စီမံပြင်ဆင်တော် မူတယ်။ မိုးဥတုရေကြီးချိန် တိုက်ပွဲများလည်း ပြီးသွားခဲ့ပြီလေ။ ဒါကြောင့်ပဲ ရွှေမြို့တော်ရဲ့ တံခါးများကို အုတ်အပြည့်စီတယ်။ မြို့ကို ပိတ်တယ်။ မြို့တွင်း ကသာ လုံခြုံခိုင်ခန့်အောင် စီရင်ကြတယ်လေ။

ဒွါရာဝတီပြည်က မြစ်များ၊ ချောင်းများက ရေအကျများလာပြီဆိုရင် ရေကျတော့မယ်။

မိုးကုန်တော့မယ့် အရိပ်အယောင်များက သူ့နောက်က ကပ်လိုက် လာတယ်။ ဒီအတွက် ရေကျသွားမှာကို သူတို့ အစိုးရိမ်ဆုံးပဲ။ ရေကျသွားရင် မြန်မာတို့ရဲ့ ရန်ဟာ ပိုမိုများလာမယ်။ ဒီအတွက် အမြောက်၊ မြတံပူ လက်နက် ကိရိယာအစုံ၊ ရဲမက်အများနဲ့ရေက ရပ်ခံနေစေတယ်။

ကုန်းဘက်ကလည်း ဒွါရာဝတီမြို့ပတ်လည် ကျုံးပြင်ဘက် တာ ၅၀၀ အကျယ်ရှိတဲ့ အုတ်မြို့ပေါင်း ၅၀ ကို နေ့ည အပြီးအစီး တည်လုပ်တယ်။ ရွှေမြို့တော်အတွင်းကိုလည်း မျိုးရိက္ခာ အပြည့်သွင်းတယ်။ ရွှေမြို့တော်အတွင်း မှာကလည်း ဆင်၊ မြင်း၊ ရဲမက်၊ လက်နက်များကို မြို့ထိပ်များမှာ မြို့စည်း ဖြစ်စည်း အပြည့်တင်တယ်။ ပြောင်း၊ အမြောက်၊ ဆင်ခလုတ်၊ မြင်းခလုတ်၊ ကတုတ်မှူး၊ မယာန်းတွင်းကျင်း၊ မြင်းတပ်များနဲ့ အပြည့်စိုက်ထားတယ်။

ရေပြင်ဘက်မှာလည်း သစ်ငုတ်ခလုတ် အပြည့်စိုက်ထားတယ်။

ကြံ့ကြံ့ခံနေတယ်။ မြန်မာတို့ဟာ ဒွါရာဝတီပြည်ကို ဝိုင်းရံထားတာ နှစ်နှစ်ရှိခဲ့ပြီ။ ဒါပေမဲ့ ခုထိ ဘာတစ်ခုမှ မထူးခြားသေးဘူး။ ဒါကြောင့် အင်းဝ နေပြည်တော်က အမိန့်တော်တစ်ရပ် ထုတ်ပြန်လိုက်တယ်။ ဒွါရာဝတီမင်း တရားနဲ့တကွ တိုင်းပြည်ပါ အမြန်သိမ်းယူခဲ့ရမယ်ဆိုတာပဲ။ အဲဒီ အမိန့်တော် စာဟာ ဗိုလ်ချုပ်နှစ်ဦးထံ ရောက်လာတယ်။



ဒါနဲ့ပဲ မြန်မာစစ်ဗိုလ်ချုပ်နှစ်ဦးဟာ တိုင်ပင်ညှိနှိုင်းကြတယ်။

မင်းမှစပြီး မင်းမိဖုရား၊ မင်းသား၊ မင်းသမီး၊ မှူးမတ်၊ ပြည်သူ၊ ထီးနန်းတို့ကို ရယူရန်အတွက် စီစဉ်ကြတယ်။ မြန်မာစစ်သည်တို့လို အခံမြို့ တော်တစ်ခု တည်စေတယ်။ ပြီးတာနဲ့ ဥမင်လိုဏ်ခေါင်းတူးဖောက်ကြတယ်။ ဒွါရာဝတီမြို့တော်ကိုလည်း အမြောက်ကြီး အမြောက်ငယ်များနဲ့လည်း နေ့ည မပြတ် အသံမစဲပဲ ပစ်ခတ်ကြတယ်။

မိုးရာသီကလည်း ကုန်စပြုပြီ။

အယုဒ္ဓယမြို့တော်အပြင်ဘက်မှာတော့ မြန်မာတို့ဟာ အောင်စည် အောင်မောင်းတီးခတ်နေကြတယ်။ ဒီလို စစ်မြူသံများဟာ အယုဒ္ဓယမြို့တော် တစ်ဝိုက်မှာ ဟိန်းဟိန်းထနေတယ်။ မြို့တော်ရဲ့ အပြင်ဘက်မှာ လျှံတက်နေတဲ့ ရေများဟာ ပြန်ကျသွားခဲ့ချေပြီ။ ကုန်းကလည်း ပြန်ပေါ်လာခဲ့ပြီ။

ဒီအချိန်မှာပဲ မြန်မာတို့ပိုင်ဖြစ်တဲ့ ကျိုင်းတုံမှာ တရုတ်တို့ ကျူးကျော် ပြီ။

ဒါကြောင့်လည်း ခယိုးဒယားစစ်ပွဲကို အပြီးသတ်ရတော့မယ်။ အယုဒ္ဓယမြို့တော်ကို ဖြိုခွင်းဖို့ အနောက်မြို့တော်ပတ်လည်မှာ ခံမြို့ပေါင်း ၂၇ မြို့ကို တည်စေတယ်။ အဲဒီခံမြို့တွေဟာ မြို့ရပ် ၇ တောင်စီ မြင့်တယ်။ ပြအိုး တန်ဆောင်းများနဲ့ တည်ဆောက်တာဖြစ်တယ်။ အဲဒီ ခံမြို့တွေမှာ စိန်ပြောင်း အမြောက်များကို တင်တယ်။

ပြီးတာနဲ့ အယုဒ္ဓယကို နေ့ညမပြတ် ပစ်ခတ်ချေမှုန်းတယ်။

ဒီတုန်းမှာပဲ လမ်းခရီးမှာ မြန်မာတို့ သိမ်းပိုက်ခဲ့ပြီးတဲ့ သုဝဏ္ဏ လောက်၊ ပိဿာလောက်၊ ဘန်နာနဲ့ သောက္ကတဲတို့မှ စုပေါင်းတပ်ဟာ မြန်မာ တပ်တွေဆီ ချီလာတယ်။ အဲဒီ ယိုးဒယားတပ်ပေါင်းစုမှာ ဆင် ၂၀၀၊ မြင်း ၂၀၀၀၊ လူသူ ၂၀၀၀၀ ပါဝင်တယ်။

မြန်မာတို့ဘက်မှ စစ်ကြောင်းနှစ်ကြောင်း ဖြန့်ပြီးတိုက်တယ်။

ဆင် ၂၀၀၊ မြင်း ၄၀၀၊ ရဲမက် ၆၀၀၀ နဲ့ တိုက်တယ်။ ယိုးဒယားတို့ရဲ့ စုပေါင်းတပ်ပျက်ပြီး ပြေးတော့တယ်။ ယိုးဒယားတိုက်ဆင် ၁၀၀ ကျော်၊ မြင်း ၂၀၀ ကျော်၊ လူ ၁၀၀၀ ကျော်ကို အရှင်ရလိုက်တယ်။ ဒွါရာဝတီမြို့တော်ရဲ့ အခက်တစ်ခုလုံးမှာတော့ အုတ်မြို့ပေါင်း ၂၇ မြို့ ဝိုင်းရံထားတယ်။ ပြီးတော့ လည်း တရစပ် ပစ်လွှတ်နေတဲ့ အမြောက်ဒဏ်က မြို့သူမြို့သားတွေအဖို့ ထိန့် လန့်စာစား ဖြစ်နေရပြီ။

မခံမရပ်နိုင် ကြောက်လန့်တကြား ဖြစ်ရတယ်။

ဒီတော့ ဘုရင်မင်းတရားကြီးနဲ့ မင်းညီမင်းသားမှူးများဟာ တိုင်ပင်ကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မတိုင်ပင်လို့ကလည်း မဖြစ်တော့ဘူး။ မြို့တော်ရဲ့ ဝန်းကျင်မှာ ဝန်းရံထားကြတယ်။ နှစ်နှစ်ရှိနေပြီ။ ဒီအတောအတွင်း တိုက်သမျှ စစ်ပွဲတိုင်း အရှုံးနဲ့ချည်း ရင်ဆိုင်ခဲ့ရတာပဲ။

ပြီးတော့လည်း ခုဆိုရင် ခံမြို့တွေ ဆောက်လုပ်တယ်။

တစ်မြို့နဲ့တစ်မြို့ ဆက်မိအောင် ထုတ်တန်းထိုးပြီး နေနေကြတယ်။ မြို့ရင်းအထိတောင် နီးနေပြီ။ ဒွါရာဝတီမြို့တော်ကိုမှ မရရင် မြန်မာတို့ဟာ အင်းဝကို ပြန်မယ်မထင်တော့ဘူး။ ပြီးတော့လည်း ခုဆိုရင် ဒွါရာဝတီပြည်သူတွေအဖို့ စစ်ပန်းနေကြပြီလေ။ တိုက်သမျှ စစ်ပွဲတိုင်းမှာလည်း သူတို့ဘက်ကချည်း အသေအပျောက် များတယ်။

အခုဆိုရင် အစာရေစာ ရိက္ခာကလည်း အနုတ်လက္ခဏာ ပြနေပြီဖြစ်တယ်။ ယိုးဒယားမင်းလည်း ပျော့ညံ့သွားလေပြီ။ အမတ်ကြီး ဘယားကူရတစ်က မြန်မာမင်းရဲ့ လက်အောက်ခံအဖြစ်နေကာ နှစ်စဉ် ဘဏ္ဍာတော် လက်ဆောင်များ ဆက်သမယ်လို့ အညံ့ခံလွှာပို့ရန်၊ မြန်မာတို့ပြန်ကြမှ သင့်သလို စီမံရန် အကြံပေးလျှောက်ထားတယ်။

အားလုံး စုံညီသဘောတူတာနဲ့ ယိုးဒယားသားလေးယောက်ကို လွှတ်လိုက်တယ်။

သူတို့ကို အဝတ်ဖြူ ဝတ်စေပြီး မြန်မာဗိုလ်ချုပ်ထံ လွှတ်လိုက်တာပဲ။ မြန်မာဗိုလ်ချုပ်တို့က အညံ့ခံမည်ဆိုရိုးမှန်လျှင် အမြောက်ညီနောင်ကို အရင်ဆက်သပါလို့ အကြောင်းပြန်တယ်။ ဒါပေမဲ့ ယိုးဒယားတို့က အမြောက် ညီနောင်ကို မဆက်သဘူး။ မသိကျိုးကျွံနေနေတယ်။

မြန်မာတို့ဟာ ဒွါရာဝတီပြည်နဲ့ ပတ်သက်လာရင် အကျိုးပေးဟန်မတူဘူး။ ဘုရင့်နောင်မင်းတရားကြီးလက်ထက်က ဒီလိုပဲ ဒွါရာဝတီမြို့တော်ကို ဝိုင်းရံလုပ်ကြံခဲ့ဖူးတယ်။ ဒါပေမဲ့ မင်းတရားကြီး မကျန်းမမာတော်မူလို့ မြန်မာနိုင်ငံကို ပြန်လည်ဆုတ်ခွာခဲ့ရဖူးတယ်။

ဒွါရာဝတီမြို့တော်ကို သိမ်းယူဖို့ ကြံစည်တဲ့မင်းတရားကြီးရဲ့ လိုအင်ဆန္ဒပြည့်ဝမသွားဘူး။

ဒီအတွက် သားတော်မြေဒူးမင်းတရားကြီးက မကျေပွဲဆင်နွှဲတဲ့ စစ်ပွဲပဲ။ ခုဆိုရင် ဒွါရာဝတီပြည်ကို ဝိုင်းရံထားတာ နှစ်နှစ်ရှိပြီ။ ဒွါရာဝတီပြည်ရဲ့ တစ်ပြည်လုံးနီးပါးကို ရနေပြီ။ ဒါပေမဲ့ အဓိကကျတဲ့ ရွှေမြို့တော်ကို မရသေးဘူး။ အယုဒ္ဓယရဲ့ မြို့စီးပြစီးလည်း ကောင်းလှတယ်။

မရရုံတင်မကဘူး။

မြန်မာတို့ရဲ့ ဗိုလ်ချုပ်တစ်ဦးဖြစ်တဲ့ မဟာနော်ရထာဟာ မကျန်းမာ

www.burmeseclassic.com



ဖြစ်နေတယ်။ သူ့အခြေအနေက မျှော်လင့်ချက် သိပ်မရှိတော့ဘူး။ အသက်အရွယ်ကလည်းကြီးပြီး ရေပြောင်းမြေပြောင်းကလည်း ဖြစ်တယ်။ တာဝန်ဝတ္တရားရဲ့ ဒဏ်ကလည်း ပိနေပြီလေ။ ပြီးတော့လည်း ဒွါရာဝတီရဲ့ ရာသီဥတုဒဏ်ကိုလည်း ခံနိုင်ရည် မရှိတော့ဘူး။

အပြင်းဖျားတယ်။

ယိုးဒယားတို့က အညံ့ခံပါတယ်လို့ စာစေပြီးနောက် ရက်အကြာမှာ ဗိုလ်ချုပ်မဟာနော်ရထာဟာ သေလွန်တယ်။ ထကယ်တော့ ဗိုလ်ချုပ်မဟာနော်ရထာဟာ မြန်မာတို့ရဲ့သူရဲကောင်းစစ်သူကြီး တစ်ဦးဖြစ်တယ်။ ဒုတိယအကြိမ် မြန်မာနိုင်ငံထူထောင်ခဲ့ရာမှာ အလောင်းမင်းတရားရဲ့ ပြည်ထောင်ဖက်တစ်ဦး ဖြစ်တယ်။ မြန်မာတို့ရဲ့ လက်ရုံးတစ်ဆူလည်း ဖြစ်တယ်။

အလောင်းမင်းတရားနဲ့အတူ တိုက်ပွဲအကြိမ်ကြိမ် ဝင်ခဲ့တယ်။

အောင်ပွဲအသီးသီးရခဲ့တယ်။ အလောင်းမင်းတရား ယိုးဒယား စစ်ချီစဉ်ကလည်း တပ်မှူးအဖြစ် ပါဝင်ခဲ့တယ်။ နောင်တော်ကြီးမင်း လက်ထက်တော်တုန်းကလည်း ဒီလိုပဲ ဇင်းမယ်ကို ဗိုလ်ချုပ်အတွင်းဝန်နဲ့အတူ ချီတက်နှိမ်နင်းအောင်မြင်ခဲ့တယ်။

ဒီအတွက် ထားဝယ်ကြောင်း၊ ဇင်းမယ်ကြောင်း နှစ်ခုစလုံးကို နေမျိုးသီဟပတေ့က အုပ်ချုပ်နေရတယ်။

ဒီအချိန်မှာ မြန်မာစစ်သည်တော်များဟာ ခုတ်မြို့အများတည်လုပ်ပြီး ဒွါရာဝတီမြို့တော်ကို ဝန်းရံနေကြသည့်အတွက်ကြောင့် အချို့သော ဒွါရာဝတီမြို့သားများဟာ မြန်မာတို့ဘက်ကို အပြင်းခိုဝင်လာကြတယ်။

ဒါပဲပေါ့ ဘယ်တိုင်းပြည် ဘယ်လူမျိုးပဲဖြစ်ဖြစ်၊ ငတ်မွတ်ခြင်းရဲ့ ဘေးဒဏ်ကို ဘယ်သူမှ မခံနိုင်ကြဘူး။

အခုလည်း ဒွါရာဝတီပြည်သားတွေဟာ အဲဒီလိုပဲ ဖြစ်နေတယ်။

ငတ်ပြတ်နေတဲ့ ဆာလောင်မှုဒဏ်ကို မခံနိုင်ကြဘူး။ မိမိတို့ အသက်ရှင်ရေးကိုပဲ အလေးပေးနေရတယ်။ သစ္စာဖောက်လောက်ကောင်လို့ပဲ ခေါ်ချင်ခေါ်ကြပါစေ။ ဘယ်လိုပဲ အပြစ်ဒဏ်ခတ်ချင်ခတ်ပါစေ။ လူ့ဘဝရဲ့ ဖြစ်ခဲလှတဲ့ အသက်တစ်ချောင်းကိုတော့ အသေမခံနိုင်ဘူးလေ။

ပြီးတော့လည်း အခုဆိုရင် မြန်မာတို့က စစ်ရေးမှာ အနိုင်ရဖို့ သေချာပြီဆိုတဲ့ အတွေးများဟာ ထွက်ပြေးလာနေတဲ့ ဒွါရာဝတီပြည်သားတွေရဲ့ ရင်ထဲမှာ ရှိနေတယ်။ ဒီအချိန်မှာ ဒွါရာဝတီရွှေနန်းတော်အတွင်းမှာ တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်နေကြတယ်။ ဒီတုန်းက ဒွါရာဝတီပြည်ကြီးကို [illegible] ဆောက်သွားကော်ရာဇ်ဟာ နန်းပြုမင်းလုပ်ခဲ့တယ်။ သူ့ယောက်ဖ တော်ဖြစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြဗန္ဓရီဟာ သူကိုယ်တိုင် ဒွါရာဝတီစစ်တပ်ကြီးကို ဦးစီးပြီး တိုက် ထုတ်မယ်လို့ ထုတ်ဆေးတယ်။

ဒါကို ဒွါရာဝတီမင်းကြီးက လွှန်စွာအားရတော်မူတယ်။

ဒါကြောင့် စောစောပိုင်းက သဘောတူထားတဲ့ စစ်ပြေငြိမ်းရေး ကတိစာချုပ်ကို သင်းတို့ ဖတ်ကာ စပြီးရိုးဖောက်လိုက်တယ်။ ပြဗန္ဓရီ ဦးဆောင် တဲ့ ဒွါရာဝတီတပ်မကြီးဟာ နောက်ဆုံးတိုက်ပွဲတစ်ခု ဆင်နွှဲကြတယ်။ အင်အား ထုထည် ကြီးမားစွာနဲ့ မြန်မာတပ်ကို တိုက်ခိုက်တယ်။ အဲဒီတုန်းက ယိုးဒယား အသေခံတပ်အချို့ဟာ မြန်မာတို့ရဲ့ ခံမြို့ ၃ မြို့ပေါ် ရောက်အောင်တက်လာနိုင် ကြသေးတယ်။

ဒါပေမဲ့ မြန်မာတို့ရဲ့ လက်ချက်ကြောင့် တပ်ပျက်ပြီး ပြေးကြရတယ်။

ဒွါရာဝတီသားတို့ သစ္စာဖောက်ပြီဆိုတာ မြန်မာတို့ သိလိုက်ကြပြီ။ ဒါကြောင့်ပဲ မြန်မာစစ်သည်တို့ဟာ အပြောတခြား အလုပ်တခြားလုပ်ကြတဲ့ ဒွါရာဝတီရဲမက်တော်များကို ကောင်းကောင်းကြီး ဆုံးမလိုက်ကြတယ်။ ဒွါရာ ဝတီရဲမက်များဟာ အသေအပျောက်များစွာနဲ့ မြို့တော်အတွင်းကို ပြန်ပြေးဝင် သွားကြတယ်။

ဒီလို ဒွါရာဝတီသားတွေ သစ္စာဖောက်ပြီဆိုတာကို သိရတာနဲ့ မြန်မာ ရဲမက်တော်များဟာ မကျေမနပ်ဖြစ်ကြရတယ်။ စကားကို ဗလောင်းဗလဲ ပြောတတ်ကြတဲ့ ဒွါရာဝတီသားတွေကို ဆုံးမချင်ကြပြီလေ။ ဒီတော့ မြို့တော် အရင်းအထိ ဝင်ရောက်တိုက်ခိုက်ဖို့ စီစဉ်ကြတယ်။

ထားဝယ်ကြောင်းမှာ မြန်မာတပ်များကို ၅၇ တပ်ထပ်ဖြည့်တယ်။

ဇင်းမယ်ကြောင်းကိုတော့ နောက်ဖြည့်တပ်အဖြစ် ၇၁ တပ် ထပ်ဖြည့်တယ်။ မြန်မာတို့က ဥမင်လိုဏ်ခေါင်း ၅ ကြောင်းတူးကြတယ်။ မြို့ရိုး အထိတူးတာပဲ။ သက္ကရာဇ် ၁၁၂၉ ခု၊ တန်ခူးလဆန်း ၁၁ ရက်၊ ကြာသပတေး နေ့။

မြန်မာတို့ဟာ စစ်မောင်းသံ တဒူဒူပေးပြီး အားသွန်တိုက်ကြတယ်။

ဒီအခါမှာ မြို့ခြေကို ထောက်ထားတဲ့ တိုင်များကို မီးလောင်တယ်။ မြန်မာတို့ရဲ့ တပ်ပေါင်း ၁၂၈ တပ်လုံးဟာ နီးကြားသော ရဲဝံ့သော စိတ်တို့ဖြင့် စောင့်ကြည့်နေကြတယ်။ မကြာပါဘူး။ အယုဒ္ဒယမြို့တော်ရဲ့ မြို့ရိုးဟာ ပြိုအ လာတယ်။ ဒီအခါမှာ မြို့ခြေကို ထောက်ထားတဲ့ တိုင်များကို မီးလောင်တယ်။

ပြင်းပြင်းထန်ထန် လောင်ကျွမ်းမှုကြောင့် မြေအစိပ်စိပ် အမြွာမြွာ ကွဲအက်တယ်။

အယုဒ္ဒယမြို့တော်ရဲ့ မြို့ရိုးက အက်စပြုလာပြီ။ ဒီတွင်ပဲ ဒွါရာဝတီ



မြို့တော်ရဲ့ လေးမျက်နှာက စောင့်နေတဲ့ မြန်မာတပ်များဟာ တစ်ညီတစ်ညွတ် တည်း ညာသံပေးကြတယ်။ ပစ်ခတ်ကြတယ်။ ဒီတုန်းက မြန်မာတပ်ပေါင်းဟာ ၁၂၈ တပ်ရှိတယ်။ ဒီလို ရုတ်ရုတ်သဲသဲ ဖြစ်နေတုန်းမှာပဲ အမြောက် ၁၀၀၀ ကျော်နဲ့ တရစပ်ပစ်ကြတယ်။

ဒွါရာဝတီမြို့တော်တစ်ခုလုံး ကမ္ဘာပျက်ခမန်းဖြစ်နေတယ်။

ပြည်သူတွေရဲ့ ငိုကြွေးသံ၊ မီးလောင်ကျွမ်းမှုက ဖြစ်ပေါ်လာတဲ့ အသံ ထွက်များ၊ မီးခိုးမီးလျှံများဟာ ကောင်းကင်အလုံးမှာ ပွဲတင်ထပ်မှုတွေ ရှိနေ တယ်။ မြို့ရိုးပေါက်တာနဲ့ တစ်ပြိုင်နက် မြန်မာတပ်များဟာ တရဟော အတင်း ဝင်ကြတယ်။ မြို့ရိုးထိပ်မှာတော့ ဒွါရာဝတီမင်းနဲ့ ယောက်ဖတော်ပြဗန္ဓရီတို့ဟာ လက်နက်ကိုယ်စီစွဲကိုင်ပြီး ခုခံနေကြတယ်။

သူတို့ အနီးအနားမှာ မင်းညီမင်းသားများနဲ့ မှူးမတ်များကလည်း ရှိနေတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ အင်အားကောင်းပြီး ရဲစွမ်းသတ္တိနဲ့ ပြည့်စုံ တဲ့ မြန်မာတပ်များကို မခံနိုင်ကြဘူး။ ဆုတ်ခွာပြေးကြတယ်။ မြန်မာတို့ဟာ အယုဒ္ဒယမြို့တော်ထဲ ရောက်တာနဲ့ နီးစပ်ရာ အိမ်ယာကျောင်းကန်များတို့ တရစပ် မီးတိုက်ကြတယ်။

ဟုတ်တယ်လေ။ ဒါပဲပေါ့ စစ်ရဲ့အနိဋ္ဌာရုံတွေဆိုတာ။

စစ်တို့မည်သည် အရှုံးအနိုင်နဲ့ အောင်ပွဲဆိုတာ ရှိတယ်။ အဲဒီတိုက်ပွဲ မှာ အနိုင်ရတဲ့ သူက တစ်ဘက်ရှုံးနိမ့်တဲ့ ရန်သူကို နောက်တစ်ခါ ထပ်မလှုပ် နိုင်အောင်ကို ချိုးနှိမ်ကြတယ်။ ဘက်စုံကပေါ့။ ကြမ်းကြမ်းတမ်းတမ်း ရက်စက် ရတယ်လေ။ ညှာတာမှု၊ သနားကြင်နာဖို့ဆိုတာ ဝေးလာဝေးပေါ့။

စစ်တို့ရဲ့သဘောဆိုတာက ရက်စက်တဲ့နေရာမှာ အတိုင်းအတာ သေသေးရဘူး။ စစ်အတွင်းကာလမှာ သနားလှတယ်ဆိုတာ လုံးဝမရှိဘူး။ ဒွါရာ ဝတီမြို့တော်အတွင်းသို့ မြန်မာရဲမက်များ ဝင်ရောက်လာကြောင်းကို ဒွါရာဝတီ မင်းတရားကြီး တွေ့ရှိသွားခဲ့ပြီ။ အရေးရှုံးနိမ့်တဲ့ ဘုရင်မင်းတရားပီသစွာနဲ့ ရှုပ်ဖျက်တယ်။ ပြီးတာနဲ့ နန်းမြို့ အနောက်တံခါးက ထွက်ပြေးတယ်။ သူနဲ့ အတူ မိဖုရား၊ သားတော်၊ သမီးတော်များလည်း ပါသွားခဲ့တယ်။

ဒါပေမဲ့ ဒွါရာဝတီမြို့တော် အပြင်ဘက်ကို မရောက်ပါဘူး။

နန်းမြို့အနောက်တံခါးမှာပဲ နောက်ကလိုက်လာတဲ့ ယောက်ဖပြဗန္ဓရီ ရဲ့ ဓားချက်နဲ့ပဲ နတ်ရွာစံသွားတော်မူတယ်။ ယိုးဒယားမင်းဖြစ်တဲ့ ဧကဒတ် သွားဧကာဒသ်အဖို့ အချင်းချင်းရဲ့ သတ်ဖြတ်လုပ်ကြံခြင်းကို ခံရတော့တယ်။ တစ်နည်းအားဖြင့် ဝိဘာဂကြမ္မာ မရှောင်သာတည်းပဲပေါ့။

သက္ကရာဇ် ၁၁၂၉ ခု၊ တန်ခူးလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



ဒွါရာဝတီတစ်ပြည်လုံးကို အောင်မြင်တော်မူတယ်။ သုံ့ပန်းအများအပြား ဖမ်းမိတယ်။ နေပြည်တော်မှာရှိတဲ့ ဥစ္စာပစ္စည်း၊ ရွှေငွေကျောက်သံပတ္တမြားများကို မြန်မာရဲမက်တော်များ စိတ်တိုင်းကျ ယူငင်စေတယ်။

ကျောက်ဘွားဓေကာဒသ် မင်းဟာ နန်းတော်မှ ထွက်မပြေးမီ၊ သူ့ရဲ့ ရန်သူဖြစ်တဲ့ ညီတော် ဗြဒ်ံစောစံကို အပြစ်ပေးထားခဲ့တယ်။ မင်းသားလည်ဝင်းမှာ သံကွင်းနဲ့ စွပ်ထားတယ်။ အတွင်းသင်တင်းကုပ်မှာ ချည်နှောင်ထားတယ်။ မြန်မာရောက်မှ အဲဒီချုပ်နှောင်ထားတာကို ဖြုတ်ယူပေးကြတယ်။ ထိန်းသိမ်းထားလိုက်တယ်။

ဒီလိုနဲ့ မြန်မာတို့ဟာ အယုဒ္ဓယတိုင်း၊ ဒွါရာဝတီပြည်ကြီးကို မင်းနဲ့တကွ အောင်မြင်တော်မူခဲ့တယ်။

မအောင်မြင်သေးတဲ့ ကာလမှာတော့ အခက်အခဲပေါင်း မြောက်မြားစွာကို ရင်ဆိုင်ခဲ့ကြတယ်။ အောင်ပွဲကို ခြိမ့်ခြိမ့်သဲမျှ ဆင်ယင်ခဲ့ကြတယ်။ မြန်မာအတီးအက၊ မွန်အတီးအက၊ ဒွါရာဝတီ အတီးအက၊ ယွန်းအတီးအက စတဲ့ အကပေါင်း မြောက်များစွာနဲ့ ဖျော်ဖြေကြတယ်။ ဒါတွေဟာ စည်းလုံးညီညွတ်ခြင်းရဲ့ အောင်ပွဲတစ်ရပ်ပေါ့။

ဒါပဲပေါ့။ အရှုံး အနိုင်နဲ့ အောင်ပွဲဆိုတာက လူ့လောကရဲ့ ဖြစ်ရိုးဖြစ်ရမယ့် ဓမ္မတာပဲ မဟုတ်လား။ သတ်ရတာပဲလေ။ ဒီလိုပဲပေါ့ ဒွါရာဝတီပြည့်ရှင်မင်းတရားကြီးဟာ နောက်ဆုံးမတော့ လူတွေရဲ့ သေခြင်းတရားနဲ့ ရင်ဆိုင်သွားရတော့တာပဲ။ ဘယ်လောက်ပဲ ဘုန်းတန်ခိုးကြီးတဲ့ မင်းဖြစ်တယ်ဆိုပေမဲ့ သေခြင်းတရားအပေါ်မှာတော့ မလွန်ဆန်နိုင်ကြဘူးလေ။

ဘုန်းတန်ခိုး မကြီးနိုင်ဘူးပေါ့။

ဒီလိုနဲ့ပဲ ဒွါရာဝတီနိုင်ငံတော်ကို ရှေးယောင်းမင်း အဆက်ဆက်တို့ အုပ်ချုပ်နန်းစံလာတဲ့ ရွှေပြည်တော် အယုဒ္ဓယမြို့တော်ဟာ ပျက်စီးပြီး မြို့သက်ကုန်ဆုံးရတော့တယ်။ အဲဒီစစ်ပွဲအပြီးမှာ မြန်မာတို့ ရလာတဲ့ ပစ္စည်းများဟာ များပြားလှတယ်။ ဒါတွေဟာ ဒွါရာဝတီမင်း ပိုင်ဆိုင်တဲ့ ဘဏ္ဍာတော်တွေပဲပေါ့။ ဒါတွေကို နိုင်ငံတော်ရဲ့ ဘဏ္ဍာတော်များအဖြစ် သိမ်းယူတယ်။ ပြီးမှ မြန်မာနိုင်ငံတော်သို့ ဆောင်ကျဉ်းလာတယ်။ ယိုးဒယားမင်းရဲ့ ညီတော် ကျောက်ဘွားထောက်တိုဟာရပ်ချာဝတ်နဲ့ ပါလာတယ်။

အဲဒီရာဇ်နန်းတော်ဟာ ၁၁၅၈ ခု၊ အမရပူရမြို့တော်မှာ ပျံလွန်တော်မူတယ်။

ယိုးဒယားမင်းရဲ့ နှမတော် ၁၄ ပါး၊ သားတော် ၃ ပါး၊ သမီးတော် ၄ ပါး၊ မြေးယောကျ်ားမိန်းမ ၂၈ ပါး၊ မိဖုရားကြီး ၄ ပါး၊ ကိုယ်လုပ်တော် ၈၆ ပါး၊ ဝန်ကြီး၊ အတွင်းဝန်၊ ရွှေတိုက်ဝန်၊ မြို့ဝန်၊ အနုပညာသည်၊ ဆေး သမား၊



စုစုပေါင်း ယိုးဒယား အိမ်တော်စုံ ၁၀၆၁၀၀ ပါးရှိလာတယ်။

အဓိက ပစ္စည်းတွေကတော့ အမြောက်ကြီး ညီနောင်နှစ်လုံး၊ ရိုးရိုးအမြောက်ငယ် ၅၀၀၊ ဆင်ကောင် ၂၃၀၊ မြင်းကောင် ၁၀၀၀၊ မင်းခမ်းမင်းနားအဆောင်အယောင်များ စသည်တို့ဖြစ်တယ်။ အသည်ကြီး အရုအဝန်းနဲ့ သုံ့ပန်းများ အပါအဝင် လူပေါင်းတစ်သိန်းနီးပါးကို မြန်မာနိုင်ငံအတွင်းသို့ ခေါ်လာကြတယ်။

တကယ်တော့ ဒီဖြစ်ရပ်တွေဟာ မဆန်းပါဘူး။

ခေတ်အဆက်ဆက်က မင်းတရားကြီးများ စစ်နိုင်ခဲ့ရင် နိုင်သလို ပြုခဲ့ကြတဲ့ ထုံးစံပဲ။ စစ်နိုင်သူတို့ရဲ့ လုပ်ရမြဲဓမ္မတာတစ်ခုပဲ ဖြစ်တယ်။ ဒါ့အပြင် မြန်မာတို့က ဒွါရာဝတီမြို့ပြ၊ ကျုံးမြောင်းများကို ပြန်လည်ပြီး ပြုပြင်လို့ မရလောက်အောင် ဖျက်ဆီးတယ်။

ဒီတုန်းက ဒွါရာဝတီပြည်ကြီးဟာ မီးခိုးတွေ တလူလူနဲ့ ကြေကွဲဖွယ်အတိ ကောင်းလှတယ်။ ကြက်ပျံမကစည်ကားလှတဲ့ ဒွါရာဝတီပြည်ရဲ့ အယုဒ္ဓယမြို့တော်ကြီး တစ်ခုလုံးမှာ လူသေတွေဟာ နေရာမလပ်ဘူး။ ဖွေးဖွေး ထနေတာပဲ။ အစည်ကားဆုံး စည်းကားလှတဲ့ မြို့တော်ကြီးဟာ ကျီးနဲ့ဖုတ်ဖုတ်ပဲ ရှိတော့တယ်။

တကယ်တော့ ဒါတွေက လူ့လောကရဲ့ သင်္ခါရတရားတစ်ခုပဲလေ။

နေ့မြင်ညပျောက်ရတဲ့ ဖြစ်ရပ်မျိုးတွေဟာ လူ့လောကမှာ တစ်ခုပြီး တစ်ခု ဖြစ်နေတာပဲ။ ဒါတွေဟာ မမြဲတဲ့ တရားသဘောရဲ့ လက္ခဏာရပ်တွေပဲ။ အဲဒီကတည်းက ဒွါရာဝတီပြည်ရဲ့ မင်းအဆက်ဟာ ပျက်သုဉ်းခမန်း ဖြစ်သွားခဲ့ရတယ်။ မင်းဆက်ပျက်အောင်လို့လည်း လုပ်ခဲ့ရတာပဲ။

မလုပ်လို့ကလည်း မဖြစ်ဘူးလေ။ ဒီတုန်းက ဒွါရာဝတီပြည်သားတွေဟာ အနီးပတ်ဝန်းကျင်မှာ ရှိနေတဲ့ တခြားထီးဆောင်းမင်းများကို လုံးဝ ဓမ္မဘူး။ ရရုံလည်း မစိုက်ဘူး။ သင်းတို့မှာ အင်အားရှိတယ်။ လူအင်အားရော၊ လက်နက်အင်အားတွေရောပေါ့။ သတ္တိအရာမှာလည်း ပြောင်မြောက်တယ်လို့ အထင်ရှိနေကြတယ်။ သင်းတို့ဟာ မိမိကိုယ်ကို သိပ်အထင်ကြီးနေကြတယ်။

အထင်ကြီးစရာကလည်း သူတို့မှာ ရှိနေတယ်။

ရန်သူတွေရဲ့ တပ်မကြီးကို နေရာမလပ် ထိမှန်အောင်ပစ်နိုင်စွမ်းတဲ့ အမြောက်ညီနောင်က သူတို့မှာ ရှိနေတယ်။ အဲဒီလို မိမိကိုယ်ကို အထင်ကြီးတဲ့ စိတ်ကြောင့် ကျဆုံးရတာပဲ။ သူတို့ဟာ တစ်ဘက်ရန်သူရဲ့ အခြေအနေကို မသိဘူး။ သိအောင်လည်း မကြိုးစားဘူး၊ သိစရာလည်း မလိုဘူးပေါ့လေ။

ဒါကြောင့် တကယ့်တိုက်ပွဲမှာ တွေ့ကြပြီဟော့ဆိုရင် သူတို့ ရှုံးနိမ့်သွားရတာချည်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



အစကတည်းက ယဉ်သကိုဆိုတဲ့ ပုံစံမျိုး ဖြစ်သွားတာပေါ့။ အမှန်တော့ ဒီဖြစ်ရပ်ဟာ သံခိန်းစာအများဆုံး ရနိုင်တာပဲ။ ဗိုလ်ချုပ်နေမျိုးသီပတော့ဟာ ၁၈၂၉ ခု၊ နယုန်လဆန်း (၉) ရက်နေ့မှာ ဒွါရာဝတီက နေပြည်တော်ကို ပြန်ပြီး ချီတက်ခဲ့တယ်။ ဓဝင်းမယ်ကြောင်း၊ ထားဝယ်ကြောင်း၊ စစ်ကြောင်းနှစ်ခု ခွဲပြီး ပြန်လည်ချီတက်ခဲ့တာပဲ။

၁၁၃၀ ပြည့်၊ တန်ခူးလမှာ ရတနာပူရအင်းဝရွှေမြို့တော်ကို ပြန်ရောက်ခဲ့ကြတယ်။

တစ်ပါးတည်းပါလာတဲ့ ဒွါရာဝတီမင်းတရားကြီးရဲ့ မိဖုရား၊ နှမ မြေးများကို အိမ်တော်နဲ့ ကောင်းမွန်စွာ ထားရှိပေးတယ်။ သူတို့ကို နန်းမြို့တော်အတွင်းမှာ ထားရှိခြင်းဖြစ်တယ်။ တခြားသားသမီးမြေးများကိုတော့ ရိက္ခာအလုံအလောက်ပေးတယ်။ အပြင်အိမ်တော်များမှာ နေစေတယ်။

ရွှေမြို့တော်ရဲ့ ရပ်ကွက်အသီးသီးမှာတော့ ဒွါရာဝတီမှူးမတ်များကို နေထိုင်ရန် ချပေးထားတယ်။ ဒီဆင်ဖြူရှင်မင်းလက်ထက်တော်မှာ နိုင်ငံတော်ရဲ့ အခြေအနေဟာ အေးချမ်းတယ်။ ထီးနန်းအတွက် စိတ်ချလုံခြုံနေတယ်။ ထီးနန်းအတွက် လုပ်ကြံမယ့်သူတွေ မရှိဘူး။ အရိပ်အယောင်ဆိုလို့ မြူမျှမစွန်းဘူး။

ဒါပေမဲ့ သားတော်ကို အိမ်ရှေ့စံပေးထားလို့ မကျေနပ်ဘူးထင်ရတဲ့ ညီတော် အမြင့်မင်းသားနဲ့ ဗဒုံမင်းဆက်များကို ဖိနှိပ်ထားတယ်။ ညီသားရယ်လို့ မညှာတာဘူး။ ရက်ရက်စက်စက် သာမန်သူစိမ်းပြင်ပြင် တစ်ယောက်လို ဆက်ဆံတယ်။ ဘုရင်မင်းတရားကြီးအဖို့ သူ့မှာ ညီတော်မင်းသားတွေ ရှိတယ်လို့ မထင်မှတ်တော့ဘူး။ ဒါတွေကတော့ ဆင်ဖြူရှင်မင်းအဖို့ မှန်တယ်လို့ ယူဆရမှာပေါ့။

အကယ်၍များ ညီတော်များကို အရေးပေးရင် မြှောက်စားမှုများ ပြုခဲ့ရင်တော့ သူ့ထီးနန်းစည်းစိမ်ကို စိုးရိမ်နေရတော့မယ်လေ။ မခံမညာပဲ ရှိမှာပဲ။ အရေးပေးရင်ပေးသလို ယူကြမှာပဲ။ လူဆိုတာက ရလေလိုလေ အိုတဏှာဆိုတာမျိုးက ခပ်များများ မဟုတ်ပါလား။

ဒီအရေးနဲ့ ပတ်သက်လို့ သူ့မှာ သခိန်းစာကလည်း ရခဲ့ပြီးသားပဲ။

မိမိကိုယ်တိုင်လည်း တွေ့ကြုံခဲ့ပြီးပြီလေ။ တကယ်တော့ နောင်တော်ကြီး မင်းတရားဟာ သူ့အပေါ်မှာ တကယ်ပဲ အလိုလိုက် အကြိုက်ဆောင်ခဲ့တာပဲ။ ညီတော်မြေဒူးမင်းသားကို အချစ်ပိုခဲ့တယ်။ စစ်မှုရေးရာမှာ ကြွယ်ဝလှတဲ့ ညီတော်ကို အားကိုးတကြီး ရှိခဲ့တယ်။

ပြီးတော့လည်း အလောင်းမင်းတရားကြီးရဲ့ မှာစကားအရ ညီတော် မြေဒူးမင်းသားကိုပဲ အိမ်ရှေ့အရာပေးခဲ့တယ်။ အစစအရာရာမှာ ညီတော် မြေဒူးမင်းသားနဲ့သာ တိုင်ပင်ဆွေးနွေးတော်မူတယ်။ အရေးအခင်းမှန်သမျှ ညီတော်ကိုသာ ဦးစွာ အသိပေးခဲ့တယ်။ ရွှေနန်းတော်ရဲ့ အတွင်းရေးများကိုလည်း အိတ်သွန်ဖာမှောက် ပြောပြခဲ့တယ်။



ဒီကတည်းက အိမ်ရှေ့မင်းသားအဖို့ နားထင် သွေးရောက်နေခဲ့ပြီပဲ။ နိုင်ငံတော်ရဲ့ ဘုရင်မင်းတရားကြီးလုပ်သူက သူ့ကိုသာ အမိကထားပြီး အစစအရာရာ တိုင်ပင်နေတယ် မဟုတ်လား။ အဲဒီအချိန်ကတည်းကစပြီး မြေဒူးမင်းသားအဖို့ နေရာတကာမှာ တွင်ကျယ်နေတယ်။ အမိကကျနေပြီ မဟုတ်လား။

□□□

www.burmeseclassic.com

www.burmeseclassic.com

# ချစ်ပိုင်ဆက်ရာ

## (က)

၁၉.၇.၁၇၅၇ ခုနှစ်မှာပဲ အလောင်းမင်းတရားကြီးဟာ ရန်ကုန်သို့ ရေကြောင်းက ချီတော်မူတယ်။ ရွှေတိဂုံဆံတော်ရှင်ဘုရားမှာ ဆောက်လုပ်ပြီးစီးနေပြီဖြစ်တဲ့ ဇရပ်ကြီးလေးဆောင်ကို ရေစက်သွန်းချတော်မူဖို့အတွက်ပဲ။ မင်းတရားကြီးဟာ ကျောက်မြောင်းဆိပ်တော်ကနေပြီး ကြွချီတာဖြစ်တယ်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို ပင်လယ်ရေမျက်နှာပြင်အထက်ပေ ၁၉၀ ခန့်မြင့်တဲ့ သိင်္ဂုတ္တရ ကုန်းတော်မြတ်ရဲ့ ထိပ်ဦးပိုင်းမှာ တည်ထားခဲ့တယ်။ မူလဉာဏ်တော် ၄၄ တောင်အမြင့်ရှိတယ်။

ရွှေတိဂုံစေတီတော်ကို မဟာစေတီကြီးကဲ့သို့ စတင်တိုးချဲ့ခဲ့တဲ့ မင်းကတော့ ဗညားရန်နိုက်မင်းဖြစ်တယ်။ (ခရစ်နှစ် ၁၄၂၆–၁၄၄၆) ပဲ။ အဲဒီမင်းလက်ထက် ၁၄၃၆ ခုနှစ်မှာ ငလျင်ပြင်းစွာလှုပ်တယ်။

ခေါင်းလောင်းတော်အထိ ပြိုကျခဲ့တယ်။

ဒါကြောင်ပဲ ရွှေတိဂုံစေတီတော်ကို ပြုပြင်မွမ်းမံရန် စီမံရတော့တယ်။ ဒီတုန်းက စေတီတော်ဟာ ငယ်နေတယ်။ ကုန်းတော်က ကျယ်ဝန်းနေတယ်။ ဒါကြောင့်ပဲ စေတီတော်ကို တိုးချဲ့ဖို့ အကြံတော်ဖြစ်တယ်။ ဒါနဲ့ပဲ ခရစ်နှစ် ၁၄၄၃



ခုနှစ်၊ သက္ကရာဇ် ၈၀၅ ခုနှစ်မှာ တိုးချဲ့တည်ထားခဲ့တာပဲ။

ဗညားရန်နိုက်မင်းဟာ ရာဇဓိရာဇ်မင်းရဲ့သားတော် ဖြစ်တယ်။

မူလတည်ထားတုန်းက စေတီတော်ရဲ့ ပန်းခုံတော်ဟာ ၂၂ တောင်ပဲရှိတယ်။ ဒါကို အကျယ် ၁၃၀ အဖြစ်ထပ်မံတိုးချဲ့တယ်။ တစ်ဘက်စီမှာ ၅၄ တောင်စီတိုးချဲ့တာပဲ။ ကုန်းတော်ကို ဖြိုပြီးမြေညှိတယ်။

ထပ်မံတိုးချဲ့တဲ့ အတောင် ၁၃၀ နဲ့ ပနက်တော်တင်တယ်။

ရင်ပြင်တော်ကို အဆင့်ငါးဆင့် ကိုးချဲ့တယ်။ မူလစေတီကို ငုံပြီး ထပ်မံတည်ဆောက်တယ်။ ဉာဏ်တော် ၃၀၂ ပေ အထိ တိုးမြှင့်တင်ထားလိုက်တယ်။

အဲဒီမင်းကို ဆက်ခံတဲ့ ဗညားဗရူးမင်း (ခရစ်နှစ် ၁၄၄၆–၁၄၅၀) လည်း စေတီတော်ကို ပြီးစီးအောင် မတည်နိုင်ခဲ့ဘူး။ သူလည်း စေတီတော်ကို ဆက်လက်တည်စဉ်မှာပဲ နတ်ရွာစံတော်မူတယ်။

အဲဒီမင်းသုံးပါးတို့ အဲဒီမင်းနှစ်ဆက်ကို ဆက်ခံတဲ့ ဗညားကင်း ခေါ်မင်း (ခရစ်နှစ် ၁၄၅၀–၁၄၅၃) လက်ထက်တော်ကျမှသာ ရွှေတိဂုံစေတီ တော်ကြီးကို ပြီးစီးအောင်မြင်တော်မူတယ်။ ကြိုးစားမှုကြောင့် ရွှေတိဂုံစေတီ တော်ကြီးဟာ ဉာဏ်တော်အမြင့် ၃၀၂ ပေအထိ မြင့်မားခဲ့တယ်။ ကြီးမားဝင့် ထည်တဲ့ စေတီတော်ကြီး ဖြစ်လာခဲ့တယ်။ ဒီတုန်းက စေတီကြီး တိုးချဲ့မှု လုပ်ငန်းများကို အနီးကပ် ကြီးကြပ်ဆောင်ရွက်ခဲ့သူကတော့ ဝိဟာရဒေဝီ မိဖုရားကြီးဖြစ်တယ်။ အဲဒီမိဖုရားကြီးက တခြားသူ မဟုတ်ဘူး။

နောင်အခါမှ ဘုရင်မဖြစ်လာမယ့် ရှင်စောပုပဲ။ ရှင်စောပုဟာ ရာဇာဓိရာဇ်ရဲ့ သမီးတော်ဖြစ်တယ်။ ဗညားရန်နိုက်မင်းရဲ့ နှမတော်၊ ဗညားဗရူးမင်းရဲ့ မယ်တော်လည်း ဖြစ်တယ်။

ဒဂုံကို ရန်ကုန်ဟူသော အမည် ပြောင်းပြီး မြို့သစ်တည်တယ်။

ခရစ်နှစ် ၁၇၅၅၊ ၁၇၅၇ နှစ်တို့မှာ အလောင်းမင်းတရားကြီးဟာ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြင်တော်မူတယ်။ ဇရပ်ကြီးလေးဆောင်ကိုလည်း ဆောက်လုပ်လှူဒါန်းတော်မူတယ်။

သက္ကရာဇ် ၁၁၁၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်၊ ၁၇၅၅ ခုနှစ် မေလ ၂ ရက်နေ့မှာ ဒဂုံမြို့သစ်ကို တည်လုပ်တော်မူတယ်။ ဒဂုံမြို့ဟောင်းရှေ့မှာရှိတဲ့ တောချုံ၊ အိုင်အင်း၊ ကုန်းကျင်းများကို ခုတ်ထွင်ရှင်းလင်း တူးဖို့စေတယ်။

မြို့အင်္ဂါနဲ့ပြည့်စုံတဲ့ ဒဂုံမြို့သစ်ကို တည်လုပ်တော်မူတယ်။

မြို့တော်တည်ဆောက်ပြီးတာနဲ့ အဲဒီဒဂုံမြို့သစ်ကို ရန်ကုန်မြို့ လို့ သမုတ်တော်မူတယ်။ အလောင်းမင်းတရားကြီး တည်ဆောက်ခဲ့တဲ့ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com



တော်မှာ တံခါးကိုးပေါက်ရှိခဲ့တယ်။ ရန်အပေါင်းကို ကုန်စင်အောင် နှိမ်နင်းနိုင်တဲ့ ဒဂုံမြို့ကို ရန်ကုန်မြို့လို့ သမုတ်တော်မူတာပဲ။

နေပြည်တော်မှာ သားတော် အိမ်ရှေ့မင်း သတိုးဓမ္မရာဇာကို မြို့စောင့်ထားခဲ့တယ်။

စစ်ရဲ့အနိဋ္ဌာရုံအနံ့များဟာ ဖြစ်ပေါ်လာနေပြီး အတိတ်တဘောင်နိမိတ်များကလည်း နေပြည်တော်တစ်ခွင်လုံးမှာ ပြန့်နှံ့နေတယ်။ နေပြည်တော်တစ်ခွင်မှာ ကပြနေတဲ့ ဇာတ်သဘင်များကလည်း သီဆိုမှုတွေပြုနေကြတယ်။ အရူးတွေရဲ့ အော်သံဟစ်သံများကလည်း ဒီသီချင်းပဲ။

ကလေးတွေရဲ့ ပါးစပ်ကလည်း ဒီတဘောင်ပဲ သီဆိုပြီး ကခုန်နေကြတယ်။

**"မွေးမေမေ သူမသနားလို့ မေ့သားတဲ့ ထည့်လိုက်လေ၊**
**ယိုးဒယားမြေ။**
**ဒီမိုးရယ်၊ ဒီလေနဲ့ ဒီမြေကို မေမေထည့်တယ်။**
**လွမ်းပေါင်ကွယ့်လေး"**

ဒီတုန်းက စာဆိုတော် စိန္တကျော်သူ ဦးဩဟာ ဗဒုံမင်းသားထံတော်မှာ ထမ်းရွက်စားနေတယ်။

စိန္တကျော်သူဦးဩဟာ မိုးကြိုးကျစာ (၁၃) ပုဒ်ကို ဆက်သွင်းတယ်။ နေပြည်တော်တစ်ခွင်မှာ ဖြစ်ပေါ်နေတဲ့ အရိပ်များ၊ မဖြစ်စဖူး အဖြစ်ထူးကဲလှတဲ့ အတိတ်နိမိတ်များကိုလည်း ထည့်သွင်းရေးသားထားတယ်။

**"လွှာပျဉ်သားနှင့် ဆောက်ထားနန်းတော် မစံပျော်ပြီ"**

စသည်ဖြင့်ပေါ့လေ။ ဒါတွေကို ပြည်သူတွေဟာ မသိမဟုတ်ဘူး သိကြတယ်။ မင်းပြောင်းမင်းလွှဲ အာဏာပြောင်းလဲခြင်း စတဲ့ဖြစ်ရပ်တွေမှာ တွေ့ကြုံရတဲ့ ဖြစ်ရပ်တွေပဲ။ ပြည်သူတွေအဖို့တော့ မထူးတော့ပါဘူး။ ဘယ် မင်းပဲ တက်တက်၊ တက်လာတဲ့ မင်းဟာ တို့မင်းပဲပေါ့။

အဲဒီထုံးနှလုံးမူတာတော့ ကောင်းပါရဲ့။

အန္တရာယ်လည်း ကင်းပါရဲ့။ ဒါပေမဲ့ နိုင်ငံတော်ရဲ့ထောင်တွေထဲမှာ တော့ အကျဉ်းခံနေရတဲ့ သူတွေက မနည်းလှဘူး။ ဆင့်ခေါ်တဲ့ စစ်မှုထမ်း အမိန့်တော်ကို ငြင်းဆန်လို့၊ ခုခံလို့၊ ထွက်ပြေးလို့ စတဲ့ အမှုတွေနဲ့ အပြစ်ဒဏ် တွေ ခံနေကြရတာပဲ။

တကယ်ပါပဲ။ ခုဆိုရင် နိုင်ငံတော်မှာ အထိတ်အလန့်ဖြစ်နေတယ်။

စစ်ရိပ်စစ်ငွေ့များဟာ နိုင်ငံတော် အနှံ့အပြားမှာ ယှက်သန်းစပြီး ပြီ။ နေပြည်တော်မှာကလည်း မြို့တံခါး၊ လွှစင်၊ ဆင်ချည်တိုင်၊ မြင်းတင်း



များမှာ မိုးကြိုးကျတယ်။ အံ့ဩဖို့ကောင်းတာကတော့ အဲဒီမိုးကြိုးတွေဟာ ဒု ကြိမ်ကို တစ်ခါတည်း ကပ်ရောက်တာပဲ။

နေပြည်တော်တစ်ဝှမ်းမှာ အလေ့ကျပေါက်ရောက်နေတဲ့ ညောင်ပင်တွေဟာ ပွင့်ဖူးနေကြတယ်။

အချိန်အခါလည်း မဟုတ်၊ ဒီလို ညောင်ပင်တွေဟာလည်း မပွင့်စဖူးဘူး၊ ထူးထူးကဲကဲ ပွင့်ဖူးနေကြတာပဲ။ ကလေးသူငယ်များကလည်း သီဆိုကခုန်နေကြတယ်။

**"မျက်ရည်ကိုသုတ် နောက်ဆုတ်ပြန်"** ဆိုတဲ့ တေးတဘောင်ဟာ လူတိုင်းလိုလို သီဆိုနေကြတယ်။

ဒါပဲပေါ့လေ။ တိုင်းပြည်တစ်ပြည်အဖို့ အတိတ်တို့၊ နိမိတ်တို့၊ တဘောင်တို့ဆိုတာ ရှိကြတာပဲ။

ယုံကြည်တာ မယုံကြည်တာ၊ လက်ခံတာ၊ လက်မခံတာကတော့ ပြည်သူတွေရဲ့ အလုပ်ပဲ။ အုပ်ချုပ်တဲ့ မင်းလုပ်သူကတော့ သင်းအလုပ် သင်းလုပ်မှာပဲ။ ယတြာချေတာတို့၊ ဗလိနတ်စာကျွေးတာတို့၊ ဘာဘာညာညာ ရထားတဲ့ နေရာကလေး မပျောက်ရအောင်လည်း နတ်ကိုးကွယ်ရတဲ့ အရာထမ်းတွေလည်း ရှိပါရဲ့။

ဒါနဲ့ပဲ အလောင်းမင်းတရားကြီးဟာ နေပြည်တော်က ရန်ကုန်မြို့ကို ဆိုက်ရောက်တော်မူတယ်။

သူ့ရဲ့ကောင်းမှုတော်ဖြစ်တဲ့ ဇရပ်ကြီးလေးဆောင်ကို ရေစက်သွန်းချ တော်မူတယ်။ ရွှေမော်ဓောဘုရားကိုလည်း လှူဒါန်းဖွယ်များနဲ့ ပူဇော်တယ်။ သံလျင်မြို့တော်မှ ကျိုက်ခေါက်ဘုရားရှင်ကိုလည်း ရှိခိုးပူဇော်တယ်။ အလှူဒါန တွေကိုလည်း များစွာ ပြုတော်မူတယ်။

တိုင်းကားပြည်နယ် ထူထောင်တဲ့ကာလ မဟုတ်လား။

အလှူဒါနပြုရမယ်။ သာသနာတော်ကို ပြည့်စုံထွန်းကားစေဖို့ ပြုစုရ မယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားစေဖို့ အေးငြိမ်းသာယာစေဖို့ ဦးစွာပြုရမယ်ပေါ့။ ဒီလိုနဲ့ ရန်ကုန်မြို့တော်မှာ စံမြန်းတော်မူနေရင်းက အလောင်းမင်းတရားအဖို့ အရေးတော်ပုံတစ်ခုက ပေါ်ပေါက်လာခဲ့တယ်။ တခြားတော့ မဟုတ်ဘူး။

ဒွါရာဝတီအရေးတော်ပုံပဲ။ အဲဒီဒွါရာဝတီမင်းဟာ အလောင်းမင်း တရားကြီးကို မခံ့မညား မရိုမသေ လုပ်တယ်။ သူ့ကျေးကျွန်ရဲမက်တွေကို ... ဝယ်ကျေးရွာအစွန်းအဖျားနားမှာ လာပြီး ထိပါးစော်ကားတယ်။ ... ... တက်စေတယ်။

ဒီလိုမြန်မာတို့ရဲ့ ပိုင်နက်ကို ကျူးကျော်တိုက်ခိုက်ခြင်းဟာ မုန်းစရာ

www.burmeseclassic.com

www.burmeseclassic.com



တာပဲ။

သမိုင်းကို ပြန်ပြီးငဲ့စောင်းကြည့်မယ်ဆိုရင် သင်းတို့နဲ့ ဖြစ်လာသမျှ စစ်ပွဲတွေဟာ မြန်မာတို့က စတာ မဟုတ်ဘူး။ သင်းတို့ရဲ့ မထိခလုတ် ထိခလုတ် လုပ်မှုတွေကြောင့်သာ ဖြစ်ပေါ်လာတဲ့ စစ်ပွဲတွေချည်းပဲ။ ခုလည်း ကြည့်လေ၊ မြန်မာတို့က စပြီး ကျူးကျော်တာ မဟုတ်ဘူး။

ထားဝယ်မြို့ကို စေလွှတ်လိုက်တဲ့ မြန်မာတို့ရဲ့ သင်္ဘော၊ သမ္ဗန် များကို သိမ်းယူတယ်။

ရန်ကုန်ကို လွှင့်လာတဲ့ သင်္ဘော ၃ စင်းကိုလည်း ဖမ်းဆီးထားတယ်။ တကယ်တော့ ဒီအရေးဟာ နိုင်ငံတော်ရဲ့ အရေးပဲ။ တစ်ဘက်ရန်သူက ရန်စလာတာကို ငြိမ်နေလို့ မဖြစ်တော့ဘူး။ မှတ်လောက်အောင်တော့ ဆုံးမရတော့မှာပဲ။

ဒီအရေးမှာတော့ မြန်မာတို့ရဲ့ မျိုးချစ်စိတ်၊ မတရားမှုမှန်သမျှကို သည်းမခံတဲ့ စိတ်ဓာတ်ကိုတော့ ပြရတော့မှာပေါ့။ ဓားကိုဓားချင်း၊ လှံကိုလှံချင်း တိုက်ခိုက်ရမယ်ပေါ့။ တကယ်တော့ ဒါတွေဟာ တိုင်းပြည်အတွက်၊ လူမျိုး အတွက် ဖြစ်ပေါ်လာတဲ့ စစ်ပွဲပဲပေါ့။

အမှန်ဆိုရရင် ဒီတုန်းက ဒွါရာဝတီဆိုတာက ငြိမ်ဝပ်ပိပြားပြီးသား တိုင်းပြည်ပဲ။

ခုမှ မရှိမသေ မခံ့မညား လုပ်လာတာကိုတော့ အလောင်းမင်းတရား ကိုယ်တော်အဖို့ ဘယ်ခံချင်ပါ့မတုန်း။ အရှယ်နတုန်းရျိုးဖွဲ့ နှိပ်ကွပ်ပစ်ရတော့ မှာပေါ့။ အဲဒီအသိဟာ အလောင်းမင်းတရားကြီးရဲ့ ရင်မှာ ဖြစ်ပေါ်လာတယ်။

ဟုတ်တယ်လေ။

အလောင်းမင်းတရားကြီးအဖို့ မိမိနန်းတက်လာကတည်းက ဘယ် နိုင်ငံ၊ ဘယ်ပြည်သူကမှ မခန့်လေးစား ထောင်ထားခြားနားခြင်း မရှိခဲ့ဖူးဘူး။ အားလုံးက ငြိမ်ဝပ်ပိပြားတယ်။ အေးပေါ့လေ ... အစကတော့ ဒွါရာဝတီလည်း ထိုနည်းနှင်နှင်ပဲ။ လေးစားမှု ခံ့ညားရိုသေမှုဟာ ရှိနေတာပဲ။

ခုမှသာ ထိပါးကျူးကျော်လာခြင်းဖြစ်တယ်။ "ဒွါရာဝတီပြည်ကို စစ်ချီတော်မူမည်" လို့ အမိန့်တော်ချမှတ်လိုက်တယ်။ အလောင်းမင်းတရားကြီး အဖို့ ဒီအယုဒ္ဓယချီစစ်ပွဲဟာ နောက်ဆုံးစစ်ပွဲပဲ ဖြစ်တယ်။ ဒီအရင်ချီစစ်ပွဲအား လုံးလိုလိုဟာ အလောင်းမင်းတရားကြီးအတွက် အောင်ပွဲချီစစ်ပွဲတွေပဲ ဖြစ် တယ်။

□



(၈)

တကယ်တော့ အလောင်းမင်းတရားဟာ လုပ်ရည်ကိုင်ရည်ကောင်း တယ်။ သူ့ရသတ္တိရှိတယ်။ ယောကျ်ားကောင်းတို့မည်သည် လုံ့လဝီရိယ ရှိရ တယ်။ အကြံအစည်လည်း ရှိရတယ်။ လက်ရုံးရည်၊ နှလုံးရည်၊ လုပ်ရည်ကြံ ရည် ရှိရမယ်ပေါ့။ အရာရာကို ဆင်ခြင်တိုင်းထွာနိုင်တတ်ရမယ်။ ခေါင်းဆောင် နိုင်ရမယ့် အရည်အချင်းလည်း ရှိရမယ်။ အလောင်းမင်းတရားကြီးအဖို့ ဒီဩဇာ တွေနဲ့ ထပ်တူနီးပါးရှိတယ်။

အချိန်အခါကာလဆိုတာ ရှိတယ်။

အလောင်းမင်းတရားကြီးဟာ နဂိုကတည်းက အကြီးအကဲမျိုးဖြစ် တယ်။ အဲဒီတုန်းက မုဆိုးဘို၊ တပယင်း(ဒီပဲယင်း) စတဲ့ အရပ်တွေမှာ မြန်မာ လူမျိုးတွေ များတယ်။ အဲဒီထဲက ယောကျ်ားကောင်းတွေ ပေါတယ်။ မြန်မာ တို့ရဲ့ ဓလေ့ နပန်းသတ်ပွဲ၊ ပွဲကျော်ကြောင်းတွေကလည်း ရှိခဲ့တယ်။

ဒါကြောင့်ပဲထင်ရဲ့။ စစ်မှုထမ်းဟောင်းတွေ စစ်ရေးကျွမ်းကျင်သူတွေ ဟာ မုဆိုးဘိုတပ်မှာ တစ်စုတည်း ဖြစ်နေခဲ့တယ်။

ဒီတုန်းက အင်းဝနေပြည်တော် မပျက်သေးဘူး။ အင်းဝ ကောင်းစား နေစဉ်ကပေါ့။ စဥ့်ကိုင်ကနေပြီး မြောက်ဘက်တစ်လွှားကို အုပ်ချုပ်ရတဲ့သူက ဆောင်ငူရာဇာ ဖြစ်တယ်။ ဦးအောင်ဇေယျရဲ့ တန်ခိုးသတင်းက နိုင်ငံအနှံ့ပြန့်နှံ့ နေလေပြီ။ ဒါကြောင့်မို့ မုဆိုးဘိုကို ဆင့်ဆိုလိုက်တယ်။ ဦးအောင်ဇေယျတို့ စစ်ကြောမေးမြန်းရတယ်။

အရပ်အမောင်းကောင်းတယ်။

သန်မာတယ်။ တင့်တယ် ညီညွှတ်တဲ့ လုံးရပ်ရှိတယ်။ အသားညို တယ်။ မျက်နှာ သွယ်တယ်။ အထင်ရှားဆုံးကတော့ မျက်နှာပေါ်မှာ ပေါက်နေတဲ့ ဆေးပေါက်ပေါက်မာ သက်သက်တွေပဲ။ မျက်နှာထား တည်ကြည်တယ်။ မာတင်း ပြီး ရာဇဣန္ဒြေနဲ့ ပြည့်စုံတယ်။ ကျန်းမာတဲ့ ရုပ်လက္ခဏာဟာ အမြဲရှိတယ်။

တကယ်တော့ အလောင်းမင်းတရားကြီးဟာ အမျိုးစောင့်တယ်။

ရဲရင့်တည်ကြည်တယ်။ အမြော်အမြင်ရှိတယ်။ ဒဝဖန်ခန့်ခွဲနိုင်တယ်။ စီမံအုပ်စိုးမှုမှာလည်း လိမ္မာတယ်။ လုံ့လကြီးမားတယ်။ မတွန့်မဆုတ် ဖြေ ခိုင်ခန့်တဲ့ နှလုံးရည်လည်း ရှိတယ်။ စစ်ရေးမှာလည်း စည်းကြပ်တော်မူတယ်။ ငါ့သူ့အပေါ်မှာ သက်ညှာမှုမရှိဘူး။ အပြင်းအထန် နှိမ်နင်းသုတ်သင်တတ် တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ဆွေတော်မျိုးတော်များ ပေါများတယ်။

အခြွေအရံများတယ်။ သစ္စာစောင့်သိတဲ့ သူတွေများတယ်။ ကြံတော်မူသမျှလည်း အောင်မြင်တာချည်းပဲ။ နတ်ရေးမှာ လက်ရေးတွေမှာ လုရည်လုသွေးကို သိတော်မူတယ်။ ဒါ့ပဲပေါ့လေ၊ ခေါင်းဆောင်ကောင်းဆိုတာက ဝေဖန်တိုင်းဆတတ်ရတယ်။ မှူးတော်မတ်တော် သူရဲသူခက်များ အပေါ်မှာလည်း ကြင်နာရတယ်။ သိတတ်ရတယ်။ အလိုက်အထိုက်ဝေဖန်နိုင်းချိန် ချီးမြှောက်မစပြုစုပေးကမ်းတတ်ရတယ်။

သာသနာအရေးမှာလည်း ချီးမြှင့်မြှောက်စားရတယ်။

တကယ်တော့ အလောင်းမင်းတရားကြီးဟာ ရတနာ သုံးပါးကို ဆည်းကပ်တယ်။ ကြည်ညိုလေးမြတ်တယ်။ ကုသိုလ်ကောင်းမှုတွေကိုလည်း ပြုတယ်။ သူ့ရဲ့ကောင်းမှုတွေဟာ ရှိခဲ့တယ်။ မော်ဓောမြင်သာခေါ်တဲ့ ရွှေစေတီကြီး၊ ရွှေချက်သိုစေတီ၊ ရွှေဂူကြီးစတဲ့ စေတီပုထိုးများကို တည်ထားခဲ့တယ်။

ဒါတင်မကသေးဘူး။

သာသနာအရေးမှာ ဝိနည်းကျမ်းဂန်နဲ့ အညီမကျင့်တဲ့ ရဟန်းတို့ကို ကွပ်ညှပ်တော်မူတယ်။ ဒါတွေကိုလည်း မဟာဒဏ်ဝန်ခန့်ပြီး အမြဲမပြတ် သုတ်သင်ရှင်းလင်းစစ်ကြောစေတော်မူတယ်။ ဟုတ်ပါတယ်။ ဒါတွေဟာလည်း မင်းကောင်း မင်းမြတ်တို့ ပြုကျင့်အပ်တဲ့ တာဝန်တွေပါပဲ။ အလောင်းမင်းတရားကြီး လက်ထက်မှာ ထင်ရှားတဲ့ စာဆိုတွေ ရှိခဲ့တယ်။ မင်းတရားကြီးဟာ စစ်ရေးမှာ ကျွမ်းကျင်တယ်။ နလုံးရည်မှာလည်း ပြည့်ဝတယ်။ စာဆိုတွေအပေါ်မှာလည်း နှစ်လိုတယ်။ ကြည်မွေ့တယ်။

ရန်အောင်ဗလစိန္တကျော်သူဘွဲ့ခံ ဦးသြ၊ မင်းလက်ဝဲသုန္ဒရဘွဲ့ခံ အမတ်ကြီး ဦးမြတ်စံတို့ပဲ ဖြစ်တယ်။

ရန်အောင်ဗလ အမတ်ကား ပညာအရာမှာ ပွဲလည်တင့်သူဖြစ်တယ်။

အလောင်းမင်းတရားကြီး ဟံသာဝတီကို စုန်တော်မူစဉ်က ဖြစ်တယ်။ ကမ်းပြိုတဲ့အတွက် ထန်းပင်ဟာ မင်းကြီးရဲ့ ဖောင်တော်ပေါ် ကျလာတယ်။ ဒီအကြောင်းကို ရန်အောင်ဗလအမတ်က ရတ်ချည်း ပဲ နိမိတ်လင်္ကာကို စပ်ဆိုလိုက်တယ်။

"သစ်သစ်မင်္ဂလာ၊ နှစ်နှစ်နာလော့" ဆိုတဲ့ နိမိတ်ဖတ်လင်္ကာဖြစ် တယ်။ ဒါနဲ့ပဲ ထင်ရှားလာတယ်။ စိန္တကျော်သူ ဦးသြအမတ်ကတော့ ကဝိ လက္ခဏာသတ်ပုံရတနာသိခ်ကန်တော်ဘွဲ့မင်္ဂလာရတု၊ ဧချင်း၊ လင်္ကာ စသည် များ ရေးသားခဲ့တယ်။ သူတို့နဲ့ တစ်ခေတ်တည်း ရွှေနန်းတော်အတွင်းမှာ ထင်ရှားသူကတော့ လက်ဝဲသုန္ဒရ အမတ်ကြီးပဲ ဖြစ်တယ်။



အာဒါသုမခပျို့သစ်၊ သေနက်ဗျူဟာပျို့၊ သာမိနပျို့ စတဲ့ ပျို့တချို့၊ မော်ကွန်းများ ရေးသားခဲ့တယ်။

အမတ်ကြီး မဟာသီရိ ဥတ္တမဇေယျသင်္ကြန် ကလည်း စကားပြေ မနုကျယ်ကြီး မနုသတ်ကျမ်းကို စီရင်လေတယ်။ တရားသူကြီး လက်ဝဲဘီနန္ဒသူ ကား မနုဝိနိစ္ဆယမနုသတ်ကျမ်းကို စီရင်တယ်။ တကယ်တော့ ကုန်းဘောင်ခေတ်ရဲ့ ပင်စရိုင်းဟာ နှစ်လိုဖွယ်ရှိတယ်။ တိုင်းပြည်အုပ်ချုပ်တဲ့ မင်းကလည်း သမာသမတ် ရှိတယ်။ အမျိုးချစ်တယ်။ မင်းကျင့်တရားနဲ့ အညီ အုပ်ချုပ်တယ်။

ဒီတုန်းက မြို့တော်နဲ့ နိုင်ငံတော်ပတ်လည်မြို့ရွာများကို တားဆီး အမိန့်တော် ထုတ်တယ်။

တခြားတော့ မဟုတ်ဘူး။ မြို့ရွာများမှာ လုပ်ကိုင်နေကြတဲ့ သားထိုး နွားသတ်၊ နတ်ကိုး၊ နတ်တင်၊ ထန်းရည်၊ အရက်၊ ဘိန်းကင်း စတဲ့ မကောင်းတဲ့ အလုပ်တွေပဲ။ ဒါတွေကို ကြပ်ကြပ်မတ်မတ် တားတယ်။ မသတ်ရဘူး။ မညှစ်မသောက်စားရဘူး။ မကိုးကွယ်စေရဘူး။ ဆိုင်ရာဆိုင်ရာတို့က စစ်ကြောမေးမြန်းရတယ်။ သုတ်သင်ရတယ်။

အဲဒီခေတ်က မြို့ရွာတွေမှာ သားထိုးနွားသတ်ပြုလုပ်သည်ကို တွေ့ရင် ပြင်းပြင်းထန်ထန် အရေးယူတယ်။

ဒီခေတ်တုန်းက အယူဝါဒတစ်ခုရှိတယ်။ မြန်မာတို့ရဲ့ တိုးတက်မှု မရှိသေးတဲ့ ခေတ်၊ အမြင်မကျယ်သေးတဲ့ ခေတ်ဆိုတော့ လွဲမှားတဲ့ အယူကို ယူကြတာဟာ မဆန်းဘူးပေါ့။ အမြင်ကျဉ်းမြောင်းတဲ့ လူတွေရဲ့ အသိဉာဏ်မှာ အားကိုးရာ ရှာကြတယ်။ ဒါဟာ ဘာလဲဆိုတော့ ပဒေသရာဇ်ခေတ်ရဲ့ ဆိုးဝါးမှုကို ဖော်ပြနေတာပဲ။

ဒီတုန်းက လယ်သမား ယာသမားတွေ ရှိခဲ့တယ်။

သူတို့ဟာ လယ်ယာရိတ်သိမ်းချိန်မှာ တိရစ္ဆာန်များကို ယစ်ပူဇော်ပြီး ပသတဲ့ အလေ့အကျင့်တစ်ခု ရှိခဲ့တယ်။ ကြက်သတ်ပြီး ရိတ်သိမ်းတဲ့ လယ်ယာ၊ ဝက်သတ်ပြီး ရိတ်သိမ်းတဲ့ လယ်ယာဆိုပြီး ကိုယ့်အယူနဲ့ ယူကြတဲ့သူတွေ ရှိခဲ့တယ်။ လယ်ပိုင်၊ ယာပိုင်နတ်တွေကို ပသပူဇော်ကြတာပေါ့။ မိစ္ဆာဒိဋ္ဌိ အယူ ယူကြတဲ့ သူတွေပေါ့။

အဲဒီလွဲမှားတဲ့ အယူဝါဒကို စွန့်လွှတ်စေတယ်။

ပြင်းပြင်းထန်ထန် တားမြစ်တယ်။ ကွပ်ညှပ်တော်မူတယ်။ မိစ္ဆာ ဒိဋ္ဌိ အယူကို လုံးလုံးကြီး ပယ်စေတယ်။ ဒီလိုတားမြစ်ပေမဲ့ မရဘူး။ ဖောက်ဖျက် ဆက်လက် ကျင့်ကြံနေမယ်ဆိုရင် အပြစ်အလျောက် ကွပ်ညှပ်စီရင်တော်မူ တော်မူ အားပေါ့လေ၊ လူဆိုတာမျိုးက အသိဉာဏ်ရှိတယ်။ ဒါပေမဲ့ အမှိုက်ခွဲနေ တဲ့

www.burmeseclassic.com

www.burmeseclassic.com



မို့ရွာဒိုင်အယူကိုတော့ ချက်ချင်း မစွန့်နိုင်ကြဘူး။

ဟုတ်နိုးနိုး မှန်နိုးနိုးနဲ့ ရှိနေကြတာပေါ့။

ဒီတုန်းက တရားစီရင်ရေးကလည်း သူ့ခေတ်နဲ့သူ ဟုတ်နေတာပေါ့။ မြို့ရွာအနှံ့တွေမှာ သူခိုးခိုးမှု ဖြစ်တယ်ဆိုပါတော့၊ သူခိုးခိုးလို့ ဥစ္စာပျောက်ရှခဲ့ရင် ပျောက်တဲ့အရပ်ကို ပိုင်စားတဲ့ မြို့သူကြီး ရွာသူကြီး ခေါင်းကြီးတို့က ဥစ္စာရှင်ကို အလျော်ပေးရတယ်။

ဒါတင်မကသေးဘူး။

ဓားပြမှုဆိုပါတော့။ တစ်မြို့နဲ့တစ်မြို့ တစ်ရွာနဲ့တစ်ရွာ စပ်ကြားမှာ ဓားပြမှု ဖြစ်တယ်ဆိုရင် လုယူတဲ့ အရပ်နဲ့စပ်တဲ့ နှစ်မြို့နှစ်ရွာကို တာထိုးစေတယ်။ အလုခံရတဲ့ အရပ်နဲ့ နီးစပ်တဲ့ မြို့ရွာသူကြီးတို့က ခိုက်လျော်ပေးရ တယ်။ ဒါကြောင့်ပဲ အဲဒီခေတ်က မြို့ရွာသူကြီးတို့က သူခိုးဓားပြရန်ကို အပြင်း အထန် နှိမ်ကွက်စေတယ်။

အလောင်းမင်းတရားကြီးဟာ လယ်ယာလုပ်ငန်းများကိုလည်း အားပေးချီးမြှင့်တယ်။

ရွှေဘို မဟာနန္ဒာကန်တော်ကြီးကို ဆည်ဖို့တော်မူတယ်။ အရပ်ရပ်မှာ ရှိတဲ့ ဆည်တော်မြောင်းတော်များကိုလည်း ဆည်ဖို့စေတယ်။ သက္ကရာဇ် ၁၁၂၀ မှာ မြေဒူးကို ချီတော်မူတယ်။ မူးမြစ်ကို ဆည်တော်မူတယ်။ မဟာနန္ဒာကန်တော်ကို မြေဒူးမြို့တော်အနောက်မှာ ရှိတဲ့ မူးမြစ် ဆည်ရာသို့ ရောက်အောင် မြောင်းတူးဖောက်စေတယ်။ အဲဒီတူးမြောင်းဟာ ရေလမ်းခရီး အဖြစ် သွားလာလို့ရတယ်။

အဲဒီတုန်းက မြေဒူးမြို့နဲ့ ရွှေဘိုကို သမ္ပန်နဲ့ သွားလာလို့ရတယ်။

ကုန်းဘောင်မင်းဆက် မရောက်မီ နိုင်ငံတော်ရဲ့ အခြေအနေဟာ တော်တော်ဆိုးဝါးလှတယ်။ အင်းဝညောင်ရမ်းဆက်အဆုံးမှာ မဟာဓမ္မရာဇာဓိပတိမင်း လက်ထက်ဖြစ်တယ်။ ဒီတုန်းက မဏိပူရ ကသည်းတို့ မြန်မာနိုင်ငံအတွင်းကို အကြိမ်ကြိမ် ဝင်ရောက်တိုက်ခိုက်လာတယ်။ ဖျက်ဆီးလာတယ်။

□



# (၈)

၁၁၂၁ ခုနှစ်မှာ ရန်ကုန်မြို့ကို ချီတော်မူတယ်။

၁၉.၇.၁၇၅၉ ခုနှစ်မှာပဲ မင်းတရားကြီးဟာ ကျောက်မြောင်းဆိပ်တော်ကနေပြီး ကြွချီတာပဲ။ ရွှေတိဂုံဆံတော်ရှင်ဘုရားမှာ ဆောက်လုပ်ပြီးစီးနေတဲ့ ဇရပ်ကြီးကို ရေစက်သွန်းချတော်မူဖို့ပဲ ဖြစ်တယ်။

နေပြည်တော်မှာ သားတော် အိမ်ရှေ့မင်း သတိုးဓမ္မရာဇာကို မြို့စောင့်ထားခဲ့တယ်။ ဒီအချိန်မှာပဲ နေပြည်တော်မှာ အတိတ်တဘောင်များ ထွက်ပေါ်နေတယ်။ လူတိုင်းရဲ့ ပါးစပ်ဖျားမှာ ရေပန်းစား သီဆိုနေကြတယ်။ ပွဲလမ်းသဘင်များမှာလည်း ပွက်ပွက်ညံနေလေရဲ့။

**မွေးမေမေ သူမသနားလို့ မေ့သားတဲ့ ထည့်လိုက်လေ ယိုးဒယားမြေ။**
**ဒီမိုးရယ်၊ ဒီလေနဲ့ ဒီမြေကို မေမေထည့်တယ်။**
**လွမ်းပေါင်ကွယ်လေး။**

ဗဒုံမင်းသားရဲ့ စာဆိုတော် စိန္တကျော်သူ ဦးဩဆက်သွင်းတဲ့ မိုးကြိုးကျာစာ (၁၃) ပုဒ်မှာလည်း ဖော်ပြထားသေးတယ်။ အဲဒီမှာက

**လွှာပျဉ်သားနှင့် ဆောက်ထားနန်းတော် မခံပျော်ပြီ** ဆိုတဲ့ နိမိတ်တဘောင်ပဲ။ နေပြည်တော်မှာကလည်း မြို့တံခါး၊ လွှစင်၊ ဆင်ချည်တိုင်၊ မြင်းတင်းကုတ်များမှာ မိုးကြိုး (၁၃) ကြိမ်တစ်ခါတည်း ကျရောက်တယ်။

ဒါကြောင့် နိုင်ငံတော်ဟာ အထိတ်တလန့် ဖြစ်နေတယ်။

စစ်ရိပ်စစ်ငွေ့တွေဟာ နိုင်ငံတော် အနှံ့အပြားမှာ ယှက်သန်းစပြုနေပြီ။ ပြီးတော့လည်း နေပြည်တော်တစ်ဝှန်းမှာ အလေ့ကျပေါက်နေတဲ့ ညောင်ဝင်များဟာ မပွင့်စဖူး၊ ထူးကဲစွာ ပွင့်ဖူးနေကြတယ်။

**မျက်ရည်ကိုသုတ် နောက်ဆုတ်ပြန်** ဆိုတဲ့ တေးတဘောင်ကိုလည်း သီဆိုနေကြတယ်။ ကလေးသူငယ်များဟာလည်း ကခုန်နေကြတယ်။

အလောင်းမင်းတရားကြီးဟာ ရန်ကုန်မြို့ကို ရောက်သည်နှင့် ကောင်းမှုတော်ဇရပ်ကြီးလေးခုကို ရေစက်ချတော်မူတယ်။ ပဲခူးမြို့တော်မှာရှိတဲ့ ရွှေမော်ဓော ဘုရားကိုလည်း သွားရောက်ဖူးမြော်ကန်တော့တယ်။

အနီးပတ်ဝန်းကျင်မြို့တော်ဖြစ်တဲ့ သန်လျင်မြို့တော်မှ ကျိုက်ခေါက်ဘုရားရှင်ကိုလည်း အလှူဒါနပြုတော်မူတယ်။ ဒီနောက် နေပြည်တော်ကို ပြန်မယ်လို့ ကြံစည်ကာ ရှိသေး၊ အရေးတော်ပုံတစ်ခုဟာ ပေါ်ပေါက်လာခဲ့တယ်။

တခြားတော့ မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒွါရာဝတီ အရေးတော်ပုံပဲ။ ဒွါရာဝတီမင်းဟာ အလောင်းမင်းတရားကြီးကို မခံ့မညား မရိုမသေလုပ်တယ်။

သူ့ကျေးကျွန်ရဲမက်များကို ထားဝယ်ကျေးရွာ အစွန်အဖျားမှာ ထိပါးစော်ကားစေတယ်။

တိုက်ခိုက်လုယက်စေတယ်။ ဒါတင်မကသေးဘူး။ ထားဝယ်ကို စေလွှတ်လိုက်တဲ့ သမ္မန်တို့ကို သိမ်းယူကြောင်း သိရတယ်။ ရန်ကုန်ကို လွှင့်လာတဲ့ သင်္ဘော (၃) စင်းကိုလည်း လမ်းမှ ဖမ်းဆီးထားတယ်။

ဟုတ်ပါတယ်။ တကယ်တော့ ဒီအရေးဟာ နိုင်ငံတော်နဲ့ချီပြီး တိုက်ရမယ့် အရေးပဲ။

တစ်ဘက်ရန်သူက ရန်စလာတာကို ကိုယ်က ငြိမ်ခံနေလို့ မဖြစ်တော့ဘူး။ စစ်မက်ရေးဆိုတာကလည်း ဥပုသ်သီတင်းစောင့်ထိန်းရတဲ့ အမှုမျိုးလည်း မဟုတ်ဘူး။ တုတ်ကိုတုတ်ချင်း၊ လှံကိုလှံချင်း၊ တိုက်ရဲရမယ်၊ ခိုက်ရဲရမယ်ပေါ့။

ကျူးကျော်စစ်ကို တားဆီးရမယ်။

တရားသော စစ်ပွဲကို ရင်ဆိုင်ရမယ်ပေါ့။ တကယ်တော့ စစ်ပွဲဆိုတာက အသက်လုပွဲပဲ။ စွမ်းစွမ်းတမံ တိုက်ခိုက်ကြရမှာပဲ။

အမှန်ပြောရပါမူ ဒွါရာဝတီဆိုတာ ငြိမ်ဝပ်ပိပြားပြီးသားပဲ။ အဲဒီတိုင်းပြည်မှာနေကြတဲ့ ပြည်သူတွေဆိုလည်း ကျိုးနွံပြီးသားပဲ။ ခုမှ မထိတထိနဲ့ ကလိတဲ့ ပုံမျိုးရှိုးလာတာပဲ။

ဒီအချိုးကိုလည်း ဘယ်သူက လက်သင့်ခံနိုင်မှာလဲ။

အရှယ်နတုန်း ရိုးဖွဲ့နိုပ်ကွပ်ပစ်မှဆိုတဲ့ အသိဟာ အလောင်းမင်းတရားကြီးရဲ့ ရင်မှာဖြစ်ပေါ်လာတယ်။

မိမိနန်းတက်လာကတည်းက ဘယ်နိုင်ငံ၊ ဘယ်ပြည်သူကမှ မရှိလေးစား၊ ထောင်ထားခြားနားခြင်း မလုပ်ဖူးဘူး။ အားလုံး ငြိမ်ဝပ်ပိပြားတယ်။ အစကတော့ ဒွါရာဝတီလည်း ထိုနည်းနှင်နှင်ပဲ။ လေးစားမှု၊ ခံ့ညားရိုသေမှုဟာ ရှိနေတာပဲ။

ခုမှသာ ထိပါးကျူးကျော်လာခြင်း ဖြစ်တယ်။

"ဒွါရာဝတီပြည်ကို စစ်ချီတော်မူမည်" လို့ အမိန့်တော်ချမှတ်လိုက်တော်မူတယ်။ အတူပါလာတဲ့ မိဖုရားသားတော် သမီးတော်များကိုလည်း နေပြည်တော် မပြန်ခင် တစ်ရက်မှာ ရှေ့တော်မှောက်တွင် စုရုံးစေတယ်။

အဲဒီနေ့က ၂၀.၁၂.၁၇၅၉ ခုပဲ။

သိဂုံတ္တရ ကုန်းမြင့်ပေါ်ရှိ ရွှေတိဂုံစေတီတော်ကြီးဟာ နေရောင်ခြည်ရဲ့ အောက်ဝယ် ဝင်းဝင်းပပ ဖြိုးဖြိုးလက်လက် ရှိနေတယ်။



တောင်ခြေတစ်ဝိုက်မှာရှိတဲ့ သစ်ကြီးဝါးကြီးများဟာ လေနဲ့အတူ ယိမ်းကနေတယ်။ စေတီတော်မြတ်ကြီးကို ဦးခိုက်ခစားနေတယ်။ တစ်ခါတစ်ရံ တောစပ်ကလေးဆီက ပြေးထွက်လာတဲ့ သားကောင်အချို့ဟာ တောင်ကုန်းတောင်စွယ်ကလေးများအပေါ်မှာ ပြေးလွှားဆော့ကစားနေကြတယ်။

ကုန်းတော်ကြီးရဲ့ အရှေ့တောင်ဘက် ယွန်းယွန်းဆီမှာ ကျယ်ပြန့်တဲ့ ကန်တော်ကြီး ရှိတယ်။

အဲဒီကန်ကြီးတစ်ဝိုက်မှာ ကျက်စားနေကြတဲ့ တောကောင်တွေရဲ့ အော်မြည်ဟစ်ကြွေးသံများဟာ တဆွတ်ပျံ့ပျံ့ရှိလှတယ်။ ငြိမ်းအေးတဲ့ အရပ်၊ သူတော်စင်များသာ နိုမှီးတဲ့ ဒေသမို့ ချမ်းမြေ့ခြင်းအတိနဲ့ ပြီးနေတာပဲ။

အလောင်းမင်းတရားကြီး စံမြန်းနေတဲ့ စံနန်းတော်အတွင်းမှာကား ငြိမ်သက်နေတယ်။

ထူးထူးခြားခြား မခေါ်စဖူး အခေါ်ထူးလှတဲ့အတွက် သားတော် သမီးတော်များဟာ သူတို့ရဲ့ ရင်တွင်းမှာ အတွေးကိုယ်စီ ရှိနေကြတယ်။ သူတို့နဲ့အတူ မင်းတရားကြီး အားကိုးအားထားပြုနေရတဲ့ မှူးမတ်အချို့နဲ့ အားထားယုံကြည်ရတဲ့ ဗိုလ်မှူးတပ်မှူးအချို့လည်း ပါတယ်။

မင်းခေါင်နော်ရထာလို့ အမည်ရထားတဲ့ ဗိုလ်တွန် လည်းရှိနေတယ်။

အလောင်းမင်းတရားကြီးရဲ့ ပြည်ထောင်ဘက်ရဲမက် သူရဲကောင်းခြောက်ကျိပ်ရှစ်ဦး ရှိခဲ့တယ်။ အဲဒီသူရဲကောင်းခြောက်ကျိပ်ရှစ်ဦးအနက် အားအထားရဆုံးသူများကတော့ ငတွန် အမည်ခံ ဘွဲ့ဦးမင်းလှရွှေတောင်၊ မုဆိုးခုံဗိုလ်၊ ဗိုလ်မှူးမင်းခေါင်နော်ရထာဟာ သူရသတ္တိနဲ့ ပြည့်စုံတယ်။

ငကောင်းအမည်ခံ မင်းကျော်ပျံချီ၊ သေနတ်ဗိုလ်၊ မင်းလှမင်းခေါင်၊ မင်းလှမင်းခေါင်ကျော်၊ မဟာသေနာပတိ၊ အဂ္ဂမဟာသေနာပတိ။

ငလွှင်အမည်ခံ ရဲကျော်သူရ၊ ဗလမင်းထင်ကောင်းတုံဘုရင်ခံ ဖြစ်ခဲ့တယ်။

ငရွှေရည်အမည်ခံ မင်းကျော်စည်သူ၊ ခင်လတ်ဗိုလ်၊ အဆင့်ဆင့်ခံစားရပြီး နောက်ဆုံး ရန်ကုန်မြို့ဝန်အဆင့်အထိ ချီးမြှင့်ခံခဲ့ရတယ်။

တကယ်တော့ ဒီအရေးဟာ အလောင်းမင်းတရားကြီးအဖို့ ဖြစ်စေချင်ရတော့မယ့် အရေးပဲ။

ထားဝယ်မြို့ ကျေးလက်ရွာငယ်တို့ကို ယိုးဒယားတို့ ချောင်းချောင်းလှက်လာတယ်။ ရန်ကုန်ဆိပ်ကမ်းကို လာတဲ့ သင်္ဘော ၇ စင်းကို ယိုးဒယားက ဖမ်းဆီးထားမြစ်တယ်။ ထားဝယ်ကို စေလွှတ်တဲ့ သမ္မန်ကို ယိုးဒယားတို့

www.burmeseclassic.com

www.burmeseclassic.com



သိမ်းယူတယ်။ ဒါတွေဟာ စိတ်နှလုံး နောက်ကျိဖွယ်ကောင်းတယ်။ မလိုလားအပ်တဲ့ ဖြစ်ရပ်တွေပဲ။

သက်သက်မဲ့ ရန်ရှာ ရန်စလာတာပဲ။

သင်းတို့ဟာ အလောင်းမင်းတရားကြီးရဲ့ စိတ်ထားကို မသိကြလို့ပဲ။ မြန်မာဆိုတဲ့ လူမျိုးဟာ အမျိုးမာန်ကြီးတယ်။ သူတစ်ပါးကိုလည်း မထိပါးဘူး။ ကိုယ့်ကို ထိပါးစော်ကားလာရင်လည်း သည်းခံမှာ မဟုတ်ဘူး။ ဒီအခါကျရင် စစ်ဆိုတဲ့ အနိဋ္ဌာရုံကိုတော့ ပန်းပွင့်ကလေးသဖွယ် သဘောထားတတ်တယ်ဆိုတာ သင်းတို့ မသိကြလေရော့ထင့်။

ရာဇပလ္လင်ပေါ်ထိုင်နေတဲ့ ဘုရင်မင်းတရားကြီးအဖို့ တစ်စုံတစ်ရာကို ချင့်ချိန်နေဟန်ရှိတယ်။

ရာဇဂုဏ်နဲ့ တင့်တယ်နေတဲ့ သူ့အသွင်က တွေတွေငေးငေးကြီး ဖြစ်နေတယ်။ မိမိရှေ့မှာ လက်ယှက်ပြီး ခစားနေကြတဲ့ သားတော် သမီးတော် မိဖုရားစသူတို့ရဲ့ မျက်နှာတော်များကို တစ်ဦးချင်း စေ့စေ့စပ်စပ် ကြည့်နေ တယ်။

ဗိုလ်တွန်းဟာ အလောင်းမင်းတရားကြီးရဲ့ ညာလက်ရုံးသဖွယ် အားထားရတဲ့ သူပဲ။ ငယ်သူငယ်ချင်းလည်း ဖြစ်တယ်။ နတ်စက်ရှောင် ဆရာတော်ဘုရားထံမှာ အတူတူ ပညာသင်ကြားခဲ့ကြရတယ်။

အဲဒီပထမ နတ်စက်ရှောင် ဆရာတော်ဟာ အလောင်းမင်းတရားကြီးရဲ့ အဓါပေးဆရာတော်ဖြစ်တယ်။ ဗိုလ်တွန်းဟာ တစ်ထောင်သော ရန်သူဖြစ်ပါစေ ဘယ်အခါမှ တုန့်လှုပ်ကြောက်ရွံ့မှု မရှိဘူးလို့ ဆိုတယ်။

တစ်ယောက်တည်းလည်း သွားရောက်ဖြိုခွဲနိုင်စွမ်းရှိတယ်လို့ ဆိုတယ်။ သူနဲ့အတူ မင်းတရားကြီးရဲ့ အကျိုးကို သက်စွန့်ဆံဖျားကြိုးပမ်းခဲ့ တဲ့ တခြားဗိုလ်မှူးတစ်ဦးကတော့ မင်းလှမင်းခေါင်ပဲ။ မင်းလှမင်းခေါင်ဟာ သူ့ရဲ့ စွမ်းရည်ကို ပြခဲ့တယ်။

အလောင်းမင်းတရားကြီးရဲ့ မျက်စိအစုံတော်ဟာ မင်းခေါင်နော်ရထာထံမှာ တန့်သွားတယ်...နန်းရင်ပြင်တစ်ခုလုံးဟာ တိတ်ဆိတ်ငြိမ်သက်နေတယ်။ သည်တွင် အလောင်းမင်းတရားကြီးရဲ့ ရှုးရှကြည်လင်ပြတ်သားတဲ့ အသံတော်က ဖောက်ထွင်းဖြိုခွဲထွက်လာတယ်။

"ဒွါရာဝတီကို စစ်ချီရမယ့်အရေးကား ငါကိုယ်တော်မြတ်ရဲ့ သွေးသားသဖွယ်ဖြစ်တယ်။ ခုတလော နယ်စပ်တွေမှာ ထိပါးစော်ကားမှုတွေ ဖြစ်နေတယ်။ တကယ်တော့ ဒါတွေဟာ လက်သီးရဲ့အစပဲ။ လက်သီးကို နှိမ်နင်းနေမယ် ဆိုရင်တော့ ရန်ဆူးရန်ငြောင့်ဟာ သေသွားမှာ မဟုတ်ဘူး။

အမြစ်ကိုသာ လိုက်ရှင်းရမယ်။ လက်သီးရဲ့အမြစ်ဟာ လက်မောင်းပဲ။



မို့ အဲဒီလက်မောင်းကို ဖြတ်မှ နောက်ထပ်လက်သီးလာနိုင်တော့မှာ မဟုတ်ဘူး။

ဒီလိုပဲ နိုင်ငံတော်ရဲ့ အစွန်အဖျားမှာ သောင်းကျန်းနေတဲ့ ရန်ဆူးရန်ငြောင့်ရဲ့ အမြစ်ဟာ ဒွါရာဝတီပြည်ကပဲ။

ဒီတော့ အဲဒီ ဒွါရာဝတီပြည်ကို သိမ်းပိုက်နိုင်မှ ရန်အေးမယ်။ နိုင်ငံတော်လည်း ခုထက်ပိုပြီး သာယာဝပြောမယ်။ ငါကိုယ်တော်မြတ်ရဲ့ ဘုန်း တန်ခိုးအာနုဘော်လည်း ကြီးမားမှာဖြစ်တယ်။

ခု သားတော်ကြီးများဟာ ငါကိုယ်တော်မြတ်ရဲ့ သားတော်များပီပီ အခုချမှတ်တဲ့ အမိန့်တော်ကို တစ်သဝေမတိမ်း လိုက်နာကြရမယ်။

ဖခမည်းတော် မရှိတော့တဲ့ တစ်ချိန်ချိန်မှာ သားတော်များ အားလုံးစိတ်ဝမ်းမကွဲ နေထိုင်ကြရမယ်။ ထီးမွေ နန်းမွေကိုလည်း တစ်ဦးနဲ့တစ်ဦး လုယက်သတ်ဖြတ် မယူရဘူး။ တစ်ယောက်ပြီး တစ်ယောက် ကြီးစဉ်ငယ်လိုက် အဆင့်ဆင့် နန်းစံသွားရမယ်။ ဒါဟာ အရေးအကြီးဆုံး မှာကြားချက်ပဲ"

မင်းတရားကြီး မိန့်ဆိုချက်ပြီးသည်နှင့် အားလုံးသောသူများရဲ့ ရင်ထဲမှာ တူညီသော ခံစားချက်များ ခံစားလိုက်ကြရတယ်။ ဝမ်းနည်းကြေကွဲမှုများဟာလည်း သူတို့ရဲ့ မျက်နှာသွင်ပြင်မှာ အထင်းသားပေါ်နေကြတယ်။

ရှေ့ဖြစ်လာမယ့် ကြေကွဲဖွယ်ဖြစ်ရပ်များကိုလည်း သူတို့စိတ်ထဲမှာ အလိုလို သိနေဟန်တူရဲ့။

သည်တုန်းက "မောင်လောက်"လို့ခေါ်တဲ့ နောင်တော်ကြီးမင်းဟာ နေပြည်တော်မှာပဲ မြို့စောင့်အဖြစ် ကျန်နေရစ်ရတယ်။ ကျန်တဲ့ အခြားသားတော်များအားလုံး ဘုရင်မင်းတရားကြီးနဲ့အတူရှိနေတယ်။

ဟုတ်တယ်လေ၊ ဒီတုန်းက ယိုးဒယားချီမယ်ဆိုတော့ မင်းတရားကြီးရဲ့ ဇာတာတော်ကို ပုဏ္ဏားတော်များ လာစစ်ဆေးတယ်။

"ဇာတာတော်မသန့်ပါ၊ ချီတက်ရန် အရပ်အနေလည်း မသင့်ပါ"လို့ လျှောက်ထားကြတယ်။ ဒါပေမဲ့ ဘုရင်မင်းတရားကြီးရဲ့စိတ်တော်က ခိုင်နေပြီး နယ်စပ်မှာ လာပြီး မထိခလုတ်၊ ထိခလုတ်နဲ့ လာရန်စနေတဲ့ သင်းတို့ကို ကောင်းကောင်း နှိပ်ကွပ်ရမယ်ပေါ့။

မြို့တပ်ဝန်းကျင်တစ်ခုလုံးကား စစ်ချီသံ ခရာသံများနဲ့ အားမာန်တက်ဖွယ် ရှိနေတယ်။ ရဲမက်တော်များရဲ့ အခမ်းအနားများဟာလည်း ခေတ်ဦး ပြတ်ရှိနေတယ်။ မြင်းဟီသံ ဆင်အော်ဟစ်သံများဟာလည်း ဟိန်းဟိန်းထနေလေရဲ့။ တပ်မှူးတပ်ကဲများဟာ မိမိတို့ အုပ်ချုပ်ရမယ့် စစ်တပ်များထို ထွက်ထဲနေလေရဲ့။ အမျိုးမျိုးပြင်ဆင်နေလေရဲ့။

မြန်မာသက္ကရာဇ် ၁၁၂၁ ခု၊ ပြာသိုလဆန်း ၃ ရက်သောကြာနေ့။

www.burmeseclassic.com

www.burmeseclassic.com



၂၁–၁၂–၁၇၅၉ ခုနှစ်မှာပဲ အလောင်းမင်းတရားကြီးဟာ ရန်ကုန်က ဟံသာဝတီကို ရေကြောင်းနဲ့ ချီတော်မူတယ်။ ရှေ့ဆုံးတပ်အဖြစ် သားတော် မြေဒူးမင်းသားက တပ်ပေါင်းလေးဆယ်နဲ့ အရင်ထွက်တော်မူတယ်။

မိဖုရားခေါင်ကြီးစတဲ့ မိဖုရားများ သားတော်သမီးတော်များကို ရန်ကုန်မြို့က ရွှေဖောင်တော်နဲ့ နေပြည်တော်ကို ဆန်စေတယ်။ သူတို့ကို သားတော် ဗဒုံမင်းသား သတိုးမင်းစောနဲ့ သားတော်အမြင့်မင်းသား သတိုးမင်းလှကျော်တို့ကို ကြီးကြပ်ပြီး ပို့စေတယ်။

အလောင်းမင်းတရားကြီးဟာ ဟံသာဝတီမှ မုတ္တမသို့ ကြည်းကြောင်း ချီတော်မူတယ်။

မုတ္တမမှ တစ်ဆင့် ထားဝယ်ကို ရေကြောင်း၊ ကြည်းကြောင်းနှစ်ခု ဖြန့်ပြီး ချီစေတော်မူတယ်။ အလောင်းမင်းတရားကြီးကတော့ ကုန်းကြောင်းကပဲ ချီတော်မူတယ်။ ၁၃ စခန်းနဲ့ ရောက်အောင် ချီတော်မူတယ်။

အလောင်းမင်းတရားကြီးဟာ ထားဝယ်မြို့မှာ ၇ ရက်တိုင်တိုင် စိုးစံတော်မူတယ်။ အဲဒီမှာ ဆင်မြင်းမိုလ်ပါ ဖြည့်တင်းတယ်။ ရန်ကုန်မြို့က ချီလာတဲ့ သဘော်တပ်၊ မုတ္တမကချီလာတဲ့ မုတ္တမကူး သမ္ဗန်တပ်များကို စောင့်နေခြင်း ဖြစ်တယ်။

တပ်မတော်များ စုံသည်နှင့် မင်းခေါင်နော်ရထာကို မြင်း ၃၀၀၊ သေနတ်စွဲ သူရဲ ၃၀၀၀ တို့ကို ကွပ်ကဲစေတယ်။ မင်းလှနော်ရထာက မြင်း ၃၀၀၊ သေနတ်စွဲ သူရဲ ၃၀၀၀ ကို ကွပ်ကဲတယ်။

သားတော် သီရိဓမ္မရာဇာ မြေဒူးမင်းသားက မြင်း ၅၀၀၊ သေနတ်စွဲ သူရဲ ၅၀၀၀ကို ကွပ်ကဲစေတယ်။ သားတော်မြေဒူးမင်းတပ်က ရှေးဦးဆုံးတပ်ဦးက ချီတော်မူတယ်။

မကြာခင်မှာပဲ အလောင်းမင်းတရားကြီးဟာ ထားဝယ်မှ မြိတ်ကို ချီတော်မူတယ်။

မြိတ်မှတစ်ဆင့် ဒွါရာဝတီရဲ့ သင်္ဘောဆိပ်မြို့ဖြစ်တဲ့ တနင်္သာရီမြို့ကို သိမ်းတော်မူတယ်။ ဒွာရာဝတီမင်းကလည်း အလုံးအရင်းနဲ့ ဗန်လွန်ရွာ အလွန် ပင်လယ်နားမှာ ခုခံတယ်။ တပ်ဦးဖြစ်တဲ့ မြေဒူးမင်းသားရဲ့ တပ်တော်ကို မခံနိုင်လို့ ဒွာရာဝတီသားတို့ ပြေးကြရတယ်။

အဲဒီတိုက်ပွဲမှာ ကွီးမြို့လုံးကို ရတော်မူတယ်။

ဒွါရာဝတီစစ်သည် သုံးသောင်းကျော်တို့ဟာ တာလန်ချောင်း တစ်ဖက်က ထပ်မံခုခံတယ်။ ဟိုးအရင်တုန်းက မြန်မာတို့ဟာ ယိုးဒယားကို စစ်ချီခဲ့ကြတယ်။



သည်တုန်းက၊ ကျိုင်းတုံနဲ့ ဘုရားသုံးဆူတောင်ကြား လမ်းမှသာ ချီတက်လေ့ရှိတယ်။

အလောင်းမင်းတရားကတော့ ဒီလိုမဟုတ်ဘူး။ တနင်္သာရီကမ်းရိုးတန်းအတိုင်း တောင်ဘက်ကို ချီတယ်။ ပြီးမှ တောင်တန်းများကို ဖြတ်ကျော်တယ်။ ပြီးမှ ယိုးဒယားကမ်းရိုးတန်းသို့ ရောက်တဲ့အခါ၊ အယုဒ္ဓယမြို့တော်ကို ဦးတည်ကာ အလျှင်အမြန် ချီတက်တယ်။

သည်လို စစ်ကြောင်း လမ်းပြောင်းချီတက်ရခြင်းမှာ အကြောင်းရှိပါတယ်။

ယိုးဒယားစစ်တပ်ကြီးဟာ မြန်မာတပ်အလာကို ယခင်နေရာဟောင်း လာလမ်းမှ အသင့်စောင့်ဆိုင်းနေကြတဲ့အတွက်ပဲ ဖြစ်ပါတယ်။

သင်္ဘော ၅ စင်းမှာ ရဲမက်တော်များနဲ့ ကုလားပန်းသေးများကို စီးနင်းစေပြီး ရန်ကုန်မြို့မှ ရေကြောင်းနဲ့ ထားဝယ်ကို ချီစေတယ်။ မြေဒူးမင်းသားအား တပ်ပေါင်း ၄၀ ကို အုပ်စီးနေပြီး၊ ရှေ့ဖျားတပ်အဖြစ် ချီစေတယ်။ ပြီးမှ ကိုယ်တော်တိုင် နောက်တပ်မပြုပြီး ရန်ကုန်မှ ဟံသာဝတီကို ချီတယ်။

ဟံသာဝတီကို ရောက်လာတဲ့ ရေတပ်ကို ကြည်းတပ်အဖြစ် ပြန်လည် ခွဲဆင် ဖွဲ့စည်းတယ်။ ပြီးမှ မုတ္တမကို ဆက်ပြီးချီစေတော်မူတယ်။ ရန်ကုန်မြို့မှ မုတ္တမအရောက် စခန်း ၉ ခုဖြင့် ချီစေတယ်။

တခြားတပ်အချို့ကိုတော့ မုတ္တမမှ မော်လမြိုင်၊ မော်လမြိုင်မှ ထားဝယ်သို့ ရေကြောင်းဖြင့် ချီစေတယ်။ ထားဝယ်သို့ ၁၃ စခန်းဖြင့် အရောက်ချီတယ်။

အလောင်းမင်းတရားကြီးကတော့ ကြည်းကြောင်းဖြင့် ချီစေတယ်။ အဲဒီ စစ်ကြောင်းကြီးကတော့ မုတ္တမမှ ထားဝယ်သို့ ၁၃ စခန်းဖြင့် အရောက် ချီတယ်။

ရေကြောင်း ကြည်းကြောင်းတပ်များအားလုံးကို စုစည်းပြီး ထားဝယ်မှာ ၇ ရက်နားစေတယ်။ ပြီးမှ အင်အားထပ်ဖြည့်တယ်။ တပ်တော်များအားလုံး တနင်္သာရီကို အရောက်ချီစေတယ်။ ဒါကို ဒွါရာဝတီမင်းက အလုံးအရင်းနဲ့ ခုခံတယ်။ ဗန်လွန်ရွာအလွန် ပင်လယ်နားမှာ ခုခံတယ်။ တပ်ဦးဖြစ်တဲ့ မြေဒူးမင်းသားရဲ့ တပ်တော်ကို မခံနိုင်လို့ ဒွါရာဝတီသားတို့ ပြေးကြရတယ်။ အဲဒီ တိုက်ပွဲမှာ ကွီးမြို့အလုံးကို ရတော်မူတယ်။

အဲဒီ ကွီးမြို့ကို မရောက်ခင် တောင်နှစ်လုံးကြား လမ်း[illegible] တိုက်ပွဲဖြစ်တာပဲ။ စစ်ဦးဘီလူးဆိုသလိုပဲ မြန်မာတပ်များနဲ့ ယိုး[illegible] တိုက် ပွဲဦးအစဟာ ပြင်းပြင်းထန်ထန် ကြောက်ခမန်း[illegible]။ အဲဒီ [illegible]

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားတိုက်ပွဲမှာ ယိုးဒယား ဗြတေဇောတပ်မှာ မြင်း ၃၀၀ ကျော် လူ ၇၀၀၀ ကျော်ပါတယ်။

ယိုးဒယားဘက်ကတော့ အမတ်ကြီး ဗြတေဇော၊ အမတ်ကြီး အောက်ပြရာဓာဝံသ်တို့ ဦးစီးတယ်။

မြန်မာတို့ဘက်ကတော့ တပ်ဦးချီ မင်းခေါင်နော်ရထာ၊ မင်းလှနော်ရထာတို့ပဲဖြစ်တယ်။ ဒွါရာဝတီသား စစ်သည် သုံးသောင်းကျော်တို့ဟာ တာလန်ချောင်းတစ်ဖက်က ထပ်မံခုခံတယ်။

အဲဒီတိုက်ပွဲဟာ အလွန်ကြီးကျယ်တယ်။

ပြင်းထန်တယ်။ အင်အားချင်းမမျှဘူး။ အစပထမတော့ မြန်မာတို့ဟာ ရှုံးနိမ့်တော့မယောင်ယောင် ရှိနေတယ်။ ဒါကြောင့် နောက်က ကပ်ပြီးလိုက်လာတဲ့ တပ်မတော်ကြီးနဲ့ ပူးပေါင်းလိုက်ကြတယ်။ ပြီးမှ စွန့်စွန့်စားစား တိုက်ကြရတယ်။

စစ်သုံးကြောင်းနဲ့ ဖြန့်ပြီးတိုက်ကြရတယ်။

မင်းခေါင်နော်ရထာကို လက်ဝဲကြောင်း၊ မင်းလှနော်ရထာကို လက်ယာကြောင်း ထားတော်မူတယ်။ မင်းလှသီရိကို အလယ်ကြောင်းထားတယ်။ ဒီတိုက်ပွဲကြီးကို မြေဒူးမင်းသားကိုယ်တိုင် ကြီးကြပ်ပြီး တိုက်တော်မူတယ်။

သတ်မှတ်ထားတဲ့ အချိန်ကျရောက်တာနဲ့ စစ်သုံးကြောင်းဟာ ချောင်းရိုးကို တစ်ပြိုင်နက် ဖြတ်ကျော်ကြတယ်။ တစ်ဖက်ကမ်းစပ်ရောက်တာနဲ့ ရှုပ်ရှုပ်ချုံချုံ တစ်ဟုန်ထိုးတိုက်ကြတယ်။ ထိုးခုတ်ကြတော့တယ်။

အပြင်းတိုက်ကြတယ်။

နှစ်ဘက်စလုံး အကျအဆုံး များလှတယ်။ မြေပြင်အနှံ့မှာ လူသေအလောင်းများပြန့်ကျဲနေတာပဲ။ တာလန်ချောင်းရဲ့ ရေပြင်ဟာလည်း သွေးချင်းချင်း နီနေတယ်။

နှစ်ဘက်စစ်သည်ရဲမက်များရဲ့ အလောင်းတွေဟာ ရေပြင်တစ်လျှောက်မှာ ဖွေးဖွေးလှုပ်နေတာပဲ။

သွေးအလိမ်းလိမ်း ပေလူးနေတဲ့ ရစ်သည်တို့ရဲ့ ချပ်ဝတ်တန်ဆာများဟာလည်း ဟိုတစ်စ ဒီတစ်စနဲ့ မြေပြင်မှာ ပြန့်ကျဲနေတယ်။ မသေမရှင် လဲကျနေတဲ့ စစ်သည်အချို့ရဲ့ ဒဏ်ရာကြောင့် ငိုညည်းအော်မြည်သံများဟာ အဝီစိငရဲအလား ပွက်ပွက်ထ ဆူညံနေလေရဲ့။

ဒါပေမဲ့ ရဲမက်တော်တချို့ဟာ ဆင်သေကောင်၊ မြင်းသေကောင်များကို အကာအကွယ်ယူပြီး တိုက်ခိုက်နေကြတယ်။ အသက်လုပွဲတွေပဲ။ ဓားကိုဓားချင်း၊ လှံကို လှံချင်း တိုက်ခိုက်ထိုးခုတ်နေသည့် ကြားမှပင်၊ အမြောက်



သံ၊ မီးပေါက်သေနတ်တို့ရဲ့ အသံများဟာလည်း တဒိန်းဒိန်း တဒိုင်းဒိုင်းနဲ့ ဟိန်းဟိန်းထနေလေရဲ့။

မီးညွန့်မီးခိုးများကလည်း အနှံ့အပြား လောင်ကျွမ်းနေလေရဲ့။

တကယ်တော့ သည်မြင်ကွင်းတွေအားလုံးဟာ အနိဋ္ဌာရုံတွေချည်းပဲဖြစ်တယ်။ စစ်ဆိုတဲ့ ဘီလူးကြီးဟာ လူသားတွေကို သတ်ဖြတ်စားသောက်နေတာပဲ။

တကယ်တော့ သည်တိုက်ပွဲမှာ ရေထဲကျသေတဲ့ အလောင်းများကလည်း မနည်းလှဘူး။

အဲဒီ စစ်ပွဲမှာ သေနတ် ၁၀၀၀ နဲ့ ဆင် ၁၀၀ ကို ရလိုက်တယ်။ အမြောက်ကြီး ၃၀ နဲ့ အမြောက်ငယ် ၁၅၀ ကိုလည်း မယူနိုင်တဲ့အတွက် မြေမှာပဲ မြှုပ်ပစ်ခဲ့ရတယ်။

အလောင်းမင်းတရားကြီးဟာ သဖန်းပုမြို့ကို ချီတော်မူပြန်တယ်။

ဒွါရာဝတီသားတို့ ဆင် ၃၀၀ ရဲမက် ၃၀၀၀၀ နဲ့ ဆီးကြိုခုခံပြန်တယ်။ ဗိုလ်မှူးဖြစ်တဲ့ ဒွါရာဝတီ အမတ်ကြီးကို အဲဒီတိုက်ပွဲမှာ အရှင်ဖမ်းမိ လိုက်တယ်။ သဖန်းပုကို တစ်ပတ်နဲ့ပဲ အောင်မြင်တယ်။

အဲဒီကမှတစ်ဆင့် ဒွါရာဝတီမြို့အရောက် ချီတော်မူပြန်တယ်။

မြို့တော်ရဲ့ မြောက်ဘက်အရပ်ဖြစ်တဲ့ ဘားနောင်ကတွန်အရပ်မှာ စခန်းချ ရပ်နားတော်မူတယ်။ သဖန်းပုမြို့မှ ဖမ်းဆီးရမိထားတဲ့ ဗိုလ်မှူး အမတ်ကြီးကို ဒွါရာဝတီမင်းတရားထံ ပြန်စေတယ်။ စစ်သုံ့ပန်းအဖြစ် ဖမ်းမိပေမဲ့ သတ်မပစ်ဘူး။ သတ်လိုက်လို့ကလည်း အကြောင်းမထူးဘူး မဟုတ်လား။

သူတို့ကို သတ်လိုက်လို့ ဒွါရာဝတီ မြို့ကြီးကို သိမ်းပိုက်ရမယ်ဆိုရင်တော့ အကြောင်းမဟုတ်ဘူးပေါ့။ အဓိကလိုချင်တာက ဒွါရာဝတီပြည်ကြီးကိုပဲ မဟုတ်ဘူးလား။ သည်တော့ ဖမ်းမိထားတဲ့ စစ်သုံ့ပန်း အမတ်ကြီးတွေကို အလောင်းမင်းတရားကြီးက သဘောထားကြီးစွာနဲ့ပဲ ပြန်လွှတ်လိုက်တယ်။

သည်အချိန်မှာ ဒွါရာဝတီမြို့ထဲမှာလည်း ရတ်ရတ်သဲသဲ ဖြစ်နေတယ်။

သူတို့အဖို့ စစ်ပွဲစချီကတည်းက အနိုင်တစ်ပွဲမှ မရသေးဘူး။ ဆုံးရှုံးခြင်းများစွာနဲ့ နောက်ဆုတ်ပြေးရတာချည်းပဲ။ ရွှေမြို့တော်ကို အလုံပိတ် ထား ပြီးတော့ ထွက်တိုက်တယ်။ အဲဒီထွက်တိုက်သမျှ တိုက်ပွဲတွေမှာလည်း ရှုံးနိမ့်သွားတာချည့်ပဲ။

ဒါတွေကို ဒွါရာဝတီပြည်သူတွေက သိနေကြပြီ။

ဒါကြောင့် သိပ်ပြီး တုန်လှုပ်နေကြတယ်။ သိပ်ပြီး ချောက်ချားနေ

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ နိုးရိမ်ပူပန်ခြင်း ကြီးစွာဖြစ်နေကြတယ်။ ဒီလိုတင်းခံနေလို့လည်း ဘယ်အချိန်အထိ ခံနိုင်မတုန်း။ ခံနိုင်သမျှတော့ ခံကြဦးမှပဲဆိုတဲ့ အတွေးတွေနဲ့ မြို့တံခါးဝကို အုတ်အပြည့်စီပြီး မြို့ကို ပိတ်ထားကြတယ်။

အစောင့်အနေကိုလည်း ယခင်ကထက် ထူထူထဲထဲ ချထားကြတယ်။

မြန်မာသက္ကရာဇ် ၁၁၂၁ ခု၊ နှောင်းတန်ခူးလဆုတ် ၁၁ ရက်၊ သောကြာနေ့။ ၁၁၊ ၄၊ ၁၇၆၀ မှာ မင်းတရားကြီးဟာ ဒွါရာဝတီမြို့ကို ရောက်တယ်။ ဒွါရာဝတီမြို့ရဲ့ မြောက်ဖက်မှာ တပ်မကြီးစွဲပြီး ရပ်ထားတယ်။

ကျန်တဲ့ တပ်တော်များဟာ တပ်စဉ်အတိုင်း မြို့တော်ကို ဝိုင်းရံထားတာပဲ။

တကယ်တော့ ဒွါရာဝတီသားများဟာ ယတြာ၊ ယာယီ၊ ပရိယာယ်၊ ဝေဝုစ်၊ အကြံအစည်မှာ အလွန်စဉ်းလဲကြသူများဖြစ်တယ်။ မြန်မာတို့ ဒွာရာဝတီကို ဝိုင်းရံထားတော့ တန်ခူး၊ ကဆုန်လရောက်နေပြီ။ မကြာခင် မိုးကျတော့မယ်။

သည်လို မြန်မာ့တပ်များ ဆက်တိုက်မအောင်ပွဲခံလာသည်ကို ယိုးဒယားဘုရင်က ကြားသိတော်မူတယ်။ ဒါနဲ့ပဲ အယုဒ္ဓယမြို့တော် အပြင်ရှိ မျိုးရိက္ခာ၊ ဆင်မြင်း၊ လက်နက်အားလုံးကို မြို့တော်တွင်းသို့ သွင်းတယ်။ မြို့ရိုးမြို့ပြကို နိုင်လုံအောင် ထပ်မံပြင်ဆင်တယ်။

အဲဒီနောက် ဆင်ကောင်း၊ မြင်းကောင်း၊ ရဲမက်ကောင်းတွေကို ရွေးချယ်တယ်။

ဗြတောဇော၊ ဗြစိန္တာမဏိ၊ ဗြဏ္ဏနွှသူ၊ ဗြဂါမဏိ၊ အောက်ဗြရာဇဝံသံတို့ကို တပ်မှူးများ ခန့်ကာ မြန်မာတပ်ကို ဆီးကြိုတိုက်ခိုက်စေတယ်။ တာလံချောင်းကူးတစ်ဖက်မှာ ချီတက်ရပ်ခံစေတယ်။

အဲဒီတပ်ပေါင်းစု ဗိုလ်ချုပ်မှာ အောက်ဗြကလဟုန်းဖြစ်တယ်။

တိုက်ဆင် ၃၀၀ ကျော်၊ မြင်း ၃၀၀၀ ကျော်၊ စစ်သည် ၃၀၀၀ ကျော် ပါဝင်တယ်။ မြန်မာတပ်တွေဟာ ချောင်းရဲ့တစ်ဖက်ကို ရောက်လာ တယ်။ သည်မှာတင်ပဲ ချောင်းတစ်ဖက်မှာ ယိုးဒယားစစ်အင်အား ကြီးမားလှ တာကို တွေ့လိုက်ရတယ်။

ဒါနဲ့ပဲ ဝင်မတိုက်သေးဘဲ မင်းတရားကြီးတပ်အရောက် စစ်အညီကို စောင့်နေရတယ်။

မကြာခင်မှာပဲ မင်းတရားကြီးရဲ့ တပ်တော် စစ်တံခွန်ဖျားကို တွေ့မြင်လိုက်ရတယ်။ သည်တင်မှာပဲ မြေဒူးမင်းသားဟာ၊ မင်းခေါင်နော်ရထာကို လက်ဝဲကြောင်း၊ မင်းလှနော်ရထာကို လက်ယာကြောင်း၊ မင်းလှသီရိကို



အလယ်ကြောင်းထားကာ ဝင်တိုက်စေတယ်။

သည်ပွဲမှာ မြေဒူးမင်းသားဟာ ကိုယ်တိုင်ဦးစီးပြီး ရှုပ်ရှုပ်ချွံချွံ အတင်း ဝင်တိုက်တာပဲ။

ယိုးဒယားတို့က ပြောင်းသေနတ်ကို အများဆုံး အသုံးပြုကြတယ်။ ဒါကြောင့် မြန်မာတပ်တို့ အထိနာတယ်။ ဒါပေမဲ့ မြန်မာတို့က မမှုဘူး၊ နောက်လည်း တွန့်မသွားဘူး။ မကြာပါဘူး။ မင်းတရားကြီးတပ်မက မီလာတယ်။

တပ်ပေါင်းစုများ အားသွန်တိုက်ကြတယ်။

မြန်မာစစ်သည်တို့ရဲ့ ဖွဲ့နပဲကြောင့် ယိုးဒယား ၁၆ တစ်လုံးကို အောင်မြင်တော်မူတယ်။ ဆင်မြင်းပါအပြီးရတယ်။ အဲဒီစစ်ပွဲမှာ ယိုးဒယား ဗိုလ်ချုပ်ဖြစ်တဲ့ အောက်ဗြကလဟုန်းဟာ အပြေးလျင်တဲ့အတွက် လွတ်မြောက်သွားတယ်။ မြင်းစီးပြီး ပြေးလို့သာပေါ့။

ကျန်တဲ့ ဗိုလ်မှူး ၅ဦးကိုတော့ ဆင်နဲ့တကွ ရတယ်။

မြန်မာတပ်ဟာ အဲဒီခံတပ်ကို အောင်မြင်လိုက်တယ်။ အဲဒီအချိန်ကစပြီး တစ်ဖက်က ယိုးဒယားတပ်များဟာ ထွက်မတိုက်ရဲတော့ဘူး။ 'ဒွါရာဝတီ' လို့ အမည်ပြောင်းထားတဲ့ အယုဒ္ဓမြို့တော်ကသာ ခံနေတော့တယ်။

အဲဒီ အယုဒ္ဓယမြို့တော်ကို စခန်းထောက် ၈၀ နဲ့ အရောက်ဝန်းရံမိတယ်။

၁၁၂၁ ခု၊ တန်ခူးလပြည့်ကျော် ၁၁ ရက်နေ့မှာပဲပေါ့။ ယိုးဒယားမြို့တော်ရဲ့ မြောက်ဘားနောင် ဘာတွန်းဆိုတဲ့ အရပ်မှာ မြန်မာတပ်တွေဟာ အခိုင်အလုံတည်နေတယ်။

သည်တုန်းက အယုဒ္ဓယမြို့ရဲ့ အနေအထားဟာ အတော်ကောင်းမွန်တယ်။

အယုဒ္ဓယရဲ့ သဘာဝအင်အားဟာ တောင့်တင်းလှပတယ်။ အတွင်းသစ္စာဖောက်သာမရှိခဲ့လျှင် မြို့တော်ကြီးကို လွယ်လွယ်နှင့် မအောင်မြင်နိုင် ဘူး။ တပ်တော်အင်ကြီးအားကြီးနဲ့ ကြာရှည်လုပ်ကြံမှသာ အောင်နိုင်ဖွယ် ရှိ မယ်ပေါ့။ မြို့တော်ရဲ့ အနီးပတ်ဝန်းကျင်များမှာ ချောင်းငယ်မြောင်းငယ်များ ဖြတ်သန်းစီးဆင်းနေတယ်။

များပြားလှတဲ့ အဲဒီချောင်းငယ်မြောင်းငယ်များဟာ ယက်သွက်ရှုံး စီးဆင်းနေကြတာပဲ။ ဒါကြောင့်ပဲ ထင်ရဲ့၊ စစ်သည်တစ်သိန်းအောက်ခေါင်းတဲ့ တပ်မတော်ဟာ မြို့တော်ကို ပိတ်ဆို့မထားနိုင်ဘူး။ အဲဒီဝန်းရံထားတဲ့ တပ်မှန်သမျှဟာ မိုးတွင်းရောက်တာနဲ့ အခက်အခဲတွေ့ရမှာပဲ။

ဘာကြောင့်လဲဆိုတော့ မိုးတွင်းရောက်တာနဲ့ ရေကြီးတယ်။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ကုန်းမြင့်တဲ့ နေရာကို တပ်များခွဲပြီး ရွှေ့ပြောင်းရတော့တယ်။ အဲဒီလို အယုဒ္ဓယမြို့တော်ကို ဝိုင်းရံထားစဉ်မှာပဲ၊ ယိုးဒယားဘုရင်ထံ ရာဇသံကို စေတော်မူတယ်။

*"ငါတို့အရှင် ဘဝရှင်အလောင်းမင်းတရားကြီးဘုရားသည် ယိုးဒယားပြည်မှာ သာသနာတော် မပွင့်မလင်းသည်ကို ပွင့်လင်းစေလို၍ ဘုရားလောင်းတို့ တိုင်းခွင်လှည့်လည်တော်မူသည်ကို ယိုးဒယားမင်းသည် ခရီးဦးသော်လည်း မကြိုဆို၊ ဆင်ကြီး၊ မြင်းကြီး၊ သားသမီးသော်မှလည်း မဆက်၊ ထွက်၍သော်လည်း မတိုက်၊ ငါတို့အလောင်းမင်းတရားသည် ဘုရားဆုကို ပန်တော်မူသည်နှင့်အညီ သဖန်းပုံတွင်ရတော်မူသည့် အမတ်ကြီးကိုလည်း လွှတ်တော်မူလိုက်သည်"*

ဒါကတော့ မင်းတရားကြီးရဲ့ ကြားရောက်လိုက်တဲ့ ရာဇသံပဲ။

တကယ်တော့ သည်တုန်းက မြန်မာတွေဟာ ရဲစိတ်ရဲမာန်ပြည့်ဝကြတယ်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကြီး မြင့်ကြတယ်။ ရန်သူဆိုလင့်စေကာမူ သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်တတ်ကြတယ်လေ။

မင်းတရားကြီးရဲ့ ရာဇသံကို ကြားသိရတဲ့ ယိုးဒယားမင်းဟာ အတန်ကြာစောင့်ဆိုင်းနေတယ်။ ပြီးမှ သည်လိုပြန်ကြားလိုက်တယ်။

*"ငါတို့ ကမ္ဘာမှာ ဘုရား ၅ ဆူသာ ပွင့်သည်။ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမမဟူသော ဘုရား ၄ ဆူသည် နိဗ္ဗာန်ဝင်ကြလေပြီ။ မိတ္တေယျဘုရားသာ ကြွင်းတော့သည်။ မိတ္တေယျအလောင်းလည်း ယခုတုသိတာနတ်ပြည်မှာ ရှိသေးသည်။ ကိုယ်တို့ အလောင်းကား အဘယ်ဘုရားလောင်းပေတုန်း။ ဘုရားပွင့်လည်း အလွန်အားဖြင့် တစ်ကမ္ဘာတွင် ၅ ဆူသာပွင့်မြဲ။ ၆ ဆူပွင့်ထုံးမရှိ"*

ယိုးဒယားတို့ရဲ့ မထီမဲ့မြင်စကားဟာ အလောင်းဘုရားကို ပြင်းထန်စွာ အမျက်ဖြစ်စေတယ်။ ဒါကြောင့်ပါပဲ စစ်ကို အလျင်ပြင်စေတယ်။ ယိုးဒယားတို့ဟာ မကြာမီ မိုးကျလာတော့မယ်ဆိုတာ သိနေကြပြီ။ သည်အခါမှာ မြို့ပတ်လည်မှာ ရေတွေ ပြည့်လာမှာပဲ။

ကုန်းပြင်ရဲ့ အမြင့်ဆုံးနေရာမှာ တည်ဆောက်ထားတဲ့ ဒွါရာဝတီပြည်အဖို့ ရေကြီးမှာ မစိုးရိမ်ရဘူး။

မြေညီမှာ ဝိုင်းရံနေကြတဲ့ မြန်မာစစ်သားတွေအဖို့တော့ ရေလွှမ်းခံရမှာ သေချာတယ်။ တကယ်တော့ ဒွါရာဝတီမြို့ရဲ့ အနေအထားက အလွန်ကောင်းမွန်တယ်။ သည်တော့ မြန်မာတပ်တွေကို မိုးကျတဲ့အထိ ခုခံထားမယ်။



ပရိယာယ်နဲ့ အချိန်ဆွဲထားမယ်။

သည်လိုအချိန်ဆွဲထားတာနဲ့ နောက်ဆုံးမှာ မြန်မာတွေဟာ တပ်ဆုတ်ပြီးပြန်ရဖို့ သေချာပြီပေါ့။

ယိုးဒယားတို့ဟာ အဲဒီလို တွက်ထားပြီး ပရိယာယ်နဲ့ သံတမန်စေလွှတ်လိုက်တယ်။ ယိုးဒယားအမတ်ကြီး ဗြသိဒ္ဓိ၊ ဗြသုဘာဒပတီ၊ ဗြသုရကာစွတို့ကို စေလွှတ်လိုက်တယ်။

*"မြန်မာမင်းထံ ဆင်ကြီး၊ မြင်းကြီး လက်နက်ကောင်းများ ဆက်သပါမည်၊ စည်းစိမ်မပျက်နေပါရစေ"*

လို့ အညံ့ခံတဲ့ စကားလည်း ဆိုစေတယ်။ ယိုးဒယားတို့ဟာ ပါးစပ်ကသာ သည်လိုဆိုနေတယ်။ လက်တွေ့မှာတော့ နောက်ထပ် မြင်းလှည့်စုဆောင်းတယ်။ လက်နက်မြို့ပြ၊ ကျုံးမြောင်း ဖြည့်စွက်တယ်။ မြို့တော်ကို အနိုင်အမာ ပြုထားတယ်။

ဒွါရာဝတီမင်းက စေလွှတ်လိုက်တဲ့ သံတမန်များဟာ စိတ်ဝမ်းချမ်းချမ်းနဲ့ ပြန်သွားကြပြီ။

ရက်အနည်းငယ်အတွင်းမှာပဲ မင်းတရားကြီးဟာ ကိုယ်လက်မအီမသာဖြစ်တော်မူတယ်။ ရေမြေရာသီဥတု ပြောင်းလဲမှုဒဏ်ကို မင်းတရားကြီး ခံရဟန်တူရဲ့။ ကိုယ်တော်မှာ မအီမသာဖြစ်နေပြီ။ တကယ်တော့ ယိုးဒယားအမတ်တွေ ပြန်သွားပြီး ၁၀ ရက်အကြာမှာ မမာမကျန်း ဖြစ်တော်မူတာပဲ။

မကြာခင် မိုးကျတော့မယ့် အရိပ်အယောင်များကလည်း ပြလာချေပြီ။

ကောင်းကင်ပြင်မှာ တိမ်ထုများ ထူထဲလာပြီ။ လေကလည်း ခပ်ကြမ်းကြမ်းတိုက်လာပြီ။ မိုးသက်နံ့ကို သယ်ဆောင်လာတဲ့ သည်လေစိမ်းဟာ တစ်ပြည်သားများကို ဒုက္ခရောက်စေတယ်။

သည်တုန်းက ဒွါရာဝတီမြို့ကို ဝိုင်းရံထားတဲ့ မြန်မာစစ်သည်များဟာ လှိုင်းလုံးများသဖွယ် ဖွေးဖွေးထနေတယ်။ ထွက်ပေါ်နေတဲ့ စစ်မောင်းသံများဟာ တစ်ဖက်ရန်သူကို အထိတ်တလန့်ဖြစ်စေတယ်။

သွေးစည်းခြင်း၊ ရဲရင့်ခြင်းစတဲ့ ရဲမက်ကောင်းတွေရဲ့ အသွင်လက္ခဏာများဟာ မြန်မာစစ်သည်တော်များရဲ့ မျက်နှာပြင်မှာ တွေ့မြင်နိုင်တယ်။ ဒါတွေကို ကြည့်ပြီး မင်းတရားကြီးဟာ အားရနေတယ်။ ကျေနပ်နှစ်သိမ့်မှု ဖြစ်နေသော်လည်း မိမိရဲ့ ကြိုးပမ်းအားထုတ်မှုများဟာ အရာထင် အောင်မြင်လာပြီတို့ သည်လာလေပြီတည်း။

နိုင်ငံတော်ရဲ့ အကျယ်အဝန်းကို ဒွါရာဝတီနိုင်ငံအထိ ဖြန့်ကျက်လာ

www.burmeseclassic.com



နိုင်တော့မယ်လို့ သူတွေးထင်နေမိတယ်။ သည်လို ကြီးမားကျယ်ပြန့်လှတဲ့ နိုင်ငံတော်ကြီးကို မိမိမရှိတဲ့နောက် သားတော်ခြောက်ပါးက ကြီးစဉ်ငယ်လိုက် ဆက်လက်အုပ်စိုးရမယ်လို့ အမိန့်တော်ချမှတ်ခဲ့ပြီးပြီမဟုတ်လား။

နောင်တော် နန်းစံလျှင် ညီတော်က နန်းရံရမယ်ပေါ့။ အိမ်ရှေ့အရာ စိုးစံရမယ်ပေါ့။ ကျန်တဲ့ ညီတော်များကတော့ နောင်တော်ရဲ့ အမိန့်ဩဇာကို နာခံရမယ်လေ။ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေကြရမယ်ပေါ့။ ဒါမှသာ မင်းဆက်ရှည်ပြီး နိုင်ငံတော်မှာ သာယာဝပြောမယ်လို့ သားတော်များကို မှာကြားမိန့်ဆိုခဲ့ပြီးပြီ မဟုတ်ပါလား။ အလောင်းမင်းတရားကြီးအဖို့ ဝေဒနာ တော်က သက်သာတော်မမူဘူး။

တိုး၍ တိုး၍ ခံစားလာရလေပြီ။ အပြင်းဖျားမှုဒဏ်ကြောင့် ပင်ပန်း နွမ်းနယ်လျက်ရှိပြီ။ မျက်နှာတော်မှာလည်း ကြည်ကြည်လင်လင် မရှိဘူး။ ဝေဒနာတော်ကြောင့် ညှိုးမှိုင်းညစ်ညူးလျက်ရှိတယ်။

သလွန်တော်ပေါ်မှာ ထိုင်နေတဲ့ မင်းတရားကြီးရဲ့ အသွင်ဟာ မာန် တင်းခံထားဟန်ရှိတယ်။

ရာဇက္ကန္ဓေမပျက်အောင် ခန့်ညားတည်ငြိမ်သောဟန်ကို မနည်း ဆောင် နေရတယ်။ အခေါ်တော်ရှိထားသော မှူးမတ်ဗိုလ်ပါများ၊ စစ်မှူး စစ်ကဲ များလည်း စုံစုံညီညီ ရောက်ရှိနေပေပြီ။

ဒွါရာဝတီမြို့ကို ဆက်လက်ဝိုင်းရံဖို့ သင့်မသင့်ဟူသော အရေး အခင်းကို ဖြေရှင်းဖို့ ခေါ်ယူခြင်းပဲ။

တကယ်တော့ ဒွါရာဝတီမင်းဟာ ခုထိထွက်မတိုက်သေးဘူး။ သူ လွှတ်လိုက်တဲ့ သံတမန်တွေကလည်း တစ်ကြိမ်သာရောက်လာတယ်။ သည် အရေးကိုလည်း ပြီးပြေအောင် မစီစဉ်ဘူး။ မကြာခင် မိုးတွင်းရောက်တော့မယ်။ သည်တော့ လုပ်ရေးကိုင်ရေးအတွက် တစ်မျိုးတစ်မည်ကြံစည်ကြဖို့ အမိန့်တော် ရှိလိုက်တယ်။

မင်းတရားကြီးရဲ့ မိန့်တော်သံအဆုံးမှာ ငြိမ်သက်နေကြတယ်။

မှူးမတ်ဗိုလ်ပါများဟာလည်း သူလျှောက်တင်နိုးနိုး၊ ငါလျှောက်တင် နိုးနိုးနဲ့ ရှိနေကြတယ်။ တစ်စုံတစ်ယောက်ရဲ့ လျှောက်တင်သံကို မျှော်လင့် စောင့်စားနေကြတယ်။

သည်တင်မှာပဲ ဒုတိယသားတော်ဖြစ်တဲ့ သတိုးသီရိသုဓမ္မရာဇာ မြေဒူး မင်းသားက သူ့မြင်သမျှကို ပြတ်ပြတ်သားသားပဲ တင်လျှောက်လိုက်တယ်။

*"ဒွါရာဝတီမင်းက အမတ်များကို စေလွှတ်ပြီး၊ ဆင်ကြီး မြင်းကြီး ဆက်ပါမယ်လို့ လျှောက်တင်ချက်ဟာ ဖြောင့်မတ်တဲ့ အရေးမဟုတ်*



*ဘူး။ မကြာခင် မိုးကျတော့မယ်။ အဲဒီအခါကျမှ ဆုတ်ခွာရင်၊ အဆုတ် အခွာခက်တော့မယ်။ ဒီတော့ ကြံကြိတ်သလို ကြံစည်မည် ဟူသော ကြံစည်မှုများဟာ သူတို့မှာ ရှိနေတယ်။ သည်တော့ ကြံကြာအောင် စကားဆိုလာခြင်း ဖြစ်ဟန်တူပါတယ်။ ယခုလည်း ဖခမည်းတော် ဘုရား မအီမသာ ရှိချေပြီ။ သည်တစ်ကြိမ် နေပြည်တော်သို့ ပြန်ပြီး မိုးကုန်မှ ချီတက်လုပ်ကြံရသော် ဒွါရာဝတီပြည်ကို မဆိုထားဘိ၊ ရွှေ ဒိပ်အပြင် အခြားတိုင်းပြည်များကိုပါ လုပ်ကြံပါက လက်တော်က လွှတ်နိုင်မည် မထင်ပါ"*

အဲဒီမြေဒူးမင်းသားရဲ့ တင်လျှောက်ချက်ကို မင်းခေါင်နော်ရထာက ထောက်ခံတယ်။

မိုးကျလုနီးဖြစ်တဲ့အတွက် ဆက်လက်နေရန် မသင့်ကြောင်း၊ မိုးခံ ထင်းပွင့်မှ တစ်ဖန် ချီသင့်ကြောင်းများကို သဘောကြိုက်ညီကြတယ်။ ဒါနဲ့ပဲ နေပြည်တော်ကို ပြန်ရန် ဆုံးဖြတ်ကြတယ်။ ဒါနဲ့ပဲ နေပြည်တော် မပြန်ခင်မှာ တော်ရုံမင်းတရားတွေတောင် မပြုမူနိုင်တဲ့ ကိစ္စတစ်ခုကို ပြုမူတော်မူတယ်။

အဲဒါကတော့ စစ်ပွဲမှာ ဖမ်းမိထားတဲ့ ယိုးဒယား ဗိုလ်မှူး စစ်သည့်ဝန်း တွေကို ပြန်လွှတ်လိုက်တာပဲ။

ရွှေထီးဆောင်း ယိုးဒယားဗိုလ်မှူး ဖြရာဇဝံသံ၊ ဖြစိန္တာမဏိ၊ ဖြတေ ဇာ၊ ဖြဂါမဏိနဲ့ ဖြက္ကန္ဓသူရတို့ကို အသက်ဘေးမှ ချမ်းသာပေးကာ ပြန်လွှတ် လိုက်တာပဲ။

အမှန်ဆိုရရင် စစ်ပွဲကာလမှာ ရမိတဲ့ သုံ့ပန်းရိုးရိုးတောင် ပြန်လွှတ် နိုးမရှိဘူး။

ခုလို ရွှေထီးဆောင်း၊ ယိုးဒယား ဗိုလ်မှူးတွေကို စိတ်နှလုံး ချမ်းမြေ့ စွာနဲ့ ပြန်လွှတ်တယ်ဆိုတာက တော်ရုံမင်းမျိုးကမှ မလုပ်ဖူးဘူးပေါ့။ အဲဒီ ဖြစ်ရပ်ကတော့ မြန်မာတို့ရဲ့ မြင့်မြတ်တဲ့ စိတ်၊ သနားကြင်နာတတ်တဲ့ စိတ်၊ တိုယ်ချင်းစာတရားတွေ ထားတတ်တဲ့ စိတ်နေကို ဖော်ပြလိုက်တာပဲ ဖြစ် တယ်။

တကယ်တော့ ဒွါရာဝတီ လူမျိုးတွေဟာ အကြံညာဏ်အလွန်များပြား သူတွေပဲ ဖြစ်တယ်။ သူတို့လျှောက်ဆိုချက်အတိုင်း မှန်ကန်ပါက ဆက်လက်ပြီး အလျှောက်အထား လာရမှာပေါ့။ ခုတော့ ဒီအတိုင်းဆို သင်းကို့ဟာ မှုမှန်ကြွာ တစ်စုံတစ်ရာကို ကြံစည်နေဟန်ရှိရဲ့။

ရက်လည်း အတော်ကြာပြီ။ ဘာတစ်ခုမှ မထူးခြားဘူး။ နိုသမ္မ လက် နက်ဆင်မြင်းလူသူ မျိုးရိက္ခာသွင်းပြီး၊ မြို့ကိုသာ အခိုင်အကျည်နေစေတာထက် ဒါဟာ သဘောရိုးမဟုတ်ဘူး။ ပြီးတော့လည်း ဒွာရာဝတီဆိုတာ အခုမှ ခေါ်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်လာတာ မဟုတ်ဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ရှိပြီးသား။

သူ့ထီး သူ့နန်း သူ့မင်း သူ့ချင်းနဲ့ နှစ်ပေါင်းများစွာ ကာလအရှည် အကြာ တည်ထောင်နေထိုင်လာခဲ့ကြသူများ ဖြစ်တယ်။ ဒွါရာဝတီမင်းများရဲ့ လက်ထက်ပေါင်းများစွာကလည်း ဒွါရာဝတီရဲ့ မြို့ပြထီးနန်း အကုန်အစင် ဖျက်ဆီးသိမ်းယူဖူးခဲ့တယ်လို့လည်း မရှိခဲ့ဖူးဘူး။

နိုင်ငံတော်ကို တိုက်ခိုက်ခံရမှုဟာလည်း နည်းပါးခဲ့တယ်။

ဆင်ကောင်း မြင်းကောင်း သူ့ရဲကောင်း အမြောက်စိန်ပြောင်းများ ဟာလည်း ထူပြောလှတယ်။ ဒါပေမဲ့ မြန်မာတို့က တာရှည်လုပ်ကြံမယ်ဆိုရင် ခံနိုင်မှာတော့ မဟုတ်ပေဘူး။

ခရစ်နှစ် ၁၃၅၀ ပြည့်မှာ ယိုးဒယားတို့ဟာ အယုဒ္ဓယမြို့ကို တည် ထောင်ခဲ့ကြတယ်။

ခရစ်နှစ် ၁၃၅၃ မှာလည်း တစ်ခြားယိုးဒယားအုပ်စုတစ်စုက မဲခေါင် မြစ်ဝှမ်းဒေသမှာ မြို့တော်တစ်ခုကို တည်ထောင်ပြန်တယ်။ မဲခေါင်မြစ်ဝှမ်းရဲ့ အထက်ပိုင်းမှာပေါ့။ အဲဒီမြို့တော်ဟာ လာအိုဘုရင်တွေ နန်းစိုက်နေတဲ့ လောင် ပရာဗန်ပဲ ဖြစ်တယ်။

အဲဒီတုန်းက လင်းဇင်းလို့ ခေါ်ကြတယ်။

ဟုတ်တယ်လေ၊ အဲဒီ လင်းဇင်းရော၊ အယုဒ္ဓယမြို့ပါ မြန်မာတို့ရဲ့ ပိုင်နက်အတွင်းသို့ အကြိမ်ကြိမ် ကျရောက်ခဲ့တယ်။ အယုဒ္ဓယကို တည်ပြီးတဲ့ ယိုးဒယားတို့ဟာ အင်အားကြီးမားအောင် လုပ်ဆောင်ကြတယ်။

တကယ်တော့ အယုဒ္ဓယဆိုတာ ရာဇ္ဇနာမည်ဖြစ်တယ်။

စစ်ထိုးဖျက်၍ မရနိုင်သော မြို့လို့ အနက်ရတယ်။ တစ်ကယ်တော့ မြန်မာတို့ဟာ စစ်တက်ချိန်နှောင်းခဲ့တယ်။ စစ်ချိန်လွန်တော့မှ မြို့ရင်းကို ရောက်ရခြင်းဖြစ်တယ်။ ဒါပေမဲ့ ဒွါရာဝတီသားတို့ရဲ့ လုပ်ရည်ကြံရည်ကို သိ ခဲ့ရပြီ။ စစ်အိုမင်းပြီဖြစ်လို့ အနာအဖျားဟာ ထူထပ်လာတယ်။

ဖြူတ်၊ ခြင်၊ ယင်တို့ကလည်း များပြားလှတယ်။

ကာလရှည်ကြာ စောင့်ဆိုင်းနေရလို့လည်း စစ်သည်များ စိတ်မရှည် တော့ဘူး။ ရိက္ခာကလည်း မလုံလောက်တော့ဘူး။ သည်တော့ မြန်မာများအဖို့ နေပြည်တော်ပြန်ပြီး တစ်မိုးစောင့်တာဟာ အကောင်းဆုံးပဲပေါ့။

အဲဒီအစီအစဉ်ကို မင်းတရားကြီးနဲ့တကွ မှူးမတ်ဗိုလ်ပါများက ထော နပ်ကြတယ်။

အားဖြည့်တဲ့ သဘောပေါ့။ မင်းတရားကြီးကိုယ်တိုင်ကလဲ မကျန်းမာ တော်မူဘူးမဟုတ်လား။ ဘေးရောက်တဲ့အခါမှာ ပြုသင့်မပြုသင့်ချိန် ပိုင်းခြား



နိုင်မှုဟာ ပညာရှိတို့ရဲ့ သဘောဖြစ်တယ်။

သင့်မသင့် တော်မတော် မြော်ခေါ်ချင့်ချိန် နိုင်းဆဆုံးဖြတ်နိုင်ခြင်း မပြုနိုင်သူတို့ကား ဘေးအန္တရာယ်များ ငြိတွယ်ပါလာတတ်တယ် မဟုတ်လား။

တစ်ဆွေမျိုးလုံးအရေးကြောင့် တစ်ယောက်သော သားကို စွန့်လွှတ် လိုက်ရာ၏။ တစ်ရွာလုံး အကျိုးငှာ ဆွေမျိုးကို စွန့်လွှတ်ရာ၏။ တစ်ပြည်လုံး အကျိုးငှာ တစ်ရွာကို စွန့်လွှတ်ရာ၏။ မိမိအကျိုးရှိမည်ဆိုပါက တစ်ကမ္ဘာလုံး ကိုပင် စွန့်လွှတ်ရမည်မဟုတ်လော။

တရားဆိုတာက သတ္တဝါတို့ကို သနားကြင်နာမှု ဖြစ်တယ်။

ချမ်းသာမှုဆိုသည်ကား သတ္တဝါတို့မှာ အနာရောဂါကင်းရှင်းစွာ နေရခြင်းဖြစ်တယ်။ ဆိုလိုသည်ကား သူတော်ကောင်းတို့ရဲ့ စိတ်ထား သဘော ထားပင်ဖြစ်တယ်။ ပညာရှိဟူသည်ကား သင့်မသင့်တော်မတော်ကို ချင့်ချိန်ပိုင်း ခြားနိုင်သူပဲဖြစ်တယ်။

လောဘဟာ အသိဉာဏ်ကို တိုက်ထုတ်တယ်။

လောဘကြောင့် တဏှာကို ဖြစ်စေတယ်။ တဏှာလွန်တဲ့သူဟာ ဝဋ္ဋပွန်တမလွန် နှစ်တန်သော ဘဝမှာ ဆင်းရဲခြင်းကို ဖြစ်စေတယ်။ ပူပန်မှု တစ်ဖန် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းများဟာ ဒလစပ်ဖြစ်ပေါ်လာစေ တယ်။ သောကရဲ့ အရိပ်များဟာ ထပ်ကြပ်မကွာ လိုက်ပါလာလိမ့်မယ်ပေါ့။

အဲဒီအကြောင်းတရားတွေကို အလောင်းမင်းတရားကြီးက သိပြီး ဖြစ်တယ်။

တရားသဘောကိုလည်း ဆင်ခြင်မှု၊ တိုင်းထွာမှု၊ နားလည်မှုရှိခဲ့ တယ်။ စစ်တို့ရဲ့ သဘောကိုလည်း သိပြီးသား ကျွမ်းကျင်ပြီးသား။ သည်တော့ မိမိတို့တ ပါးနပ်မှ လိမ္မာမှ သက်သာဖို့ မြင်တယ်မဟုတ်လား။

ခုဆိုရင် စစ်မှုထမ်းနေကြတဲ့ စစ်သည်ရဲမက်တော်များကလည်း အတော်ငြီးငွေ့နေကြပြီ။

တစ်ပြည်မှာ ကြာပြီဖြစ်တဲ့အတွက် စစ်သည်များဟာ နေပြည်တော် က မိဘဆွေမျိုးသားမယားတွေကို သတိတရရှိနေကြပြီပေါ့။ လွမ်းဆွတ်တမ်း တမှုများလည်း ရှိနေကြပြီပေါ့။ စစ်သည်တော်များရဲ့ ဆန္ဒအများဆုံးကတော့ နေပြည်တော်ကို ပြန်ချင်ကြပြီပေါ့လေ။

ဘယ်လိုပဲဖြစ်ပါစေ။ မင်းတရားကြီးအဖို့ တွေဝေနေဖို့၊ စဉ်းစားနေဖို့ အချိန်မရှိတော့ဘူး။

တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်ရတော့မယ်။ သားတော် သတိုးသီရိ သုဓမ္မရာဇာတင်လျှောက်ချက်ကလည်း ဟုတ်မှန်လျော်ကန်နေပြီ။ ဒွါရာဝတီ

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ အကောက်ကြံမှုကလည်း ထင်ရှားနေချေပြီ။ မိမိကိုယ်တော်တိုင်က လည်း အသိသာရှိနေလေပြီ။

ဒီတော့ သံယာ့အား ဘုရားမဆန်သာလို့ ရှိတယ်မဟုတ်လား။

အများရဲ့ ဆန္ဒကို လိုက်လျောရတော့မှာပေါ့။ ဒွါရာဝတီပြည်မှ နေပြည်တော်ကို ဆုတ်ခွာရတော့မှမည်လို့ပဲ အမိန့်တော်ထုတ်ပြန်လိုက်ရတယ်။

တပ်မတော်ကြီးတစ်ခုလုံးဟာ လှုပ်လှုပ်ရွရွဖြစ်နေတယ်။

တစ်ယောက်စကားတစ်ယောက်နားဖြင့် တပ်တော်ကြီး ဆုတ်ခွာမယ်ဆိုတဲ့ သတင်းကို ရဲမက်တော်များ သိနေကြပြီ။ မြန်မာ သက္ကရာဇ် ၁၁၂၂ ခု တဆုန်လဆန်း (၃)ရက် ကြာသပတေးနေ့၊ ၁၇–၄–၁၇၆၀ နေ့မှာ အယုဒ္ဓယမြို့တော်မှ တပ်တော်ခွာလာတယ်။

ဒွါရာဝတီကို ဝိုင်းရံထားတဲ့တပ်တွေဟာ တပ်စဉ်အတိုင်းပဲ ဆုတ်ခွာခဲ့ကြတယ်။

ဒါပေမဲ့ အယုဒ္ဓယမြို့ကိုတော့ မြင်း ၅၀၀၊ သေနတ်စွဲသူရဲ ၆၀၀၀ နဲ့ ဝိုင်းရံနေစေတယ်။ သူက နောက်ခံတပ်ပဲပေါ့။ အဲဒီ နောက်ခံတပ်ကို အုပ်ချုပ်ရသူကတော့ မင်းခေါင်နော်ရထာပဲဖြစ်တယ်။ မင်းတရားကြီးရဲ့ နောက်ပါးက တပ်တော်အလုံးကို အုပ်ချုပ်လုပ်ခဲ့သူကတော့ သားတော် မြေဒူးမင်းသား သတိုးသီရိသုဓမ္မရာဇာပဲဖြစ်တယ်။

ဒီလို မြန်မာတပ်တွေ ဆုတ်တာကို ဒွါရာဝတီမင်းက သိသွားခဲ့တယ်။

မြန်မာတို့ဟာ စစ်ဦးစစ်မလည်း ကောင်းတယ်။ မြို့တော် ခြေရင်းထိ တပ်များလည်း ရောက်ခဲ့ပြီမို့လည်း ခုလို ရုတ်တရက် ဆုတ်ခွာတာကို သူတို့ နားမလည်နိုင်ကြဘူး။ ဘာအကြောင်းများပါလိမ့်။ တကယ်တမ်း ရိုးရိုးသားသားမှ ဟုတ်ပါလေစပေါ့။

ကလိန်စေ့ငြမ်းဆင်ပြီး ဥပါယ်တံမျဉ်နဲ့များ လုပ်ကြံမလို့လားပေါ့။

အကျိုးအကြောင်းသိရအောင် အထောက်တော်များ စေလွှတ်စုံစမ်းစေတယ်။ စောစောပိုင်း ကာလများက ဒွါရာဝတီမြို့တော်ရဲ့ အပြင်ဘက်မှာ မြန်မာစစ်သည်တော်တွေနဲ့ တင်းကြမ်းပဲ။ မြို့တော်ရဲ့ ၁၀ မိုင် ပတ်လည်မှာ ခြေချလို့ မရအောင် စစ်သည်ထူထပ်လှတယ်။

အဲဒီ စစ်သည်တော်များနဲ့အတူ ဆင်မြင်းတိရစ္ဆာန်များကလည်း မနည်းလှဘူး။ အဲဒီ ဆင်သံ မြင်းသံတွေဟာ ဒွါရာဝတီမြို့ကို သိမ့်သိမ့်တုန်စေတယ်။ ခုတော့ ဒီလို မဟုတ်တော့ဘူး။ အဲဒီမြင်ကွင်းဟာ ပြောင်းလဲသွားခဲ့ပြီ။ ဟိုနေရာတစ်ချို့ ဒီနေရာတစ်ချို့သာ ကျန်ရတော့တဲ့ စစ်သည်အချို့ပဲ ရှိတော့တယ်။ ဒါကလည်း မြို့တော်ရဲ့ ခပ်လှမ်းလှမ်းလောက်ဆီမှာပဲ။



ဟိုအဝေးမှာတော့ မြန်မာတို့ရဲ့ ဆင်တပ်ကြီးတစ်ခုဟာ ဒွါရာဝတီကို ကျောခိုင်းသွားနေကြပြီ။

မြို့တော်ရဲ့ တောင်ဘက်ခပ်ကျကျမှာရှိတဲ့ ကုန်းမြင့်ကလေးတစ်ခုပေါ်မှ တပ်မတော်တစ်ခုဟာ စခန်းချ ကျန်ရစ်နေတယ်။ အဲဒီတပ်မတော်လောက်ကတော့ ဒွါရာဝတီပြည်သားတွေအဖို့ မပြောပလောက်ပါဘူးလေ။ ဒွါရာဝတီမြို့တွင်းမှာရှိတဲ့ တပ်တစ်ခုနဲ့သာ ထွက်လိုက်လိုက်ရရင် ဖြိုဖတ်သွားမှာပဲလို့ အထင်ရှိနေကြတယ်။

ဒါကလည်း သူတို့ အထင်ကိုး။

မြန်မာတို့ ဆုတ်ခွာသွားပေမဲ့ ခံစစ်အနေနဲ့ မြို့တော်အပြင်မှာ တပ်တစ်ခုစွဲကျန်နေရစ်ခဲ့တယ်။ တကယ်တော့ ဒါဟာ ငါတို့ကို မထီလေးစား မထေမဲ့မြင်လုပ်တာပဲ။ သင်းတို့ကို တစ်ယောက်မကျန်ဖမ်းယူရမယ်။ ပြီးမှ ဆုတ်ခွာသွားတဲ့ မြန်မာတပ်တွေကို လိုက်တိုက်ရမယ်။

ဒွါရာဝတီမင်းဟာ အဲဒီလို အမိန့်တော် ချမှတ်လိုက်တယ်။

ပြီးတာနဲ့ တိုက်ဆင်လေးရာ၊ မြင်းလေးထောင်၊ ရဲမက်တော် လေးသောင်းနဲ့ မြန်မာတပ်ကို ထွက်ပြီး တိုက်ခိုက်တယ်။ သည်လို လူသူအင်အားနဲ့ လက်နက်ချင်းကလည်း ကွာခြားလှပေမဲ့ မင်းခေါင်နော်ရထာက မမှုပါ ဘူး။ အကြောက်အလန့်မရှိ၊ အသက်ကို ဖက်ရှက်ပမာ ဘာကိုမှ ထီမထင်တဲ့ အဲဒီတုန်းက မြန်မာစစ်သည်တွေဟာ အပြင်းအထန်တိုက်ခိုက်ကြတယ်။

သင်းတို့ မြေပေါ်မှာ ဖြစ်ပေမဲ့ ရဲမက်တော်တွေဟာ မာန်တင်းနေကြတယ်။

အဲဒီစစ်ပွဲဟာ မြန်မာတို့ရဲ့ သံမဏိစိတ်ဓာတ်ကို ဖော်ကျူးစေတယ်။ တစ်ဟုန်ထိုး ချီတက်လာတဲ့ ယိုးဒယားတပ်ကို အပြင်းပဲ ပြန်တိုက်တယ်။ ယိုးဒယားတပ်တွေ ထောင်းထောင်း ပျက်စီးကြရတယ်။ အဲဒီစစ်ပွဲမှာ ယိုးဒယားတို့ရဲ့ ရွှေထီးဆောင်း ဗိုလ်တစ်ယောက်ရဲ့ ခေါင်းကိုလည်း ရလိုက်တယ်။

တကယ်တော့ မင်းခေါင်နော်ရထာကား ရှာမှ ရှားသော စစ်သည်သူရဲကောင်းတစ်ဦးပဲ ဖြစ်တယ်။

သည်အရေးကို မြင်ထားတဲ့ မင်းခေါင်နော်ရထာက တပ်တော်ကို ကွပ်ကွပ်ညှပ်ညှပ်အုပ်ချုပ်တယ်။ တပ်တော်ကို ကြံ့ကြံ့ခံနေစေတယ်။ ... တက်ကြွကြွ အသင့်ရှိနေစေတယ်။ ဒွါရာဝတီတပ်များဟာ မြန်မာတပ်တို့ ဝိုင်းခဲ့ထားတယ်။ အဆင့်ဆင့် အထပ်ထပ် ရံပတ်ထားကြတယ်။

မြန်မာတပ်များကလည်း ကြံ့ကြံ့ခံနေတာပဲ။ အချိန်ကို ဆွဲယူသော်လည်း ချက်ချင်း ခုခံတိုက်ခိုက်ခြင်းမပြုသေးဘူး။ သည်အခါမှာ တပ်ရှေ့...

www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်နော်ရထာကို တင်လျှောက်ကြတယ်။

*"ဒွါရာဝတီပြည်သားတို့ရဲ့ တပ်မတော်ကြီးဟာ အင်အားကြီးမားလှတယ်။ အခု ကျွန်တော်မျိုးတို့ကို ဝိုင်းရံမိထားကြပြီး ဖြစ်တယ်။ သူတို့ပြည်မှာ ဖြစ်တဲ့အတွက် နောက်ထပ် စစ်ကူများလည်း ရောက်လာကြဦးမှာ မလွဲဘူး။ ကျွန်တော်တို့က နွားချို၊ သူတို့က နွားမွေးကဲ့သို့ ဖြစ်ချေပြီ။ နောက်ထပ် ဆက်ပြီး အရံကို ခံနေသော် မထွက်နိုင်အောင် ရှိချေတော့မည်။ အခု မြောက်ဘက်မျက်နှာကထွက်ရပါက ထွက်သာမည်ဖြစ်ပါတယ်။ နောက်နေ့မှသာ ဆိုပါက ထွက်နိုင်တော့မည် မထင်ပါ"*

အဲဒီ တင်လျှောက်သံကို မင်းခေါင်နော်ရထာက ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေလေရဲ့။

ဒါပေမဲ့ တစ်စုံတစ်ရာကိုတော့ သူအလေးအနက်စဉ်းစားနေတယ်။ သူဟာ အလောင်းမင်းတရားကြီးရဲ့ ငယ်သူငယ်ချင်းဖြစ်တယ်။ သူဟာ အရေးအခင်းတစ်ခုကို ဘယ်တော့မှ လွယ်လွယ်နဲ့ ဆုံးဖြတ်လေ့မရှိဘူး။ သူလုပ်ရမယ့် အလုပ်ကို အစအဆုံးစီစဉ်ပြီး သေချာမှ လုပ်လေ့လုပ်ထရှိတယ်။

တကယ်တော့ သူဟာ မုဆိုးခြံရွာသား တစ်ယောက်မဟုတ်လား။

သူ့ငယ်နာမည်က တွေန်လို့ ခေါ်တယ်။ အလောင်းမင်းတရားကြီးနဲ့ ကျောင်းနေဖက်တွေပဲ။ ငယ်စဉ်က နတ်စက်ရောင် ဆရာတော်ဘုရားထံမှာ အတူတူပညာသင်ကြားခဲ့တဲ့ ငယ်သူငယ်ချင်းတွေပဲပေါ့။ အဲဒီနတ်စက်ရောင် ဆရာတော်ဟာ ပထမနတ်စက်ရောင် ဆရာတော်ပဲ ဖြစ်တယ်။

အလောင်းမင်းတရားကြီး ထီးနန်းလုပ်ကြံရာမှာ အခါပေးဆရာတော်ကြီးပဲ။

ဗိုလ်တွန်ဟာ တစ်ဖက်ရန်သူဘယ်မျှပင် များပါစေ၊ ဘယ်သောအခါမှ မကြောက်ရွံ့ခဲ့ဘူး။ တစ်ယောက် ထီးထီး၊ ဖြိုခွဲနိုင်စွမ်းရှိတယ်လို့ သိရတယ်။ အလောင်းမင်းတရားကြီးရဲ့ ညာလက်ရုံးအဖြစ် အလွန်အားထားရတဲ့ အာဇာနည်သူရဲကောင်းတစ်ယောက်ပဲ။

ဒါကြောင့်လည်း အလောင်းမင်းတရားကြီးက "မင်းခေါင်နော်ရထာ" ဆိုတဲ့ ဘွဲ့အမည်အရည်နဲ့ ဂုဏ်ပြုချီးကျူးထားတာပဲ။ မင်းခေါင်နော်ရထာဟာ အလောင်းမင်းတရားကြီး အထွတ်အထိပ်မရောက်ခင်ကတည်းက စိတ်တူသဘောတူတိုင်ပင်ခဲ့ကြတယ်။

ပြီးတော့ နိုင်ငံတော်ကို အတူပဲ ထူထောင်ခဲ့ကြတယ်။

တကယ်တော့ သူဟာ အရှင့်အကျိုးကို လိုလားတယ်။ အရှင့်ကျေးဇူးသစ္စာကို စောင့်သိတယ်။ ဘုရင်မင်းတရားကြီးအတွက် အသက်ပေးလှူလိုတယ်။



ဟုတ်ပါတယ်။

အရှင့်စကားကို မနှစ်သက်သော်လည်း လိုက်နာကျင့်ကြံခြင်းဟာ ချမ်းသာမှုကို ပေးဆောင်တတ်တယ်မဟုတ်လား။ မိမိတို့လို မင်းမှုထမ်းရဲ့ စည်းစိမ်ဟာ မတည်မြဲပါဘူး။ မိမိကိုယ်ကိုလည်း မိမိမပိုင်ဆိုင်ပါဘူး။ ဘယ်တော့မှ ကိုယ်ထင်ရာကို မလုပ်ရဘူး။

အရှင့်အကျိုးကို အမြဲတမ်း ဦးထိပ်ထားရမယ်ပေါ့။

ဒါတွေ အားလုံးကို မင်းခေါင်နော်ရထာက သိပြီးသားပဲ။ စစ်မြေပြင်မှာ ရဲစွမ်းသတ္တိနဲ့ နောက်မဆုတ်တမ်း ရင်ဆိုင်တိုက်ခိုက်တယ်။ ဒီလိုပဲ သူရသတ္တိပြကာ ရန်သူကို အနိုင်တိုက်ဖို့ ဆိုတာက စစ်သည်တွေရဲ့ တာဝန်မဟုတ်ပါလား။

ဒါပေမဲ့ အချိန်အခါကိုတော့ စောင့်ရမပေါ့။

❑

www.burmeseclassic.com

www.burmeseclassic.com



(ယ)

အခုနေခါမှာ ဘုရင်မင်းတရားကြီးအဖို့ ကျန်းမာတော် မမူဘူး။ ဒါကြောင့် တပ်ဆုတ်တာလည်း အပြင်းဆုတ်ခွာနိုင်မှာမဟုတ်ဘူး။ တပ်ဆုတ်တဲ့ အချိန်ကလည်း သိပ်မကြာသေးဘူး။ ဒီအချိန်ကျမှ နှစ်စခန်း သုံးစခန်းလောက် ရောက်ဦးပေမပေါ့။

ဒါကို မချင့်မတွက်ဘဲ ဝိုင်းရံလာတဲ့ ဒွါရာဝတီတပ်များကို ဖောက်ထွက် ဆုတ်ခွာလိုက်ပါက သင်းတို့ တပ်တွေ လိုက်လာတာနဲ့၊ မင်းတရားကြီးကို မီရှေ့မယ်လို့ တွေးမိလိုက်တယ်။

အဲဒီ အထင်အတွေးအတိုင်း မင်းခေါင်နော်ရထာဟာ ဝိုင်းရံထားတဲ့ တပ်များကို ခုခံတိုက်ခိုက်စေတယ်။ မင်းခေါင်နော်ရထာဟာ မြင်း ၁၀၀၊ ရဲမက် ၁၅၀၀ နဲ့ တပ်လေးတပ်ကို တောင်ဘက်မျက်နှာမှ တိုက်စေတယ်။ မြောက်ဘက်မျက်နှာကိုလည်း အဲဒီတပ်အတိုင်း တိုက်စေတယ်။

အနောက်မျက်နှာနဲ့ အရှေ့မျက်နှာကိုလည်း သည်နည်းနှင်နှင် တိုက်စေတယ်။

သည်လိုနဲ့ မြန်မာတို့ရဲ့ ရက်ခြည်းတန်ပြန်တိုက်ခိုက် ထိုးနက်ချက်ကို ဒွါရဝတီသားတို့ မခံနိုင်ကြဘူး။ ရက်ရက်သဲသဲ ဖြစ်ကုန်တယ်။ အဆီးအတားမရှိ ထွက်ပြေးတယ်။ အင်အားကြီးပေမဲ့ စိတ်ဓာတ်နံ့နဲ့လုတဲ့ သူတွေအဖို့ ဒီလို အဖြစ်မျိုးတွေ တွေ့ကြုံရမှာပဲပေါ့။

ဒွါရာဝတီမြို့ရဲ့ ဝန်းကျင်တစ်ခိုမှာတော့ သေနတ်မီးပေါက်သံ၊ အမြောက်သံများဟာ ပွက်ပွက်ညံနေတယ်။ လူတွေရဲ့ ငိုမြည်းအော်ဟစ်သံများ ဟာလည်း ကြောက်ခမန်းလိလိပဲ။ သွေးအလိမ်းလိမ်းနဲ့ ပြေးလွှား ထိုးခုတ်နေကြတဲ့ ရဲမက်စစ်သည်တွေရဲ့ အသွင်သဏ္ဍာန်ဟာလည်း တုန်လှုပ်ချောက်ချားဖွယ် ရှိလှတယ်။

သည်လို မြန်မာတို့နဲ့ ဒွါရာဝတီပြည်သားတွေရဲ့ စစ်သံကို ကြားနေရတဲ့ သူတစ်ယောက်တော့ ရှိနေလေရဲ့။ သူကတော့ တခြားလူမဟုတ်ဘူး။ မင်းလှနော်ရထာပဲ ဖြစ်တယ်။

မင်းလှနော်ရထာဟာ မြေဒူးမင်းသားနဲ့ နောက်ဆုံးတပ်ကို အုပ်ချုပ်ပြီး လိုက်ပါလာရတဲ့သူပဲ။

အမြောက်လက်နက်သံတွေကို ကြားရတော့ ဒွါရဝတီ တစ်မြို့လုံးက မင်းခေါင်နော်ရထာတပ်ကို ဝိုင်းတိုက်နေကြပြီလို့ သူတွေးထင်မိလိုက်တယ်။ ဒါကြောင့်လည်း သူ့တပ်ကို နောက်ကြောင်း ပြန်လှည့်စေလိုက်တယ်။



မင်းခေါင်နော်ရထာတပ်ကို ကူမယ်ပေါ့။

အဲဒီပြန်ရောက်တော့ ဒွါရာဝတီတပ်ဟာ ပျက်စီးနေပြီး ဒွါရာဝတီသားတွေ မြို့တွင်း ပြန်ပြေးဝင်သွားကြပြီပေါ့။ ဒီမျှပဲ စစ်မှုနှစ်ဦးဟာ သံယောဇဉ်ကြီးမားကြသူများ ဖြစ်တယ်။

အခုလို နောက်ကြောင်းပြန်ပြီး ကူညီတဲ့ မင်းလှနော်ရထာကို မင်းခေါင်နော်ရထာက ကျေနပ်ခြင်း၊ နှစ်သိမ့်ခြင်းများနဲ့ ပြည့်နေတဲ့ မျက်လုံးအစုံနဲ့ စိုက်ကြည့်နေတယ်။ စစ်သားရင့်မကြီးဖြစ်ပေမဲ့ အသည်းနှလုံးနဲ့ တည်ဆောက်ထားကြတဲ့ လူသားတွေပဲ မဟုတ်ပါလား။

သည်တော့ လူတွေမှာ ရှိတတ်တဲ့ ကြင်နာခြင်း၊ တွယ်တာခြင်းဆိုတာဟာလည်း သူတို့ရဲ့ ရင်ထဲမှာတော့ ရှိကြပေမပေါ့။ မင်းခေါင်နော်ရထာက မင်းလှနော်ရထာကို ရက်ခြည်းပြန်စေတယ်။ သူ့အကြောင်းပြချက်ကလည်း နိုင်မာတယ်။

မင်းလှနော်ရထာအဖို့ ဘယ်လိုမှ ဆင်ခြေမပေးနိုင်ဘူးလေ။

တကယ်တမ်း သူတို့အဖို့ အရေးကြီးတာက အလောင်းမင်းတရားကြီးပဲ မဟုတ်ပါလား။

*"သွေးသောက်အလောင်းမင်းတရားကြီးကိုသာ မီအောင် လိုက်ပါ။ နောက်ရေးနောက်ကြောင်းမှာ ကျွန်တော်၏ တာဝန်သာဖြစ်ပါတယ်"*

လို့ ပြောတယ်။

ဒါကို မင်းလှနော်ရထာကလည်း လွယ်လှင့်တကူ ခေါင်းညိတ်လိုက်တယ်။ စိုးရိမ်စိတ်နဲ့ သတိပေးမှာကြားလိုက်တာကလည်း

*"သွေးသောက် သူ့တိုင်း၊ သူ့ပြည်အလယ်မှာ ဖြစ်နေတယ်။ မကြာလွန်ပါစေနဲ့ ငါစောင့်ဆိုင်း၍ သွားမည်။ နောက်က လိုက်ခဲ့ပါ"*

သည်လိုနဲ့ မင်းလှနော်ရထာဟာ အလောင်းမင်းတရားကြီး နောက်တော်ပါးကို အပြင်းချီတက်သွားတော့တယ်။ မင်းခေါင်နော်ရထာဟာ ဘန်ကွန်းတပ်မှာ တစ်ပတ်လောက် စောင့်နေသေးတယ်။ ဒွါရာဝတီရဲမက်တို့ဟာ မထွက်ဝံ့လာပဲ ရှိနေတယ်။

ဒါကြောင့် သေနတ်၊ အမြောက်များကို ပြင်းပြင်းထန်ထန် ဖောက်ခွဲပြီးမှ ထွက်လာခဲ့ကြတယ်။

ဒွါရာဝတီပြည်သားတွေအဖို့ သင်ခန်းစာတစ်ခု ကောင်းကောင်းသွားပြီ။ ဒါက တခြားမဟုတ်ပါဘူး။ မြန်မာတို့နဲ့ ငါတို့ဟာ လက်ရည်တူသူများ အနိုင်ရစ်ခဲ့တဲ့ တပ်ငယ်ကိုတောင် ပျက်အောင် မတိုက်နိုင်ဘူး။ တပ်ကြီးကြီး လာလာဝေးပဲပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် လိုက်မတိုက်တာဟာ အကောင်းဆုံးပဲလို့ သတိချပ်နေကြတော့တယ်။

ဒါနဲ့ပဲ မြို့စီးပြစီးကိုပဲ ခိုင်ခံ့အောင် ပြုပြင်နေကြတယ်။ နောက်ဆုံးခံတပ်ဖြစ်တဲ့ မင်းခေါင်နော်ရထာတပ်ကိုလည်း မနှောင့်ယှက် မတိုက်ခိုက်ကြတော့ဘူး။ သည်လိုနဲ့ မြန်မာတပ်မတော်ကြီးဟာ အေးအေးဆေးဆေးပဲ ပြန်လည် ဆုတ်ခွာခဲ့တယ်။

မင်းခေါင်နော်ရထာတပ်ကမူ ရှေ့တပ်များနဲ့ အတော်အလှမ်းဝေးဝေးမှာ ကျန်ခဲ့တယ်။

ဒါကလည်း တပ်နောက်က လိုက်လာနိုင်တဲ့ ဒွါရာဝတီတပ်များကို ခုခံဖို့ နောက်ချန်တပ်အနေနဲ့ လိုက်ခဲ့တာကိုး။ အလောင်းမင်းတရားကြီးဟာ လမ်းတစ်လျှောက်လုံး သက်သာတော်မမူဘူး။ အပြင်းဖျားတာပဲ။ သည်အတွက် ကိုယ်တော်ဟာ တုန်တုန်ရီရီ ဖြစ်နေတယ်။ ရုပ်အင်္ဂါဟာလည်း ယှူပစ်လိုက်သလို ကျသွားတယ်။

အယုဒ္ဓယမြို့တော်မှ ၂၄ စခန်းအကွာ မုတ္တမမြို့ ကျေးကင်းရွာအရောက်မှာ နတ်ရွာစံတော်မူတယ်။

၁၁၂၂ ခု၊ ကဆုန်လပြည့်ကျော် (၁၂)ရက်နေ့ မိုးသောက်ယံမှာ နတ်ပြည်စံတော်မူတာပဲ။

သည်လို မင်းတရားကြီး နတ်ပြည်စံကြောင်းကို မြေဒူးမင်းသားနဲ့ အနီးကပ်စေားကြတဲ့ မှူးတော်မတ်တော်အချို့သာ သိကြရတယ်။ အခြားစစ်သည်ရဲမက်တော်တွေကို လုံးဝအသိမပေးဘူး။

အလောင်းတော်ရဲ့ ကိုယ်တွင်းမှာရှိတဲ့၊ အူအသည်းများကို ထုတ်ယူစေတယ်။

ဆားအပြည့်သွင်းတယ်။ ပြီးမှ အလောင်းတော်ကို အဝတ်ဖြင့် ကြပ်စည်းတယ်။ ကိုယ်တော်ကို ပကတိအသွင်ဖြင့် စီးတော်မြင်း ဝေါတော်နဲ့ ဆောင်ယူခဲ့ကြတယ်။ အလောင်းမင်းတရားကြီးဟာ လက်ရုံးအားနဲ့ ပြည့်စုံတော်မူတယ်။ ဘုန်းအာဏာကြီးတယ်။ အကြံတော်ရှိသမျှ အပြီးအစီးရောက်အောင်ကြံစည်တော်မူတယ်။

မဆုတ်မနစ် ကြံစည်တော်မူတယ်။ ရဲရင့်တည်ကြည်တော်မူတယ်။ အဲဒီမှာ ဖြစ်ရပ်တစ်ခုက အလောင်းမင်းတရားကြီးကို သက်သေပြတယ်။

ပထမဆုံး ထန်းလုံးတပ်တည်စဉ်မှာပဲ၊ မင်းလုပ်ဖို့ ကြံတော်မူတယ်။

အဲဒီအကြံအစည်ကို သဘောမတူတဲ့ ဝရီးတော်တစ်ယောက်ကို ကိုယ်တိုင်ပဲ ယိမ်းနွဲပါးဓားနဲ့ ခုတ်သတ်ပစ်တယ်။



မွန်မင်းရဲ့ သစ္စာခံတော်ခံယူဖို့ မိဘများက ပြောကြားသော်လည်း မရဘူး။

ကိုယ်တော်တိုင် ထွက်တိုက်ရာမှာ အောင်မြင်တော်မူတယ်။ မူးမြစ်ကို ပိတ်ပြီး နန္ဒာကန်တော်သို့ ရေသွင်းမယ် ကြံစည်တာကိုလည်း ပညာရှိများက ထာဝရတည်တံ့ မခိုင်ခန့်နိုင်ကြောင်း တင်လျှောက်ကန့်ကွက်တယ်။

ဒါပေမဲ့ မရဘူး။ သူ့အကြံကို လက်မလျှော့ဘဲ မူးမြစ်ကို ပိတ်ပြီး နန္ဒာကန်တော်သို့ ရေသွင်းစေတယ်။ ရည်ရွယ်သည့်အတိုင်း အောင်မြင်ထမြောက်တော်မူတယ်။

တကယ်တော့ အလောင်းမင်းတရားကြီးဟာ အသက်ရှည်သော် ဘုန်းမကြီး၊ ဘုန်းကြီးသော် အသက်မရှည်ဘူးပေါ့။

သည်တုန်းက အိမ်ရှေ့ရာထူးကို ရရှိထားသူကတော့ နောင်တော်ကြီးမင်းသားဖြစ်တယ်။

အလောင်းမင်းတရားကြီးရဲ့ သားတော်ခြောက်ပါးအနက် အကြီးဆုံးသားတော်ဖြစ်တယ်။ ငယ်မည်က မောင်လောက်လို့ ခေါ်တယ်။ ထက်မြက်တဲ့ မင်းသားကြီးတစ်ပါးလည်းဖြစ်တယ်။

၁၁၂၂ ခု၊ နယုန်လပြည့်ကျော် ၉ ရက် အင်္ဂါနေ့မှာ ရတနာသိင်္ချဲ့ ရွှေထီးရွှေနန်းကို သိမ်းပိုက်တော်မူတယ်။

နောင်တော်ကြီးမင်းဟာ သူနန်းရတာနဲ့ တစ်ပြိုင်နက် ခမည်းတော် အလောင်းမင်းတရားကြီးရဲ့ မိန့်မှာချက်ကို အကောင်အထည်ဖော်လိုက်တယ်။

ညီတော်ကြီး မြေဒူးမင်းသား မောင်ရွကို အိမ်ရှေ့အရာ ချီးမြှင့်လိုက်ခြင်းပဲ။

တစ်နည်းအားဖြင့် ဒါကလည်း နောက်ဆက်ခံမယ့် ညီတော် မင်းသားများကို တပ်လှန့်နှိုးဆော်သတိပေးတဲ့ သဘောပေါ့။

ဟုတ်တယ်လေ။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တယ်ဆိုတာ လွယ်တာမဟုတ်ဘူး။

ကတိတည်ကြည်ရတယ်။ ရဲရင့်ရတယ်။ ဖြောင့်မှန်စွာ ဆိုရတယ်။ ညာရှိ စကားကို နာခံရတယ်။ ငါတကောကောလို့ ရစကောင်းတာ မဟုတ်ဘူး။ မင်းတို့ မည်သည် တစ်ခါတစ်ရံမှာ အမှန်အတိုင်း ပြောဆိုရာ၏။ တစ်ခါတစ်ရံမှာတော့ ရာဇပရိယာယ်နဲ့ မမှန်မကန်ပြောဆိုရာ၏။ တစ်ခါတစ်ရံ ပြင်းတမ်းစွာ ဆိုဆုံးမရာ၏။

တစ်ခါတစ်ရံ ချစ်ဖွယ် ချိုသာမြှောက်ပင့်ရာ၏။ ရံဖန်ရံခါ သနားကြင်နာမှုများရာ၏။ တစ်ခါတစ်ရံ ဥစ္စာစုဆောင်းရာ၏။ ရံဖန်ရံခါ ထောက်

www.burmeseclassic.com

www.burmeseclassic.com



နှန်ကြီးရာ၏။ အမြဲမပြတ်သုံးစွဲခြင်းလည်း ရှိရာ၏။ များပြားလှသော ဥစ္စာ ရတနာတို့ကိုလည်း ရခြင်းရှိတတ်တယ်ပေါ့။

တကယ်တော့ နိုင်ငံတော် အုပ်ချုပ်တဲ့ ဘုရင်မင်းတရားကြီးဆိုတာက ရာဇဝင်ရိုးသာမက ယဉ်ကျေးမှု ကြွယ်ဝရတယ်။

ရန်သူအပေါ်၌လည်းကောင်း၊ မိတ်ဆွေ သင်္ဂဟများအပေါ်၌သော်လည်းကောင်း၊ စာနာခြင်း၊ သည်းခံခြင်းများဟာ မင်းကောင်းမင်းမြတ်တို့ရဲ့ တန်ဆာဖြစ်တယ်။

ဒါပေမဲ့ အပြစ်ရှိသူများအပေါ်၌ သည်းခံခြင်းကား မင်းတို့ရဲ့ ချွတ်ယွင်း ဖောက်ပြန်မှုသာဖြစ်တယ်။ တကယ်တော့ အဲဒီခေတ်က မင်းစေားတွေ အဖို့ နီးရာစားကို ကြောက်နေရသူများ ဖြစ်တယ်။ နောက်တက်လာတဲ့ ဘုရင် ဟာ တို့ဘုရင်ပဲ ဖြစ်ရမှာပေါ့။

ဒီလို ရည်ရွယ်ချက်ထားတတ်ကြမှသာ မိမိတို့မှာရှိနေတဲ့ ရာထူးလေး တွေ၊ အာဏာကလေးတွေ၊ စည်းစိမ်ကလေးတွေ တည်မြဲနေမှာပေါ့။ ရိုးရိုးရှိ စဉ်ရာထူးမှာပဲ ရှိနေမှာပေါ့။ အင်းလေ သည့်ထက်သာ ပိုချင်သာ ပိုပေမပေါ့။

ဒါပေမဲ့ ဘုရင်မင်းတရားကြီးမှတစ်ပါး အသစ်တက်လာရင် သူ့ နောက်မှာ ပြဿနာပေါင်း သောင်းခြောက်ထောင်မက ကပ်ပါလာတယ်ဆိုတာ ကိုတော့ ပြည်သူတွေက အလိုလိုသိနေတယ်။ အခုလည်း အလောင်းမင်းတရား ကြီးရဲ့ သားတော်ကြီး နောင်တော်ကြီးမင်းက ဘိသိက်ခံယူလိုက်ပြီလေ။

□□□

# ရွှေပျောင်းလျက်ပင်

(က)

သည်ခေတ်တုန်းက ခေးလာကြတဲ့ စာဆိုတော်များဟာ ပြည်သူ ဘက်က ရပ်တည်မှု မရှိကြဘူး။

ရွှေနန်းတော်အတွင်းမှာသာ ခစားထမ်းရွက်ကြလို့ ဘုန်းတော်ဘွဲ့ အမျိုးမျိုး၊ မယ်ဘွဲ့ အမျိုးမျိုး ထွက်ပေါ်ခဲ့တာပဲ။ သူတို့ စပ်ဆိုခဲ့တဲ့ လင်္ကာများဟာ ထီးရိပ်နန်းရိပ်များနဲ့ မကင်းဘူး။ ထီးရိပ်နန်းရိပ်အောက်မှာပဲ ရှိခဲ့တယ်။ အဲဒီလို ရေးသားခဲ့ကြတာဟာလည်း နီးရာစားကြောက်လို့ ရေးရတာပဲလို့ ဆင်ခြေပေး ကြမယ်။ တကယ်တော့ အဲဒီလို ဆင်ခြေပေးတာဟာ အခြေအမြစ်မရှိပါဘူး။

အခုလို ဘုန်းတော်ဘွဲ့၊ မယ်ဘွဲ့လောက်နဲ့ ပြည်သူ့စာဆိုတော်ဆိုတဲ့ အမည်ခံယူတာဟာ ရှက်ဖွယ်လိလိ ကောင်းတယ်လေ။

သည်တုန်းက နိုင်ငံ အုပ်ချုပ်မင်းလုပ်နေတဲ့ ရှင်ဘုရင်များမှာ ဝင်းရုံးဆို တာ ရှိတယ်။

အဲဒီ ဝင်းရုံးဆိုတာက ဝင်းမှူးများ ရုံးထိုင်ပြီး အမှုဆုံးဖြတ်တဲ့နေရာ ကို ဆိုလိုတယ်။ အဲဒီ ရုံးဟာ လေးရုံးရှိတယ်။ ရှေ့ဝင်း၊ နောက်ဝင်း၊ တောင်ဝင်း မြောက်ဝင်းများ ဖြစ်တယ်။

ဝင်းရုံးများကို ရွှေနန်းတော်ရဲ့ တံခါးပေါက် လေးမျက်နှာမှာ ထား ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



လက်ယာဘက်မှာ ရှိတဲ့ သစ်တပ်နဲ့ အတွင်း အုတ်မြို့ရိုးကလေး အကြားမှာပဲဖြစ်တယ်။ ဝင်းရိုးရဲ့ ပုံစံသဏ္ဍာန်မှာ ရှေ့ရိုးနောက်ရိုး၊ တရားရုံးများနဲ့ အလားတူပင်ဖြစ်တယ်။

ဝင်းဆိုတာက မင်းတရားကြီးနေထိုင်တဲ့ နန်းတော် ပတ်လည် အကာ အရံကို ဆိုလိုတယ်။ ဝင်းမှူးလေးဦးခန့်ထားတယ်။ မင်းတရားကြီးရဲ့ ဝင်းမှူး အဖြစ် အမှုထမ်းရဖို့ဆိုတာက လွယ်တာမဟုတ်ဘူး။

လက်ရုံးရည်ရော နှလုံးရည်ပါ အထူးတတ်ကျွမ်းရတယ်။

မင်းတရားကြီးရဲ့ ကျေးဇူးသစ္စာတရားကိုလည်း စောင့်သိရိုသေသူဖြစ် ရတယ်။ မင်းတရားကြီးရဲ့ အထူးယုံကြည်ကိုးစားသူများသာ အမှုတော်ထမ်းခွင့် ရှိတယ်။ အဲဒီရာထူးကို ခန့်ထားတဲ့အခါမှာ စိစစ်သေချာအောင် ကျနအောင် ရွေးချယ်ခန့်ထားရတယ်။

သည်လို မစိစစ်လို့ကလည်း မဖြစ်ဘူးလေ။

စိတ်မချရတဲ့ ဝင်းမှူးများ ခန့်ထားမိရင်၊ မင်းတရားကြီးအဖို့ ထီးနန်း ပျောက်ပြီး ရာဇပလ္လင်တော်အောက်ကို ရောက်သွားမှာ သေချာတယ်။ ဒါကြောင့်မို့ အဲဒီနေရာကို တော်ရုံစိတ်ချရတဲ့သူကို မခန့်ထားဘူးပေါ့။

ဝင်းမှူးများ ရုံးတက်တဲ့အခါ ဓားနဲ့ယပ် ဖက်စပ်ဇွဲကိုင်ပြီး ရုံးတက်ရ တယ်။

ဓားကလက်ရုံးရည်၊ ယပ်က နှလုံးရည်ပဲပေါ့။ ဝန်ကြီးများရုံးတက်တဲ့ အခါမှာ၊ ယပ်တစ်မျိုးတည်းသာ ဇွဲကိုင်တက်ရတယ်။ ဝင်းမှူးများ ကိုင်ဆောင်ရ တဲ့ ဓားဟာ တခြား စစ်ဗိုလ်များ ကိုင်ဆောင်ရတဲ့ ဓားထက်ထူးခြားတယ်။

ရွှေသားကွပ် ကျောက်စီဓားပဲ။

ဝင်းမှူးကိုင်ထားတဲ့ ဓားများကို တခြားအရာရှိများ ကိုင်ဆောင်ခွင့်မရှိ ဘူး။ ဝင်းမှူးလေးဦးကိုင်ဆောင်တဲ့ ဓားများတောင်မှ တစ်ဦးနဲ့တစ်ဦး မတူညီကြ ဘူး။

ဓားရဲ့ အလျားနဲ့၊ ပုံသဏ္ဍာန်ဟာ တစ်စားတည်းတူညီကြတယ်။ ဒါပေမယ့် ဓားရိုး ဓားအိမ်မှာ ကွပ်တဲ့၊ ရွှေစီထားတဲ့ ပတ္တမြားထားရှိပုံ ကွဲလွဲတယ်။

ရွှေဘုံနန်းမှာ ဆိုထားတယ်။

အရှေ့မှန်ကူး၊ ဖမ္ဗူမြွက်မြွာ၊ လက်ယာခိုနန်း၊ နောက်စက်ဝန်းနှင့် ပုံနန်း လက်ဝဲ၊ ရုံးရဲလျှံပတ်၊ အမှတ်ရေးအလျောက်၊ စဉ်မဖောက်သည်၊ လေးယောက် ဝင်းမှူးဆောင်ဓားတည်း။

အရှေ့မှန်ကူးဆိုတာက အရှေ့မျက်နှာ ဝင်းမှူးရဲ့ဓားဟာ မှန်ကူ သဏ္ဍာန်ခြယ်လှယ်ရမယ်လို့ ဆိုတယ်။ လက်ယာခိုနန်းဆိုတာက တောင်မျက်နှာ



လက်ယာဝင်းမှူးဓားမှာ ခိုနန်းသဏ္ဍာန်ခြယ်လှယ်ရမယ်လို့ ဆိုတယ်။ ခိုနန်း ဆိုတာက ယောင်ချိုးအကွေ့ကို ဆိုလိုတယ်။

ဘုရားကျောင်းများနဲ့ မြို့နန်း စတဲ့ အဆောက်အဦးများမှာရှိတဲ့ ယောင်ချိုးအကွေ့များလည်း ပုဂံမြို့က အာနန္ဒာဘုရားရဲ့ ပန္နက်ပုံယာခိုနန်းပုံဖြစ် တယ်။

နောက်စက်ဝန်းဆိုတာက နောက်မျက်နှာ၊ နောက်ဝင်းမှူးဓားမှာ စက်ဝန်းသဏ္ဍာန်ခြယ်လှယ်ရမယ်လို့ ဆိုလိုတယ်။

ပုံနန်းလက်ဝဲဟူသည်ကား မြောက်မျက်နှာ၊ မြောက်ဝင်းမှူးဓားမှာ ပုံနန်းသဏ္ဍာန်ခြယ်လှယ်ရမယ်လို့ ဆိုလိုတယ်။

ပုံနန်းဆိုတာက သရေခေတ္တရာ၊ ပုဂံစတဲ့ နန်းတို့ရဲ့ပုံကို အစွဲပြုပြီး ပုံနန်းလို့ ခေါ်တယ်။ နန်းပုံကိုပင် ပုံနန်းလို့ ခေါ်ခြင်းပေါ့။

အမှန်မှာတော့ မင်းတရားကြီးရဲ့ ဝင်းမှူးလေးဦးရဲ့ ဆောင်ဓားများမှာ ပုံချင်းတူပေမဲ့၊ ခြယ်လှယ်လုပ်ဆောင်ပုံမတူဘူး။ ဒီလိုမတူဘဲ ကွဲပြားရခြင်းကတော့ ဓားချင်းမမှားနိုင်စေရန် စီမံထားတာ ဖြစ်တာပဲ။

အဲဒီ ဝင်းလေးဝင်းမှာ ဝင်းတော်မှတ်တဲ့ အလံလေးမျိုးရှိတယ်။

ရှေ့ဝင်းအလံက အဖြူရောင်၊ တောင်ဝင်းအလံက အစိမ်းရောင်၊ နောက်ဝင်းအလံမှာ အချိပ်ရောင်၊ မြောက်ဝင်းအလံမှာ အဝါရောင်ဆိုပြီး ခွဲခြား ထားတယ်။

အိမ်ရှေ့မင်းများမှာလည်း ဝင်းမှူးများ ခန့်ထားရတယ်။ ဒါပေမယ့် မင်းတရားကြီးရဲ့ ဝင်းမှူးများကဲ့သို့ ခမ်းနားကြီးကျယ်မှုမရှိဘူး။

မင်းတရားကြီးရဲ့ ဝင်းမှူးများဟာ နိုင်ငံတော်နဲ့ သက်ဆိုင်တယ်။ အိမ်ရှေ့ဝင်းမှူးကတော့ အိမ်ရှေ့တော်နဲ့ သက်ဆိုင်ရာမြို့ရွာများမှာသာ ဩဇာ အာဏာရှိတယ်။

သည်တုန်းက ရှေ့ရုံးတော်နဲ့ နောက်ရုံးတော်ဆိုတဲ့ ရုံးတော်နှစ်ခု ရှိတယ်။

နန်းတော်ရဲ့ အရှေ့ဘက်မှာရှိတဲ့အတွက် ရှေ့ရုံးတော်လို့ ခေါ်တယ်။ ရာဇဝတ်ရုံးလို့လည်း ခေါ်ကြသေးတယ်။ ရာဇဝတ်ကြောင်းများကို စစ်ဆေးရတဲ့အတွက် ရာဇဝတ်ရုံးလို့ ခေါ်ကြခြင်းဖြစ်တယ်။

ရုံးဆိုတဲ့ ဝေါဟာရဟာ ပျူစောထီးမင်းလက်ထက်ကတည်းက ခေါ် ဝေါ်ခဲ့တဲ့ ဝေါဟာရဖြစ်တယ်လို့ဆိုကြတယ်။

လမ်းမတော်ရဲ့ လက်ယာဘက်မှာ အရှေ့ရုံးကို တောင်တ... နန်းမြို့တော်ရဲ့ သစ်တပ်အရှေ့ဘက်မှာ ရှိတယ်။ ရွှေတော်သုလို့ ခေါ်တဲ့ နန်း

www.burmeseclassic.com

www.burmeseclassic.com



တော်ရှေ့ဝင်းတံခါးက အရှေ့ထိပ်ဦး တံခါးဆီကို သွားတဲ့လမ်းဟာ လမ်းမတော်ပဲဖြစ်တယ်။

ရုံးတော်ဆောက်လုပ်ပုံဟာ အမိုးသုံးထပ်လည်ပေါ် ကွန်းစင်တိုင် သုည်ကွမ်းသွေးပေါက်များနဲ့ ဆောက်ထားလေ့ရှိတယ်။ မြို့ဝန်မင်းများက ကွန်းစင်တွင်းကနေရတယ်။

တောင်မှူး၊ မြို့စာရေး၊ ပြည်စိုးစတဲ့ ရှေ့ရုံးအရာရှိများဟာ ကွန်းစင်တိုင်ပြင်၊ ကွမ်းသွေးပေါက်အသီးသီးမှာ နေကြရတယ်။ ရုံးတက်ချိန်မှာ နံနက်တစ်ကြိမ်၊ နေ့ခင်းတစ်ကြိမ် စုစုဝေးဝေးတက်ရောက်ကြရတယ်။

ရှေ့ရုံးမှာပါရှိတဲ့ အရာရှိများဟာ မြို့ဝန်လေး၊ ထောင်မှူးလေး၊ မြို့စာရေးလေး၊ ရွှေပြည်စိုးလေး၊ ထောင်စာချီလေး၊ ရွှေမြို့တော် တံခါးမိုလ်တစ်ဆယ့်နှစ်၊ မြို့ကြီးတံခါးမိုလ်များပါ ခန့်ထားမြဲဖြစ်တယ်။

အဲဒီအရာရှိများရဲ့ တာဝန်များဟာ များပြားလှတယ်။

နိုင်ငံတော် အနှံ့အပြားမှာ ရှိတဲ့ ရာဇဝတ်မှုမျိုးစုံ၊ မြေမြို့ရိုး၊ အုတ်မြို့ရိုးအတွင်းမှာ ရှိတဲ့ ဒူးလမ်း၊ ပြလမ်းများ၊ သန့်သန့်ရှင်းရှင်းရှိရတဲ့အထိ ပါဝင်တယ်။ ပြည်ကံကျွေး စဏ္ဍာလအစုများ နေရာတကာမှာ မရှိအောင် ဆောင်ရွက်ရတယ်။ ပြည်ကံကျွေးဆိုတာက ပြည့်တန်ဆာမကို ခေါ်တာပဲ။

အဲဒီတုန်းက ပြည့်တန်ဆာဆိုတာ နှစ်မျိုးရှိတယ်။

သက်ဆိုင်ရာ တာဝန်ရှိသူ အာဏာပိုင်ရဲ့ ထောက်ခံမှုကြောင့်၊ ပြည့်တန်ဆာလုပ်ငန်းကို ထင်ထင်ရှားရှားလုပ်ကိုင်တယ်။ သူတို့ကို နေရာ အစု အဝန်းအတည်တကျပေးထားတယ်။ ဒါက ကျန်းမာရေး၊ အခြေအနေကောင်း တဲ့ အမျိုးသမီးတွေကို လွတ်လွတ်လပ်လပ် လုပ်စားစေခြင်းပဲ။

ဘာပဲပြောပြောလေ။ သက်ဦးဆံပိုင်ခေတ် ဆိုပေမဲ့ သည်လုပ်ရပ်ဟာ မဆိုးဘူးလို့ ဆိုရမယ်။

တခြားနေရာတွေမှာ လုပ်ပိုင်ခွင့်တွေ လွတ်လွတ်လပ်လပ်မရှိပေမဲ့ သည်ပြည့်တန်ဆာ လုပ်ငန်းကျတော့ လွတ်လပ်ခွင့်ပေးထားတာပဲနော့။

ဒါကို မင်းတရားကြီးနဲ့ သူ့ဝန်ကြီးများဟာ ဒီလုပ်ငန်းအပေါ် စိတ်ဝင်စားကြဟန်တူရဲ့။

သည်လုပ်ငန်းဟာ သမ္မာအာဇီဝအကျဆုံးအလုပ်လို့ ထင်နေဟန်တူရဲ့။ ဟုတ်ပါတယ်။ လူဆိုတာက သွေးသားကို အိမ်ပြုပြီး တည်ဆောက်ထားတာပဲ။ သည်တော့ သွေးသားလှုပ်ရှားမှုကို ဖြေသိမ့်နိုင်ကြတာပဲ။

လူ့ဘဝရဲ့ စည်းစိမ်ဆိုတာကလည်း အဲဒီအလုပ်ဟာ အဓိကကျတယ် မဟုတ်လား။



ဒါကိုလည်း ခုလက်ရှိစဉ့်ကူးမင်းတရားကြီး ကိုယ်တိုင်ကလည်း ကျင့်သုံးနေတယ်မဟုတ်ပါလား။ သည်တော့ ကျန်းမာသန့်စွမ်းပြီး သွေးသားကောင်းမွန်တဲ့ မိန်းကလေးမျိုးဆိုရင် အဲဒီပြည့်တန်ဆာအလုပ်ကို လုပ်ကိုင်လိုပါက လုပ်ကိုင်စားသောက်ခွင့်ပြုတယ်။

အဲဒီပြည့်တန်ဆာများကို နိုင်ငံတော်မှာရှိတဲ့ သမားတော်များက တစ်လနှစ်ခါ နှစ်ကြိမ် ဆေးကုသပေးတယ်။ စမ်းသပ်စစ်ဆေးတယ်။

ရောဂါရှိမယ်လို့ ထင်ရတဲ့ ပြည့်တန်ဆာများကို ဆေးဝါးကုသမှုခံယူစေပြီးမှ အလုပ်ကို ဆက်လုပ်စေတယ်။ အလုပ်ဆက်လုပ်နိုင်အောင်လည်း ထောက်ခံချက်ရေးပေးထားတယ်။

ဒါတွေကတော့ အဲဒီခေတ်တုန်းက အတိအလင်း ထင်ထင်ရှားရှား ပြည့်တန်ဆာလုပ်စားသူတွေပဲ။

နောက်တစ်မျိုးက ဘုရင်မင်းတရားကြီးရဲ့ ရွှေမြို့တော်မှာ မနေဘဲ၊ နိုင်ငံတော်ရဲ့ နေရာအနှံ့အပြားမှာ လိုက်လံပြီး လုပ်ကိုင်စားတတ်တဲ့ ပြည့်တန်ဆာများပဲ။

သူတို့ဟာ သတ်မှတ်ထားတဲ့ နေရာ မြို့မှာ မနေဘဲ တိတ်တိတ်ပုန်း ပြည့်တန်ဆာလုပ်ပြီး ငွေရှာတာပဲ။ အဲဒီပြည့်တန်ဆာများကိုတော့ မိန်းမပေါ့ လို့ ခေါ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၈)

စဥ့်ကူးမင်းတရားကြီးဟာလည်း အဲဒီလုပ်ငန်းကို တရားဝင်ပဲ ခွင့်ပြုထားတယ်။

အဲဒီပြည့်တန်ဆာလုပ်ငန်းကို လုပ်ကိုင်လိုသူများကို မဟန့်တားဘူး။ သူတတ်တဲ့ပညာနဲ့ လုပ်စားတာပဲ။ ပြည်သူ့အခွန်တော်တောင် တိုးပွားတာပေါ့လေလို့ပဲ ထင်နေဟန်တူရဲ့။

ရှေ့ရုံးတော်က မြို့ဝန်များ သွားလာတဲ့အခါမှာ အာဏာသားခေါ်တဲ့ အမှုထမ်းနှစ်ယောက်က ရှေ့ကသွားနှင့်ရတယ်။ မြို့ဝန်နဲ့ အတောင်သုံးဆယ်ကွာက ဓားအိမ်လွယ်ပြီး ကြိမ်ကို ထောင်ပြီး လိုက်ပါရခြင်းဖြစ်တယ်။ သူတို့ဟာ ခေါင်းမှာ ပဝါပေါင်းရတယ်။ အကျီအနက်ရောင်ဝတ်ရတယ်။

ပုဆိုးခါးတောင်းကျိုက်ရတယ်။ ရွှေနန်းတော်အတွင်းနဲ့ ကျောင်းဘုရားအတွင်းမှာ သွားလာတဲ့အခါမှာတော့ အဲဒီလာသူများကို ကြည့်ရှုစစ်ဆေးရတယ်။

နွားသား၊ ကျွဲသား၊ အရက်သေစာများကို သွင်းထုတ်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ၊ သေနတ်ဓားလှံစတဲ့ လက်နက်များကို ကိုင်ဆောင်သွားခြင်း ရှိမရှိ ကြည့်ရှုရတယ်။

အခွင့်မရှိဘဲ ကိုင်ဆောင်သွားလာသူများကို တွေ့ပါက ဖမ်းဆီးပြီး ရှေ့ရုံးတော်မှာ ပို့ရတယ်။

ရွှေမြို့တော်ရဲ့ တံခါးအတွင်းအပြင် အတောင်ငါးဆယ်စီအကွာမှာ ဆင်မြင်းရထားများကို အပြင်းအထန် လျင်မြန်စွာ မောင်းနှင်ပြီး မသွားရဘူး။ ဖြည်းညင်းသာယာစွာပဲ သွားလာရတယ်။

အမိကကျတဲ့ ရွှေမြို့တော်ရဲ့ တံခါးလေးရပ်မှာ လှည်းရထားနဲ့ လှလှပပရှိတဲ့ လှည်းယာဉ်များသာ သွားလာခွင့်ရှိတယ်။ လှည်းကြမ်းများ မသွားရဘူး။

ညဥ့်လေးချက်တီးတဲ့အခါမှာ အလယ်တံခါးမကြီးကို ပိတ်ထားရတယ်။ နံနက်လေးချက်တီးတဲ့အထိပဲ။ အဲဒီအချိန်ကျမှသာ ပိတ်ထားတဲ့ တံခါးမကြီးကို ဖွင့်ရတယ်။ ညနေလေးချက်တီးမှ ညဥ့်တစ်ချက်တီးတိုင် တံခါးမကြီးမှတစ်ပါး တခြားမလွယ်တံခါးလေးများကို ဖွင့်ထားရတယ်။

မလွယ်တံခါးများမှ ဆင်မြင်းရထားများ သွားလာခွင့်မရရှိဘူး။

ညဥ့်တစ်ချက်တီးက နံနက်လေးချက်တီးအထိ မလွယ်တံခါးများကို ပိတ်ထားရတယ်။ အခွင့်အမိန့်မရဘဲ ဘယ်သူမှ ဝင်ထွက်ခွင့်မရှိဘူး။

ဒါတွေဟာ စဥ့်ကူးမင်းတရားကြီးရဲ့ အမိန့်တော်တွေပဲလေ။



ဒါပါပဲ။ သည်အမိန့်တော်တွေကို သူကိုယ်တိုင်က ချမှတ်ထားတယ်။ ဒါပေမဲ့ သူကိုယ်တိုင်ကတော့ မလိုက်နာဘူး။ သည်အမိန့်တော်ဟာ တခြားအမှုတော်ထမ်းရှက်သူတွေအတွက်သာ ဖြစ်စေတယ်။

ဟုတ်တာပေါ့၊ မင်းတရားကြီးဆိုတာက ရာဇပလ္လင်ပေါ်ထိုင်ပြီး အမိန့်တော်တွေ၊ ပြန်တမ်းတွေ၊ ရှင်းလင်းချက်တွေသာ တစ်ခုပြီးတစ်ခု ထုတ်ပြန်နေတယ်။ သူတို့ကိုယ်တိုင်ကတော့ ဘယ်တော့မှ တိတိကျကျ မငိုက်နာကြဘူး။

စဥ့်ကူးမင်းအဖို့မှာတော့ ရွှေနန်းတော်အတွင်းက ထွက်ချင်ကိုင်း ထွက်နေတယ်။ အချိန်မရှိ အခါမရှိပေါ့။ မူးယစ်သောက်စားမှုများကလည်း သူ့ခေတ်မှာ အကြီးမားဆုံးပဲ။

မင်းတရားကြီး ကိုယ်တိုင်ဖြစ်သူက ထင်တိုင်းကြဲနေတော့ အနီးအနားမှာ ခစားနေကြတဲ့ အမှုထမ်းများကတော့ စိန်နားကပ်ကြောင့် ပါးပြောင်တဲ့ကိန်းဆိုက်နေတာပဲ။

တကယ်တော့ အဲဒီခေတ်က ပြည်သူပြည်သားတွေဟာ ပြီးပြီးပျောက်ပျောက်ပါပဲ။

ကိစ္စတစ်ခုတည်းမှာ ရက်ရှည်လများ ဘယ်တော့မှ စွဲမြဲမထားဘူး။ ပြီးပြီးပျောက်ပျောက်ပဲ နေကြတယ်လေ။

ဘုရင်မင်းမြတ်ဆိုတာကလည်း ဖြစ်လာတဲ့ ဘေးအန္တရာယ်ကျ ရင်မဆိုင်ဘဲ မိမိရဲ့ အုပ်ချုပ်ရေးနိုင်မြဲအောင် ထိန်းသိမ်းထားဖို့ဆိုတာ မလွယ်လှဘူး။ ခုဆိုရင် စဥ့်ကူးမင်းတရားကြီးအဖို့ အုပ်ချုပ်ရေးမှာ ညှံ့ဖျင်းလှတယ်။

ပျော့ကွက်ဟာကွက်တွေ ရှိနေတယ်။ ဒါကြောင့်ပဲ ရွှေနန်းတော်အတွင်းမှာ အခြေအနေတွေက ကသောင်းကနင်း ဖြစ်နေတယ်။ သည်တော့ မတရားမှု၊ ဘက်လိုက်မှု၊ ထင်တိုင်းပြုလုပ်မှုတို့ကြောင့်လည်း ပြည်တွင်းအခြေအနေဟာ ဖရိုဖရဲ ဖြစ်လာနေပြီ။ ဖြစ်တယ်ဆိုတာကလည်း အကြောင်းအမျိုးမျိုးလည်း ရှိနေတယ်လေ။

ခုဆိုရင် စဥ့်ကူးမင်းတရားကြီးအဖို့ အုပ်ချုပ်မှုအာဏာဟာ အပြည့်အဝရရှိထားတယ်။

တကယ်တော့ ယုံကြည်လွယ်သူဟာ ဒုက္ခနဲ့ ကြုံရတတ်တယ်။ ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်တတ်တယ်။ လုပ်ကြံသတ်ဖြတ်ခြင်းလည်း ခံရတတ်တယ်။ ဘယ်သူ့ကိုမှ မယုံကြည် စိတ်မချရသူဟာ ကျိုးလန့်တစ်စား ဘဝရောက်နေပါစေ၊ စိတ်ချလက်ချ မနေရပါစေ၊ ဒုက္ခမှ ကင်းဝေးစေပါတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com



(၈)

သက္ကရာဇ် ၁၁၄၃ ခု၊ တပို့တွဲ လဆုတ်(၅)ရက်၊ စနေနေ့ ၂-၂-၁၇၈၂ ၌ အညာသီဟတော်ဘုရားရှင်ကို အဖူးအမြင်ထွက်တော်မူတယ်။

နောက်တော်က မယ်တော်၊ နမတော်၊ မိဖုရားအပေါင်းတို့က လိုက်ပါလာကြတယ်။

အညာသီဟတော်ဘုရားဆိုတာက ရွှေဘိုနယ် ကျောက်မြောင်းအရပ်မှာ ရှိတယ်။ ဧရာဝတီမြစ်ရဲ့ အလယ်မှာပဲ။ သည်လို ဘာကိုမှ ဂရုမစိုက်ဘဲ သူလုပ်ချင်တာကို လျှောက်လုပ်နေတဲ့ စဥ့်ကူးမင်းအဖို့ မကြာခင်မှာပဲ သူ့အဖို့ ဘေးကျပ်၊ နံကျပ်ဖြစ်ဖို့ နီးကပ်လာခဲ့ချေပြီတည်း။

၁၁၄၃ ခုနှစ်၊ တပို့တွဲလဆုတ် (၈)ရက်၊ အင်္ဂါနေ့။

၅၊ ၂၊ ၁၇၈၂ ခုနှစ်။

နေကား ဝင်တော့မည်။

ဝါနီပြာ အပလိမ်း၊ လိမ်းခြယ်ထားတဲ့ တိမ်တိုက်တိမ်ထုများရဲ့ အရိပ်များဟာ ဧရာဝတီမြစ်ပြင်နဲ့ ဒုဋ္ဌာဝတီမြစ်ပြင်များပေါ်မှာ ပြန့်ကျဲကျဆင်းနေ တယ်။

ရွှေမြို့တော်ကို ဖြတ်တိုက်လာတဲ့ လေနုကြမ်းကလေးကား ဒုဋ္ဌာဝတီမြစ်ကမ်းနဖူးပေါ်မှာ ပေါက်ရောက်နေတဲ့ ဖောင်းကားပင်ကလေးများကို ဘယ်ပြန်ညာပြန် တိမ်းတိမ်းယိမ်းယိမ်း ရှိနေစေတယ်။

ရှည်ရှည်မျောမျောရှိနေတဲ့ သည်ဖောင်းကားပင်များဟာ သူတို့ခေါင်းမှာ အဖြူရောင်ပန်းပွားများ ဝတ်ဆင်ထားကြတယ်။ လေက ခပ်ကြမ်းကြမ်း တိုက်ခတ်လာတယ်။

ဒုဋ္ဌာဝတီမြစ်ရဲ့ မြောက်ဘက်ကမ်းနဖူးပေါ်မှာတော့ လူတစ်စုဟာ လှုပ်လှုပ်ရှရှရှိနေတယ်။

ဓားလွတ်ကိုယ်စီကိုင်ဆောင်ထားတဲ့ လူတစ်စုဟာ ဦးဆောင်ပြီး မြစ်အတွင်းသို့ ဆင်းလာနေတယ်။ သူတို့နောက်ကမှ ဘုရင်မင်းတရားကြီးနဲ့ နောက်ပါအချို့ဟာ ပါလာတယ်။

မြစ်အတွင်း ကမ်းစပ်တစ်နေရာမှာတော့ မင်္ဂလာရွှေဖောင်တော်ဟာ ဆိုက်ကပ်ထားတယ်။

ဘုရင်မင်းတရားကြီး မင်္ဂလာရွှေဖောင်တော်ပေါ်ရောက်သည်နဲ့ ဖောင်တော်ဟာ ကမ်းမှ ခွာခဲ့တယ်။ သူတို့အားလုံး ပျော်မြူးနေကြတယ်။ ဘုရင်မင်းတရားကြီးရဲ့ ဘေးတစ်ဖက်တစ်ချက်မှာ ဇာခြား မှူးကြီးမတ်ကြီးတို့ရဲ့ ဖောင်တော်များလည်း တစ်ပါတည်း ပါခဲ့ကြတယ်။



ဒုဋ္ဌာဝတီမြစ်ရိုးတစ်လျှောက်မှာတော့ သင်းတို့ရဲ့ ဟာစ်အော်[illegible] ကျော်သံများဟာ ဟိန်းဟိန်းထနေလေရဲ့။

မဆန်းပါဘူး။ ပြည်သူတွေအဖို့ အသံဗလံများဟာ မဆန်းတော့ပါဘူး။ သည်မင်းတက်လာကတည်းက သည်လိုဖြစ်ရပ်များဟာ နိစ္စဓူဝဖြစ်လာနေတော့ ဘယ်လိုမှမဆန်းတော့ဘူးပေါ့။

အင်းဝရွှေမြို့တော် တစ်ဖက်ကမ်းကို အရင်ရောက်သွားတဲ့ ဘုရင်ရဲမက်တချို့ဟာ ကမ်းပေါ်ရောက်တာနဲ့ တပြိုင်နက်တည်း ကြွေးကြော်ကြ တယ်။

"ဘုရင်မင်းတရားကြီး ကြွချီတော်မူလာပြီ"

ခါတိုင်းလိုပဲ စဥ့်ကူးမင်းဟာ မူးမူးရူးရူးဖြစ်လာဟန်တူရဲ့။ သတ်တော်စောင့်လေးဦးက အနီးအပါးမှ ဖေးမ,လာကြတယ်။ ယနေ့ညအဖို့ ဘုရင်မင်းတရားကြီးဟာ အခြေအနေ အတော်ဆိုးလှတယ်။

ရာဇက္ကန္ဓြေပျက်လုခမန်းပဲ။

လဆုတ်ရက်ဖြစ်ပေမဲ့ လတစ်ခြမ်းပဲ့ကလေးကား ရှိသလောက် သာဆဲသာမြဲတည်း။ ဂေဟာင်းကင်ပြင်တစ်ခုလုံးကား ကြယ်ပွင့်ကြယ်ပျောက်များမှာ စိန်စီခြယ်ထားဘိသည့်အလား တလက်လက် တဖျပ်ဖျပ် တောက်ပနေတယ်။

တံခါးမှူးနဲ့ ရဲမက်တော်အချို့ဟာ လက်ယှက်လျှက် ခစားနေကြတယ်။

မဝေးလှတဲ့ အင်းဝနေပြည်တော်အတွင်း တစ်နေရာကလည်း ဆိုင်းသံဗုံသံများဟာ ရွှေနန်းတော်အတွင်းထိ ပြန့်လွင့်လာနေတယ်။ အတွင်းတော်မှာက ထူးခြားတဲ့ အရိပ်မည်းကြီး ထိုးကျနေပေပြီ။

ဒါကို ရွှေနန်းတွင်းသူ နန်းတွင်းသားများက အရိပ်အကဲဖမ်းမိကြတယ်။ တာဝန်ချိန်မစေ့ခင် ရဲမက်တော်များ လဲလှယ်ခြင်းကိစ္စ၊ နှုခံတော် များများပန်းခတ်သွားလာနေမှု ကိစ္စများကြောင့် တစ်ခုခုတော့ တစ်ခုခုပဲဆို တာ အလိုလို သိနေကြပြီ။

မကြာခင်မှာပဲ အတွင်းတော်က အမိန့်တော်တစ်ခု ထုတ်ပြန်လာတယ်။

"နောင်တော်စဥ့်ကူးမင်းရဲ့ အုပ်ချုပ်ပုံဟာ ပြည်သူတွေအေး[illegible] ချမ်းသာဖို့ရာ မမြင်သဖြင့် ညီတော်ဖောင်းကားစားမင်းက နန်းသိမ်းရ[illegible] ပြီ"ဆိုတာပဲ။ ဟုတ်ပါတယ်။ လူဆိုတာက ဘယ်တော့မှ အဆင့်တ[illegible] မှာပဲ တည်တန့်မနေနိုင်ပါဘူး။ အောက်ကျလိုက် အထက်တက်[illegible] ဟာ လူ့သဘာဝပဲ ဖြစ်တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



သည်သတင်းကို ကြားသိလိုက်တာနဲ့ စဥ့်ကူးမင်းတရားကြီးဟာ အလွန်အမင်းအံ့အားသင့်တော်မူသွားတယ်။

အံ့အားသင့်တယ်ဆိုတာထက် ထိတ်လန့်တကြားဖြစ်သွားတယ်ဆိုတာက ပိုပြီး မှန်မယ်။ ခါတိုင်း အရက်ရှိန်ကြောင့် အစဥ်နီမြန်းနေတဲ့ သူ့မျက်နှာပြင်ဟာ ဖြူဖွေးသွားတယ်။ ရုတ်တရက် သွေးဆုတ်သွားတဲ့ သဏ္ဌာန်ပဲ။ မိမိလိုးဝ မမျှော်လင့်ထားတဲ့သူတစ်ယောက်ဟာ မိမိရဲ့ ရာဇပလ္လင်ပေါ်မှာ တက်ထိုင်တယ်ဆိုတာကို ကြားရတော့ လုံးဝမခံရပ်နိုင်ဘူး။ ယုံလည်းမယုံဘူးလေ။

ဟုတ်မယ်လည်း မထင်ဘူးလေ။

ဘာလုပ်လို့ ဘာကိုင်ရမှန်းလည်း မသိတော့ဘူး။ ခုချိန်မှာတော့ သူ့အဖို့ရာမှာ မျောက်သစ်ကိုင်း လွတ်တဲ့ပုံစံမျိုးပဲ။ နေပြည်တော်ပြန်ဖို့ဆိုတာကလည်း ဝေလာဝေးဖြစ်နေပြီ။

အကြောင်းကရှိပါတယ်။ အခုနေပြည်တော်မှာ ဖောင်းကားစားက အာဏာယူလိုက်ပြီလေ။

ဒါကို သိသွားပြီဖြစ်ကြတဲ့ အမှုထမ်းအချို့ဟာ သူ့ကို ပစ်ပြီး ထွက်ပြေးသွားကြပြီ။ ခုချိန်မှာတော့ စဥ့်ကူးမင်းအဖို့ အရာရာကို အားကိုးဖွယ် မမြင်တော့ဘူး။

သူ့နားမှာ သားတော် သမီးတော်ငယ်များနဲ့ မိဖုရားတချို့တို့သာ ရှိနေတော့တယ်။ မကောင်းမှု ဒုစရိုက်များနဲ့သာ ပျော်မွေ့ခဲ့တဲ့ မင်းတရားကြီးအဖို့ အ,ကုသိုလ်တရားများက ဖိစီးလာဟန်တူပါရဲ့။

ခုချိန်ခါမှာတော့ ထီးနန်းကို ပြန်လည်လုပ်ကြံဖို့ဆိုတာကလည်း မလွယ်တော့ဘူး။ မင်းတရားကြီးနဲ့အတူ ပါလာတဲ့ တပ်မကြီးကလည်း သူ့ကို စွန့်ခွာပြီး ပြန်သွားကြပြီ။ တခြားမြို့ရွာ ကျေးလက်မှာရှိတဲ့ ရဲမက်တော်တွေ ကို ပြန်လည် စုစည်းပြီး တိုက်ဖို့ဆိုတာကလည်း မဖြစ်ဘူး။ ဘယ်သူပဲဖြစ်ဖြစ်၊ အမှုထမ်းရော ပြည်သူရောပေါ့။ အာဏာရှိတဲ့ သူ့ရဲ့လက်အောက်မှာပဲ ခစားချင်ကြတယ်။

အရင်က မိုးထိအောင် အာဏာရှိနေပါစေ၊ လက်ရှိမှာ မရှိရင်တော့ ဘယ်သူကမျှ မခိုဝင်ကြဘူး။ မလေးစားကြတော့ဘူး။ ဒါကလည်း လူတွေရဲ့ သဘောထားတစ်ခုပဲလေ။

လူဆိုတာမျိုးက မိမိကိုယ်သာ ရှေ့တန်းတင်ကြတယ်လေ။ မဆန်းပါဘူး၊ သာရာသာ နားတတ်ချင်ကြတာပဲ။

ခုလည်း ကြည့်လေ၊ နိုင်ငံတော်ရဲ့ မင်းတရားကြီးစစ်စစ်ဖြစ်တဲ့ စဥ့်ကူးမင်းတရားကြီးမှာ ရာဇပလ္လင်ဆိုတာ မရှိတော့ဘူး။ အာဏာလည်းမရှိ တော့ဘူး။



သည်တော့ ခါတိုင်း သူ့နားမှာ မှန်ပါ့ဘုရား၊ အမိန့်တော်မြတ်အတိုင်းပါဘုရား ဆိုပြီး ခစားနေကြတဲ့ ဝန်ကြီးမှူးမတ်တွေလည်း နည်းပါးသွားပြီ။ မရှိတော့ဘူး၊ အာဏာမရှိခြင်းရဲ့ ဒုက္ခကိုတော့ စဥ့်ကူးမင်းအဖို့မှာ ခံစားနေရပြီတည်း။ လက်ရှိအာဏာရှိနေပြီဖြစ်တဲ့ ရာဇပလ္လင်ပေါ် တက်ထိုင်နေတဲ့ ဖောင်းကားမင်းထံ ခိုလှုံဖို့ သွားနေကြပြီ။

တကယ်တော့ သည်ဖြစ်ရပ်တွေနဲ့ ပတ်သက်လို့၊ ဘယ်သူ့ကိုမှ အပြစ်ပြောလို့ မဖြစ်ပါဘူး။ ပဓေသရာဇ်ခေတ်ရဲ့ မထူးခြားတဲ့ ဖြစ်ရပ်ကလေးတွေပဲ။ အာဏာမရှိတဲ့ နေရာအောက်က အာဏာရှိတဲ့ နေရာကို ပြေးသွားတာကတော့ မဆန်းပါဘူးနော့။

ခုချိန်ခါမှာတော့ စဥ့်ကူးမင်းဟာ သည်အရေးတော်ပုံကို၊ ဘယ်လိုဖြေရှင်းရမယ်ဆိုတာကို ကျန်ခဲ့သေးတဲ့ မှူးမတ်များနဲ့ ညှိနှိုင်းနေတယ်။ အကူအညီတောင်းနေတယ်။ ဒါပေမဲ့ ဘယ်သူကမှ အကြံဉာဏ်မပေးနိုင်ကြဘူး။

အခုလို ခေါင်းပူ၊ သွေးဆူနေကြတဲ့အချိန်မှာ ဘယ်သူက ပေးနိုင်မှာတဲ့လဲ။

တကယ်တော့ သူ့အနားမှာ ကျန်နေရစ်တဲ့ မှူးမတ်အချို့ဟာ သူ့စိတ်တိုင်းကျခန့်ထားတဲ့ သူတွေချည်းပဲ။ သူတို့ဟာ ဝန်ကြီးမှူးမတ်ဖြစ်နိုင်တဲ့ အရည်အချင်းလုံးဝမရှိတဲ့သူများ မဟုတ်ပါလား။

သူတို့ဟာ မင်းတရားကြီးနဲ့ အလွမ်းသင့်သူများသာ ကျန်ရှိနေခဲ့တာပဲ။ အလွမ်းသင့်လို့လည်း သည်နေရာတွေ ရတာပေါ့။

သည်တုန်းက ပညာရှိဆိုတဲ့ စာဆိုတော်များဟာ အပြစ်ဒဏ်ကြောင့် အဝေးပို့ခံရတဲ့သူက ခံနေရတယ်။ အကျဥ်းထောင်ထဲရောက်နေတဲ့ သူက ရောက်နေတယ်။ တကယ်တမ်း အရေးဆိုတော့ ကူညီမယ့်သူ မရှိဘူး။

မင်းတရားကြီးအဖို့ အာဏာဖောက်ပ်နေပြီလေ။

အနီးအနားမှာ ခစားနေတဲ့ မိဖုရား သားတော်သမီးတော်များကို ငေါက်ငမ်းကြိမ်းမောင်းနေတယ်။ အရာရာကို အလိုမကျတော့ဘူး။ စိတ်တော်တိုနေတယ်။ ထင်မိထင်ရာ စွတ်လုပ်ချင်တဲ့ စိတ်က သူ့မှာပေါ်နေပြီလေ။

ခုတော့ သူ့အဖို့ရာမှာ အလိုမကျ်လေ အမှားများလေ ဖြစ်နေပြီ။

ခုချိန်မှာတော့ သူ့စိတ်ထဲမှာ အာဏာနဲ့ စည်းစိမ်ကို ပြန်ရချင်တာ တစ်ခုပဲ၊ သူ့မှာ ရှိနေတယ်။ သူမင်းတရားကြီးဘဝတုန်းက အဝေးသို့ ပို့ဝစ် ခံခဲ့ရတဲ့ အမှုတော်ထမ်းတွေရဲ့ ခံစားချက်တွေကို သူသတိမရတော့ဘူး။

ဟော အခု သူလည်း အဝေးရောက်မင်းတရားကြီးဖြစ်နေပြီလေ။

သည်တော့ သူ့ရင်ထဲမှာ ပူလောင်နေတယ်။ ဒါကလည်း ဓုက္ခဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

ဆို တာကယ်ထမ်းခံစားနေရတာ မဟုတ်သေးဘူး။ ခုထိ သူ့အနားမှာ ခစားထမ်းရွက်နေတဲ့ အမှုတော်ထမ်းအနည်းငယ်ရှိသေးတယ်။

တကယ်တော့ ပြည့်ရှင်မင်းတရားကြီးထံမှာ ထမ်းရွက်နေတဲ့ အမှုတော်ထမ်းများဟာ လူ၏ကျေးကျွန်မဟုတ်ဘူး။ ဥစ္စာစနရဲ့ ကျေးကျွန်သာ ဖြစ်တယ်။ သူနဲ့အတူပါလာတဲ့ တပ်မကြီးက သူ့ကို ပစ်ခွာသွားတာကလည်း အကြောင်းရှိတယ်။

စဥ့်ကူးမင်းအဖို့ ချီးမြှင့်ထိုက်သူကို မချီးမြှင့်ခြင်း၊ ကွပ်ကဲကြပ်မတ်တဲ့ အကြီးအကဲမရှိခြင်း၊ ပေးသင့်သော စားရေရိက္ခာကိုလည်း မပေးခြင်း၊ လစာရိက္ခာပေးကမ်းရာမှာ အချိန်ဆွဲထားတတ်ခြင်း၊ အချင်းချင်း မသင့်မတင့်ဖြစ်သောအခါမှာ အချိန်မီ မတားမြစ်ပဲထားခြင်းတို့ပဲ ဖြစ်တယ်။

အမှန်မှာတော့ ကျမ်းဂန်တွေရဲ့ ထုံးတမ်းစဥ်လာကို ခုန်ကျော်ပြီး ကိုယ်ထင်ရာ လုပ်တတ်တဲ့ သတ္တိက တခြားပဲ။

ကျမ်းအဆူဆူရဲ့ အစဥ်အလာကို လိုက်နာတတ်တဲ့ တန်ခိုးသတ္တိက တစ်မျိုးပဲ။ တစ်ခုနဲ့ တစ်ခု ဘယ်လိုမှ စပ်ယှက်လို့မရဘူး။

ဟုတ်တယ်လေ၊ အလင်းနဲ့အမှောင်ဟာ အဘယ်မှာ တူညီတဲ့အခြေခံရှိမှာလဲနော့။

ခုတော့ စဥ့်ကူးမင်းတရားကြီးရဲ့အဖြစ်ဟာ မင်းပင့်ကောင်းလျက် မင်းမြှောင်ဖျက်ဆိုတာလို ဖြစ်နေတယ်။ သူ့အနီးမှာ ခစားနေတဲ့ အကြီးတော်ဆရာနဲ့ အမှုထမ်းများဟာ မင်းလိုလိုက်ပြီး၊ မင်းကြိုက်ပြောတတ်တဲ့ သူများသာ ဖြစ်တယ်။ အဲဒါကြောင့် မင်းတရားကြီးရဲ့ အကျင့်တရားနဲ့ စည်းစိမ်ဟာ လျော့ကျရတာပဲ။ အဲဒီတုန်းက စဥ့်ကူးမင်းတရားကြီးရဲ့ အထူးယုံကြည်ရတဲ့ အမတ်ကြီးက စာဆိုတော် ဦးဖျော်ဆိုတာပဲ။

သူဟာ ဘုရင့်ရွှေနန်းတော်တွင်းစာပေများကို ကောင်းကောင်းမွန်မွန် ရေးသားနိုင်ခဲ့သူဖြစ်တယ်။ ၁၁၀၀ ပြည့်နှစ်မှာ ပုခန်းကြီးမြို့မှာ ဖွားမြင်တယ်။

ရတနာပူရ အင်းဝနေပြည်တော်ကို တတိယမြို့တည်၊ နန်းတည်ဆင်ဖြူရှင်မင်းတရားလက်ထက်တော်မှာ အမှုတော်ထမ်းရွက်ခဲ့တယ်။ စဥ့်ကူးမင်းတရားလက်ထက်တော်မှာ 'မင်္ဂလာချက်ဆွေ'အစချီတဲ့ ရွှေနားတော်သွင်းချင်းတစ်ပုဒ်ကို ရေးသားခဲ့တယ်။

အဲဒီကတည်းက မင်းတရားကြီးနှစ်ခြိုက်တော်မူတာနဲ့ အပါးမှာ အမြဲခစားစေတယ်။ အဲဒါကတော့ စဥ့်ကူးမင်းရွှေနားတော်သွင်းချင်းပဲ ဖြစ်တယ်။

စာဆိုတော်အပြင် လောကီပညာ၊ နက္ခတ်ဗေဒင်အတတ်ပညာများကိုလည်း အထူးတတ်ကျွမ်းနားလည်သူဖြစ်တယ်။ နောက်ဆုံးမှာတော့ စဥ့်ကူးမင်းတရားကြီးအဖို့ သူယုံကြည်ကိုးစားရတဲ့ ပုလိပ်သား ဦးဖျော်ရဲ့ စိမ်မှုကို လိုက်နာရတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com



(၁၁)

ခုမှတော့ မထူးတော့ဘူး။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲပေါ့လေ။

အကျယ်အပွားစကားပြောနေလို့ အချိန်မရှိတော့ဘူး။ နေပြည်တော်ကို စစ်ချီလို့ရာသာ ကြံဆရတော့မှာပဲ။ သည်အချိန်မှာတော့ ဖောင်းကားစားဟာ နေပြည်တော်မှာ အနိုင်အမာ တပ်စွဲရပ်နေပေပြီ။

သည်တော့ ဘယ်လို စစ်ချီကြမယ်ဆိုတာကိုသာ အရင်ဆုံး စဉ်းစားကြရမယ်ပေါ့။

သည်အချိန်မှာ ရွှေမြို့တော်အတွင်းမှာလည်း ပြဿနာမျိုးစုံ ဆိုက်ရောက်နေတယ်။ ခုတက်လာတဲ့ ဖောင်းကားစားမင်းကလည်း လူမြင်သမျှကို မသင်္ကာချင်ဘူး။ ဒါကြောင့် သူမသင်္ကာသူမှန်သမျှကို ဖမ်းဆီးစေတယ်။

အားလုံးကို ထောင်မှာ ချထားစေတယ်။

စဉ့်ကူးမင်းလက်အောက်က ပြေးဝင်ခိုလှုံလာတဲ့ အမှုထမ်းများကိုလည်း ဖမ်းဆီးလိုက်တယ်။ မစစ်ဆေး မဆေးကြောဘူး၊ သင်းတို့ကို ထောင်မှာ ချထားလိုက်တယ်။ စစ်ပွဲကာလဆိုတာက တစ်ဖက်က ပြေးဝင်ခိုလှုံလာတဲ့ စစ်သည်ရဲမက်များဆိုတာကို ယုံကြည်ရတာမဟုတ်ဘူး။ အဲဒီထဲမှာ သူလျှိုတွေ၊ ဒလန်တွေကလည်း တစ်ပါတည်း ပါလာနိုင်တယ်။

ဒါတွေဟာ အထူးသတိထားရမယ့် ဖြစ်ရပ်တွေပဲ။

ဟုတ်တယ်လေ။ နိုင်ငံတော်ရဲ့ ရာဇပလ္လင်ကို လုတယ်ဆိုတာက ကွက်ကျော်မြင်တတ်သူတွေရဲ့ အလုပ်ပဲ။ သူများနေရာကို ကိုယ်က လုယူရမယ်ဆိုတာ လွယ်တာမဟုတ်ဘူး။ လျင်ရတယ်၊ ပါးနပ်ရတယ်ပေါ့။

သည်လို စစ်အတွင်း ကြားကာလမှာ ပြေးဝင်လာကြတဲ့ စဉ့်ကူးမင်းရဲ့ ရဲမက်တော်များအဖို့ လုလှကြီး ဒုက္ခရောက်ရတော့တယ်။

အာဏာမဲ့တဲ့ သခင်ထံမှ အာဏာရှိတဲ့ သခင်သစ်ထံသို့ ပြောင်းလာကြတဲ့ သူတို့တစ်တွေဟာ မျှော်လင့်ချက်ကြီးစွာနဲ့ ခိုဝင်လာကြတယ်။ အမိကရည်ရွယ်ချက်ကတော့ နေရာကောင်းကောင်းရကြဖို့ပဲ။

ဒါပေမဲ့ သူတို့ထင်သလို မဖြစ်လာတော့ဘူး။ အားကိုးတကြီးနဲ့ ပြေးဝင်လာကြတဲ့ သူတို့တစ်တွေကို မချီးမြှောက်ဘူး။ ရောက်တာနဲ့ ဖမ်းဆီးချုပ်နှောင်တော့တာပဲ။

သည်အချိန်မှာပဲ စဉ့်ကူးမင်းတရားနဲ့ မှူးမတ်အချို့တို့ဟာ ပညာသီဟတော်ဘုရားက ရွေးဦးတည့်ရာကို ချီတော်မူလာကြတယ်။

ထွက်သာ ထွက်လာရတယ်။ ဘယ်ခရီး၊ ဘယ်လမ်းကို သွားရမယ်ဆိုတာ စဉ့်ကူးမင်းတရားကြီး ကိုယ်တိုင် သိတော်မမူသေးဘူး။ မယ်တော်ရဲ့ ဖျောင်းဖျအားပေးမှုကိုသာ ခံယူနေရတယ်။ သူကိုယ်တိုင် ဘာကို ဆုံးဖြတ်ရမယ်ဆိုတာ မသိဘူး။

ဟိုလူပြောလည်း နားယောင်၊ ဒီလူပြောလည်း နားယောင်ဖြစ်နေတယ်။ တကယ်တော့ ဒီလို ဖြစ်ရတာကလည်း မဆန်းပါဘူး။ အမြင့်ဆုံးနေရာမှ အနိမ့်ကျဆုံးနေရာကို ထိုးချခံရသူတွေရဲ့ ဖြစ်ရပ်တွေပဲ။

ဆုံးရှုံးမှုတွေရဲ့နောက်မှာ တွေဝေမှုတွေဟာ ထပ်ကြပ်ပါလာတတ်တယ် မဟုတ်လား။ အမှန်တရားကို အရှိအတိုင်း လက်မခံချင်တာဟာ မိမိကိုယ်ကို အကြီးအကျယ် လှည့်စားခြင်းသာ ဖြစ်တယ်။ ခုတော့ စဉ့်ကူးမင်းအဖို့ မိမိကိုယ်ကို တမင်ပဲ ဒုက္ခနဲ့ ကြုံရအောင်၊ ကျဆုံးအောင် လုပ်နေခြင်းသာ ဖြစ်တယ်။

တကယ်တော့ ဘုရင်လုပ်တယ်ဆိုတာက စာပေကျမ်းဂန်ထဲက ရတဲ့ အသိဉာဏ်နဲ့ လုပ်လို့ ရတာမဟုတ်ဘူး။ ဘုရင်လုပ်တယ်ဆိုတာက အတွေ့အကြုံကရတဲ့ အသိဉာဏ်မျိုး ရှိဖို့ လိုတယ်လေ။

အမှန်မှာတော့ နိုင်ငံတော်ကို မိုက်မိုက်ကန်းကန်း ပြုမူအုပ်ချုပ်နေတဲ့ မင်းတရားများဟာ အလွယ်တကူနဲ့ ကပ်ဆိုးဆိုက်တတ်တာချည်းပဲပေါ့။ အရာရာကို မေ့လျော့ထားခဲ့တဲ့ မိမိကိုပဲ ပြန်ပြီး အပြစ်တင်နေမိတယ်။

လောဘကြီးသူကိုလည်းကောင်း၊ ကြမ်းကြုတ်သူကိုလည်းကောင်း၊ ကတိသစ္စာမရှိသူကို လည်းကောင်း၊ စိတ်မတည်ငြိမ်သူကိုလည်းကောင်း၊ အသိဉာဏ်နည်းတဲ့ မင်းတရားကြီးကိုလည်းကောင်း၊ မိမိရဲမက်တော်များအပေါ်မှာလည်းကောင်း၊ အားကိုးအားထားမရှိတဲ့ မင်းတရားကြီးတွေအဖို့ စစ်မက်ရေးရာမှာ ရှုံးနိမ့်ကျရတယ်။

အခုလည်းပဲ စဉ့်ကူးမင်းတရားကြီးအဖို့ ဘာမျှ ရေရာတာမရှိတော့ဘူး။ လက်ရှိအာဏာကနေပြီး အာဏာမဲ့တဲ့ ဘဝကိုရောက်သွားချေပြီတည်း။

ဒါပါပဲလေ၊ နိုင်ငံတော်ကို တည်တံ့ခိုင်မြဲအောင် ထားမယ်ဆိုရင်တော့ ဘုရင်မင်းမြတ်ရဲ့ ဂုဏ်သိက္ခာကိုလည်း မြဲမြဲခိုင်ခန့်အောင် ထားနိုင်ရမယ်လေ။ တကယ်တော့ အမှန်တရားကို ဖုံးကွယ်ထားတာဟာ အမှားကို ပြောပြတာထက် စက်ဆုပ်ဖွယ်ကောင်းတယ်လေ။

ဟုတ်ပါတယ်။ ပါးစပ်ထဲ ထည့်တဲ့ အဆိပ်ထက်၊ နားထဲထည့်တဲ့ အဆိပ်က ပိုပြီး အန္တရာယ်ကြီးမားစေတယ်။ ပိုပြီး ပျက်စီးဆုံးပါးစေတတ်တယ်ပေါ့။

"ယောကျ်ားပဲ၊ ပြီးတော့လည်း မင်းတရားကြီးပဲ၊ ဘယ်ရန်သူတို့မှ

www.burmeseclassic.com

www.burmeseclassic.com



ရှာစရာ မလိုဘူး။ အခု ရွှေနန်းတော်ထဲမှာ ရောက်နေတဲ့ ဖောင်းကားစားက စစ်မထော်ရေးရာမဆိုထားနဲ့ နန်းတွင်းရေးတောင် သိတာမဟုတ်ဘူး။ တော ဇနပုဒ်က တောသားတစ်ယောက်ပဲ၊ သားတော်အဖို့ ဂရုစိုက်နေစရာမလိုဘူး။ ခုရှိတဲ့ စစ်တပ်ကလေးနဲ့တောင် တိုက်လို့ရတယ်။ ပြီးတော့လည်း ဖောင်းကားစား ဆိုတာက သားတော်ရဲ့ ငယ်နိုင်ပဲ မဟုတ်လား”

မယ်တော်ရဲ့ ဖျောင်းဖျမှုဟာ မင်းတရားကြီးအဖို့ ရဲရင့်လာစေတယ်။ မယ်တော်ရဲ့ ပြောစကားဟာ ဟုတ်နေတာပဲ။ ဖောင်းကားစားဆိုတာက သူ့ သားတော်အရွယ်လောက်ရှိတဲ့ သူငယ်လေးတစ်ယောက်ပဲ။ စစ်မှုစစ်ဆင်မှာ လည်း လုံးဝ ကျွမ်းကျင်တာမဟုတ်ဘူး။

သည်တော့ သင်းကို ကျန်နေသေးတဲ့ တပ်နဲ့တိုက်ရင်တောင် အလွယ် ရနိုင်တာပဲ။ ခုချိန်မှာ စဥ့်ကူးမင်းအဖို့ အန္တရာယ်ကို ရင်မဆိုင်ဘဲ တိုင်းပြည် အုပ်ချုပ်ဖို့ဆိုတာ မိမိအုပ်ချုပ်ရေးကို ခိုင်မြဲအောင် ထိန်းသိမ်းထားဖို့ မလွယ် အူးဖြစ်နေတယ်။

ဟုတ်တယ်လေ။ အာဏာဆိုတာက လူ့သဘာဝကို သွေးစွန်းထင်နေ အောင် လုပ်တတ်တာပဲ။ ဒါနဲ့ပဲ စဥ့်ကူးမင်းကြီးဟာ နေပြည်တော်ကို ပြန်ပြီး ကြွချီလာတော်မူတယ်။ ဘုရင်မင်းတရားကြီးအဖို့ သူ့ကံကြမ္မာဟာ တစ်ပတ် လည်လာခဲ့ချေပြီ။ သူနန်းတက်ခဲ့တဲ့ ကာလတစ်လျှောက်မှာလည်း နိုင်ငံတော်ရဲ့ အာဏာကို ရထားလေပြီဆိုပြီး မသင့်တော် မလျော်သည်ကို ကျင့်ကြံနေခဲ့တာ ပဲလေ။ ဘာနဲ့တူသလဲဆိုတော့ အိုမင်းရင့်ရော်မှုဟာ မြတ်သောရုပ်ဆင်း အင်္ဂါကို ဖျက်ဆီးပစ်သလိုပဲ။

စဥ့်ကူးမင်းရဲ့ မလိမ္မာမယဉ်ကျေးမှုဟာ စည်းစိမ်ကျက်သရေကို ဖျက်ဆီးနေစေတာပဲ။ လိမ္မာသူဟာ စည်းစိမ်ကျက်သရေကို ရတယ်။ သင့်တော် တဲ့ အစားအစာကို စားတဲ့သူဟာလည်း ကျန်းမာမှုကို ရတယ်။

အဲဒီကျန်းမာတဲ့သူမှသာ ချမ်းသာခြင်းအစစ်ကိုရတယ်။

အားထုတ်မှု၊ လုံ့လဝီရိယရှိသူသာ အတတ်ပညာကို အဆုံးစွန်သို့ ရောက်အောင် ရနိုင်တယ်။ ပညာရှိတို့ရဲ့ ဆုံးမစကားကို နာယူသူဟာ ကိုယ် ကျင့်တရားနဲ့ အခြေအရံအသင်းအပင်းများ ရကြတယ်မဟုတ်လား။

တကယ်တော့ စဥ့်ကူးမင်းဟာ အတတ်ပညာအသိပညာမဲ့တဲ့ မင်း တစ်ပါးပဲ။ ဒါပေမဲ့ ဘယ်မင်းတရားပဲဖြစ်ဖြစ်ပေါ့။ သူကိုယ်တိုင်က ပညာမဲ့နေ စေကာမူ ပညာဉာဏ်အားကြီးမားရင့်သန်သူကို မှီဝဲဆည်းကပ်သင့်တယ်လေ။

ဒါမှသာ အဲဒီမင်းတရားကြီးဟာ စည်းစိမ်ကျက်သရေကို ရနိုင်တယ်။ မင်းအဖြစ်မှာ အစွန့်ရှည်ကြာစေတယ်။



အရက်သောက်စားခြင်း၊ မိန်းမလိုက်စားခြင်း၊ ကြွေအန်လောင်း ကစားခြင်း၊ ပြည်သူ့ဘဏ္ဍာငွေများကို အကျိုးမဲ့ဖြုန်းတီးတတ်တဲ့ မင်းတို့ဟာ ပျက်စီးမှုများနဲ့သာ ရင်ဆိုင်ရတာပဲ။

ဘယ်အရေးပဲဖြစ်ဖြစ်၊ မဆင်မခြင် အဆောတလျှင်ပြုလုပ်ခြင်းဟာ စည်းစိမ်ချမ်းသာခြင်းကို မရနိုင်ဘူး။ ကိုယ်ပိုင်ပညာမရှိသူတို့အဖို့ စာပေ ကျမ်းဂန်ဟာ အသုံးမဝင်သလိုပဲ။ ရွှေနန်းတော်ရဲ့ အာဏာစည်းစိမ်ကို ရထားတဲ့ စဥ့်ကူးမင်းအဖို့ ဘယ်လိုမှ အသုံးမချတတ်ဘူးပေါ့။

ဘုရင်မင်းတရားကြီးလုပ်တယ်ဆိုတာက သုံးပါးအင်္ဂါနဲ့ ညီညွတ် ကြရတယ်။

ဥစ္စာရှိခြင်း၊ ရဲရင့်ခြင်း၊ စွန့်ကြဲပေးကမ်းခြင်းတို့ဖြစ်တယ်။ သည်ဂုဏ် သုံးပါးကင်းမဲ့တဲ့ မင်းတရားများဟာ သက်ဆိုးမရှည်ကြဘူး။

စဉ်းလဲယုတ်မာသူကိုလည်းကောင်း၊ မိန်းမများကိုသော်လည်း ကောင်း၊ အနားမှာထားပြီး ခစားစေခြင်း၊ သူတို့ရဲ့ ပြောဆိုမှုကို လက်ခံခြင်း ဟာ အဲဒီမင်းတရားကြီးအဖို့ ပျက်စီးဖို့ ဖြစ်လာတာပဲ။ စဥ့်ကူးမင်းအဖို့လည်း အဲဒီလို ဖြစ်လာတာပဲ။

သူ့အနားမှာ ခစားထမ်းရွက်နေတဲ့ မှူးမတ်များဟာ ပညာမဲ့တဲ့သူများ သာဖြစ်တယ်။ မင်းတရားကြီးများရဲ့ ကြီးပွားဆုတ်ယုတ်မှုများဟာ မှူးမတ်များ အပေါ်မှာသာ တည်တယ်။

ဒါတွေကြောင့်လည်း ခုဆိုရင် စဥ့်ကူးမင်းအဖို့ နေဝင်ချိန်ဟာ သူ့နောက်ကျောမှာ ရောက်နေပေပြီတည်း။

ခုချိန်ခါမှာ စဥ့်ကူးမင်းတရားကြီးဟာ ကျောက်မြောင်းမှာ ရောက်နေ ပြီ။ သူ့နောက်မှာ ရသမျှ စည်းရုံးသိမ်းသွင်းထားတဲ့ ရဲမက်တော်များဟာ အသင့် အတင့်ရှိနေသေးတယ်။ ကျောက်မြောင်းကတစ်ဆင့် အင်းဝနေပြည်တော်ကို ချောင်း ချောင်း စိမ်နေခြင်းဖြစ်တယ်။

သူနဲ့အတူ မြို့လတ်ဝန်ကြီး ဦးနှောင်း၊ ကင်းဝန်၊ ကျိုဝန်၊ သတိုး သီဟသူတို့လည်း ရှိနေကြတယ်။ နေပြည်တော်ကို ပြန်လည်ချီတက်ဖို့အတွက် သူတို့တစ်တွေက စုစည်းအားဖြည့်နေကြတာပဲ။ အခုနန်းတက်နေတဲ့ ဖောင်း ကားစားမင်းကို အလွယ်တကူနဲ့ ဖြုတ်ချနိုင်မယ်လို့လဲ သူတို့ထင်နေကြတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com



(၈)

တကယ်တော့ သူတို့ဟာ ရန်သူရဲ့ စွမ်းအားကို ဂရုမပြုမိကြဘူး။ အင်းဝရွှေနန်းတော်ဆီကိုသာ အဆောတလျင် သွားရောက်လိုကြတယ်။

ဘာကိုမှ မစဉ်းစားဘူး။ သည်လိုလုပ်ခြင်းဟာ သူတို့အတွက် အန္တရာယ်ရှိလာမယ်ဆိုတာကို လုံးဝမစဉ်းစားမိကြဘူး။ အလုံးစုံသော စစ်အင်္ဂါအလုံးအရင်းကို စုစည်းစောင့်ထိန်းခြင်းကား စစ်အတွင်းပြင်ဆင်မှုအရပ်ရပ် တို့ရဲ့ ရှေးဦးစွာ လုပ်ဆောင်ရမယ့် ကိစ္စရပ်တစ်ခုပဲ။

အခုလို စဥ့်ကူးမင်းတရားကြီးရဲ့ တပ်များဟာ သူ့ကို စွန့်ခွာတယ်၊ ထွက်သွားကြတယ်ဆိုတာက အကြောင်းရှိပါတယ်။ ချီးမြှင့်ထိုက်သူကို မချီးမြှင့်ခြင်း၊ ကွပ်ကဲကြပ်မတ်သူအကြီးအကဲမရှိခြင်း၊ ပေးသင့်သော စားရေရိက္ခာများကို မပေးခြင်းများကြောင့်ပဲ။

စဥ့်ကူးမင်းတရားကြီးဟာ ခုဆိုရင် သူ့မှာ ပစ္စည်းဥစ္စာအနည်းငယ်ပဲ ရှိတော့တယ်။

နေပြည်တော်ကို အလွယ်နဲ့ သိမ်းပိုက်နိုင်မယ်။ ရန်သူဟူသမျှကိုလဲ အောင်မြင်ရမယ်။ သည်အခါကျမှ ထိုက်သင့်တဲ့ ရာထူးများပေးကမ်းရမှာပဲလို့ အမိန့်တော် ချမှတ်နေလေရဲ့။

မကြာခင်မှာပဲ စဥ့်ကူးမင်းဟာ ကျောက်မြောင်းအရပ်မှ မြစ်ညာသို့ ဆန်တော်မူတယ်။

သည်လို ကြွချီတော်မူလာတုန်းမှာပဲ နောက်တော်ပါ အမှုထမ်းများဟာ အသီးသီးရှောင်ရှားထွက်ပြေးကြတယ်။ စပ္ပါနဂိုရ်မြို့ကို ရောက်တဲ့အခါမှာ ဖောင်တော်သမ္ဗန်တော်များကို လှော်ခတ်မည့်သူ မရှိတော့ဘူး။

သည့်အတွက် အဲဒီမှာပဲ တန့်နေတယ်။ ခေတ္တရပ်နားနေရတယ်။ ဆန်တက်ဖို့ မလွယ်တော့ဘူးလေ၊ အနီးဝန်းကျင်မှ ရွာသားများကို ခေါ်ယူပြီး ဆွဲငင်စေတယ်။ ဒါလည်း ခဏပဲ။ ညမိုးစုပ်စုပ်ချုပ်တာနဲ့ အဲဒီရွာသားများဟာ ထွက်ပြေးသွားကြတာပဲ။

ဟုက်ပါတယ်။ ခုချိန်မှာတော့ စဥ့်ကူးမင်းတရားကြီးရဲ့ ဖောင်တော်ကို ဆွဲယူပေးမယ့်လူ မရှိတော့ဘူး။ ဒါနဲ့ပဲ နောက်ဆုံးမှာတော့ မင်းတရားကြီးရဲ့ အနားမှာရှိနေသေးတဲ့ ဝန်ကြီး၊ အတွင်းဝန်၊ ဝန်ထောက်တို့ပဲ ဖောင်တော်ကို ဆွဲငင်စုန်ခဲ့ကြရတော့တယ်။

အင်းဝနေပြည်တော်မှာကလည်း ပြည်ထဲအရေးဟာ ရှုပ်ထွေးနေလေ



ရဲ့။

အခုဆိုရင် အိမ်တော်များမှာ စံစားနေတဲ့ ဘထွေးတော်များဟာ မရှိတော့ဘူး။ ပြီးခဲ့တဲ့ရက်များကပဲ ရွှေမြို့တော်အပြင်ဘက်ကို ထွက်သွားကြပြီး ဖြစ်တယ်။ သူတို့နဲ့အတူ မိသားစုများဟာ အားလုံးပါသွားခဲ့ကြတယ်။

နောက်ပါ ရဲမက်တော်များရောပေါ့။

ဒါပဲပေါ့။ ဘယ်ခေတ်ဘယ်စနစ်မှာပဲဖြစ်ဖြစ်၊ အရာရာကို ကွက်ကျော်မြင်တတ်တဲ့ သူများဟာ သက်သာရာရမြဲပဲ။ အောင်ပွဲတွေ ရစမြဲပါ။

အခါအခွင့်ပေါ်လာတာနဲ့ ဘာမဆိုလုပ်ဖို့ အသင့်ရှိနေတဲ့ ပုဂ္ဂိုလ်ဟာ အောင်မြင်မှုကို ရရှိခံစားနိုင်တယ်။

သည်လိုမှ မစွန့်စားရင်တော့ အသက်ရှင်ဖို့ လမ်းမမြင်ဘူး။ တကယ်တော့ အဲဒီစွန့်စားခြင်းဟာ အောင်ပွဲတစ်ရပ်ပေပဲ မဟုတ်ပါလား။ သည်လိုမှ မစွန့်စားရင်လည်း အသက်နဲ့ခန္ဓာဟာ တစ်ခြားစီဖြစ်သွားမယ်လေ။

အမှန်မှာတော့ နိုင်ငံတော်ကို မိုက်မိုက်ကန်းကန်းပြုမူအုပ်ချုပ်တဲ့ မင်းတရားများဟာ အလွယ်တကူနဲ့ ကပ်ဆိုးဆိုက်တတ်တာချည်းပဲပေါ့။ ခုတော့ စဥ့်ကူးမင်းအဖို့ အရိုးရှာကို မေ့လျော့ထားခဲ့တဲ့ မိမိကိုပဲ ပြန်ပြီး အပြစ်တင်နေမိတော့တယ်။

လောဘကြီးသူကိုလည်းကောင်း၊ ကြမ်းကြုတ်သူကိုလည်းကောင်း၊ ဣန္ဒြေမစောင့်စည်းသူကိုလည်းကောင်း၊ ကတိသစ္စာမရှိသူကိုလည်းကောင်း၊ မေ့လျော့ပေါ့တန်သူကိုလည်းကောင်း၊ ကြောက်တတ်သူကိုလည်းကောင်း၊ စိတ်မတည်ငြိမ်သူကိုလည်းကောင်း၊ အသိဉာဏ်နည်းတဲ့ မင်းတရားကြီးကိုလည်းကောင်း၊ မိမိရဲမက်တော်များအပေါ်မှာလည်းကောင်း အားကိုးအားထားမရှိတဲ့ မင်းတရားကြီးဟာ အရာရာမှာ ရှုံးနိမ့်ရတယ်။ စွန့်လွှတ်ရတယ်ပေါ့။

စဥ့်ကူးမင်းလက်ထက်တော်မှာ အကောက်ခွန် သာလွန်တိုးပွားခြင်း၊ ဆန်ရေစပါးရှားပါးလာခြင်း၊ နိုးသားခားပြထကြွခြင်း၊ သူပုန်သူကန်များပေါ်ပေါက်ခြင်းကြောင့်၊ ရဟန်းရှင်လူ ပြည်သူတို့ဟာ စိတ်ပူ ကိုယ်လည်း မချမ်းမသာ ဖြစ်ကြရတယ်။

နိုင်ငံတော်အတွင်းမှာရှိတဲ့ လယ်မြေများမှာ ဆင်းရဲသားများ လုပ်သ၍ လယ်ကလေးစု တစ်စုကျ စပါးများကို ကျီတော်သို့ သွင်းကြရန် စီမံထားကြတယ်။ ဒါကြောင့်ပဲထင်ပါရဲ့ တောင်သူလယ်သမားများဟာ လယ်လုပ်ကြတော့ဘူး။

မိမိတို့ တစ်အိမ်ဝမ်းစာလောက်ပဲ တိုးတိုးတိတ်တိတ်လုပ်ကြတယ်။ ကျန်တဲ့လယ်မြေများကို ချန်လှပ်ထားခဲ့ကြတယ်။ သည့်အတွက် နိုင်ငံတော်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဆန်ရေစပါး ရှားပါးလာတယ်။

ဒါနဲ့ သက်ဆိုင်ရာ ရွှေမြို့တော်ဝန်များက နိုင်ငံတော်မှာရှိတဲ့ သူဌေး သူကြွယ်များထံမှ ဆန်စပါးများကို လိုက်လံသိမ်းယူကြတယ်။ မင်းတရားကြီး လုပ်သူတို့ဟာ နိုင်ငံတော်နဲ့ဆိုင်တဲ့ အရေးအခင်းများမှာ မလိမ္မာသူတို့ရဲ့ စကားကို လိုက်နာခြင်းမပြုရဘူး။

အမှုတော်ထမ်းရွက်နေတဲ့ မှူးကြီးမတ်ကြီး စော်ဘွားမြို့စားတို့ရဲ့ အပေါ်မှာ စိတ်နာအောင် မပြုရဘူး။ အစိုးရအကျိုးကို သည်ပိုးဆောင်ရွက်ပေး တဲ့ သူကို ဆုံးရှုံးအောင် မလုပ်ရဘူး။

သည်အတိုင်းသာဆိုရရင်၊ ဘုရင်မင်းတရားကြီးဖြစ်နေပေမဲ့ စိတ် ချမ်းသာမှုကိုတော့ ရလိမ့်မယ် မဟုတ်ပေဘူး။

သည်အချိန်မှာ စဥ့်ကူးမင်းအဖို့ 'ကံအလျောက်ပင် ဖြစ်စေတော့'ရယ် လို့ ပါသမျှ အခြွေအရံနဲ့ပဲ အင်းဝသို့ ရောက်တော်မူတယ်။ ရောက်လျှင်ရောက် ခြင်းပဲ ဘထွေးတော် ဗဒုံမင်းက ဖမ်းဆီးတယ်။ ကွပ်ညပ်တယ်။ ပြီးတာနဲ့ ထုံးစံနဲ့အညီ စီရင်တော်မူတယ်။ တကယ်တော့ စဥ့်ကူးမင်းကား နန်းစံငါးနှစ် သာပဲ စိုးစံရတယ်။

မင်းပင်ကောင်းလျက် မင်းမြှောင်ဖျက် ဆိုသလိုပဲ။ အပါးတော်မှာ ခစားနေကြရတဲ့ ပုတ်သင်ညိုအမတ်တွေကြောင့် နန်းသက်တိုတိုနှင့်ပဲ ပြီးဆုံး ခဲ့ရတယ်။ ကျဆုံးခဲ့ရတယ်။ နိုင်ငံတော်ရဲ့ ဘုရင်မင်းတရားကြီးဖြစ်ပေမဲ့ အနိစ္စ တရားကို စောစောပဲ တွေ့ကြုံသွားရရှာတယ်။

တကယ်တော့ စဥ့်ကူးမင်းအဖြစ်ဟာ သံဝေဂရယူဖွယ် အတိပြီး တယ်။

ကိုယ်ကျိုးကို အဓိကထားတဲ့သူတွေ အုပ်စိုးတဲ့ခေတ်ဟာ အလွန် တရာ ကြောက်စရာကောင်းတယ်။

အမှန်ဆိုရပါမူ မြေဒူးမင်းအဖို့ သားတော် စဥ့်ကူးမင်းကို နန်းရံထား ခဲ့ကတည်းက အမှားကြီးတစ်ခုကို ပြုတော်မူခဲ့တာပဲ။

အလောင်းမင်းတရားကြီးရဲ့ 'ငါ၏သားတော်များ အစဥ်အတိုင်း မင်း ပြုရမည်'ဆိုတဲ့ အမှာတော်နဲ့ များစွာဆန့်ကျင်တယ်။ တကယ်ဆိုတော့ နောင် တော်ကြီးမင်း နတ်ရွာစံခဲ့ပါမူ သူ့ရဲ့သားတော် ဖောင်းကားစားမောင်မောင်သာ နန်းတက်ဖို့ ရှိပေတယ်။



သည်နေရာမှာ နောင်တော်ကြီးမင်းတစ်ပါးတည်းကသာ ခမည်း တော် အလောင်းမင်းတရားကြီးရဲ့ အမှာစကားတော်ကို လိုက်နာခဲ့တယ်။ ဒါကြောင့်ပဲ သားတော်ကို နန်းရံမထားဘူး။

ညီတော် မြေဒူးမင်းခေါ်ဆင်ဖြူရှင်ကိုသာ နန်းရံထားခဲ့တယ်။

အိမ်ရှေ့မင်းအရာကို ပေးသနားခဲ့တယ်။ မြေဒူးမင်းလက်ထက်ကျ တော့ ထုံးစံနဲ့အညီ မဆက်ခံခဲ့ဘူး။ သားတော် စဥ့်ကူးမင်းသားကိုသာ နန်းရံ ထားခဲ့တယ်။ ဒါတွေကို ဘယ်ညီတော်များကမှ မကျေနပ်ခဲ့ကြဘူး။ သူတို့ရင် ထဲမှာတော့ အကြိတ်အခဲတွေ ရှိနေခဲ့ကြတယ်။

အဲဒီအကြိတ်အခဲတွေဟာ စဥ့်ကူးမင်းလက်ထက်တော်မှာ ဖြစ်ပေါ် လာခဲ့ပြီ။

ရတနာပူရအင်းဝရွှေထီးရွှေနန်းတော်အတွက် ကြံစည်မှုတွေ၊ အရှုပ် အထွေးများ ဖြစ်ပေါ်လာခဲ့တယ်။ တူတော်သူဟာ ဘထွေးတော်တွေကို သတ်၊ တစ်ဖန် ဘထွေးတော်က တူတွေကို ပြန်သတ်နဲ့ လူသတ်သံသရာလည်ခဲ့ကြ တယ်။

အာဏာလုပွဲတွေ၊ လူသတ်မှုတွေ၊ ဒလစပ်ဖြစ်ပေါ်ခဲ့ရတယ်။

သင်းတို့ရဲ့ အာဏာလုပွဲတွေမှာ ကြားထဲက ဝေကက ကျွန်ခံခဲ့ရ တယ်။ သွေးမြေကျခဲ့ရတယ်။ အသက်သွေးပေးဆပ်ခဲ့ရတယ်။ ပြည်သူတွေအဖို့ ကိုးလန့်စာစားဖြစ်ခဲ့ရတယ်။

ပဒေသရာဇ်ခေတ်ရဲ့ ဆိုးဝါးတဲ့ ပြယုဂ်ကို ပြက်ပြက်ထင်ထင် တွေ့ မြင်ခဲ့ကြရတယ်။

သည်တုန်းက ပြည်သူတွေအဖို့ ဘာဆိုဘာတစ်ခုမျှ တွေးတောချိန် မရခဲ့ဘူး။ ဘယ်မင်းပဲ တက်တက်လေ။ တက်လာတဲ့ မင်းဟာ တို့မင်းပဲပေါ့။ သည်တုန်းက ပြည်သူတွေဟာ ပြီးပြီးပျောက်ပျောက်ပါပဲ။

အရေးအခင်းတစ်ခုမှာ စစ်ပွဲတစ်ခုမှာ ကိစ္စတစ်ခုတည်းမှာ ရင်ရှည် လများ ဘယ်တော့မှ စွဲမြဲမနေဘူး။ အားလုံးအပေါ်မှာ မေ့မေ့ပျောက်ပျောက်နေ နိုင်ဖို့ ကြိုးစားကြတာပဲလေ။

ဟုတ်ပါတယ်လေ။ အမှန်မှာတော့ မြေဒူးမင်းခေါ်တဲ့ ဆင်ဖြူရှင် အင်္ဂ သားတော်စဥ့်ကူးမင်းတို့ရဲ့ ဖြစ်ရပ်တွေမှာ၊ သခါရတရား သံဝေဂယူ ဖွယ်ရာများနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတာပဲ။

နောင်တော်ကြီးမင်းထံက မတရားရယူထားတဲ့ သည်ရာဇပလ္လင်ဟာ ခြေဒူးမင်းကို အမြဲမပြတ် ခြောက်လှန့်ခံနေရတယ်။ သားတော်စဥ့်ကူးမင်း လက်ထက်တော်မှာကလည်း ဒီအတိုင်းပဲ။ ကံကြမ္မာက တစ်ပတ်လည် လာခဲ့ချေပြီလေ။

□□□

တြိရတနာ–နမာမိ။

မေတ္တာဖြင့်

မောင်ဇေယျ

၂၀–၃–၂၀၀၄၊ ည၁၅–၃၅နာရီ။

ရန်ကုန်မြို့။

BURMESE CLASSIC

www.burmeseclassic.com